
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် – ၅၀၀၂၀၀၀၂၁၁

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၂၇၁၀၃၁၁

အကြိမ် – ပထမအကြိမ်၊

၂၀၁၁ ခုနှစ်၊ ဧပြီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်

အမှတ်(၈၈)၊ ၅၁ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

သျှင်မ

တကယ်ပါ မင်းတစ်ယောက်ကိုပဲ/ သျှင်မ၊ –ရန်ကုန်၊

ရွှေသမင်စာပေ ၂၀၁၁။

၃၃၀ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) တကယ်ပါ မင်းတစ်ယောက်ကိုပဲ



## အခန်း [ ၁ ]

နာရီတကြည့်ကြည့်နှင့် မျှော်နေရင်း စိတ်ကတိုလာသည်။ အချိန်ကို မိနစ်နှင့်သေချာတွက်ပြီး အသွားအပြန် ကွက်တိဖြစ်ဖို့ တရရ မှာလိုက်တာတောင်မှ...

"ချပြီ..."

ရှေ့ကိုမျှော်နေတုန်း နောက်က လေဟပ်သွားခြင်းနှင့်အတူ လူရိပ်ပေါ် ရောက်လာသည်။ နောက်ထပ် မျက်နှာရှေ့ရောက်လာတာက အသည်းပုံ မွေးနေ့ကိတ်ကြီးတစ်ခု..။ ဒေါသဖြစ်ချင်နေတာတွေ ပျောက်သွားအောင် ကိတ်မုန့်ပေါ်မှာ ပြင်ဆင်ခြယ်သထားတာတွေက ဖမ်းစားသွား၏။ သက်တန့် မျက်နှာ ချက်ချင်းပြုံးသွားသည်။

"လှသားပဲ.."

"လှတာပေါ့..၊ သေချာကို ပြောပြနေရတာ၊ ဟူး... မောလိုက်တာ" လေစုမှုတ်ထုတ်လိုက်တာ မျက်နှာဆီ ဖြေးလာတော့ သက်တန့် နှာခေါင်းတစ်ချက်ရှုံ့ကာ မျက်နှာကို နောက်လှန်ပစ်သည်။

မကျေနပ်သည့်မျက်လုံးတွေကလည်း လင်း မျက်နှာလေးဆီ တန်းခနဲ ရောက်၏။ စပို့ရှပ်အဝါရောင်ပွပွ၊ ဂျင်းကွာတားလေးနှင့် ဆံပင်တွေက ကုတ်ပေါ်မရောက်ချင်..။

မိန်းကလေးဖြစ်ပြီး အလှအပ ပြင်ဆင်ခြင်းလည်း မမက်၊ တစ်ခါတလေ အလိုက်ကမ်းဆိုးမသိတာတွေမှာ အလွန် ဒေါသဖြစ်ရသောကောင်းတတ်သည့် လင်းရာသီ..။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဗမှာ မဆိုးထားလေးတစ်ခုက ဘယ်နေရာ၊ ဘယ်အချိန်ခိုင်းခိုင်း ချက်ချင်းထ,သွားပေးတတ်တဲ့ အကျင့်လေးပဲ ဖြစ်၏။

"ဒါ ဘယ်လောက်ပေးခဲ့ရသလဲ..၊ ပိုတာ ပြန်ပေးလေ..."

"ဟာ!... ဘယ်လိုလုပ် ပိုမှာလဲ..၊ ဒီလောက် အကောင်းစားကြီးမှာပြီးတော့၊ ပေးလိုက်တာ ရှစ်ထောင်တည်း၊ လင်း တစ်ထောင်စိုက်ပေးခဲ့ရသေးတယ်၊ ပြန်ပေး..."

ဒါကျတော့ သက်တန့် ယုံသည်။ ဒီလိုနေရာတွေမှာ လင်း က မညာတတ်။ ဖြန့်လာသည့်လက်ဝါးကို မသိလိုနေလိုက်ရင်း...

"အိမ်ကျမှ ယူ..."

"တွေ့လား..၊ သူ ရစရာရှိတော့ ချက်ချင်း"

လင်း က မဲ့မဲ့ရွှဲရွှဲနှင့် လက်ပြန်ရုတ်၏။ သက်တန့် က ကိတ်မုန့်ဘူးကို တစ်ဖက်က ကိုင်ထားရင်း ဘေးမှာချထားသည့်အိတ်ကို ကိုင်၍ နေရာမှ ထ,ရပ်လိုက်သည်။

"ပိုက်ဆံတစ်ထောင်ကို အဖြစ်သည်းမနေနဲ့ မိလင်း..၊ ဆိုင်ရောက်ရင် ငါ့မှာ ကုန်စရာတွေ ရှိသေးလို့ ကျစ်ထားရတာ၊ ပြန်တော့..."

"ဟွန်း..၊ ရည်းစားကို မွေးနေ့လုပ်ပေးဖို့ကျတော့ သူ့ကိုယ်သူ ဌေးလိုလို ပဲဒေးလိုလိုနဲ့၊ အိမ်မှာ ဘာဖြစ်နေနေ ရအောင်လုပ်တယ်"

လင်း ပွစိပွစိပြောတော့ သက်တန့် မျက်နှာပျက်သွား၏။

"နင် ငါ့ကို မစော်ဖန်ပါနဲ့..၊ ဒီမှာ သက်တန့်ခင် တဲ့..၊ အရှုံးအမြတ်မတွက်ဘဲ ဘာအလုပ်မှ မလုပ်ဘူး၊ ငါ့ချစ်သူဆိုတဲ့လူကို နင် တစ်ချက်လောက် လိုက်ကြည့်လိုက်..၊ ဘယ်လိုလူ..၊ ဘယ်လိုအဆင့်အတန်းမှန်းသိသွားအောင်..."

သက်တန့် ဒေါသဖြစ်သွားမှန်းသိတော့ လင်း မျက်နှာ နည်းနည်းပြေလိုက်ရသည်။ 'ဘယ်လိုအဆင့် ဖြစ်နေနေ ခုတော့ မွေးနေ့ပွဲဆိုတာ





ကို ခမပဲ လုပ်ပေးနေရတာ'ဆိုသည့် အကြည့်တစ်ချက်နှင့် အသံတိတ်နေ၏။ သက်တန့်ခင် တို့မိသားစုနှင့် သူမ ဆွေမျိုးနီးစပ်တော်ပေမယ့် ခြိမ်းခြိမ်းနေကြမယ်ဆို အနေသာကြီးပါ..။

ဒါပေမယ့် အန့်တီခင် ကတော့ မိဘမဲ့ဘဝနှင့် အဒေါ်ဝမ်းကွဲအိမ်မှာနေရသည့် သူမဘဝကို သနားကာ အိမ်မှာခေါ်၍ ကျွေးမွေး စောင့်ရှောက်ထားခဲ့သည်။ ရောက်စကတော့ သက်တန့် က ဆယ်တန်းကျောင်းသူ၊ လင်း က လေးတန်းပဲ ရှိသေးသည်။ အရွယ်ချင်းကွာကြတာမို့ ခင်မြတ်တာလည်း မရှိ။ သက်တန့် ကလည်း ချစ်သလိုလိုပါ..။

သူမ အော်ဝေါက် မာန်မဲသမျှကို အမှတ်အတေးမရှိ နေခဲ့တာမို့လည်း လင်း ကို ပြောပြီးပျောက်ပျောက်ရှိခဲ့၏။ ခုတော့ အန့်တီခင်လည်း သွေးတိုးရောဂါနှင့် ဆုံးသွားသည်။ ယောက်ျားက နောက်အိမ်ထောင်ပြုလိုက်တော့ သက်တန့် က မိထွေးနှင့်ဖြစ်သွားခဲ့ပြီး သူမကတော့ စိမ်းသထက်စိမ်းသွားခဲ့သော လူတွေကြားမှာ...

"မယ်လင်း ရေ..၊ ညည်း ကိုယ့်ဘဝ ကိုယ်သိနော်.."

ဆိုသည့် သက်တန့် ရဲ့ ကြိမ်းမောင်းစကားတွေကိုလည်း ခဏခဏ ကြားခဲ့ရသည်။ 'အဲဒီကောင်မလေးကို ကြည့်လို့ကိုမရဘူး' သည့် ဦးလေးရဲ့ နောက်မိန်းမက တစ်မျိုး..။

"ဟဲ့.. ပြန်တော့လေ၊ ဘာရပ်လုပ်နေတာလဲ.."

"ဟင်!..."

သည်းခံလိုက်ရခြင်းကို ခံစားရတိုင်း ပေါ်လာတတ်သည့် အတွေးလေးက သက်တန့် အသံကြောင့် ပျောက်ရှသွားခဲ့၏။

"လမ်းစရိတ် ရှိသေးလား"

"ရှိပါတယ်"

"အေး... ပြန်တယ်ဆို..၊ အိမ်ကို တန်းပြန်၊ ငါ့အခန်းထဲမှာ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပုံထားတယ်၊ အဲဒါတွေကို အဝတ်လျှော်စက်ထဲ ထည့်ရမယ့်အကျီနဲ့ လက်နဲ့လျှော်ရမယ့်အကျီ ခွဲထား၊ မီးအားတက်လာမှ လျှော်နော်"

"ဟုတ်ကဲ့ပါ"

နှစ်ယောက် လမ်းခွဲဖို့ တစ်ယောက်တစ်နေရာစီ လှည့်ထွက်လိုက်စဉ်...

"ဟယ်... ကိတ်မုန့်ကြီးပါလား၊ စားချင်လိုက်တာ..."

"အို!..."

ပြောရင်း ပြေးလာသူက အနားကို ရိပ်ခနဲ ရောက်လာသလိုပင်။ အစကတည်းက ဒီနားမှာရှိနေခဲ့တာလား၊ ခုမှ ပြေးလာတာလား မသိပေမယ့် လင်း ပြန်လှည့်ကြည့်လိုက်တော့ သက်တန့် လက်ထဲက ကိတ်မုန့်ဘူးက ထိုလက်ထဲ ပါသွားပြီဖြစ်၏။

သက်တန့် နှင့် လင်း တို့ အံ့အားသင့်ပြီး ကြောင်ငေးသွားကြတုန်းမှာ သူမက မုန့်ဘူးကို အကြမ်းပတမ်း ဖွင့်ပစ်လိုက်ပြီဖြစ်သည်။

ဝိတ်မနှံ့သည့်မိန်းမကြီးတစ်ယောက် ဖြစ်သည်။ ရူးနေမှန်းသိတာအောင် ပုံစံကတော့ အရမ်းကြီး စုတ်ပြတ်ပေပွနေတာမျိုး မဟုတ်..။

အနီရောင်အကျီရင်ဖုံးပွပွနှင့် ပါတိတ်ထဘီအနီကွက်က ညစ်ပေနေပေမယ့် အလတ်ကြီးရှိသေးသည်။

ဆံပင်ဖားလျားပွပွကြီးနှင့် ကယောက်ကယက်မျက်လုံးတို့သည် လင်း တို့နှင့်မုန့်ဘူးကို တစ်ချက်ပဲ မော့ကြည့်ပြီး အားရပါးရ ဖွဲ့၏။

"တောက်..၊ အရှုံးက လူပါးဝလို့၊ ကဲဟယ်..."

"ဘုတ်.."

"မမကာလဲ..."

မုန့်ဘူးကိုင်ထားသည့်လက်ကို သက်တန့် က ရိုက်ချပစ်လိုက်၏။ လင်း က ယောင်ရမ်းပြီး လှမ်းဖယ်လိုက်သေးသည်။ ဒါပေမယ့် မြက်ခင်းထက်မှာ ဘူးက ပက်လက်အတိုင်းကျကာ ပန်းပုံတွေ၊ မွှေးနေ့





ရှင်နာမည်တွေ တင်ထားသမျှကတော့ ဆိုးရွားစွာ ပျက်စီးကြေမွလျက်..။

"ညည်းကလဲအေ..၊ ငါ စားချင်လို့ပါ"

ကိုင်ထားသည့်မုန့်ကို ပါးစပ်ထဲ ကမန်းကတန်း သွင်းပစ်ကာ မိန်းမကြီးက ကျသွားသည့်မုန့်ဘူးနားမှာ ဖျတ်ခနဲ ထိုင်ချလိုက်၏။ ပြီးတော့ မုန့်အကြေတွေကို ဒီတိုင်းကောက်ယူပြီး ပါးစပ်ထဲကို အပြည့်အသိပ် ထည့်၏။

"မစားနဲ့..၊ လုံးဝ မစားရဘူး၊ ကဲ.. ကဲ..."

"မလုပ်ပါနဲ့တော့ မမ..."

"ဖယ်စမ်း..."

သက်တန့် က မုန့်ဘူးကိုရော မုန့်ကို ဖွဲ့ယူထားသည့် မိန်းမကြီး၏လက်ကိုရော နှစ်ချက်၊ သုံးချက် ကန်ထုတ်ပစ်လိုက်သည်။

လင်း အတင်းလိုက်ဆွဲပေမယ့် ဒေါသမိုးမွှန်နေသည့် သက်တန့် က မရ..၊ မိန်းမကြီး ဆောင့်ကြောင့်ထိုင်ရာကနေ ပုံခနဲ ဖင်ထိုင်လဲကာ မုန့်တွေပါ တစ်စစီ ပြန့်ကျဲသွားခဲ့၏။

"ကုန်ပါပြီ..၊ ငါ မစားရတော့ဘူး၊ ကုန်ပါပြီ..။ ဟီး.., ဟီး..."

ရသမျှ အပေါ်ယံလေးတွေကို လက်နှင့်သပ်ယူလိုက်၊ လျှာနှင့် လျက်လိုက်နှင့် မိန်းမကြီး ကြုံကြုံပါအောင် ငိုရှာသည်။

လင်း ဘယ်လိုမှ စိတ်မကောင်းနိုင်..။ ထို့ပြင် ကန်တော်ကြီး ဥယျာဉ်ထဲမှာ လူမကျပ်ပေမယ့် ထိုင်ထ သွားလာနေကြသူတွေက ပြတ်တယ်မရှိ..။ လှမ်းကြည့် မြင်တွေ့သွားကြသူတွေ၏ မျက်လုံးများထဲမှာ သူမတို့နှစ်ယောက်ကို ဘယ်လိုကြည့်..၊ ဘယ်လို မြင်သွားပြီလဲ..။ ဘာပဲဖြစ်ဖြစ် ဒါဟာ မလုပ်သင့်,မလုပ်ထိုက်သော ရက်စက်ခြင်းပဲဖြစ်သည်။

"မမကာလဲ ဆားလူတွေလဲ မြင်မကောင်းပါဘူး၊ မိန်းမကြီး သနားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!... နင်က ငါ့ကို ဟုတ်လား..."

သက်တန့် ၏ ဒေါသတွေက သူ့ထံ တိုက်ရိုက်ကျ၏။

"ငါ အခု အစားဝယ်ဖို့လဲ အချိန်မရတော့ဘူး"

ဝယ်စရာရော ရှိလို့လားဆိုသည့် စကားကိုတော့ ထည့်မပြောပါ။ ပြီးတော့...

"ငါ့မှာ ဘယ်လောက်ဆုံးရှုံးသွားလဲ နင် သိရဲ့လား လင်း..၊ ဆားလူက ဘေးစကားပဲ ပြောမှာပေါ့၊ သူတို့ဟာ ကုန်တာမှ မဟုတ်တာ"

"ဒါပေမယ့် သူတာ အရှုံးပဲဥစ္စာ..၊ ဘာသိမှာလဲ..."

"စားရမယ့်ဟာမှန်းသိလို့ လုစားတာလေ..၊ ပိုက်ဆံမပေးရင် မစားရမှန်းတော့ သိပြီး လုစားဖို့ကျတော့ သူများပစ္စည်းဆိုတာ မသိတော့ဘူးလား"

"ဘာမှမသိလို့ လုစားတာပေါ့"

"ဘာလို့ မသိရမှာလဲ..၊ ဆိုင်ထဲဝင်ပြီး လုမစားရဲလို့ ငေါ်နေတာ၊ ငါ့လက်ထဲကဟာကို လာလုတာကျတော့ လူပါးဝတာ မဟုတ်ဘူးလား"

ငေါ်မွတ်ဆာလောင်နေတာ သိသာနေသည့် မိန်းမကြီးက မုန့်တွေ ပြန့်ကျဲနေတာကို ငုတ်တုတ်ထိုင်ကြည့်ပြီး အော်ငိုနေဆဲ..။

သက်တန့် က သူမကို ပြန်လှန်ခံပြောနေသည့် လင်း လက်မောင်းကိုဆွဲကာ တခြားသစ်ပင်ရိပ်ဆီ တရွတ်တိုက်မတတ် ဆွဲခေါ်သွား၏။ ငိုသံကျယ်ကြီးနှင့်ဝေးပြီဆိုမှ ရပ်လိုက်ကာ...

"နင်က ငါ့ကို လူစွမ်းကောင်း ဝင်လုပ်နေတာလား လင်း..၊ ပြောစမ်း၊ လူတွေကြည့်နေတာကို ငါမကောင်းတာပါဆိုပြီး လက်ညှိုးထိုးပြချင်တာလား"

"မဟုတ်ပါဘူး၊ ဒါပေမယ့် သူများစားမယ့်ဟာကို ပုတ်ချပစ်တာတော့ မကောင်းဘူးပေါ့"





"ဘာ!..."

သက်တန့် ဆတ်ဆတ်ခါသွားသည်။ အိမ်မှာသာဆို ခေါင်းခေါက် နားရင်းအုပ်ပြီးပြီ..။

"နင်... နင် ထပ်ပြောပြန်ပြီ..၊ ဒါလေးဝယ်ဖို့ ငါ ဘယ်လောက်ကြိုးစားထားရလဲ နင် မသိဘူးလား..၊ ဒီပစ္စည်း ငါ့အတွက် ဘယ်လောက်အရေးကြီးနေသလဲဆိုတာရော နင် မသိလို့လား၊ ငါလေ ပါးရိုက်ပစ်လိုက်ရရင် နင် အရှက်ကွဲတော့မယ် သိလား"

လက်တပြင်ပြင်နှင့် အံကြိတ်ဆူနေသော လင်း ခေါင်းငုံ့နေလိုက်ရသည်။ ဒီမွေးနေ့ကိတ်နှင့် ကန်ပေါင်ကဆိုင်မှာ ချစ်သူနှင့် နှစ်ယောက်တည်း မွေးနေ့ကျင်းပဖို့ဆိုတော့ သက်တန့် ယူကျုံးမရဖြစ်ထိုက်တယ်ဆိုတာ မသိလို့ မဟုတ်ပါ..။

ဒါပေမယ့် ပျက်ကြေသွားတဲ့ပစ္စည်းက အကောင်းတိုင်းမှ ပြန်မရနိုင်တော့တာ။ စားတဲ့လူကလည်း စားနေပြီပဲ..။ လင်း မျက်လုံးထဲမှာ မုန့်တွေကိုကောက်စားနေသည့် မိန်းမကြီး လက်ထဲကနေ သက်တန့် ကန်ထုတ်ပစ်လိုက်သည့်ပုံရိပ်က နင့်သည်းစွာ စွဲထင်နေသည်။

သက်တန့်ခင် ဆိုသည့် မိန်းမချောမိန်းမလှတစ်ယောက် ဤသို့ ရက်စက်ခြင်းသဘော ရှိနေခဲ့သည်ဆိုတာလည်း အံ့ဩစွာ သိခဲ့ရသည်။ ဘာရယ်မဟုတ်ဘဲ တစ်ချက်လှမ်းကြည့်မိသေးသည်။ မိန်းမကြီးက ငိုနေဆဲ..။ ဆောင်းဘီအိတ်ထဲကို စမ်းကြည့်တော့ လမ်းစရိတ် နှစ်ရာပဲ ရှိသည်။

စေတနာဆိုတာတွေကိုသာ ထုတ်ချကျွေးလိုက်လို့ရလျှင် ကောင်းမည်..။ ခုတော့ သူမမှာ ဘာမျှမရှိ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂ ]

စတိုးဆိုင်လေးထဲမှာ ဒီနေ့ လူကျနေတော့ ခါတိုင်း ပျင်းရိပျင်းတွဲ ထိုင်နေ၊ ရပ်နေရသည့် အရောင်းစာရေးမလေးတွေ အလုပ်ရှုပ်သွားကြ၏။

ဆိုင်ရှင်လူဝကြီးကတော့ အလှကုန်ပစ္စည်းတွေအစုံရှိနေသည့် ရှိုးကေ့စ်ရှည်ကြီးရဲ့နောက်မှာ ရောင်းသူဝယ်သူတွေကိုပဲ ထိုင်ကြည့်နေခဲ့သည်။

အနွေးထည်အင်္ကျီတွေဘက်မှာ လင်း ကရောင်းပြီး ယောကျ်ား အင်္ကျီတွေဘက်မှာ သီရိဆွေ ဖြစ်၏။ လူဝင်နည်းသည့်ဆိုင်ငယ်လေးမို့ ရောင်းမည့်သူကို နှစ်ဦးပဲထားတော့ ခုလိုအချိန်မှာ အလှကုန်ပစ္စည်းဘက်ရောက်သွားသည့် ဝယ်သူကိုပါ လိုက်ကြည့်နေရသည်။

"ဆောင်းဝင်ခါနီးလို့ ဈေးတက်တာ မဟုတ်ပါဘူး အစ်မရယ်..၊ ဒီဆိုင်မှာ ရာသီအလိုက် အဝတ်အထည်ပဲ တင်တာပါ၊ ဒီနိုင်းသစ်ဖို့ ပစ္စည်းမှန်ဖို့ လုံးဝ အာမခံတယ်၊ ဈေးမများစေရဘူး၊ ဝယ်သူ စိတ်ချမ်းသာသွားစေရမယ်..၊ စိတ်ချပါ"

"ဈေးသည်ကလဲ အပြောကောင်းလိုက်တာ၊ ဆစ်တောင် မဆစ်ရဲတော့ဘူး"

"ဪ... အစ်မကလဲ ဈေးလဲ အများကြီး တင်မထားပါဘူး၊ အဲဒါကြောင့် မရောင်းနိုင်တဲ့ဈေးတော့ မဆစ်ပါနဲ့နော်၊ ပစ္စည်းကောင်း





လေး ကိုင်ချင်ရင် ဒါလေးတော့ မျက်စိမှိတ် အကုန်ခံလိုက်ပါ၊ အစ်မ လုံးဝ နောင်တမရစေရဘူး၊ ဒီအင်္ကျီအသား အရမ်းကောင်းတာ၊ အဝတ်လျှော်စက်နဲ့၊ လက်နဲ့ ဘာမှမရွေးဘူး၊ အလျှော်ခံတယ်၊ ဟောင်းသွားလေ ဝတ်လို့ကောင်းလေ၊ အစ်မ ဝတ်ကြည့်ပါ၊ မဟုတ်တာပြောရောင်းရင် ဒီဝယ်သူ နောက် ဘယ်လာတော့မလဲ၊ နာမည်ပျက်မခံဘူး၊ စိတ်ချလက်ချ ဝယ်..."

က အထည်ကိုင်ထားသူကို လက်ကိုင်လိုက်၊ ပခုံးလေး တို့လိုက်နှင့် ရေပက်မဝင်အောင်ပြောရင်း တစ်ဖက်က ဝယ်သူကိုလည်း လှမ်းကြည့်သည်။

နှုတ်ခမ်းနီဘူးနှင့် လက်သည်းနီဘူးတွေကို ကိုင်ကြည့်နေသည့် မိန်းကလေးနှစ်ယောက်က တစ်ခုခု မေးချင်သည့်ပုံနှင့် ဟိုကြည့်ဒီကြည့် ရှိရာ...

"အစ်မ ဘာလိုချင်လို့လဲ..၊ ကြည့်လေ..၊ ဘာဖြစ်လို့လဲ"

လှမ်းပြောလိုက်တော့ သူမတို့က လင်း ကိုလှမ်းကြည့်ကာ...

"ဒီလက်သည်းနီလေး ဆိုးကြည့်လို့ ရမလားဟင်.."

"အယ်... မရဘူး အစ်မရယ်..၊ အစ်မကိုင်ထားတဲ့ Queen တံဆိပ်က အရမ်းကောင်းတာ၊ ဆွဲရင် ညီတယ်၊ ရေထိလို့လဲ ချက်ချင်း မှိန်မသွားဘူး"

"ကောင်းပေမယ့် ဆိုးလိုက်ရင် ဘာအရောင်ဖြစ်သွားမလဲ သိချင်လို့ပါ"

"ပုလင်းကအရောင်အတိုင်းပဲ အစ်မ..၊ မယုံရင် ဝယ်သွားပြီး ဆိုးကြည့်..၊ အရောင်ကွဲရင် ပြန်လာပြ၊ ကြိုက်သလိုပြော..."

ဝယ်သူ ခေါင်းညိတ်သွား၏။ တစ်ယောက်က နှုတ်ခမ်းနီ...

"ဒါလဲ ဆိုးကြည့်လို့ မရဘူးပေါ့နော်.."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်… ‌ ‌တ်မှာ နှုတ်ခမ်းနီတွေက ဆိုးကြည့်လို့ မရ တော့တာတွေပဲ ထွက်လာတာ၊ အရောင် မကွာပါဘူး၊ ဘူးရဲ့ဖင်ကို ကြည့်လိုက်…၊ အဲဒီအရောင်အတိုင်းပဲ"

"ပြီးရောလေ…"

ဟိုဘက်ကလူလည်း မလွှတ်၊ ဒီဘက်လည်း ပြန်ရောင်းနှင့် လင်း က ဝင်လာသမျှလူကို ပြန်ထွက်မသွားအောင် ဒိုင်ခံပြောသည်။

သီရိဆွေ ကတော့ နဂိုကတည်းက စကားနည်းတဲ့သူပါ။ ပြီး တော့ သူမက မေ့တတ်သည်။ ပစ္စည်းတိုင်း၏ ဈေးနှုန်းတွေ၊ ရောင်း ဈေးတွေကို တစ်ခါတလေ မေ့နေတတ်တော့ ပြောဆိုနေရင်း မချောမွေ့ တာတွေ ဖြစ်တတ်၏။

ညနေ လစာထုတ်တော့ ဆိုင်ရှင် ဦးကျင်ဝမ် က လင်း ကို ငါးထောင်ပိုပေး၍…

"ရော့…၊ နင်ကတော့ ဒါပဲ၊ သူများလို လိုချင်ရင် ကြိုးစားပေါ့၊ ဈေးရောင်းတဲ့သူဆိုတာ နှုတ်နည်းလို့ မရဘူး၊ ငါ့မှာ တခြားအလုပ် သမားသာရှိသေးရင် နင် ဒီမှာ မြဲမှာတောင် မဟုတ်ဘူး"

နှစ်ယောက်အတူပြန်လာရင်း သီရိဆွေ မျက်နှာလေး ပျက်နေ ကာ…

"နင်က တော်လဲ တော်ပါတယ်၊ ဦးကျင် ပြောတာ ငါ စိတ်မဆိုး ပါဘူး၊ ဒါပေမယ့်ဟာ…"

ကားမှတ်တိုင်မှာ ရပ်လိုက်ကြပြီး သီရိဆွေ က လှိုက်လှဲသော အသံနှင့်…

"ငါ ပိုက်ဆံ အရမ်းလိုချင်တာပဲ၊ နင် ရသလို ဒီလ ငါရခဲ့ရင် အရမ်းအဆင်ပြေမှာ…"

"နင် ဘာဖြစ်နေလို့လဲ သီရိ"





ဒီနေ့ကျမှ ညည်းညူနေတာကို သတိထားမိပြီး လင်း က မေး သည်။ သီရိဆွေ က မှတ်တိုင်မှာရှိသည့်ကားတွေကို လှမ်းကြည့်နေ ကာ…

"ငါတို့တွေ ကျောင်းမှမပြီးခဲ့တာ၊ ဒီလောက်အလုပ်ပဲ ရမှာပေါ့ နော်…"

"အေးလေ.."

"အဲဒါကို ဦးလေးမိန်းမက အမြဲတမ်း နှိမ့်ချပြောတယ်၊ အိမ်မှာ သူ့သားနှစ်ယောက်ကျတော့ ဆယ်တန်းအောင်ပေမယ့် ဒုတိယနှစ်မှာ ကျတဲ့သူနဲ့၊ ပထမနှစ် မအောင်တဲ့သူနဲ့၊ ဘယ်သူမှလဲ ဘွဲ့မရဘဲနဲ့…"

"အင်းလေ…၊ ဆယ်တန်းအောင်လဲ ဘာထူးလဲ"

"ဒါပေမယ့် သူ့သားတွေကတော့ ဘွဲ့ရထားသလိုလို…၊ တစ် သောင်းနှစ်ထောင် ဘယ်လောက်ပေးပေး ချီးမွမ်းရတာ အမော…"

"ချီးမွမ်းပါစေပေါ့ဟာ…၊ နင်က ချီးမွမ်းခံချင်နေလို့လား"

"မဟုတ်ပါဘူး…၊ အခု ဦးလေးက ဆိုက်ကားမထွက်နိုင်တော့ဘူး လေ၊ လူမမာဖြစ်နေတာကြာပြီ၊ ဒါပေမယ့် အိပ်ရာထဲလဲနေတာ မဟုတ် တော့ ကွမ်းဖိုးဆေးဖိုးက အစ လက်ဝါးဖြန့်ရတာပေါ့၊ ဦးလေးကိုပေးရ အိုင်း ငါ့ကိုပဲ ဆူတယ်၊ လခလေး မဖြစ်စလောက်နဲ့ ဒီအလုပ်ကို တွယ် ကပ်နေတယ်၊ ဆိုင်မှာ မတ်တတ်ရပ်နေရုံနဲ့ သူများပေးကမ်းစွန့်ကြဲစာ ကို ကျေနပ်နေတယ်၊ ပျင်းတာ ဘာညာတွေပေါ့ဟာ…"

"ဖြစ်ရလေဟာ…၊ နင့်အိမ်ကလဲ…"

"ဦးလေးကလဲ လခထုတ်ရင် သူ့အတွက် သုံးဖို့ပေးပါလို့ တောင်း ထားတယ်ဟ…၊ လခအကုန်အပ်နေတာတောင် အပြောခံနေရတဲ့ဟာ၊ ဦးလေးကို ဖဲ့ပေးလိုက်ရင် ငါ ဘယ်လိုလုပ် ပြောမလဲ"

"အေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာပဲ မျက်နှာမွဲကျောက်ကွဲ ဖြစ်ရသလား မှတ်သည်။ သီရိရွှေ ဆီက လွင့်ပျံ့လာသည့် ဒုက္ခအပိုင်းအစတွေကို ကြားရတော့မှ ဆရာ တင်သင့်သည်ဟု တွေးမိသည်။

"ကဲပါဟာ... ငါ့ပိုက်ဆံပဲ ယူသွားလိုက်ပါ"

"ဟင်!... ဘယ်လို..."

ကိုယ်တက်ရမယ့်ကား ရောက်လာတာကိုတောင် မတက်ဖြစ် လိုက်ပါ။ လင်း က အိတ်ထဲထည့်ထားပြီးသည့်ပိုက်ဆံကို ပြန်ထုတ်ပြီး လေးထောင်ကို ပေးကာ...

"ဒီတစ်ထောင်တော့ ငါယူမယ်၊ ငါလဲ နင့်လိုပဲ လခ အကုန်အပ် ရတာ၊ မုန့်စားဖို့ နှစ်ထောင် ပြန်ရတယ်ဆိုတော့ နင့်ထက်တော့ နည်း နည်းသာသေးတာပေါ့၊ ဒီညနေ ဒံပေါက်ဝယ်စားမလို့ စိတ်ကူးလိုက် တာဟ၊ စားဖို့ကိုတော့ အပျက်မခံနိုင်ဘူး"

လင်း က တစ်ထောင်ပြန်ယူထားရတာကို ရှင်းပြနေသေးသည်။

သီရိရွှေ က ခင်လည်း ခင်သည်၊ အားလည်းနာသည်ဆိုသော မျက်နှာလေးနှင့် ပိုက်ဆံကို ငုံ့ကြည့်ပြီး မပေးချင်ပေးချင်ပြန်ပေးကာ...

"ငါ မယူချင်ပါဘူး လင်း ရယ်...၊ နောက်လတွေလဲ နင့်လို ပိုရလာ ဖို့က လမ်းမမြင်ဘူး၊ ဒီပိုက်ဆံ ငါ ပြန်ဆပ်နိုင်မှာမှ မဟုတ်တာ..."

"မဆပ်နိုင်လဲ မဆပ်နဲ့ပေါ့ဟာ...၊ နင်နဲ့ငါက ဘဝတူပါ၊ ... နင်က ပိုက်ဆံပိုဖို့ လိုနေတယ်၊ ငါက မပိုလဲ ဖြစ်နေတဲ့လူ...၊ ယူသွား လိုက်...၊ ချေးတာ မဟုတ်ဘူး"

လင်း က ပေါ့ပေါ့ပါးပါး သွားလာနေထိုင်တတ်ပေမယ့် လေး နက်တာလေးတွေကျတော့ တစ်ခါတလေ လူကြီးဆန်နေတတ်သည်။ ပြီးတော့ ငွေကိုင်နိုင်တာလည်း မဟုတ်ဘဲနှင့် လက်ဖွာသည်။ 'ငါရှာ ထားရတာ၊ ငါ့မှာရှိမှ ငါစားရမှာ' စသည့် ခံယူချက်မျိုးတွေလည်း





မသော...။

သူများဒုက္ခရောက်ပြီဆို သက်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ် စေ တတ်နိုင်သမျှတော့ ကူညီတတ်၏။

ဒီလို ပေးလွယ်၊ ကူလွယ်လို့ မကြီးပွားတာလား...။

ပိုက်ဆံကို တုန်တုန်ချိချိဆုပ်ထားရင်း သီရိရွှေ ဝမ်းသာလွန်းလို့ မျက်ရည်လည်၏။ ဒီ ပိုက်ဆံလေးထောင်ဟာ သူမအတွက် ဘဝနဲ့ချီ ပြီး အရေးကြီးပါသည်။

ဒါလေးနှင့် ဒီနေ့ အိမ်ပြန်လမ်းမှာ ရွှေမှုန်ငွေမှုန်ကြဲနိုင်မှာ ဖြစ်၏။ သေချာသည်က ဒီတစ်လ ဒါမှမဟုတ် လဝက်လောက်ထိ နားမှု သက် သာသွားမည်။ လင်း ကလည်း ဒါကိုသိလို့ ပေးလိုက်တာဖြစ်၏။

သီရိရွှေ စိတ်ချမ်းသာသွားတာကိုကြည့်ပြီး သူမလည်း ကျေနပ် သည်။ ဒံပေါက်ဝင်ဝယ်ပြီးမှ အိမ်ကိုပြန်တော့ မိုးချုပ်တော့မည်။ ကား ပေါ်ကဆင်းပြီး လမ်းထိပ်ကိုလျှောက်ခဲ့စဉ်...

"ဟာ!..."

"အား..."

"ဘုတ်..."

နောက်ကနေ တစ်စုံတစ်ယောက်၏ တိုးတိုက်ပစ်လိုက်ခြင်းခံရ ကာ ကိုင်ထားသည့်ဒံပေါက်ထုပ်က တမင်လွှဲပစ်လိုက်သလို လမ်းဘေး မြောင်းထဲကို လွင့်ခနဲ ခုန်ဆင်းသွား၏။

"ရှင်..."

"ဆောရီးဟာ..."

သူလည်း ဝင်တိုက်ပစ်လိုက်ပြီးမှ ဒယိမ်းဒယိုင်ဖြစ်သွားသည့် ကိုယ်ကိုထိန်းရင်း ဒံပေါက်ထုပ်ကိုလှမ်းကြည့်သည်။ လင်း ကိုပြန် ကြည့်ပြီး လမ်းနောက်ပြန်လျှောက်ကာ....



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး..."

ဟု ထပ်တောင်းပန်၏။ ပြီးတော့ လှည့်ပြေးဖို့ ပြင်လျှင်...

"မပြေးနဲ့..၊ ပြန်လျှော်ပေး..."

ဒေါသဖြစ်ဖြစ်နှင့် ထိုသူ့အင်္ကျီရင်ဘတ်ကို ပြေးဆွဲထားလိုက်သည်။ အပေါ်ဂျာကင်ကို တစ်ဖက်ဆွဲမိသလိုဖြစ်ကာ ဖြေးမရတော့ဘဲ ကိုးယိုးကားယား ယိုင်ထွက်သွား၏။

"ဖယ်ခမ်းပါ..၊ ဒီမှာ အရေးကြီးနေလို့..."

"ဘာလို့ ဖယ်ရမှာလဲ..၊ ဒံပေါက်ဖိုး ပြန်ပေးခဲ့..၊ ပေးဆိုပေးနော်"

စိတ်မရှည်သည့်မျက်နှာနှင့် သူ ဘောင်းဘီအိတ်ထဲ နှိုက်သည်။ ဒါ့ပေမယ့် ဘာကိုကြည့်ပြီး အလန့်တကြား မျက်လုံးပြူးသွားမှန်း မသိ၊ ဘဲ လင်း ရဲ့လက်ကို ထပ်ဆုပ်လိုက်ကာ အကြမ်းပတမ်း ဖြုတ်ချပစ်၏။

"ဆောရီးပဲ..၊ နောက်မှ..."

ပြောပြီး တစ်ရှိန်ထိုး လှည့်ပြေးသွား၏။ လင်း ဘာမှမဟတ်နိုင်..။

"တောက်..."

မချင့်မရဲ တက်ခေါက်ရင်း နောက်လှည့်ကြည့်ပော့ ကားကြီးတားငယ်တွေ သွားလာနေတာပဲ မြင်သည်။ ပြေးလိုက်လာသည့် လူသူ အရိပ်အယောင် ဘာမှမရှိ..။

အလကား..၊ ခါးပိုက်နှိုက်၊ သူခိုး၊ ကြမ်းပိုး၊ အစုတ်ပလုတ်ကောင်..။





## အခန်း [ ၃ ]

"ညည်းကလဲ သတင်းတော့ ကြီးနေပြီ၊ ဘယ်လိုလဲ..၊ ယူမှာဖြင့် မြန်မြန်ယူသွား..."

လင်း အိမ်ရှေ့ရောက်တာနှင့် အထဲက ဆိုင်းသံဗုံသံတွေကို ကြားလိုက်ရသည်။ သေချာသည်..၊ မမနှင့် ဒေါ်မြတ်နိုး ပြဿနာတက်နေပြီ..။ စိတ်ပျက်လက်ပျက်နှင့် နောက်ပြန်ဆုတ်ကာ အိမ်ဘေးမှာ ကျောကပ်ထိုင်နေလိုက်မိ၏။ အထဲကအသံတွေကိုတော့ ဒီတိုင်း ကြားနေရပါ၏။

"အထည်ကြီးပျက် ဆိုတဲ့အသံက တစ်ခုလပ် မုဆိုးမလိုပဲဟော့..၊ ဒီအားပျက်ကာစအိမ်မှာ မိန်းမပျိုလေးတွေရှိနေရင် အထင်မြင်သေးခံရတယ်၊ မသမာတဲ့သူတွေက သွေးတိုးစမ်းချင်တယ်၊ ဘာလုပ်သလဲ..၊ ဘယ်သွားတာလဲ မျက်စိဒေါက်ထောက်ကြည့်နေကြတာ..."

"အို!... ကြည့်ပေ့စေပေါ့..၊ ကျွန်မက ဘာလုပ်နေလို့လဲ..."

"ဘာလုပ်နေပါတယ်လို့ ဆွဲပြမရလို့လေ..၊ အတင်းအဖျင်းဆိုတာ ဘိုယ်ရှေ့မှာ လာပြောတာ မဟုတ်ဘူး၊ တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး ကွယ်ရာမှာ ပုံကြီးချဲ့ကြတာ၊ ညည်း ရည်းစားပျက်သမျှ ဘယ်နှစ်ယောက်ရှိပြီ၊ ဘယ်ကလူ..၊ အို... အားလုံး ရပ်ကွက်က သိတယ်"

"သိသိ..၊ သူတို့ အားယားနေလို့ လိုက်စုံစမ်းနေတာ..."

"ကျုပ်တို့က မိဘတွေလေ..၊ သားသမီးမကောင်းတော့ မိဘခေါင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မြတ် က မိဘမှမဟုတ်ဘဲ အနေသာကြီး"

"ဘာပြောတယ်.."

"ယော့.. ယော့... တော်ကြတော့..၊ မင်းတို့ဟာ လူကြားမကောင်းဘူး"

"ရှင့်သမီး ပြောနေတာတွေကိုတော့ ကြားကောင်းတယ်ပေါ့"

ဒေါ်မြတ်နိုး အသံကုန်မြှင့်၍ အော်သည်။ လင်း နားတွေပင် ပိတ်ထားလိုက်ချင်၏။ ဒီအိမ်မှာ တခြားပြဿနာတက်တာ သိပ်မရှိဘဲ သက်တန့် နှင့် ဒေါ်မြတ်နိုး မျက်နှာချင်းဆိုင်မိပြီဆိုမှ တားမရဆီးမရ..။

သက်တန့် ကလည်း လူလေးလှသလောက် နှုတ်ခမ်းပါးလျှာပါး နှင့် တစ်စက်မှမခံ..။ သူမဘက်က မိထွေးမို့ စော်ကားခွင့်ပါမစ်နှင့်ရှိနေကာ ဒေါ်မြတ်နိုး ကလည်း စော်ကားခံရခြင်းကို နည်းနည်းလေးမှ မကျေနပ်..။

တစ်အောင့်ကြာတော့ သက်တန့် အပေါ်ထပ်တက်သွားသည့် လှေကားနင်းသံ၊ တံခါးဆောင့်ပိတ်လိုက်သံတွေ ထွက်လာ၏။

မိထွေးကို ပြန်ခံပြောတတ်ပေမယ့် ဦးစန်းလွင် ဝင်ပါလာပြီဆို ဖအေကိုတော့ သက်တန့် ရှောင်ရှားသွားတတ်၏။

"ခုဆို ကြည့်ဦး..."

သက်တန့် ထ,သွားကာမှ ဒေါ်မြတ်နိုး က ပြန်စ၏။

"ဘွဲ့ရလက်မှတ်ကြီးက မှိုတက်နေပြီ..၊ အလုပ်လုပ်စားဖို့ စိတ်ကူးတော့မရှိဘဲနဲ့ ဟိုသင်တန်းတက်..၊ ဒီသင်တန်းတက်၊ မိဘက ရှာနိုင်ဖွေနိုင်တော့တာ မဟုတ်ဘူး၊ ဒါကို နားလည်ဖို့ ကောင်းတယ်"

"ကဲ တော်ပါတော့ကွာ..၊ ဟိုက ပြီးသွားပြီ၊ မင်း ပါးစပ်ပိတ်လိုက်ပါတော့..."

"ရှင်ပဲ စဉ်းစားကြည့်ပါဦး..၊ ကျွန်မက ဆုံးမပြောဆိုမိတိုင်း မိထွေး ဆိုတဲ့ပုဒ်မတပ်ပြီး ပြန်ပြောသွားလိုက်တာ ခွေးကိုက်သလိုပဲ၊





အသက်အရွယ်လဲ လွန်တော့မယ်၊ အိမ်ထောင်လေးဘာလေးပြုပြီး အေးဆေးနေဖို့ပဲရှိတော့တာကို၊ သင်တန်းတွေတက်ဟုန်း..၊ ရည်းစားတွေ ထားတုန်း..."

ဒီခေတ်မှာ သင်တန်းတွေတက်ကြတယ်ဆိုတာ လူငယ်တွေ ကြိုးစားနေကြတဲ့ အောင်မြင်မှုလမ်းကြောင်းတွေ မဟုတ်ဘူးလား..။

ကုမ္ပဏီမှာအလုပ်လုပ်ဖို့..၊ နိုင်ငံခြားသွားဖို့.. အမျိုးမျိုးသော ရည်ရွယ်ချက်တွေနှင့်ဖြစ်သည်။ ခေတ်မီချင်တာနှင့်ပဲ သင်တန်းတွေ လျှောက်တက်ပြီး ဘာလုပ်ဖို့လဲ..။

ပိုဆိုးတာက ဘယ်သင်တန်းမှလည်း ပြီးဆုံးအောင်တက်လိုက်တာ မရှိ..၊ သင်တန်းအောင်လက်မှတ်ဆိုတာလည်း မြင်တောင် မမြင်ဖူးပေ..။ ဆေးလူတွေက မသိပေမယ့် သိနေတဲ့လူမှာ အသည်းတယားယားနှင့် ကုန်ခန်းသွားသည့်ငွေတွေကို နမြောလို့မဆုံး..။

ပေလေးဆယ်ခြံကျယ်ကြီးကို တစ်ဝက်သာသာ ပိုင်းရောင်းလိုက်ရတာလည်း အိမ်မှာ ဒီလို ငွေကုန်ကြေးကျတွေ များနေလို့ပဲ ဖြစ်သည်။

ထို့ပြင် ဆွေနီးမျိုးစပ်ဆိုပြီး ဒီတိုင်းကျွေးထားရတဲ့တစ်ယောက်က ရှိသေးသည်။ ဒါပေမယ့် ကောင်မလေးက နေတတ်သည်။ အိမ်မှာ ဘာခိုင်းခိုင်း ဖင်ပေါ့သလို အလုပ်လုပ်ချင်စိတ်လေးလည်း ရှိ၏။

ရှာဖွေရသမျှ ပြန်အပ်တာလေးကလည်း ကျေနပ်စရာပါ..။

သင်းမှာသာ ဘာတွေ မာန်တက်နေမှန်း မသိ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄ ]

"ဟဲ့.. ညည်းတို့တရုတ်သူဌေးက ခုချိန်ထိ လစာတိုးမပေးသေး ဘူးလား၊ ပြောတော့ဖြင့် ကြိုးစားရင် ကြိုးစားသလို လစာတိုးသွားမယ် ဆိုပြီးတော့..."

လင်း ထမင်းစားသည့်နေရာကို ရောက်လာပြီး ဒေါ်မြတ်နိုး က ကိုင်လာသည့် ငါးကြော်တစ်ကောင်ကို ထမင်းပန်းကန်ထဲ ထည့်ပေး ရင်း ဆိုင်သည်။

တစ်ညနေလုံး ဆူညံသံမစဲသဖြင့် အိမ်ထဲ အသာလေးဝင်က ရေချိုးပြီး အခန်းအောင်းနေလိုက်သည်။ ည ကိုးနာရီလောက်ကျမှ လင်း ... ဖြစ်သည်။

ထမင်းစားပွဲပေါ်မှာ ငါးပိရည်ပန်းကန်လုံးလေးနှင့် ခရမ်းပြုတ် သီးလေးတွေ ပြုတ်ထားတာနှင့် သခွားသီးလှီးပြီးသားနှစ်ကွင်း တွေ့ သည်။ လင်း က ဒါနှင့်ပဲ စားနေတာဖြစ်၏။

ဒေါ်မြတ်နိုး ရောက်လာမှ ဓားနှင့်မွှန်း၍ လှလှပပလေးကြော်ထား သည့် ငါးကျည်းကြော်တစ်ကောင် စားသုံးခွင့်ရသည်။

တစ်ခါတလေ ဒေါ်မြတ်နိုး က ဤသို့ နူးညံ့နေတတ်၏။

"ဒီလတော့ ညည်းကိုသုံးဖို့ နှစ်ထောင် ပြန်မပေးနိုင်တော့ဘူး ညည်းမှာ နည်းနည်းပါးပါးတော့ သုံးဖို့ရှိတယ်မဟုတ်လား"

ဖြစ်ရလေ..၊ တစ်လစာနှုန်းမှ နှစ်ထောင်ပဲ ယူထားတာကို တစ်လလုံး မကုန်အောင် သုံးနိုင်းနေပါလား။ လင်း သိပါသည်။





ညပိုင်း တစ်ခါတလေ လမ်းထိပ်မုန့်ဆိုင်မှာ ပဲစွပ်ပြုတ်မျိုးစုံ သွားကူ ထုပ်ပေးလျှင် မနက် သုံးနာရီကျော်မှ ပြန်အိပ်ရ၏။ မုန့်ဖိုးကျတော့ လည်း ဆိုင်ရှင်က ရက်ရက်ရောရော ပေးပါသည်။ အမြဲ မလုပ်ရတာက အမြဲတမ်း အလုပ်ရှိမနေလို့..။

ဘာပဲဖြစ်ဖြစ် လင်း မှာ ဝင်ငွေရှိနေသည်ဟု ဒေါ်မြတ်နိုး တွက် ထားတာဖြစ်၏။

"ပြောစမ်းပါဦး..၊ လစာက မတိုးသေးဘူးလား"

"ရှေ့လကျရင်တော့ တိုးမှာပါ.."

"တိုးမှ ဖြစ်မှာအေ့..၊ အိမ်မှာ ဘာမှဝင်ငွေမရှိဘူး၊ အလုပ်ဆိုတာ လဲ အလုပ်လုပ်ချင်တဲ့သူအတွက်ပဲ ရှိတာ၊ ဘယ်အလုပ်မဆို ကျိုးနဲ့ တန်ဖိုးတယ်မထင်တဲ့သူအတွက် ဘာမှရှိလာမှာ မဟုတ်ဘူး"

ပြောနေရင်း သက်တန့် ကို သတိရသွားပုံပေါ်သည်။ ပြောရင်းမှ ဒေါ်မြတ်နိုး ဘက်ကကြည့်တော့ သက်တန့် ရော လင်း ရော သုံးယောက် တွေ့ပဲမို့ သက်တန့် နှင့် တစ်ချိန်လုံးမသင့်မြတ်ပေမယ့် လင်း ကိုကျ တော့ စိတ်ကောင်းဝင်တတ်တဲ့အချိန်လေးတွေ ရှိသည်။

အထူးသဖြင့် လစာအပ်သည့်အချိန်နဲ့..၊ ပြီးတော့ ငွေလိုလို့ ပြင်း ပြင်းထန်ထန် ညည်းညူနေပြီဆို လင်း ကပဲ ရှိတာလေးတွေ ခြစ်ခြုတ် ထုတ်ပေးတတ်တော့ ကျေးဇူးတင်စိတ်ဝင်လေး ဝင်သွားသည့်အခါ...

"ညည်းကို ငါ မေးရဦးမယ်..၊ သက်တန့် က အခု ဘယ်သူနဲ့ ကြိုက်နေတာလဲ၊ အောင်ဇော်လင်း ခေါ်တဲ့ ကုန်မာဆိုင်ကြီးက သူဌေးနဲ့ လား၊ ကုမ္ပဏီပိုင်ဆိုလား၊ စက်ရုံပိုင်ဆိုလား၊ နိုင်ငံခြားပြန်သူဌေးသား ဆိုတဲ့ တစ်ယောက်လား..."

အောင်ဇော်လင်းနှင့် ... ကုမ္ပဏီပိုင်ရှင်ဆိုသည့် ... ကျော်စွာ နှင့်က ခုမှ ... ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေးလို့ တွေးမိတာပေမယ့် လင်း က ပြောပြဖို့ စိတ်ကူးမရှိပါ။ အဲဒီလို သူများကွယ်သည်နှင့် မဲ့ရွဲ့အတင်းပြောတတ်တဲ့အကျင့်တွေကို ကိုယ်တိုင်က မုန်းတီးတာဖြစ်၏။

ထို့ပြင် သက်တန့် ရွေးချယ်တဲ့လမ်းကလည်း သူ့နည်းနှင့်သူ တော့ မဆိုး...။

"ပါ အလုပ်ကြမ်းလဲ မလုပ်နိုင်ဘူး၊ သူများလက်အောက်မှာ အလုပ်လုပ်ရတာကိုလဲ ဝါသနာမပါဘူး၊ ငါ ချမ်းသာမှဖြစ်မှာ၊ ငါ့ကို အဆင့်အတန်းရှိရှိ ချမ်းချမ်းသာသာ ထားနိုင်မယ့်ယောကျ်ားမျိုးပဲ ရအောင်ရှာမှာ..."

ဂေဇင်းကောင်းမွန်မွန် စကားပြောဖြစ်သည့်အခါမှာ ရင်ဖွင့် ပြောပြတတ်သည်။ ဟိုနေ့က မွေးနေ့ဆိုတာကလည်း ရဲထက်ကျော်စွာ က သူ့ခြံသူ့ဝင်းမှာ တခမ်းတနားလုပ်မှာဖြစ်သည်။ ဒါကို သက်တန့် က မသွားနိုင်ဘေ..၊ မသွားနိုင်လို့ဆိုတာလည်း မဖြစ်ရအောင် စိတ်ကူးကောင်းလေးထုင်၍ ကန်တော်ကြီးဥယျာဉ်ထဲက ဆိုင်တစ်ဆိုင်မှာ နှစ်ယောက်တည်းဆုံဖို့ကြိုးစားသည်။

ဟိုလူကလည်း လွယ်ယွယ် သဘောတူလိုက်ပုံပင်။ ဒါပေမယ့် စိတ်မနှံ့သည့်မိန်းမကြီးကြောင့် ထိုနေ့က ပွဲပျက်ခဲ့သလားမသိ..။

နောက်နေ့တွေမှာ သက်တန့် မျက်နှာမကောင်းဘဲဖြစ်နေတာ၊ ထိုနေ့က အဆင်မပြေမှုနဲ့ ပတ်သက်နိုင်သည်။

လင်း ကတော့ သူမ မေးတာရှိလျှင် လုပ်ပေးသည်။ လာပြောလျှင် နားထောင်လိုက်၏။ သက်တန့် ထားသမျှ ချစ်သူဆိုတာတွေကို နာမည်တွေကို အကုန်သိနေပေမင့် လူတွေကိုတော့ မြင်ဖူးတာလည်း ရှိ၊ မမြင်ဖူးတာလည်း ရှိ..။

"ဟဲ့..ဖြေလေ..၊ ငါမေးသမျှဘာမှလဲမဖြေဘူး၊ မလှုပ်တလှုပ်နဲ့.."





ထမင်းစားနေတာကို လက်မောင်းတို့လိုက်တော့ ပါးစပ်ထဲသွင်းမည့် ထမင်းလုတ်တောင် ပြုတ်ကျချင်သည်။

"လင်း တကယ်မ သိလို့ပါ၊ မမနဲ့ လင်း က ရွယ်တူ တိုးတိုးဖော်လဲ မဟုတ်ဘူး၊ မပြောဘဲနဲ့လဲ လင်း က မမေးရဲဘူးလေ၊ အဲဒါ..."

ဒါလည်း ဟုတ်သား.. ဆိုသည့် လက်ခံခြင်းနှင့် ဒေါ်မြတ်နိုး မျက်နှာကြော နည်းနည်းလျော့သွားသည်။ ပြီးတော့ တစ်ယောက်တည်း ညည်းညူသလို ပြောနေသေးသည်။

"ဟိုဘက်ဝိုင်း တစ်ခြမ်းရောင်းထားတဲ့ငွေလဲ ကုန်နေပြီ၊ အိမ်မှာ ထပ်ကုန်စရာလဲ မရှိတော့ဘူး၊ အဲဒီတစ်ယောက် ဘာတွေစခန်းထမလဲ ဆိုတာ ငါ တော်တော်လန့်နေပြီအေ၊ ပြောပြန်ရင်လဲ မိတ္တေးဆိုတဲ့ပြစ် ချက်ကြီးနဲ့..၊ ဟဲ့.. ညည်းကို သူ ဘာလုပ်မယ်ဆိုတာ တစ်ခုခုများပြော သေးလား"

ထမင်းစားရင်း ခေါင်းခါလိုက်တော့ စိတ်မရှည်တဲ့မျက်နှာနှင့် ဒေါ်မြတ်နိုး ထရပ်ပြီးသွား ဖြစ်သွား၏။

"နည်းနည်းပါးပါးလဲ ငါ့ကို ကြိုတင်သိခွင့်ပေးပါအေ၊ ဘာဖြစ်ဖြစ် ဟင်ခနဲ ဟာခနဲ ဖြစ်ပြီဆိုမှ ငါ သိရတယ်၊ ဟွန်း... ဘဝဆက်တိုင်း မိတ္တေးမဖြစ်ပါရစေနဲ့လို့ ဆုတောင်းနေရတာလဲ နောက်ဘဝကျမှ မျှော်လင့်ချက်ရှိတော့ ဒီဘဝမှာ သင်းနဲ့ ရိုးမြေကျနေရတော့မှာပါ"

ညည်းညူရင်းထွက်သွားတော့ လင်း ပြုံးလိုက်မိသည်။

ပြောကြကြေးဆို မိတ္တေးက မိတ္တေးပါရမီနှင့် ဆိုးတာထား..၊ သက်တန့် မယဉ်ကျေးတာကတော့ လွန်ကိုလွန်ပါသည်။ ဒါကို ပတ်ဝန်းကျင် အကုန်လုံး သိသည်။

ဘာဖြစ်လို့လဲဆိုတော့ စီခနဲဖြစ်ပြီဆို သူမအသံက ဒေါ်မြတ်နိုး အသံကို ဖုံးသွားတာချည်းပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှဲ့တာယ်ဆိုပြီး ဟိုဟာတွေဝယ်..၊ ဒီဟာတွေဝယ်.. အမျိုးမျိုးသေ
ဝယ်ခြမ်းခြင်းဖြင့်၊ သုံးစွဲပြတတ်သည်။ ဒါတွေက သက်တန့်ခင် ရ
သီအိုရီတွေ ဖြစ်နေပါပြီ..။

အိမ်မှာ မှတ်မှတ်ရရ အကြီးအကျယ် ပြဿနာတက်မှုဟာ
ခြံတစ်ဝက်ရောင်းတုန်းက ဖြစ်၏။ ဒီတုန်းကတော့ ခေါင်းစဉ်က စီးပွ
ရေးအကျပ်အတည်းကြောင့်..၊ ဒါပေမယ့် ဒေါ်မြတ်နိုး အတေ
သက်တန့် သုံးဖြုန်းပစ်တာဟု ခပ်ကြိတ်ကြိတ် ကြိမ်းဝါး၏။

ခြံကို တစ်ဝက်ပိုင်းလိုက်တော့ ကားဂိုဒေါင်က မလွတ်မလ
ဖြစ်နေသည်။ ဖျက်ချလိုက်လျှင်လည်း အုတ်ပုံဖြစ်သွားရုံပဲဖြစ်မည်
မဖျက်တော့လည်း ဟိုဘက်ကို သုံးချိုးနှစ်ချိုးလောက် ပါနေ၏။

ထို့ကြောင့် ဝယ်တဲ့သူက ဂိုဒေါင်ကိုပါ ဈေးဖြတ်ပြီး မြေပိုငါး
ကျော်လောက် ထပ်ဝယ်ခဲ့သည်။

ကျန်ခဲ့သည့် နှစ်ထပ်တိုက်ကတော့ တစ်ခြမ်းမှာ မြေပို လုံးဝ
ဘဲ ဖြစ်သွားခဲ့၏။ အိမ်မှာ ကားကစပြီး ပြုတ်သွားခဲ့တာ အခု အိမ်တွ
ပစ္စည်းပါ ပါတော့မည်။

အဝတ်လျှော်စက် ရောင်းထုတ်ဖို့ ဝယ်မည့်သူနှင့် ချိန်းထားပြီ
ဟု သတင်းအတိအကျ ရထား၏။

လင်း ကတော့ ကိုယ့်ကို ဘယ်သူကမှ အဖက်လုပ်ပြောဆိုတ
မရှိတော့ လာပြောမှပဲ ကြားရသည်။ ပတ်ဝန်းကျင်အသံတွေ ထွက်လ
သမျှ ကြား၏။

ကိုယ်တိုင် မေးမြန်းစပ်စုဖို့တော့ ဘယ်တော့မှ မကြိုးစားပ
ကိုယ့်ဘဝကိုယ်သိဖို့လည်း ဘယ်သောအခါမှ မေ့လျော့မနေ..။

"လင်းရာသီ..."

"ရှင်..."





စိတ်မကြည်လင်တိုင်း သက်တန့် ၏ခေါ်သံက ဒီလေသံ
အတိုင်း..။

"ရော့... အပြင်မှာ အချဉ်ထုပ် သွားဝယ်ပေး၊ မိုက်ာ ဂျယ်လီ
ရေခဲထုပ် ဝယ်ခဲ့..."

ထမင်းစားပြီးတာ လက်တောင်မဆေးရသေး၊ အချိန်ကလည်း
ဆယ်နာရီနီးနေပြီ ဖြစ်သည်။ ထမင်းစားခန်းဝမှာ သက်တန့် ပိုက်ဆံ
ကိုင်ရင်း ရပ်စောင့်နေတော့ လက် ကပျာကယာသုတ်ပြီး ထွက်လာခဲ့ရ
သည်။

ဒီလမ်းကြားမှာ အိမ်ကြီးအိမ်ကောင်းတွေ တိုက်တွေပဲရှိကာ
လမ်းထိပ်မှာက မုန့်လုပ်သည့်ရုံငယ်လေးတွေ ရှိသည်။ တစ်ဖက်တိပ်
မှာကျတော့ အထည်ချုပ်စက်ရုံ၊ စက်ရုံနောက်ခြမ်းက အိမ်သေးသေး
ခပ်နွမ်းနွမ်းလေးတွေပဲရှိသည့် ရပ်ကွက်ငယ်လေးတစ်ခု..။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ အလင်းရောင် နည်းပါးကာ မှောင်
မိုက်နေခဲ့၏။ မုန့်ရုံတွေဆီရောက်အောင် ခပ်သုတ်သုတ်လျှောက်ရင်း
တံခါးမပိတ်ပါစေနဲ့ဦးလို့ ဆုတောင်းနေရသည်။ မုန့်ဆိုင်တွေက ပိတ်
ကုန်ပြီ ဖြစ်၏။

မုန့်ထုပ်သည့်အလုပ်ရုံတွေမှာ ခေါင်းဦး ဝယ်ရမှာမို့ လူကိုလှမ်းခေါ်
တာ လူကမကြားဘဲ ခွေးတွေထွက်လာလျှင် မုန့်လည်းမရ၊ လူလည်း
နာမည်။

ခွေးကိုက်ခံလာတယ်ဆိုလည်း သက်တန့် ကတော့ ပျာပျာသလဲ
သနားကြင်နာဟန်ပြဖို့ မရှိပေ..။ အဖြစ်မရှိသူဆိုပြီးတော့ ကဲ့ရဲ့မဲ့ရွဲ့မှာ
ဖြစ်၏။

ညဘက်ခိုင်းလွှတ် ဟိုခပ်ငယ်ငယ်ကတော့ အန်တီခင် ကရှု
သည်။ ဦးလေးဦးစ ... ကလည်း ဟန့်တားဖော်ရ၏။ ထိုအခါ...



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမကြီးအ...ကိုကြားတာနှင့် ချက်ချင်း မှတ်မိလိုက်ကာ ကိုင်ထားသည့်တုတ်ကြီးကိုလည်း ကြောက်ရမှန်းမသိတော့ဘဲ လင်း အနားကပ်ခေါ်မိသည်။

ပြီးတော့ မြှောက်ကိုင်ထားသည့် လက်နှင့်တုတ်ကိုပါ ပြန်ဆွဲချလိုက်ကာ...

"အခေါ် ဟိုအရက်သမားကြီး လဲကျသွားပြီ၊ လင်း ဒီနား ထွက်လာပြီလေ"

"ဟင်!..."

ညအမှောင်ထဲက အလင်းရောင်မှိန်ပျပျမှာ မိန်းမကြီး၏မျက်လုံးတွေ လင်း မျက်နှာဆီ ရောက်လာ၏။ မမြင်ရသလို မျက်နှာရှေ့တိုးလာကာ သေချာကြည့်ပြီးမှ...

"နင့်ကို ဘာမှမလုပ်လိုက်ဘူးလား တကောင်ရှူးက..."

"လင်း ဘာမှမဖြစ်ဘူး၊ ကျေးဇူးဟင်လိုက်တာ အခေါ်ရယ်၊ အခေါ်သာ မကယ်ရင် လင်း ဘဝပျက်ပြီ.."

ဝမ်းသာလွန်းလို့ မျက်ရည်တွေ လည်၏။ ပြီးတော့ ဖရိုဖရဲဖြစ်ကုန်သည့်ကိုယ်ကို ပြေပြစ်အောင် ဆွဲချပြုပြင်ရင်း ဆံပင်တွေကိုလည်း ခါထုတ်ပြန်ဖိ၍...

"လင်း နာမည်က လင်းရာသီ ပါ"

"မလင်းပါဘူးအေ..၊ ဒီလောက်မှောင်မည်းနေတဲ့ညစ္စား လင်းရာသီ ဖြစ်ရမယ်လို့..."

"ဟုတ်ပါတယ်..၊ မှောင်မည်းနေတာပဲ၊ အခေါ်က ဘယ်သွားမှာလဲဟင်၊ အိမ်မပြန်တတ်တော့ဘူးလား၊ ဘယ်မှာ အိပ်တာလဲ"

မိန်းမကြီးက လင်း မေးတာကို ဘာမှမဖြေဘဲ...

"နင့်မှာ ပိုက်ဆံပါလားဟင်"





ဖြန်းခနဲ မေးလိုက်ပေမယ့် ဘာဖြစ်လို့မေးဟာမှန်း လင်း သိလိုက်
ည်း အကျႌအိတ်ထဲမှာ သက်တန့် ပေးလိုက်သည့် ငါးရာတန်ကို
...မ်းကြည့်မိရင်း...

"အခေါ် ပိုက်ဆံလို့လား.."

"ဟုတ်တယ်..၊ ငါ တောင်းစားတာကို မကျေးကြဘူး၊ ပိုက်ဆံပါမှ
...ခဲ့တဲ့..၊ ငါ လိုက်ရှာပေးပါတယ်၊ အဲဒါကို ဧကျူတွေတဲ့..၊ ပိုက်ဆံ
... စက္ကူတွေ မဟုတ်ဘူးလား၊ ငါ မြင်ပါတယ်အေ..၊ စက္ကူတွေပါ"

လင်း ရင်ထဲမှာ နင့်သွားသည်။ ဒီမိန်းမကြီး တစ်ခါမှ အာသာပြေ
...ောင် စားသောက်ရပုံ မပေါ်ပေ။ ပြီးတော့ ကိုယ့်ဘဝကို ကယ်တင်
...က်သည့် ကျေးဇူးရှင်..။

ဟိုတစ်ခါ ကန်တော်ကြီးမှာ သက်တန့် လှပ်ချလိုက်ကတည်းက
...ားခဲ့သည့်စိတ်သည် မရှိတဲ့အကြောင်း မပြောမိအောင် ပိတ်ပင်
...တ်သလိုဖြစ်လျှက်...

"လာ..၊ လင်း နဲ့လိုက်ခဲ့..၊ ဟိုရှေ့မှာ မုန့်ဝယ်ကျွေးမယ်"

"အေး..၊ လိုက်မယ်၊ တကယ် ကျွေးရမှာနော်.."

"ကျွေးမှာပေါ့"

မိန်းမကြီးလက်ကို လင်း က ရဲရဲတင်းတင်း ဆွဲကိုင်လိုက်၏။
...ဆိုတဲ့အသိနှင့် မဟုတ်တော့ဘဲ အုပ်ထိန်းသူတစ်ယောက်ပါလာ
...သို့ စိတ်ထဲမှာ လုံခြုံနွေးထွေးသွားသည်။

"အန်တီချစ်စု..၊ ပေါင်မုန့်နှစ်လုံးရဲ့ အာလူးကြော်နှစ်ထုပ်လောက်
...ပါနော်၊ အလုပ်လာဆင်းတဲ့ညကျတော့ လုပ်ခထဲက ဖြတ်လိုက်ပါ"

က်ကောင်းချင်တော့ မုန့်ရုံရှေ့ ခြံဝင်းအတွင်းမှာ မိုင်ရှင် ဒေါ်ချစ်စု
...တိုင် ရှိနေသေးသည်မို့ အသံပေးပြီး တစ်ခါတည်း ဝင်သွားလိုက်
...



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးကိုတော့ ခြံဝင်းအပြင်မှာ ထားခဲ့သည်။ မုန့်စားရမည်ဆိုတော့ လင်း ဘာပြောပြော ခေါင်းညိတ်နာခံရှာသည့် မိန်းမကြီးက အသံလည်း မပေး၊ ဟုတ်တုတ်မျှလည်း မလှုပ်..။

"မုန့်တွေ များလှချည်လား လင်း ရဲ့..၊ ညဥ့်နက်နေမှ..."

"ဟုတ်ကဲ့..၊ ထမင်းစောစောစားလိုက်မိလို့ ခုမှ တအား ဆာလာတာနဲ့ အရဲစွန့်ပြီး ထွက်လာတာ..."

"သြော်... အေး..၊ မှောင်ကြီးမည်းမည်းထဲမှာ..."

ဒေါ်ချစ်စု ကတော့ မယုံပါ။ လင်း နေထိုင်ရသည့်ဘဝကို သိထားသူမို့ ထမင်းမကျန်လို့ မစားရတာလို့ပဲ သတ်မှတ်လိုက်သည်။

ထို့ကြောင့် မျက်နှာကလည်း စိတ်မကောင်းဟန်တွေ ဖြစ်သွားလျက်...

"သွားယူလေ သွား..၊ အထဲမှာ ညည်းအစ်မ ရှိတယ်၊ ပါကင်မထုပ်ရသေးတဲ့ပေါင်မုန့်ရှိရင် ယူသွားပါ၊ မှတ်မထားပါဘူး"

"ဟုတ်.."

"အပြန် တစ်ယောက်တည်းမပြန်နဲ့..၊ နောက်ဖေးရုံထဲက အာကာတို့ကို လိုက်ပို့ခိုင်း..."

ဒီမှာ အလုပ်ဆင်းတဲ့ညဆို ဒေါ်ချစ်စု က ဘယ်တော့မှ တစ်ယောက်တည်း ပြန်မလွှတ်ပေ..။ ဒါက လင်း တစ်ယောက်တည်းကိုမှ မဟုတ်..။

ညဥ့်နက်မှ ပြန်တဲ့သူတိုင်း နီးနီးဝေးဝေး လမ်းမပေါ်ရောက်တဲ့အထိတော့ ရုံမှာအိပ်တဲ့ အလုပ်သမားကောင်လေးတွေကို လိုက်ပို့ခိုင်းတတ်သည်။ ဒီတစ်ခါတော့ မဖြစ်မနေ ငြင်းခဲ့ရသည်။ အာကာ တို့ကို အပြင်ခေါ်လာပြီးမှ မှောင်မည်းထဲမှာရှိနေသည့် မိန်းမကြီးကိုပြကာ..

"ဟိုမှာလေ ငါ့အဒေါ် ပါတယ်..၊ မပို့နဲ့တော့..."





"အြော်... စောစောကပြောတာ မဟုတ်ဘူး"

အာကာ တို့က သေချာလည်း မကြည့်..၊ လင်း ရဲ့အဒေါ် ဘာညာဆိုတာကိုလည်း မသိပေ။ လုပ်ကိုင်နေကြတုန်း ထ,လိုက်လာရတာမို့ ချက်ချင်း ပြန်လှည့်ဝင်သွား၏။

"အဒေါ် ရော့..၊ မုန့်လဲ စား..၊ လင်း ကိုလဲ လိုက်ပို့ဦးနော်"

မိန်းမကြီးသည် လင်း ပြောတာကို စိတ်ဝင်စားပုံမပေါ်ဘဲ ပေးလိုက်သည့် ပေါင်မုန့်တွေကို ပလုတ်ပလောင်း စားနေ၏။

လက်မောင်းတစ်ဖက်ကနေ လင်း တွဲလျှောက်တဲ့အတိုင်း စားနေရင်း အိမ်နားထိ ပါလာသည်။ ပေါင်မုန့်ကုန်တော့ ချိုင်းနှစ်ဖက်ကြားမှာ ညှပ်ထားသည့် အာလူးကြော်ထုပ်တွေကို ထပ်ဖောက်၏။ လင်း နှုတ်ဆက်နေတာကို ဂရုမစိုက်အား..။

"အဒေါ် ဘယ်ကို ပြန်မှာလဲဟင်..၊ ဒီနားမှာ အိပ်တာလား"

"အိမ်ပြန်မှာပေါ့"

"သြော်..."

အလေးအနက်ပြန်ဖြေတာ မဟုတ်မှန်းတော့ သိပေမယ့် လင်း ခေါင်းညိတ်ပြီး ပြန်လာခဲ့သည်။ ခြံဝရောက်မှ ပြန်ငဲ့ကြည့်လိုက်တော့ ထိုနေရာမှာ စားသောက်နေတုန်း..။

စိတ်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်ပေ..။

ဒီမိန်းမကြီး အိမ်ကိုရောက်အောင်ပြန်မှာ မဟုတ်ဘူးဆိုတာ စိတ်က သိနေသည်။ ရူးသွပ်နေပြီဆိုကာမှ မိသားစု၊ အိုးအိမ်ဆိုတာကို သိပါ့မလား..။

မပြန်ဘူးဆိုရင်ရော ဘယ်တွေလျှောက်သွားပြီး ဘယ်လိုနေရာမှာ အိပ်မှာလဲ..၊ အသက်ကြီးတဲ့မိန်းမတစ်ယောက်ဆိုပေမယ့် မိန်းမဖြစ်နေတာကိုက မသင့်တော်ပါ..။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး မယ်မင်းကြီးမ..၊ ဘာတွေ နောက်ဆံတင်းနေတာ
လဲ၊ မြန်မြန်ဝင်ခဲ့..."

ခြံတံခါးဝပွင့်သွားပြီး သက်တန့် မျက်နှာ တံခါးနှစ်ချပ်ကြားမှာ
ပေါ်လာမှ နောက်ပြန်လှည့်ကြည့်ခြင်းက လက်စသတ်သည်။

"ဟိုနားဒီနားသွားတာ ဒီလောက်တောင် ကြာရသလား၊ ဒီမှာ
အိပ်ရာထဲရောက်တော့မယ်၊ မျက်စိကို မနည်းပြူးပြထားရတယ်"

အချုပ်ထုပ်တွေကို ဆောင့်အောင့်ဆွဲယူရင်း ပြန်လှည့်ဝင်သွား၏။
လှူကို ပူပင်လို့မျှော်တာ မဟုတ်၊ မုန့်ထုပ်ကိုမျှော်တာ..။

ရင်ထဲမှာ နာကျင်သွားသည်။ တံခါးပြန်ပိတ်ရင်း မိန်းမကြီး
စိတ်မဖြောင့်ဘဲ ထပ်ချောင်းကြည့်တော့ မတ်တတ်ကနေ ငုတ်တုတ်
ထိုင်နေပြီကို မြင်လိုက်သည်။

တံခါးနှစ်ချပ် စေ့ပိတ်လိုက်ချိန်မှာ မြင်ကွင်းအားလုံး ပျောက်
ကွယ်သွား၏။ ဒါပေမယ့် ခဏအတွင်းမှာ ကျေးရူးတင် ကျိုက်လှဲ
ခင်တွယ်သွားမိသည့်စိတ်က ကိုယ့်ရဲ့တစ်ဦးတည်းသော သွေးသားရင်း
ချာလိုပင်..။

ဒီ့ခြံဒိဝင်းသာ ကိုယ်ပိုင်ဆိုင်တာဖြစ်ခဲ့လျှင်တော့..။





## အခန်း [ ၅ ]

"ဆောင်းဦးပေါက်ရမယ့်ဟာ ဆောင်းမဝင်ဘဲနဲ့ မိုးက မကုန်
နိုင်ဘူး"

"မင်းကလဲ အထက်ပိုင်းမှာဆို ရေတွေကြီး ဒုက္ခတွေရောက်နေကြ
တာ၊ ဒီမှာ ဘာမှမဟုတ်သေးဘူး"

ဦးစန်းလွင် နှင့် ဒေါ်မြတ်နိုး တို့ စကားပြောနေကြတာကို မနက်
အလုပ်သွားဖို့ပြင်နေရင်း လင်း ကြားနေရ၏။ သက်တန့် ကတော့
နိုးသေးပါ..။

"ရှင်ကလဲ..၊ ဒီမှာ မိုးမတိတ်တာလဲ လက်လုပ်လက်စားတွေ ဒုက္ခ
ရောက်တာပဲ၊ တချို့နေရာတွေမှာ ရေတွေဝပ်နေတာ၊ ပြန်မှမကျဘဲ၊
ပြီးတော့ ငရုတ်သီး၊ ကြက်သွန်တွေ ဈေးတက်လာတော့မယ်လို့ ကြား
တယ်၊ အိမ်မှာက ဝင်ငွေမရှိဘဲ ထွက်နေရတာ၊ အဲဒီလို ဟိုဟာဈေးကြီး၊
ဒီဟာဈေးကြီးဖြစ်လာရင် မလွယ်ဘူး"

ဒေါ်မြတ်နိုး ပြောချင်တာက ယောက်ျားဖြစ်တဲ့သူ အလုပ်အကိုင်
မရှိဖြစ်နေတာကိုပင်။ ဦးစန်းလွင် ကလည်း သိသည်။ ဒါပေမယ့် မသိ
သလိုနေလိုက်၏။

အရင်ဇနီး ဒေါ်ခင်မြစိုး နှင့်တုန်းကတော့ ပွဲရုံပိုင်ရှင်တွေအဖြစ်
ထော်ဝန်းကျင်မှာလည်း တင့်တယ်သည်။ လင်မယားနှစ်ယောက် လက်
တွဲထူထောင်ခဲ့သည့်လုပ်ငန်းမို့ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ..။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆုံးသွားသည့်အချိန်ဟာ ရှန်းကန်ရှာဖွေလို့ ကောင်းနေ
တုန်း။ တစ်ယောက်ကိုတစ်ယောက် အားကိုးချစ်ခင်သမှုတွေနှင့် ချိတ်
ဆက်ညီညီ ရှိနေကြတုန်း..။

ဒေါ်ခင်မြစိုး ဆုံးသွားတော့ ဦးစန်းလွင် စိတ်တွေလေသွားသည်။
လူငယ်လူရွယ်မို့ လွတ်လပ်ပျော်ပါးခြင်းများနှင့် ပျက်စီးတာမဟုတ်ဘဲ
ရှာဖွေကြိုးစားချင်စိတ်တွေ ကုန်ခန်းသွားခဲ့တာ ဖြစ်သည်။

ပိုဆိုးသည့်အချက်မှာ သမီးလေးတစ်ယောက်ပဲရှိပြီး မလိမ္မာ..
မိဘကို ကူညီရမှန်းလည်း မသိ၊ ပြောလိုက်ဆိုလိုက်ရင်လည်း
မနာခံ။ လူငယ်ပီပီ မိဘကို အမြင်မကျယ်ဘူး၊ ခေတ်နောက်ကျသည်
ဘာညာ ပြန်ပြောဖို့ စကားကြီးစကားကျယ်တွေ သူမမှာ အပြည့်..

ခုခေတ် လူငယ်တွေ ဘယ်လိုအမြင်ကျယ်နေကြသည်။ ဘယ်
တိုးတက်နေသည်၊ ခေတ်က ဘယ်လို၊ စနစ်က ဘာညာ..။

သူမမှာ မိဘမှတစ်ပါး အရာခပ်သိမ်းက မက်မောခင်တွယ်စရာ
တွေအတိ..။ ထို့ကြောင့် သူ့အတွက် ဂရုစိုက်ငဲ့ညှာရမည့် တစ်စုံတစ်
ယောက်ဆိုတာ ဦးစန်းလွင် ခေါင်းထဲမှာ အလေးအနက် ဘာမှမရှိတော့
ဘဲ တစ်ယောက်နှင့်တစ်ယောက် ထင်သလိုနေကြေးလို့ စိန်ခေါ်ထား
ကြသလို ပစ်စလက်ခတ်တွေ ဖြစ်ခဲ့ကြ၏။ ဒေါ်မြတ်နိုး နှင့် အိမ်ထော
ကျခဲ့ခြင်းဟာလည်း သူ့ဘဝအတွက် အလေးအနက်မဟုတ်သော တ
စုံတစ်ရာထဲမှာ ပါခဲ့သည်။ ဟိုတုန်းက ဦးစန်းလွင် ဆိုသည့်အရှိန်အဝ
ကို အထင်တကြီးဖြစ်ကာ ဒေါ်မြတ်နိုး က ကလေးအဖေမှဆိုးဖို
လက်ထပ်ခဲ့သည်။ သူမ ကလည်း ချစ်ခင်စွဲလမ်းတယ်ဆိုတာ
မဟုတ်ပါ..။ သူမနှင့်လက်ထပ်ခြင်းရဲ့နောက်မှာ ဦးစန်းလွင် ဘာအလု
မှ မယ်မယ်ရရမလုပ်တော့ခြင်း၊ စီးပွားရေး အခြေယိုင်လာခြင်း
အားလုံးကတော့ ဒေါ်မြတ်နိုး ၏ကုသိုလ်ကံအကြောင်းပဲ ဖြစ်၏။





ဒေါ်မြတ်နိုး ကလည်း ဒါကိုတော့ နားလည်ပုံ ပေါ်သည်။ ဦးစန်း
လွင် အလုပ်အကိုင်မဲ့နေတာကို အထူးတလည် မခံစားတော့ပေမယ့်
အခင်မရှိဘဲ ငွေတွေ အဆုပ်လိုက် ပြန်ထွက်အောင်လုပ်နေသည့်
သက်တန့် ကိုတော့ မကြည်လင်ခြင်းနှင့် အမြဲကြည့်၏။

"ရာသီဥတု အခြေအနေတွေ အဲဒီလိုဖြစ်နေတာကို ရှင့်သမီးကိုလဲ
နည်းနည်းပါးပါး ပြောပြဦး ကိုစန်း..၊ အခု သင်တန်းတစ်ခုပြီးတော့
မယ်လို့ ကြားတယ်၊ ဘာသင်တန်းဆက်တက်ဦးမလဲ မသိဘူး"

"အများကြီး ပြောပြထားတာတောင် မသိတဲ့ဟာ..၊ နည်းနည်း
ပါးပါး ပြောပြလဲ အပိုပဲ"

"သိတယ်.. သိတယ်..၊ ရှင့်ကိုပြောရင် ဒီလိုပဲ ခေါင်းရှောင်မယ်
ဆိုတာ..."

ဦးစန်းလွင် က စိတ်ကူးတွေနှင့် ဆက်လက်ဒ်ဘားရန် ပုလင်းနှင့်
ခွက်ကိုဆွဲ၍ အပေါ်ထပ်သို့ ဦးတည်၏။

ခုပဲ ဒီမိန်းမ၊ ဒီသမီးကို မကြည်လင်တာတွေ တွေးမိနေတုန်း...

"ဘယ်ကိုလဲ ကိုစန်း.."

"သွားမယ်ကွာ..၊ ဘာလုပ်မလို့လဲ"

"အဝတ်လျှော်စက်ရှောင်းတဲ့ပိုက်...ဘဲ ရှင် အကုန်ယူထားသလား"

...ည်ကြည့်နေသည့် ဦးစန်းလွင် မျက်နှာ လှေကားထစ်တွေဆီ
...နှိမ့်လည့်သွားကာ...

"တစ်ဆောင်းခွဲပဲ ရှိတော့တယ်"

ဟု ပြောလိုက်ပြီး ခပ်သွက်သွက်တက်လာခဲ့သည်။ ဒေါ်မြတ်နိုး
ဘယ်လိုပုံစံ ဖြစ်ပျက်ပြီး ဘာတွေ ရေရွတ်ကျန်ခဲ့မည်လဲ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၆ ]

အလုပ်တစ်ခုကနေတစ်ခုကို ပြောင်းဖို့က မလွယ်ပါလား..၊ တချို့လူတွေ ပြောကြသလို ဘွဲ့ရပညာတတ်နေလည်း ဘာမှလုပ်စားမရဘူးဆိုတာ မှားနေပြီမှန်း ကိုယ်တိုင်ကြုံမှ သိသည်။

ပညာမတတ်တဲ့သူ့အတွက် လက်မှုပညာတစ်ခုခုလည်း မကျွမ်းကျင်ဘူးဆိုလျှင် သင့်တော်ကောင်းမွန်သည့်နေရာတစ်နေရာကို မရနိုင်..။

ဒီလစာ၊ ဒီအလုပ်မျိုးကို မရောင့်ရဲနိုင်လို့ အလုပ်ရှာနေတာ သုံးပတ်လောက်ရှိနေပြီ ဖြစ်၏။ ဒါပေမယ့် ဘွဲ့ရလက်မှတ်မပြနိုင်သည့် အဖြစ်ကြောင့် လိုချင်တဲ့နေရာကို မရ..၊ တစ်နေကုန် လျှောက်သွားနေပြီး မိုးချုပ်ခါနီးကျမှ ပြန်ဖို့ခြေဦးလှည့်ဖြစ်သည်။

ရပ်ကွက်ထိပ်က ကားမှတ်တိုင်ကနေ လမ်းလျှောက်လာခဲ့စဉ် ဆေးဆိုင်နှင့်တွဲနေသည့် ကွမ်းယာဆိုင်မှာ ပီကေဝယ်စားဖို့ စိတ်ကူးဖြစ်၏။ ထို့ကြောင့် ပိုက်ဆံနှိုက်ရင်း ကွမ်းယာဆိုင်ရှေ့မှာ ခဏရပ်လိုက်သည်။ လက်က အိတ်ကိုနှိုက်ရင်း မျက်လုံးက ဟိုဒီရောက်သွားစဉ်--

ဟင်!... ဘာလဲ..။

လူတစ်ယောက်၏ ရှူးဖိနပ်အောက်မှာ တလွန့်လွန့် လူးလိမ့်နေသော ကြိုးစလိုလိုအရာတစ်ခု..၊ ရာသီဥတုကြောင့် ရေတွေပြည့်လာလိုက်၊ ပြန်ကျသွား လိုက်ဖြစ်နေသော မြေပြင်မှာ ဒါဘာလဲဆိုတာကို လင်း ချက်ချင်း သိလိုက်သည်။





သေချာအောင် ခါးကိုင်း၍ကြည့်လိုက်တော့ ဖြာကျနေသည့် အလင်းရောင်မှာ မြွေဆိုတာ သေချာသွား၏။

မြွေက ခေါင်းကို အနင်းခံထားရသဖြင့် အမြီးနှင့်ပြန်ပတ်ဖို့ ကြိုးစားနေသည်။ အနက်ရောင်ရှူးဖိနပ်နှင့် ဘောင်းဘီရှည်ဖုံးထားသော ကြောင့် လူကလည်း မသိ..၊ မြွေကလည်း သိပ်မကြီးတော့ မအောင်မြင်..။

"ဒီမှာ..."

ဆေးမှာ သွားရပ်ခေါ်လိုက်တော့ တစ်သျှူးတွေ နှစ်ထုပ်,သုံးထုပ် ယ်နေသည့်မျက်နှာ ဒီဘက်လှည့်လာ၏။

"ရှင့်ခြေထောက်ကို နည်းနည်းမှ မလှုပ်နဲ့ဦး..၊ လင်း က ဖယ်ဆိုမှ ဖယ်နော်.."

လင်း က ကွမ်းယာဆိုင်နောက်မှာ ထောင်ထားသည့် တစ်လံ ကျော်ကျော်လောက် သစ်သားတုတ်ကြီးကို ပြေးယူကာ ဖိနပ်နားကနေ ပ်ဖိထားလိုက်ပြီး...

"ရပြီ..၊ ဖယ်..."

တော်တော်လန့်နေပုံပေါ်သည့်လူက နောက်ကိုပါ ခြေလှမ်းကျဲနှင့် တ်ပစ်လိုက်သည်။

"ဟာ!... မြွေဟ.."

"ဒါသကြီးနေတာ ကြည့်စမ်း"

"ဘာကြည့်နေကြတာလဲ..၊ လုပ်ကြလေ..."

အနင်းခံထားရသဖြင့် သွေးထွက်နေသည့်ခေါင်းသည် ဒေါသ ကြောင့် မျက်လုံးပြူးနှင့် ရန်းကန်နေ၏။ ပြီးတော့ အမြီးက တုတ်ကို ပ်ထားလိုက်၊ ဟိုဒီလျှောက်ပုတ်ပြီး ခါလိုက်တော့ ထွန့်ထွန့်လူးနေ သည်။

နင်းထားသည့်လူက ရုတ်တရက် ဖယ်လိုက်လျှင် ဒုက္ခဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ပေါ်လာသည့် စေတနာနှင့် သူ့ရဲကောင်းဝင်လုပ်ပြီးမှ မြွေကို ကြည့်ပြီး လင်း ယိတ်လန့်လာ၏။

ဆိုင်ရှင်ရော ဝယ်နေသူတစ်ယောက်ပါ အနားမှာ ရောက်နေပြီမို့ လင်း ပြောလိုက်ကာမှ လက်နက်တွေပြေးဆွဲကာ မြွေကို ဓာတ်သိမ်း ပေးလိုက်ကြသည်။

"ခင်ဗျား ကံကောင်းလို့..၊ မဟုတ်ရင် ဒီကောင် အသေခံမှာ..."

"ဟုတ်တယ်..၊ မြွေက အမြီးတုတ်ကြီးနဲ့ မြွေကောင်း မဟုတ်ဘူး"

တစ်ယောက်တစ်ခွန်း ပြောကြတာကို ခေါင်းညိတ်ကာ အောင်က ကောင်မလေးကို ပြုံးပြလိုက်သည်။

"မင်းကို အရမ်း ကျေးဇူးတင်ပါတယ်၊ လိုက်လိုက်လှဲလှဲ ပြောတာပါ"

"ရပါတယ်"

စိတ်လှုပ်ရှားသွားပုံနှင့် ကောင်မလေးက ပင့်သက်ရှိုက်ပြီး ခပ်ဖြည်းဖြည်း ထုတ်သည်။ နှုတ်ခမ်းဖူးလေးတွေအထက်မှာ မီးရောင်ကြောင့် ပြောင်လက်လက်လေး မြင်နေရ၏။ သူမ ချွေးပြန်အောင် လန့်သွားသည်ပဲ..။

ကူညီလိုက်တာကတော့ ဖြုန်းခနဲပေါ်လာသည့် စေတနာလေးနှင့် ဖြစ်လိမ့်မည်။ မြွေကို ထိထိမိမိ ရင်ဆိုင်ရကာမှ ကြောက်သွားတာဖြစ် နိုင်၏။

သူပြောလိုက်တာကိုလည်း အလေးအနက်ထားပုံမရှိဘဲ ပီကေ ဝယ်ပြီး ပြန်ထွက်သွားသည်။ နာမည်ကို တစ်ခွန်းတစ်စတော့ ကြား လိုက်သည်။ လေး ဆိုလား..။ လင်း ဆိုလား မသဲကွဲ။ မေးလိုက်ချင်ပါ သည်။ ဒါပေမယ့် တစ်မျိုးမြင်သွားမှာစိုးလို့ မမေးဖြစ်ခဲ့..။

"သူက ဒီနားကလား ခင်ဗျ.."





ဆိုင်ရှင်က သူ့နေရာကနေ အောင့် ကိုငုံ့ကြည့်ပြီး ခေါင်းခါပြ၏။

"နောက်ရပ်ကွက်ထဲက ဖြစ်မယ်၊ လမ်းမတော်ကတော့ မဟုတ် ဘူး"

ဒါပဲ မေးလို့ရ၏။ စပို့ရှပ်ပွပွ အနီရဲလေးနှင့် ဆံပင်တိုတို အလန် လေးတွေနှင့် အသားဖြူဖြူကောင်မလေးကို မြင်နေရင်း ကျေးဇူးတင် စကားတွေ ဒီထက်ပြောချင်နေမိ၏။

ခဏတစ်ဖြုတ် ခရီးသွားဟန်လွှဲ ကူညီသွားတာပေမယ့် ဒါက အသက်အန္တရာယ်..၊ လမ်း ဟိုဘက်မှာရပ်ထားသည့်ကားဆီ ပြန်ကူးနေ ရင်း ကောင်မလေး ထွက်သွားသည့်ဘက်ကို လှမ်းကြည့်ဖြစ်သေးသည်။

တလွဲထင်ထင်..၊ ဘာဖြစ်ဖြစ် နာမည်လေးတော့ မေးလိုက်သင့် သည်ဟုတွေးရင်း ကိုယ့်အဖြစ်ကို သတိရကာ ဝိတ်ပျက်သွားမိ၏။

တစ်ယောက်ကိုရှာနေတာ မတွေ့သေးဘဲ နောက်တစ်ယောက်နှင့် ဆပ်တွေ့သည်။ သူမကလည်း အစပျောက်သွားပြန်ပြီ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၇ ]

"ဘာဖြစ်နေတာလဲဟင်.."

"မသိပါဘူး၊ စိတ်မနှံ့တဲ့မိန်းမကြီး ထင်တယ်၊ သေနေပြီလားလို့.."

ဟင်!... ဒီနေ့ နေ့တစ်ဝက် ခွင့်လိုချင်လို့ အလုပ်ကို စောစော ထွက်လာကာမှ ကားမှတ်တိုင်အမိုးအောက်မှာ လူတွေအုံနေသဖြင့် ဝင် တိုးကြည့်လိုက်မိသည်။ ထင်တဲ့အတိုင်း သူမ သိထားသည့်မိန်းမကြီးပါ..။

"အဲဒီအဒေါ်ကြီး ကျွန်မ သိတယ်၊ ခဏလေး..."

လင်း ရှေ့ကိုတိုးလိုက်တော့ အားလုံး နောက်ဆုတ်ပေးကြ၏။ ထိုစဉ် ကားတစ်စီးလာရပ်လိုက်သဖြင့် မှတ်တိုင်မှာ လူတွေရှင်းသွား သည်။ လမ်းထဲက ကုန်စုံဆိုင်က အပျိုကြီးနှင့် လင်း နှစ်ယောက်တည်း မိန်းမကြီးဘေးမှာ...

"အဒေါ်.. အဒေါ်..."

ဟင်!... မိန်းမကြီးက သစ်သားခုံတန်းမှာမဟုတ်ဘဲ နောက်က အုတ်ခုံပေါ်မှာ ထဘီခြုံပြီးကွေးနေတာဖြစ်သည်။ အမိုးအောက်မှာပေ မယ့် မိုးသည်းရင်တော့ လုံမှာမဟုတ်ပေ..။ ဒီနားမှာ တစ်ညလုံး အိပ်နေ ခဲ့တာလား..၊ ဒါမှမဟုတ် မိုးလင်းမှလား..။ လက်ဖဝါးကို ဆုပ်ကိုင် လိုက်တော့ လက်ဖဝါးက ပူနေကာ လက်ဖမိုးက အေးနေ၏။

"အဒေါ် ဖျားနေပြီ..၊ ဒီမှာ တစ်ညလုံး အိပ်နေတာလားဟင်..."

"မသိဘူး၊ ချမ်းလို့ပါ..၊ ဖယ်စမ်းပါအေ..."

မိန်းမကြီးက တုန်ယင်သောအသံနှင့်ပြောကာ လင်း စမ်းကြည့် လိုက်သည့်လက်ကို သဘီထဲပြန်ထည့်၍ ပုခွန်တုပ်လို ဆပ်ကွေးသည်။





"ဒုက္ခပါပဲ..၊ နဖူးကလဲ ပူခြစ်နေတာပဲ၊ ဒီတိုင်း ဆက်နေရင် သွေယ်ဘူး ထင်တယ်"

"ညည်းက သူ့ကို သိလို့လား"

အပျိုကြီးက စပ်စုလာ၏။ လမ်းထဲမှာ သူမကို အပျိုကြီးလို့ပဲ ခေါ်ကြကာ နာမည်ရင်းကိုတောင် မေ့နေကြပါပြီ။ သူမက စပ်စုတတ် သည်မှလွဲလျှင် စိတ်ရင်းကောင်းရှိ၏။

"လင်း သိတယ်၊ ပြီးတော့ သူ လင်း ကို ကူညီခဲ့ဖူးတယ်၊ သနား ပါတယ်နော်.."

"ဟုတ်တော့ဟုတ်တယ်..၊ ဒါပေမယ့်အေ သူ့ဆိုက်နဲ့သူ့ကံပေါ့၊ ဘာတတ်နိုင်မှာလဲ..၊ လူကောင်းဆိုလဲ ဟုတ်သေးတယ်၊ ရူးနေတော့ ဘာမှလုပ်မပေးနိုင်ဘူး"

ပြောနေရင်း ကားလမ်းဆီကိုမျှော်ကြည့်ကာ ပိုက်ဆံအိတ်ဖွင့်သည်။

"ကားပျက်နေလို့ ဒီတိုင်းထွက်လာမိကာမှ တက္ကစီတွေကလဲ ရှား လိုက်တာ"ဟု မဆိုင်တာကိုပြောနေရင်း တစ်ထောင်တန်နှစ်ရွက် ကိုင်ထားသည့်လက်က လင်း ဆီကိုလှမ်းကာ...

"ရော့.. ရော့...၊ ဆေးလေးဝါးလေး ဝယ်တိုက်လိုက်ပါအေ၊ ငါက သွားစရာရှိလို့.."တဲ့။ ပိုက်ဆံကို ယူထားလိုက်ပေမယ့် လင်း စိတ်ထဲမှာ ဒီမိန်းမကြီးကို ဆေးလေးဝယ်တိုက်ပြီး ထားခဲ့ဖို့မဟုတ်ဘဲ ခေါ်သွားနိုင် မည့်အကြောင်းတစ်ခုကို အပြင်းအထန် စဉ်းစားနေတာဖြစ်သည်။

"အား..ဗိုက်ဆာလိုက်တာ၊ ဟင်း..ဟင်း..ဟင်း..၊ ချမ်းတယ်..ချမ်းတယ်"

မိန်းမကြီးထံမှ ညည်းသံတွေ မျိုးစုံထွက်လာသည်။ လင်း ခေါင်းထဲ မှာ စိတ်ကူးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။ စွန့်စားဖို့တော့ လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၈ ]

ထိုင်နေကျဆိုင်လေးမှာထိုင်ရင်း လာမယ့်သူကို မျှော်ရတာလည်းပင်းညောင်ရေအိုးဖြစ်မလာပေမယ့် သားလူတွေတောင် ရိပ်မိကုန်ပြီဖြစ်၏။

ချစ်သူတွေချည်းရှိတတ်သည့်နေရာမှာ ချစ်သူနှင့်ပဲ ချိန်းထားတာမို့ တစ်ယောက်တည်း ထိုင်ရဲခဲ့သော်လည်း ပေါ်မလာတာကြာလာလေ ရှက်စရာ ဖြစ်လာလေ..။

သက်တန့် နာရီကို မသိမသာနှင့်ကြည့်ရင်း ပြန်ဖို့ စဉ်းစားရတော့သည်။ ဒီလိုပါပဲ..၊ ရဲထက်ကျော်စွာ ဆိုသော တစ်ဦးတည်းသောသူ့ဗွေးသားသည် သူချိန်းလျှင် ရောက်အောင်လာမှကြိုက်တတ်ပြီးသူများအတွက်ဆို ဘယ်တော့မှ မငဲ့ညှာ..။

မကြာမကြာ နောက်ကျတတ်ပြီး မလာတော့ဘဲနေတဲ့အခါတွေလည်း ရှိသည်။

"ပြောမလို့ပဲ သက် ရယ်..၊ ကြိုဖုန်းဆက်ဖို့ဟာလဲ သက် ကို အလွယ်တကူ ဆက်သွယ်လို့မရဘူး၊ နောက်မှဆိုတော့လဲ လူချင်းတွေ့မှ ပြောပြမယ်ဆိုပြီး နေလိုက်မိတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ"

ဆိုတာက သူ့ရဲ့အကြောင်းပြချက်ကောင်း ဖြစ်၏။

ကိုယ်ကလည်း ဖုန်းတစ်လုံးတောင်မှ မကိုင်နိုင်တဲ့သူမို့ သက်တန့် ဘာမှမတတ်နိုင်ခဲ့ပါ။





သူ့မှာ ကိုယ့်အပြင် ချစ်သူရှိနေသေးလားလို့ ခဏခဏ တွေးမိသမယ့် ဒါကို သေချာလည်း မသိချင်ပါ..။

ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တတ်နိုင်သမျှတော့ ပိုင်ဆိုင်နိုင်အောင် ကြိုးစားချင်၏။ ဒါဟာ အရူးအမူးချစ်နေမိပြီဆိုတာထက် မဖြစ်မနေ ရယူလိုခြင်းဆိုလျှင် ပိုမှန်မည်။

သူမဘဝကို ဆင်းရဲပင်ပန်းစွာ ရုန်းကန်ခြင်းနှင့် ရင်မဆိုင်လိုပါ။ ထို့ကြောင့် သူမရဲ့ဘဝကြင်ဖော်ဟာ ရဲထက်ကျော်စွာ လို ချစ်သူမျိုးပဲ ဖြစ်ရမည်။

"သက်တန့်ခင် ဆိုတာ မင်းလား..."

"ရှင်!..."

သက်တန့် ဆတ်ခနဲ ဖြစ်သွား၏။ လှမ်းမျှော်ကြည့်တာက တစ်ဖက်၊ အနားရောက်လာသူက တစ်ဖက်။ မော့ကြည့်လိုက်တော့ စစ်စိမ်းရောင် အပေါ်သားအင်္ကျီ၊ အကောင်းစားပါတိတ်အပွင့်နှင့် ရင်ညွန့်အောက်ထိရှည်သောရွှေကြိုးကို စိန်လော့ကတ်ကြီးတပ်ပြီး ဆွဲထားသည်။

နားကပ်၊ လက်စွပ်၊ လက်ကောက်တွေနှင့် တစ်ကိုယ်လုံး စိန်တုံးကြီးလိမ့်လာသလားထင်ရအောင် ပြိုးပြက်လက်နေ၏။

နှုတ်ခမ်းထူပြည့်ပြည့်၊ မျက်နှာကျသွယ်သွယ်ကို မြင်လိုက်ကတည်းက ထိုမျက်နှာနှင့်အတော်ကြီးဆင်တူနေသော ကိုရဲ ကို အမှတ်ရလိုက်သည်။

"ငါက ရဲထက်ကျော်စွာ ရဲ့အမေပဲ.."

တွေးဖြစ်လိုက်ပေမယ့် မထင်..။

ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ မြည်ဟည်းသွား၏။ အမျိုးသမီးကြီး၏မျက်နှာကို ကြည့်လိုက်မိသည့်မျက်ဝန်းတို့က



www.burmeseclassic.com

www.burmeseclassic.com



တစ်ထစ် ပြုတ်ကျသွားခဲ့လျှင် ရှားရင့်ရောင် လက်ကိုင်အိတ်ရှည်ကြီး ရောက်၏။

"ဟုတ်ကဲ့..၊ ထိုင်... ထိုင်ပါ အန်တီ"

"ထိုင်ဖို့လာတာ မဟုတ်ဘူး၊ မင်းကို ပြောချင်တာရှိလို့ လာတာ"

မျက်နှာချင်းဆိုင် မော့ကြည့်သင့်တာကို သိပေမယ့် သက်တန့် ခွန်အားမဲ့နေ၏။ 'ချွေးမလောင်းလေးမျက်နှာ လာကြည့်တာပါ' ဆို ပြောဖို့လာတာ မဟုတ်နိုင်မှန်းကို သိပြီးသား..။

သူမကတော့ ကိုယ့်အထက်ကနေ စီးမိုးပြီး ရှုံ့ရှုံ့မဲ့မဲ့ မတူတ သလို ရှုးစိုက်ကြည့်ရှုနေလိမ့်မည်။

ဒီမိန်းမကြီး ဘာပြောပြော တိုးတိုးဖြစ်ဖြစ်၊ ကျယ်ကျယ်ဖြစ်ဖြစ် ဘေးကစုံတွဲတွေ ကြားကြမှာပါ။ ထို့ကြောင့် ရှက်နေလည်း ရင်ဆိုင် မှာပဲဆိုသည့်စိတ်နှင့် အားတင်းပြီး သက်တန့် မျက်နှာမော့၏။

"ဟုတ်ပြီ..၊ မင်း သတ္တိရှိမှာပါ၊ အဲဒီလို မိန်းကလေးပဲဖြစ်မယ်ဆို တာ သိလို့လဲ သားကလဲ ငါ့ကို အကူအညီတောင်းတာ..."

သက်တန့် မျက်ဝန်းလေးတွေ ရှုးစိုက်သွား၏။

"သားမှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူက အခု အမေရိ ကားမှာ ကျောင်းသွားတက်နေတယ်လေ..၊ မိဘတွေက ရွှေဆိုင်ရှိတယ် အီလက်ထရွန်းနစ်ဆိုင်ကြီးလဲ ရှိတယ်၊ အဲဒါတောင်မှ ငါ့သားလောက် ပညာအဆင့်မရှိတဲ့ မိန်းကလေးမို့လို့ ငါက သဘောတူခဲ့တာ မဟုတ်ဘူး"

သက်တန့် တစ်ခုခုပြောမလို့ ပါးစပ်ပြင်သည်နှင့် အမျိုးသမီးကြီး က လက်ကာ၍...

"နေဦး..၊ ငါ မင်းနဲ့ ဆွေးနွေးဖို့လာတာ မဟုတ်ဘူး၊ ပြောပြီးရင် ပြန်မှာ..၊ ငါပြောတာကို နားမထောင်ဘဲ မင်း အခု ထထွက်သွားရင်လဲ မျက်စိအောက်က ပျောက်မသွားမချင်း ငါက ငါ့စကားကို ဆုံးအောင်





ောင်ပြောမှာနော်..."

သက်တန့် မျက်နှာတင်းနေတာကိုမြင်သည်နှင့် တစ်ခါတည်း ဆက်ခြောက်ပြောလိုက်ပြီး...

"မင်းကို ရုပ်ကလေး သနားကမားမို့ ငါ့သားက သူလိုငါလို ညှိုးတားထားဖြစ်လိုက်တာ၊ လက်ထပ်ဖို့ဆိုတာက ငါ့သား အိမ်ထောင် ရေးက ငါ့သဘောပဲ..၊ ခုလဲ မင်းနဲ့ကြိုက်နေတာကို ငါ သိတယ်၊ လက်ထပ်ဖို့ရည်ရွယ်တာ မဟုတ်မှန်းလဲ သိတာပဲ၊ ဒါပေမယ့် သူ့ အတွက် လက်ထပ်ဖို့မိန်းမ အဆင်သင့်ရှိပြီးတာတောင် မင်းနဲ့ လက်တွဲ ဖြုတ်သေးတော့ အကြောင်းကို မေးရတာပေါ့..."

ပွန့်ခနဲ မဲ့ပြီး ခဏရပ်သွားသေးသည်။ ပြီးမှ...

"မင်းက လုံးဝ လက်တွဲဖြုတ်မခံဘဲ တောက်တဲ့ကပ်သလို တွယ် ကပ်နေတာပဲ..."

"အဲဒါတွေ သူက ပြောလိုက်တာလား.."

"မင်းက မယုံသေးဘူးထင်တယ်၊ သူ့ဖုန်းနံပါတ် မင်း သိတာပဲ၊ မေးမလား..."

"မလိုပါဘူး အန်တီ..၊ သူ ယောက်ျားဆိုရင် ရင်ဆိုင်တွေ့ပြီး ပြောလို့ရတယ်၊ သတ္တိမရှိရင် ဖုန်းဆက်ပြီး ပြောနိုင်တယ်၊ တစ်ခွန်းပဲ..၊ အခုမေးမှ ပြောရဲစရာလား.."

"ယောက်ျားမို့ မိန်းမသားတစ်ယောက်ကို အရှက်တကွဲ မပြောဆို ချင်တာပေါ့ သက်တန့်ခင်..၊ တကယ်ဆို မင်းက မပြောဘဲ သိသင့်တာ၊ ဒီယောက်ျား ကိုယ့်ကို တကယ်ချစ်သလား..၊ မချစ်ဘူးလား သူ့ရဲ့ အပြုအမူ အပြောအဆိုတွေမှာ အဖြေရှိတယ်၊ မျက်လုံးထဲမှာ မြင်နိုင် ဘယ်၊ ပြောတာလေးတွေကိုမှ ကြားချင်ပါတယ်ဆိုတာ ဒီနေ့ခေတ် တော့ ရှခဖုကောင်းတဲ့ အကြောင်းပြချက်တွေပါ၊ ဒီတော့ မင်း ယုံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင် ထပ်ကြိုးစားပေါ့၊ သားက လက်ထပ်တော့မှာ၊ မင်းဘက်က
မျက်စိနောက်အောင် ထပ်လုပ်ဦးမယ်ဆိုရင်တော့ မင်းက မိန်းကလေး
ဘာတွေထပ်ဖြစ်လာနိုင်သလဲဆိုတာ မင်းဘာသာ စဉ်းစား..."

ရဲတက်ကျော်ရှာ ၏မိခင် လှည့်ပြန်သွားတော့ ပတ်ဝန်းကျင်တစ်
ခုလုံးမှာ သူမတစ်ယောက်တည်း ရှိတော့သလို ဘာသံမှလည်း မကြား
ဘာကိုမှလည်း မမြင်တော့ပေ..။

ရင်ခုန်သံတွေ တိုးဆောင့်နေကြတာ ရင်ဘတ်တစ်ပြင်လုံး ပွင့်
ထွက်တော့မယ့်အတိုင်း...။

"သူဌေးတွေရဲ့ရည်းစား ဖြစ်ရတာကို ဘဝင်မြင့်နေရင်တော့ ရင်
လေးစရာပဲအေ..၊ မိန်းမတစ်ယောက်ရဲ့ဘဝက သူဌေးနဲ့ ချစ်ကြိုက်ခွင့်
ရတာနဲ့ ပြည့်စုံသွားမှာ မဟုတ်ဘူး၊ ကိုယ့်ရဲ့အိမ်ထောင်ဖက် ဖြစ်လာ
ပြီးမှာ..၊ အတည်ကြံတာလား၊ အပျော်လားဆိုတာ မခွဲခြားဘဲ မာန်တွေ
တက်နေရင် ကိုယ်ဖြစ်ကိုယ်ခံပဲ.."

ဒေါ်မြတ်နီး ဒီစကားကိုပြောတုန်းက အကြီးအကျယ် စကားများ
ကာ သူမ လက်ဆွဲအိတ်နှင့် ပစ်ပေါက်လိုက်မိလို့ ဖေဖေနှင့်ပါ ရန်ဖြစ်
ဆက်ခဲ့သည်။

ခုတော့ ဘယ်လိုလဲ..၊ သူမအတွက် စကားလက်ဆောင်လေး
တစ်ခုပဲ ကျန်သည်။

ကိုယ်ဖြစ်ကိုယ်ခံ..။





## အခန်း[ ၉ ]

ပါးပြင်ထက်မှာ ဖြန်းခနဲ ရိုက်ချက်ကျသွားခြင်းက မီးစနှင့်ထိုးခံ
လိုက်ရသလို ပူလောင်ပြင်းရှသွား၏။

ပါးတစ်ဖက်ကိုအုပ်ကာ ခြေတစ်လှမ်းစာလောက် ယိုင်သွားတာ
သမယ့် ကိုယ့်ခြေထောက်နှင့်ကိုယ် ခလုတ်တိုက်ကာ လင်း လဲကျ
သွား၏။

ထိုအခါ ကိုယ်နှင့် တိုက်ခတ်ရောပါကာ လဲပြိုကုန်သည့် စားပွဲ
ခွန်းက ပစ္စည်းတချို့ကြောင့် ဝုန်းဒိုင်းကျသံတွေ ဖြစ်ကုန်သည်။

"ဟဲ့!... ဘာတွေဖြစ်ကုန်ကြတာလဲ၊ ဘာလဲ..."

ဒေါ်မြတ်နိုး အပေါ်ထပ်ကနေ အပြေးတစ်ပိုင်း ဆင်းလာ၏။
ဧည့်ခန်းမှာ သက်တန့် က ခါးထောက်ရပ်လျက် လင်း သည် စားပွဲနှင့်
ခုံနှစ်လုံးကြားမှာ လဲပြိုလျက်..။

သက်တန့် က ဒေါ်မြတ်နိုး ကို လုံးဝဂရုစိုက် ဖြေကြားခြင်းမပြုဘဲ
လင်း ကိုသာ လက်ညှိုးထိုး၍...

"နင်က... နင်က သူရဲကောင်းကြီးပေါ့ ဟုတ်လား..၊ တကယ့်
မိန်းမတတ်ကြီးပေါ့"

"သူ အရမ်းဖျားနေလို့ ခေါ်ထားတာပါ၊ နေကောင်းတာနဲ့ ပြန်
လွှတ်မှာပါ မမရယ်..၊ အပြင်မှာ မိုးကလဲ မပြတ်တော့..."



www.burmeseclassic.com

www.burmeseclassic.com



"သေပါစေပေါ့..၊ အဲဒါ နင့်အမေလား..၊ နင့်အဘွားလား..၊ ကိုယ် နဲ့ ဘာတော်လို့လဲ..၊ နင့်ကိုယ်နင် ပိုက်ဆံလေး ခြောက်ပဲတစ်ပြား ရှာနိုင်တာနဲ့ ထင်ရာလုပ်ခွင့်ရှိနေတယ်လို့ ထင်တာလား"

"ဘာဖြစ်ကြတာလဲ..၊ သမီး နေဦး..၊ ဖေဖေ့ကို ပြောစမ်း..."

ဦးစန်းလွင် ဆင်းလာမှ သက်တန့် မျက်ဝန်းတွေ ဖအေဖြစ်သူထံ ရွေ့၏။

"လင်းရာသီ လေ..၊ ရှူးနေတဲ့မိန်းမကြီးကို ဟိုဘက်.ဂိုဒေါင်ထဲ ခေါ်ထည့်ထားတယ်၊ သမီးတို့ကို လုံးဝမပြောဘဲနဲ့ နှစ်ရက်တောင် ရှိပြီတဲ့..၊ ဒါကြောင့် ညဦးနက်မှ ထမင်းစားတယ်၊ ထမင်းတွေ ပိုယူပြီး အရှူး သွားကျွေးတာ..၊ မိုးလင်းတာနဲ့ အိုးထဲမှာ ထမင်းပြောင်၊ ဟင်းပြောင်..."

လင်း မျက်နှာလေး ပါးတစ်ခြမ်း ရောင်နေသည့်အပြင် မျက်ရည်တွေဝဲလျက် ခေါင်းငုံ့သွားရှာသည်။ ထမင်းပိုယူမိတာ သူမ အပြစ်ပါ။

ဒီအိမ်မှာ ထမင်းကြမ်းစားတတ်ကြတဲ့အကျင့် မရှိတော့ ထမင်းပို နေတာပဲထင်ပြီး ထည့်ကျွေးမိတာဖြစ်သည်။

ဒီညနေကျမှ မိုးတွေကြီးနေလို့ လူလစ်ပြီထင်ပြီး စောင်သွားပေး လိုက်မိသဖြင့် သက်တန့် နှင့် ပက်ပင်းတိုးခဲ့သည်။

သိသွားကာမှတော့ လင်း အားလုံးကို အမှန်အတိုင်း ဝန်ခံလိုက် သည်။ အားလုံးသိရပြီဆိုမှ သက်တန့် က ဖြန်းခနဲ ရိုက်ချလိုက်တာ ဖြစ်၏။

ဦးစန်းလွင် က သက်တန့် နှင့် လင်း ကို တစ်လှည့်စီကြည့်ကာ...

"ဘယ်က အရူးမကြီးလဲ..၊ နင်နဲ့ သိလို့လား..."

ဦးစန်းလွင် မေးတော့ လင်း နေရာမှ ပြန်ထရပ်လိုက်ရင်း...

"သိပါတယ်..၊ လင်း ကိုလဲ ကူညီဖူးတယ်၊ ပြီးတော့ မိုးရေထဲမှာ





...အကွယ်မရှိ ဖြစ်သလိုအိပ်ပြီး အဖျားတွေကြီးနေလို့ လင်း ခဏ ... ခေါ်ထားတာပါ၊ ပြန်လွှတ်မှာပါ.."

"အခု ခေါ်ထားလို့ ကောင်းသွားတော့ရော သူ့မှာ အိမ်မှမရှိတာ၊ ...ပဲ လမ်းပေါ်မှာ တစ်ခုမဟုတ်တစ်ခု ဖြစ်ဦးမှာပဲ၊ နင် ဘယ်ထိ ...စောင့်ရှောက်မလဲ..."

ဦးစန်းလွင် က မေးခွန်းထောက်၏။ လင်း ဘက်မှာ ဘယ်သူမှ ...။ သက်တန့် ကလည်း ဆွေမျိုးမကင်းပေမယ့် ရက်စက်တတ်ခဲ့သူ..။

အဒေါ်တော်စပ်သူက ဆုံးပြီဆိုတော့ ဦးစန်းလွင် က လင်း နဲ့ဆို ...မ်း..၊ ဒေါ်မြတ်နိုး ကလည်း မျက်မှောင်ကြုတ်ကြည့်နေ၏။

"ပြီးတော့ အဲဒီဘက်ဝိုင်း တစ်ခြမ်းလုံးက ရောင်းထားပြီးသား၊ ...ဒ်သိဘူးလား လင်းရာသီ"

"သိပါတယ်..၊ လင်း မမစောအိဖြူ တို့ကို ခွင့်တောင်းပြီးမှ ခေါ် ...ပါ"

"ဘာ!..."

အားကနေ သက်တန့် အသံကြီး ဟိန်းထွက်လာ၏။ ဦးစန်းလွင် ...က်နှာကြီး တင်းနေပေမယ့် ခေါင်းတခါခါနှင့် ဘာမှတော့ မပြောပေ..။

"နင်က ငါတို့နဲ့မသက်ဆိုင်တဲ့ခြံပဲဆိုပြီး လုပ်ရဲတာပေါ့၊ ဟုတ် ...း.. လင်းရာသီ၊ ဟဲ့... ပြောစမ်း.."

"သမီး..."

ဒေါသတကြီး ရှေ့တိုးလိုက်တော့ သက်တန့် ကို ဦးစန်းလွင် ... တားလိုက်၏။

"ဖေဖေ မကြားဘူးလား..၊ သင်းက လူပါးဝစကားတွေ ပြောနေ ...၊ မိမရှိ၊ ဖမရှိ၊ အိမ်မရှိယာမရှိနဲ့ သူက 'အိမ်မရှိ ခွေးမွေး'၊ တောက်..."

"ကဲ... တော်ကြပါတော့၊ သူ သနားရင် သူ့ဘာသာ ရှာကျွေးပါ



www.burmeseclassic.com

www.burmeseclassic.com



စေ၊ အိမ်ကပစ္စည်းကို ထမင်း၊ ဟင်းကအစ ဘာတစ်ခုမှ လက်ဖျား
မထိစေနဲ့၊ ပြီးတာပဲ..."

ဒေါ်မြတ်နိုး က ဝင်ပြောသည်။ လင်း ဘက်က လိုက်သလိုဖြ
သွားတာကို သိသည်။ တကယ်က ခုလိုဝင်ပြောလိုက်ဖို့ မဟုတ်ပါ
သက်တန့် ရဲ့ဒေါသတွေ လိုတာထက် ပိုကဲနေတဲ့အကြောင်း
သိနေလို့ ဖြစ်သည်။ တစ်နေ့က အပြင်ကနေပြန်လာပြီး တက်ခေါ
လိုက်၊ ငိုလိုက်..၊ ထမင်းတွေမကုန်ဘဲ စားနေရင်း မျက်ရည်ကျ၊ ရေချိ
နေရင်း ငို..၊ ဘာဖြစ်လာတယ်ဆိုတာ ဒေါ်မြတ်နိုး တွက်မိလိုက်သည်

ကိုယ့်သောကနှင့်ကိုယ် ဖြေရာရှာတာပဲ..၊ သူများကို ရိုက်နှက်
တော့မှ ပေါက်တွဲလို့ရသလား၊ ကုလားမနိုင် ရခိုင်မဲ ဆိုတာလို..။

တဆိတ်ရှိ ဒီကောင်မလေးကိုပဲ ခိုင်း..။ အပြစ်ရှိတိုင်း ဆူ
စိတ်မထင်တိုင်း လက်ပါသေးသည်။ တကယ်ဆို အသက်ချင်းလည်း
ဘယ်လောက်မှ ကွာတာမဟုတ်..။

"လင်းရာသီ..."

ဦးစန်းလွင် ကလည်း လင်း ကိုပဲ အလိုမကျသည့်မျက်နှာနှင့်

"နင်လုပ်တာ သဘာဝကျရဲ့လား..၊ ကိုယ့်ကိုယ်ကိုယ် ပြန်တွေး

"တိရစ္ဆာန်သာသာလောက်ပဲ အသိရှိတော့တဲ့အရူးကိုများ သူ
လူတစ်လုံး သူတစ်လုံး ရှာကျွေးလို့..၊ အေး... နင် ကျွေးနိုင်ရ
လမ်းဘေးက အမှိုက်ပုံမှာ သွားကျွေး။ ဒီခြံကို သူများကို ရောင်းထားပြီ
ပေမယ့် သူတို့ဘက်က မဖျက်မပြင်မချင်း ငါ့ပစ္စည်းပဲ၊ ခုချက်ချင်
အဲဒီအရူးကို သွားဆွဲထုတ်..."

လင်း မျက်နှာလေး ဖျော့ခနဲ မော့လာ၏။ သိပ်မရှည်သည့်ဆံပ
တွေက မျက်ရည်စိုနေသော ပါးတစ်ဖက်မှာ သိပ်သည်းစွာ ကပ်တွယ်
နေကြသဖြင့် မျက်လုံးတစ်ဖက်ကိုပါ ဖုံးကွယ်လုလု..။





"မမ..."

လင်း ဆံပင်တွေကို ခါထုတ်ပစ်လိုက်ပြီးမှ မျက်ရည်ကို ဖြစ်သလို
တ်သုတ်ပစ်ကာ...

"ဦးလေးစန်း..."

နှစ်ယောက်စလုံးက ပြောနေတာမို့ တစ်ယောက်စီကိုကြည့်၍..

"ဒီတစ်ညတော့ ထားပါရစေ မမရယ်..၊ ခုမှ နာလန်ထစမို့ပါ၊
ငင်းတာနဲ့ မမြင်စေရပါဘူး၊ အပြင်မှာ မိုးအရမ်းအေးလို့ပါ"

သက်တန့် က ခေါင်းခါလိုက်စဉ် ဦးစန်းလွင် က ကြားဖြတ်၍...

"အေး..၊ မိုးလဲချုပ်တော့မှာဆိုတော့ ထားလိုက်..၊ နင် အဲဒီကို
သွားရဘူး"

လင်း မျက်နှာပျက်သွားတာကို ဦးစန်းလွင် က စိုက်ကြည့်သည်။
နာစိတ်မရှိလို့တော့ မဟုတ်ပါ။ ဒါပေမဲ့ လုပ်ပေးနိုင်တဲ့လူတွေကို
တော့ မတိုင်ပင်ဘဲ သင်းလိုမိန်းကလေးက လူစွမ်းကောင်းဝင်လုပ်တာ
ကို သဘောမကျနိုင်..။

"နင် ကြပ်ကြပ်သတိထား လင်းရာသီ..၊ ဒီအရူးကို ငါ့အိမ်က
ာတစ်ပေါက်တောင် ပြေးမတိုက်နဲ့၊ ဟွန်း... အလှူ့လက်ဖက်နဲ့ မျက်နှာ
လုပ်တဲ့မိန်းမ..."

ပြောဆိုပြီး ထွက်သွားကြတော့ လင်း ပါးတစ်ဖက်ကို ဆုပ်ကိုင်
ရင်း နေရာမှာပဲ တောင့်မတ်စွာ ရပ်ကျန်ခဲ့၏။

ထိုစဉ် မိုးတွေဝုန်းဒိုင်းကြဲ ရွာချလာသဖြင့် ဒဏ်ရာတိုမေ့ကာ
ပြတင်းမှန်အပြင်မှာ ဖြတ်သန်းစီးဆင်းနေကြသည့် မိုးစက်များဆီ လှမ်း
ကြည့်လိုက်မိသည်။

ဂိုဒေါင်ရှေ့ပိုင်း ပျဉ်းခင်းပေါ်မှာ ဟိုမိန်းမကြီးကို သူမ နေရာပေး
ထားခဲ့သည်။ ညကျကာမှ မိုးအခြေအနေကိုကြည့်ပြီး နောက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ပေါ်မှာ ပြောင်းပေးဖို့ စိတ်ကူးနှင့်ဖြစ်၏။

ခုတော့ သူမ ဟိုဘက်ကို ကူးသွားခွင့်မရှိဟု အမိန့်ထုတ်သွား ခဲ့ပြီ..။

"ညည်းမှာလဲ ပါးရိုက်ခံထားရတာတောင် အကြောတင်းတုန်း နော်"

ဘေးမှာရှိနေသည့် ဒေါ်မြတ်နိုး က လင်း မျက်နှာကို အကဲခတ်၍-

"ကိုယ်နဲ့ ဘာမှမသက်ဆိုင်တဲ့ လူတစ်ယောက်ကိုများ စွန့်စွန့်စား စား ကူညီသေးတယ်၊ ကိုယ် ဘယ်လိုနေရသလဲ၊ ဘယ်လိုစားရသလဲ နည်းနည်းပါးပါးများ ပြန်စဉ်းစားပါဦးလား..၊ အရှူးဆိုတာ ဘာမသိ ညာမသိရယ်၊ တော်ကြာ ပြန်နှင်ချလို့မရရင် ညည်း ဘယ်လိုလုပ်မလဲ ဒီ ပြဿနာ..."

လင်း ခေါင်းထဲမှာ ဘာမှမရှိပါ။ အရှည် မမြင်ဘူးပြောပြော အတိုမမြင်ဘူးဆိုဆို လောလောဆယ် မမြင်ရက်၊ မထားခဲ့ရက်တာပဲ သိသည်။

ပြီးတော့ ဒီမိန်းမကြီးက သူမဘဝကို ကယ်တင်ခဲ့တဲ့ ကျေးဇူး ရှင်..၊ ဒီမိုး ဒီလောက်နှင့် တိတ်သွားပါစေ..။

တစ်ယောက်တည်း ဆုတောင်းရင်း ညဥ့်နက်တဲ့အထိ မိုးက ရွာ နေသလို သူမလည်း အိပ်လို့မပျော်..။

နောက်ခန်းလေးထဲမှာ ပစ္စည်းအတိုအထွာတွေ စုပုံတင်ထား သည်။ ရေ့ပိုင်းမှာ ရေစိုလာလျှင် ခြောက်တဲ့နေရာ ကိုယ့်ဘာသာ ရှင်း လင်းအိပ်ဖို့ ဒီမိန်းမကြီး သတိရမှာမဟုတ်သလို တတ်နိုင်မယ်လည်း မထင်ပါ။

ဖျားနာထားသည့်အပြင် အစားအသောက် ဝဝလင်လင် မစားခဲ့ရ သည့်ဒဏ်တွေလည်း ရှိသည်။





သောက်ဆေးလေး သုံးလေးခွက်လောက်နှင့် အဲဖျားရှိန်ကျသွားခဲ့ သော်ငြား လူမမာဆိုတော့ ကျွေးချင်တိုင်းလည်း ကျွေးလို့မရ..။

ကျွေးလို့ရသည့် လူမမာစာတွေ ဝယ်ခြမ်းဖို့လည်း လင်း မတတ် နိုင်..။ ခုတောင် အလုပ်ကမဆင်းရသေးဘဲ မုန့်ရုံမှာ အကြွေးတွေတင် နေပြီဖြစ်၏။ ဒီညစ နေကောင်းပြီဆိုတော့ သူမကို မျှော်နေမှာဖြစ်၏။

"ဆာတဲ့အချိန် စားလို့ရတာလေးတွေ ဝယ်ကျွေးမယ်၊ အပေါ် အပြင်မထွက်နဲ့နော်၊ မိုးတွေသည်းနေတော့ ကိုယ်ပူပြန်တက်လိမ့်မယ်၊ ပြီးတော့ ဒီအိမ်ထဲကို ပြန်မဝင်ရဘဲ နေမယ်၊ လုံးဝ မထွက်နဲ့ သိလား..."

လင်း သေချာမှာနေတုန်းကလည်း ခေါင်းတညိတ်ညိတ်နှင့်..၊ ပြီးတော့ ဖိုးရိုးဖားလျားဆံပင်ကြီးကို ရှင်းသွားအောင် သေချာထုံးဖွဲ့ပေး နေတော့ ငြိမ်ငြိမ်သက်သက်လေး နေခဲ့ပြီ...

"နင်က ငါ့သမီးလား..."

ဟု မေးခဲ့သေးသည်။ ဒီမိန်းမကြီးမှာ မိသားစုတော့ ရှိမှာပါ။ သမီးဖြစ်သူက ဒီလို ပြုစုပေးခဲ့တာတွေလည်း ရှိလိမ့်မည်။ အသိစိတ် လေး တစ်ချက်တစ်ချက်မှာ ငေးငိုင်သွားတတ်ပြီး ဟိုမေးဒီမေး လုပ် တတ်၏။

ဘာဖြစ်ဖြစ် ဒီည မိုးလေကင်းကင်းနှင့် မနက်ဖြန်မှာ ဒီကနေ အေးအေးလူလူ ထွက်သွားနိုင်ပါစေ..။

လင်း သိန်းခေါင်ကျော်မှ မှေးခနဲ ပျော်သွားသည်။

ချက်ချင်း ပြန်နိုးလာတော့ မနက် ငါးနာရီ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၀ ]

"အဒေါ်… ဒေါ်ကြီး…၊ အဒေါ်…"

ခေါ်နေရင်း လင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့၏။

"အဒေါ်…"

"ဟင်…၊ အား… ခေါင်းတွေကိုက်လိုက်တာ…"

မိန်းမကြီး တစ်ချက်အော်ပြီး ပြန်လည် မှိန်းကျသွား၏။ ခြံထဲမှာ မိုးရေတွေဝင်နေတာ ဂိုဒေါင်ထဲထိ ရောက်သည်။

ရေက ကြမ်းခင်းကိုထိကာ လျှာထိုးပျဉ်တွေမှာပါ စိုထိုင်းအေးစက်နေ၏။ သူမ ပို့ပေးထားခဲ့သည့်စောင်က မိန်းမကြီးရဲ့ကိုယ်မှာ တစ်ဝက်လောက်ပဲ အခြောက်ကျန်လျက် အဖျားတွေက စိုရွှဲနေ၏။

စောင်အနားတွေ ရေထဲကျလိုက်၊ ပြန်ဆွဲခြုံလိုက်နှင့် ဒီလိုဖြစ်သွားတာဖြစ်လိမ့်မည်။

"အဒေါ်… အဒေါ်…"

နောက်ထပ်ခေါ်တော့ အတင်းကုပ်ကွေးနေကာ လုံးဝ မထူးတော့ပေ။ ဆံပင်တွေ ဖားလျားပြေကျနေကာ တစ်ကိုယ်လုံး ပူခြစ်နေတာ မီးကင်ထားသလား ထင်ရ၏။

မိုးမလင်းခင် ဒီကနေ ထွက်သွားစေမည်ဟု ဝန်ခံကတိပေးခဲ့ပြီမို့ ဒီမိန်းမကြီး ဘယ်အခြေအနေဖြစ်နေနေ သွားခိုင်းရတော့မှာ ဖြစ်သည်။

ဘာမှမထူးတော့သည့်အတူတူ နောက်မှ ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ လင်း ဆုံးဖြတ်ချက်ချလိုက်သည်။





မနက် ငါးနာရီခွဲလုပြီပေမယ့် အိမ်မှာ နေမြင့်မှ ထတတ်ကြသည့် အကျင့်ရှိသည်။ ထိုအချိန်လေးမှာ ဘယ်သူမှ မတားဆီးနိုင်မီ လင်း ဆိုက်ကားပြေးခေါ်သည်။

မိန်းမကြီးကိုတင်၍ ဆေးရုံကြီးကို ရောက်အောင်ခေါ်သွားခဲ့၏။ ဆေးရုံမှာ အသိုင်းအဝိုင်း၊ ငွေမရှိဘဲ ဆေးကုသခွင့်ရနေတဲ့လူတွေ ရှိသည်။ မိန်းမကြီးအတွက် သူမ ကြိုးစားဖို့ဆုံးဖြတ်ကာ ဆေးရုံတင်လိုက်၏။

အိမ်ကလူတွေ မသိလိုက်သော်လည်း လင်း ပြေးလွှားလှုပ်ရှားနေတာကို စောစောစီးစီး အိမ်တံခါးဖွင့်ကြသည့်လူတွေ မြင်ကြသည်။

"ဟဲ့…၊ ဘာဖြစ်တာတုံး…"

"သတိမရတော့လို့…"

ဆိုင်တံခါးဖွင့်ရင်း အပျိုကြီးက လှမ်းမေးနေသေးသည်။ ဒီမိန်းမကြီးကို ဂိုဒေါင်ထဲမှာ ခေါ်ထားတဲ့အကြောင်း သက်တန့်တို့ နောက်ကျမှ သိပေမယ့် အပျိုကြီးနှင့် ဆိုက်ကားသမားတချို့တော့ သိကြသည်။

ခု ပြန်ထုတ်သွားတော့လည်း ဘာဖြစ်တာလဲဆိုသည့် ကရုဏာမျက်ဝန်းတွေနဲ့ပဲ ဖြစ်၏။ ဆိုက်ကားသမားက စောစောစီးစီးစေတနာနှင့် ဒါနပြုသွားသဖြင့် ဆေးရုံကို ချောမောစွာ ရောက်သွားခဲ့သည်။

ငွေကြေးမတတ်နိုင်သည့် လူနာတစ်ယောက် ဆေးကုသခွင့်ရဖို့ လင်း အသည်းအသန် ကြိုးစားလိုက်ရသည်။

"ဒီမိန်းမကြီးက ရူးနေတာလား"

သူနာပြုဆရာမတွေပဲ ရောက်လာတော့ အခြေအနေက ဆရာဝန်နဲ့မှဖြစ်မည့် အခြေအနေ…၊ မိန်းမကြီးကတော့ တစ်လောကလုံး ဘာတွေဖြစ်ပျက်နေတာကိုမှ မသိတော့ပေ…။

"ဒေါက်တာ လာပြီ…"



www.burmeseclassic.com

www.burmeseclassic.com



အသံကြားလို့ လင်း ဝမ်းသာအားရ လှည့်ကြည့်လိုက်မိသည်။

နိုက်ဂျူတီကျနေသည်ဆိုသော ဆရာဝန်မလေးက မျက်နှာလေး နွမ်းနေပေမယ့် ပြုံးလို့ပါ။ သူနာပြုဆရာမတွေပါ သူမရောက်လာမှ ပျာပျာသလဲတွေ ဖြစ်ကုန်ကြ၏။

ဒေါက်တာက လူနာကို စမ်းသပ်ရင်း လင်း မျက်နှာလေးကို ကြည့်ကာ...

"လူနာနဲ့ ဘာတော်တာလဲ"

"ဘာမှမတော်ဘူး ဒေါက်တာ..၊ လမ်းမှာ အမြင်မတော်တာတွေ့ပြီး ဆွဲခေါ်လာတာဖြစ်မှာ..."

ဝင်ဖြေလိုက်ပုံက လိုလားခြင်းလား၊ မလိုလားခြင်းလား မသိ..။ လင်း စိတ်ထဲမှာ မိန်းမကြီးကို ဒေါက်တာကိုယ်တိုင် စမ်းသပ်နေပြီဆိုသည့် ပီတိနှင့် ပျော်နေ၏။

"ဒေါက်တာ အနားမယူရသေးဘူးမို့လား၊ ကျွန်မတို့ကို ညွှန်ကြားခဲ့လေ၊ ပြန်နားလိုက်ပါလား"

"မဖြစ်ဘူး..၊ လူနာကို အရေးပေါ် တင်ရမယ်"

မိုးစင်စင်လင်းသည့်အချိန်မှာ မိန်းမကြီး အရေးပေါ်ခန်းထဲ ရောက်သွား၏။ ပြန်ရမှာကို သတိရပေမယ့် လင်း မပြန်နိုင်..။

အပြင်မှာ စိတ်လှုပ်ရှားစွာ လမ်းလျှောက်ရင်း ပိုက်ဆံအနည်းအကျဉ်း ဘယ်ကရနိုင်မလဲဆိုတာကို ခေါင်းပူအောင် တွေးသည်။

ဘယ်လိုတွေးတွေး ဘယ်ကမှ ရဖို့လမ်းမမြင်..။





## အခန်း [ ၁၁ ]

ဒီနေရာကို သူ ရောက်ဖူးသည်။ မြွေကိုက်ခံရမည့်ဘေးကနေ ကာကွယ်တင်သွားခဲ့သေး၏။ — 

ဘောင် မိန်းကလေးတစ်ယောက်က ကူညီကယ်တင်သွားခဲ့သေး၏။

စိတ်ထဲမှာ မချင့်မရဲနှင့် ပထမတစ်ခေါက်ဝင်သည့် ကွမ်းယာဆိုင်ပဲ ပြန်ဝင်ခဲ့မိသည်။

"ဒီမှာဗျာ..၊ ဟို... စိတ်မနှံ့တဲ့အမျိုးသမီးကြီး အသက်ငါးဆယ်ကျော်လောက်ပါ၊ ဒီအနီးအနားမှာ သွားလာနေတယ်လို့ သတင်းကြားလို့ တစ်ဆိတ်လောက် ပြောပြပေးနိုင်မလား"

ကွမ်းယာဆိုင်က ခုမှ ခင်းနေတာဖြစ်သည်။ အမြင်ထွက်ပြီး မုန့်ထုပ်ချိတ်နေသော ဆိုင်ရှင်က သူ့ကို ပြန်လှည့်ကြည့်၏။

ရုတ်တရက် မဖြေဘဲ စဉ်းစားသလို လုပ်နေရင်း...

"စိတ်မနှံ့တဲ့လူတွေတော့ သွားလာနေကြတာပဲဗျ..၊ ဒီနားမှာ ကားမှတ်တိုင်နဲ့ အမှိုက်ပုံက တွဲနေတာကိုး၊ ဒါပေမယ်..."

ဆိုပြီး မျက်မှောင်ကြုတ် စဉ်းစားနေပြန်သည်။ ပြီးတော့ သူ့ကို စူးစိုက်သလိုပြန်ကြည့်၍...

"မိန်းမကြီးတစ်ယောက်.. ဟုတ်လား..."

"ဟုတ်ပါတယ်..၊ ဟုတ်ပါတယ် ခင်ဗျာ.."

"အေးဗျ..၊ ခုမှ သတိရတယ်၊ လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်က ဖြစ်မယ်၊ ကားမှတ်တိုင်ထဲမှာ စိတ်မနှံ့တဲ့မိန်းမကြီးတစ်ယောက် သေနေတယ်ဆိုပြီး လူတွေ ဝိုင်းနေကြသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ!..."

အောင့် နားထဲမှာ ဒီသတင်းက သံပူလုံးကြီးလို ပစ်ဆောင့်သွား၏။ လက်ဖဝါးနှစ်ဖက်ကို မသိမသာဆုပ်ကျစ်ရင်း အံကြိတ်ထားမိသည်။

"အသက် ငါးဆယ်ကျော်လောက်ပဲ ဟုတ်တယ်..၊ ကျွန်တော်တို့တောင် သေပြီထင်နေတာ..၊ မိုးတွေလေတွေမပြတ်တော့ အအေးပတ်ပြီး သွားပြီဆိုပြီးတော့..."

"ဘာမှမဖြစ်ဘူးမို့လား..၊ ပြန်ကောင်းပြီး ထသွားတယ်မို့လားဟင်"

"ထတော့ မသွားနိုင်ဘူး၊ မိန်းကလေးတစ်ယောက် ဆိုက်ကားပေါ်တင်ပြီး ခေါ်သွားတယ်"

"ဟင်!.. ဟုတ်လား..၊ ဘယ်ကိုလဲ၊ ဆေးရုံတင်ပေးတာလား၊ ကျေးဇူးတင်ပါတယ်ဗျာ..၊ အဲဒါလေးကို သိပါရစေ"

ဆိုင်ရှင်သည် ရပ်ထားသည့်ကားကြီးနှင့် အောင့် မျက်နှာကို သေချာပြန်ကြည့်ပြီးမှ...

"အဲဒါတော့ တကယ် မသိလို့ပါဗျာ..၊ ကျွန်တော်က မိုးလင်းမှလာပြီး ဆိုင်ဖွင့်တာ၊ ဒီနားရပ်ကွက်က မဟုတ်ဘူး၊ အဲဒီတုန်းက ဈေးဝယ်နေတဲ့ထဲက ပြောတာတော့ ဟောဒီနောက်လမ်းထဲက မိန်းကလေးလို့ပြောတာပဲ၊ ခင်ဗျား သိချင်ရင် ဝင်သွားပြီး စုံစမ်းလိုက်ပါလား"

သူ ချက်ချင်း ကားပေါ်ရောက်သွားသည်။ ရပ်ကွက်သည် ဆိတ်ငြိမ်ရပ်ကွက်မဟုတ်ပေမယ့် အလုပ်ရုံတွေ၊ ပွဲရုံတွေနှင့် တိုက်တာအဆောက်အအုံတွေချည်းပဲမို့ ဆင်းရဲနွမ်းပါးသည့်နေရာမျိုးတော့မဟုတ်ပေ..။

တည့်တည့်မြင်ရသည့်လမ်းအတိုင်း ဝင်ခဲ့ရင်း ဘယ်ကိုမေးရမှန်း





သိဘဲရှိစဉ်...

"အရှုံးလဲ သူ့ကုသိုလ်နဲ့သူပဲအေ..၊ မသေထိုက်တော့ ကယ်မယ့်သူနဲ့ တွေ့တာပေါ့"

နားထဲမှာ စကားသံတစ်ချက် ဝင်လာသည်။ ကားက လွန်သွားပြီးမှ ဖြည်းဖြည်းရပ်သွား၏။ ကုန်စုံဆိုင်ကြီးရှေ့မှာ အမျိုးသမီးနှစ်ယောက် စကားရပ်ပြောနေကြသည်။

"သွားပြီ အပျိုကြီးရေ..၊ ဆွမ်းလောင်းရဦးမှာ..."

တစ်ယောက်က နှုတ်ဆက်ပြီး ပြန်သွားတော့ တစ်ယောက်ကျန်ခဲ့၏။

"ဒီမှာ အစ်မ..၊ ခဏလေး..."

ဟိုဘက်လှည့်သွားသည့် အမျိုးသမီးက ပြန်ကြည့်၏။

"ဟို... စိတ်မနှံ့တဲ့အမျိုးသမီးကြီးတစ်ယောက်အကြောင်းများပြောတာလား..၊ သူ အခု ဘယ်မှာလဲဆိုတာ တစ်ဆိတ်လောက် ပြောပြပါဗျာ..."

"ဟင်!..."

အမျိုးသမီးက သူ့ကို သေချာစိုက်ကြည့်သည်။ ရှူးနေတဲ့မိန်းမကြီးအကြောင်း မေးတဲ့လူက နုံ့သာရောင်ရှပ်အင်္ကျီလက်ရှည်ကို ကြယ်သီးစုံတပ်ပြီး ဝတ်ထားသည်။ ခေါင်းဘီးရှည်အနက်နှင့် ရှူးဖိနပ်အနက်ရောင်က ပြောင်နေ၏။

မျက်နှာသွယ်ပေမယ့် မေးဖျားနှစ်ခွရှိနေတာက ထင်းနေသည်။ မျက်ခုံးထူထူနှစ်ဖက်က သိသာအောင် ထူနက်နေပြီး ရပ်ဆိုးသွားတာမျိုးလည်း မဟုတ်..။ အသားလတ်လတ်နှင့် ထိုမျက်နှာသည် အလယ်ခွဲပုံမကျတကျ လိုင်းတွန့်ရှိသော ဆံပင်မတိုမရှည်နှင့် ကြည့်ကောင်း၏။

ပုံစံက ရှင်းသန့်နုသစ်နေကာ မေးလာတာက စိတ်မနှံ့သည့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးအကြောင်း..၊ ဘယ်လို ပတ်သက်နေတာလဲ..။

"ကျွန်တော့်အမေပါ"

"ဟင်!..."

တွေးနေတုန်းမို့ အံ့သြသွားတာကို မထိန်းလိုက်နိုင်..။

"ကျွန်တော့်အတွက် အရမ်း အရေးကြီးနေလို့ပါ၊ သိရင် ပြောပြပါဗျာ..."

"ဟုတ်တယ်..၊ ကားမှတ်တိုင်ထဲမှာ သတိလစ်ပြီး လဲနေလို့ ဒီတည့်တည့်မှာမြင်ရတဲ့ ခေါင်းမိုးအနီနဲ့ နှစ်ထပ်တိုက်က ကောင်မလေး သူ့အိမ်ကို ခေါ်လာတယ်"

အပျိုကြီးက လင်း နာမည်ကို တကယ်မသိတာ ဖြစ်သည်။ တစ်လမ်းတည်းနေလို့ သိနေကြပေမယ့် ရင်းနှီးကြတာလည်း မဟုတ်..။

အများက ကိုယ့်ကို အပျိုကြီးလို့ပဲ ခေါ်ကြသလို သူမကလည်း မုဟုရှုရှု ဘယ်သူဖြစ်ဖြစ် အဆင်ပြေသလို ခေါ်လိုက်ပြောလိုက်တာပဲ ရှိသည်။ နာမည်တွေဘာတွေ မှတ်သားထားတာ သိပ်မရှိ..။

"အခု အဲဒီအိမ်မှာလားဟင်.."

"ဆေးရုံတင်ရမယ်လို့ ပြောသွားတာပဲ..၊ မနက်ကမှ ဆိုက်ကားနဲ့ ပြန်ခေါ်ထုတ်သွားတာ၊ ကြည့်ရတာ... အဖျားမပြတ်ဘူးထင်တယ်၊ ရာသီဥတုကလဲ အေးတာကိုး.."

"ဒါဆို အိမ်မှာမရှိတော့ဘူးပေါ့"

"မရှိဘူးထင်တယ်..၊ ကောင်မလေးလဲ ပြန်လာတာ မတွေ့ဘူး၊ အဲဒီကောင်မလေးမှာလဲ သူ့အိမ်နဲ့ အတိုက်အခံလုပ်ပြီး စိတ်မနှံ့တဲ့... အဲ.. မင်းရဲ့အမေကို ကယ်တင်ရရှာတာ၊ စေတနာကတော့ သေးသေးမဟုတ်ဘူး"

သူ ဆေးရုံကြီးကို ချက်ချင်း ပြန်လှည့်သည်။





မေမေ နေကောင်းပါစေ..လို့ တစ်လမ်းလုံး ဆုတောင်းခဲ့ရင်း မေ့ကို အမိုးရိပ်တစ်ခုအောက်သွင်းပြီး ပြုစုစောင့်ရှောက်ပေးထားခဲ့ သည့် မိန်းကလေးကိုပါ ကျေးဇူး အထပ်ထပ်တင်နေမိသည်။

ကားမောင်းရင်း ဖုန်းထုတ်ကိုင်လိုက်ပြီး...

"အန်တီလား..၊ မေမေ့ကို သတင်းအတိအကျ ရနေပြီ.."

"... ... ... ..."

"နေဦး အန်တီ..၊ အခြေအနေထူးမှ ကျွန်တော် ပြန်ဆက်မယ်၊ ဦးရော... ခေါ်ပေးပါ၊ ညီနဲ့ ပြောချင်လို့..."

"... ... ... ..."

"အင်း...၊ ဒါဆိုလဲ နေပါစေ၊ ပြန်လာရင် ပြောပြလိုက်ဦးနော်၊ မေ တကယ်ဟုတ်နေရင် ချက်ချင်း ပြန်ခေါ်လာလို့ မရလောက်သေး ဘူး"

"... ... ... ..."

"နေမကောင်းဖြစ်နေတယ်..တဲ့"

"... ... ... ..."

"ဟုတ်ကဲ့..၊ ကျွန်တော် ပြန်ဆက်ပါ့မယ်"

ဖုန်းချထားလိုက်ပြီးမှ မောဟိုက်နေသည့်ရင်ကို သက်ပြင်းရှည်ကြီး ချ၍ ထိန်းလိုက်ရသည်။ သူ သေချာ မုံစမ်းခဲ့တာပါ..။

သတင်းရသည့်ပုံစံအရ မေမေပဲ ဖြစ်နိုင်သည်။

တကယ်ပဲ မေမေ ဖြစ်ပါစေ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၂ ]

"လင်းရာသီ..."

"ဟင်!.. မမ..."

"ဟုတ်တယ်.. ငါပဲ..၊ နင် ထွက်ခဲ့စမ်း..."

ဒီအချိန်မှာ သက်တန့် ကို မြင်လိုက်ရသဖြင့် လင်း ထိတ်လည်း ထိတ်သွားကာ ခြေထောက်တွေကလည်း မရွေ့..။

"လာစမ်းလို့ပြောနေတာ မကြားဘူးလား..."

သူမပဲ ဝင်လာပြီး လင်း ရဲ့လက်မောင်းကို ဆွဲထုတ်သွားခဲ့သည်

"နင့်ကို ငါ စိတ်ပူလို့ လိုက်လာတယ် မထင်နဲ့ လင်းရာသီ.. ဒီလောက်တောင် ဆန်မရှိ အစားကြီးတဲ့မိန်းမ..၊ နင် အခု အိမ်ကိုပြန်ပြ ပုံပေးထားတဲ့ နင့်အထုပ်တွေ ဆွဲထွက်..."

"မမ..."

"နင့်ကို ဖေဖေကိုယ်တိုင်က အမိန့်ထုတ်လိုက်တာ..၊ အိမ်ပေ ပြန်မတက်စေနဲ့တဲ့.."

"လင်း တောင်းပန်ပါတယ် မမရယ်..၊ အဒေါ်ကြီးရဲ့အခြေအနေ လေး သိချင်လို့ စောင့်နေတာပါ၊ သူ့ကို ဆေးကုတာတွေ၊ ဆေးရုံမှာ နေဖို့၊ စားဖို့တွေ လင်း ဘာမှတာဝန်မယူရပါဘူး"

"ဟဲ့.. တိုးတိုးပြောစမ်း..."

သက်တန့် က ဆေးရုံမှာ သွားလာနေသူတွေ ကြားမှာလည် စိုးသေးသည်။





"ဆေးရုံတက်တာ ဘယ်လောက်ကုန်သလဲ နင် သိလားဟင်..၊ သူနာအတွက် အလကားကုပေးတယ်ထား..၊ သေသွားရင် ဘယ်လို လုပ်မလဲ..၊ နင်က လူနာရှင်လိုလို ဒီမှာရပ်နေပြီး ငါတို့ကို လက်ညှိုး ထိုးလာရင် ဘယ်လိုရှောင်မလဲ"

"ဒေါ်ကြီး ဘာမှမဖြစ်နိုင်ပါဘူး၊ ဒေါက်တာတွေကိုယ်တိုင် ကုပေး နေကြတာပါ"

"တော်စမ်း.."

သက်တန့် က လင်း လက်မောင်းကို ဖြန်းခနဲ ရိုက်ပစ်လိုက်ပြီး လေှကားရှိတဲ့ဘက်ကို တွန်း၍...

"သွား... ခုပြန်..၊ ငါ ပြန်လာရင် နင့်မျက်နှာကို လုံးဝ မမြင် ချင်ဘူး၊ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ မနှင်ရက်လို့ နင် ကံကောင်း သွားတယ် မှတ်..."

လင်း ၏ ဘယ်လိုမှ မထင်မှတ် မယုံနိုင်သော မျက်ရည်နှင့် မျက်ဝန်းတို့ကိုကြည့်ပြီး သက်တန့် မဲ့ပစ်မိသည်။

ဒီလိုလုပ်လိမ့်မယ်လို့ မထင်ဘူးမို့လား၊ မိန်းမ... ဟွန်း...။ ကိုယ့် ကိုယ်ကိုယ် ဘာမှတ်နေလို့လဲ..။

ဦးစန်းလွင် ရဲ့အရိပ်မှာ ခို၊ ဦးစန်းလွင် ကျွေးတာစားပြီး ရပ်ကွက် ထဲမှာတော့ သင်းကသာ ဖြူစင်သူလေးလိုလို..၊ ခုတော့ ပတ်ဝန်းကျင် မှာ လင်းရာသီ က အိမ်ကို အတိုက်အခံလုပ်ပြီး အရှုံးမကြီးကို ကယ် တင်ခဲ့သည်လို့ နာမည်ကြီးနေပြီ..။

သက်တန့် မပြေနိုင်သောဒေါသတွေနှင့် လင်း ပျောက်ကွယ်သွား တဲ့အထိ ကြည့်နေခဲ့သည်။ ပြီးတော့ မျက်လုံးက အရေးပေါ်ခန်းဆီ ရောက်၏။ မပတ်သက်ချင်ပေမယ့် ဟိုမိန်းမကြီး ဘယ်အခြေနေရှိ သည်ဆိုတာကိုတော့ သိချင်သေးသည်။ ထို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



မယောင်မလည် ရပ်နေမိရင်း ထွက်မသွားဖြစ်ဘဲ ရှိခဲ့၏။

"ဆုံးသွားပြီ.."

သတင်းတစ်ရပ်နှင့်အတူ ပိတ်စဖြူလွှမ်းထားသော အလောင်းကို တွန်းထုတ်လာကြ၏။ လူနာရှင်မရှိတာကို သိထားသဖြင့် ဘယ်သူမှလည်း ခေါ်သံမကြားသလို ငိုမယ့်လူမရှိသည့် လူသေအလောင်းက သက်တန့် နံဘေးမှ ဖြတ်သန်းသွား၏။

"ဒါ... ဟို.. အရူးမကြီးလား"

သေသွားပြီ ဆိုသောအသံကြောင့် ကိုယ့်ခြံဝင်းထဲမှာ နေသွားခဲ့သည့်အဖြစ်ကို တွေးမိကာ သက်တန့် ခေါင်းနားပန်းကြီးသွားသည်။

"ဒီလူနာ လာပို့တာ ညီမလား"

"ရှင်!..."

စိတ်နှင့်လူနှင့်က မကပ်သေး..၊ နိုက်ဂျူတီမှာရှိနေကြသည့် သူနာပြုဆရာမတွေကလည်း မနက်မှာ ဂျူတီချိန်းသွားပြီမို့ သက်တန့်ကို လင်း နှင့်မှားကြ၏။

"ကျွန်မက..."

"ဆရာမ.. ဆရာမ...၊ ဒီမှာခင်ဗျာ..၊ စိတ်မနှံ့တဲ့ အမျိုးသမီးကြီး လူနာ၊ ဒီမှာ ရှိသလား၊ သူ့အခြေအနေ သိပါရစေ..."

ရုတ်တရက် ခြေလှမ်းကြဲများနှင့် ရောက်လာသည့် ယောကျ်ား တစ်ယောက်က သက်တန့် ကိုမကြည့်ဘဲ ဆရာမကိုပဲ သိလိုဇောနှင့် မေး၏။

"ဆရာမ..၊ လူနာကို ကျွန်တော် တစ်ချက်လောက် ကြည့်ပါရစေ"

"လူနာက ဆုံးသွားပြီရှင့်.."

"ဗျာ!..."

"ခုပဲ ထုတ်သွားတာ..."





အလောင်းရှိတဲ့ဆီ ပြေးလွှားလိုက်ခဲ့ရင်း ရင်ထဲမှာ ပူလောင်နေသည်။ မိသားစုအပေါ်မှာ အလွန်ချစ်ခင်ပြီး တာဝန်ကျေခဲ့တဲ့ မွေးအမိခင်ကြီး..၊ ဖေဖေနှင့် ညီမလေးတို့ ကားမီးလောင်ပြီး ရုပ်ပျက်ဆင်း[illegible] သေဆုံးခဲ့တာကို မြင်ခဲ့ပြီးနောက်မှာ ထင်ရာတွေပြော..၊ နေချင်[illegible]လို နေ..။

ဒါပေမယ့် သားနှစ်ယောက်ကိုတော့ အခေါ်မပျက်..၊ အပြောချက် ရှိခဲ့သေးသည်။ ဒီအချိန်မှာ ကုသဖို့လွယ်ကူသေးသည်ဟု ဆရာဝန်က အကြံပြုသဖြင့် ဆေးကုဖို့ ကြိုးစားကာမှ ထွက်ပြေးပျောက်[illegible]သွားခဲ့၏။

"မေမေ..."

အောင် မျက်လုံးတွေ ပြာခနဲ ဖြစ်သွား၏။ ပိတ်ဖြူစကို ဆွဲဖွင့်လိုက်သည့်လက်က ကတုန်ကယင် ပြုတ်ကျသွားခဲ့ပြီး ခေါင်းငိုက်စိုက်ကျ၏။ မေမေသည် မျက်နှာတွေ ချောင်ကျနေလျက် တင်းတင်းစေ့နေသည့် နှုတ်ခမ်းတို့က ဟိုတုန်းကအတိုင်း လေးကိုင်းသဏ္ဍာန် ထူပြည့်လှနေဆဲ..။

ထို့ပြင် မဟာနဖူးပြင်က နားသယ်စပ်ဆံစတို့သည် ပစ်စလက်ခတ် ရှုပ်ပွမနေဘဲ ဆံပင်တွေကို ယိပ်မကျတကျမှာ ထုံးဖွဲ့ထား၏။

ညီမလေးရှိစဉ်က ခေါင်းဖြီးပေးပြီးဆို နောက်မှာ ထုံး၊ ဘေးမှာထုံး၊ [illegible]တော့ ဆံမြိတ်ရှည်ကို ရင်ဘတ်ပေါ်မှာ ချပေး..၊ အမျိုးမျိုး လုပ်၏။

ထိုအခါ မေမေက ပြုံးနေတတ်ပြီး...

"မေမေ့သားကြီးတောင် လူပျိုကြီး ဖြစ်နေပြီ သမီးရယ်..၊ မေမေ ထိပ်မှာ ဆံထုံးမြင့်မြင့်ကြီးထုံးပြီး ခန့်ခန့်ကြီး နေရတော့မှာလေ..."

"မနေရပါဘူး..၊ မေမေက လှနေသေးတဲ့ဥစ္စာ..၊ ဘာဖြစ်လို့ ကြီးလို နေရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးနှင့်.မေမေ့ရဲ့ပုံရိပ်တွေ မျက်လုံးထဲမှာ အစီအရီ ပြန်ပေ လာသည်။ ခုတော့ တစ်ယောက်ပြီးတစ်ယောက် မိသားစုထဲကနေ နု ထွက်သွားကြသည်။ နှုတ်မဆက်၊ လက်မပြဘဲ ကိုယ့်ရဲ့ကံအကြော င တန်းတွေနှင့် ညီညွတ်စွာ ခွဲခွာသွားကြတာပေမယ့် ကျန်ခဲ့တဲ့လူ ရင်ထဲမှာ ဘယ်လိုမှ မဖြေနိုင်..။

မေမေ ဘယ်လောက်ထိ ဆင်းရဲငတ်ပြတ်ပြီး သေဆုံးခဲ့ရသလဲ ထိုအတွေးကို ဖျတ်ခနဲ ဝင်လာတော့ သူ့မျက်လုံးတွေ ပတ်ဝန်းကျင် ဝေသွား၏။ မေမေ သေဆုံးခါနီးမှာ မိုးလေလုံခြုံစွာနှင့် ဆရာဝန် လက်ထဲမှာပဲ သေသေသပ်သပ်လေး သေဆုံးခွင့်ရခဲ့သည်။

ဒါက သူမကြောင့်..၊ သူ့မျက်လုံးရောက်သွားတာက ကော်ရ ကနေ အထဲကို စူးစိုက်ငေးနေသည့် မျက်နှာလေးတစ်ခု..။

ကျောလောက်ထိရှည်သောဆံပင်တွေနှင့် ကိုယ်ဟန်သွယ်သွ အရပ်မြင့်မြင့် မိန်းကလေးသည် သူ ကြည့်လိုက်တော့ မရဲတရဲ မျ လွှာချ၏။

ပြီးတော့မှ ခပ်ဖြည်းဖြည်း လှမ်းဝင်လာသည်။ အလော ဒီဘက်အခြမ်းမှာ ခေါင်းလေးငုံ့လျက် ခြေစုံရပ်လိုက်ကာ...

"ကျွန်မ စိတ်မကောင်းပါဘူး၊ သူ့အသက်မီအောင် အတတ် ဆုံး ကြိုးစားပါသေးတယ်"

နီရဲရဲ မျက်ရည်ဝေ့နေသည့် ယောက်ျား၏မျက်နှာက အံကြိ လျက် ခပ်ငုံ့ငုံ့ဖြစ်သွားသည်။ ပြီးတော့ တုန်ခါနေသော ခပ်အက်အ လေသံနှင့်...

"မင်းကို ကျေးဇူးတင်ပါတယ်"





## အခန်း [ ၁၃ ]

အိတ်ကို ပခုံးမှာကောက်ချိတ်ရင်း ဖုန်းပြောနေတော့ လှုပ်ရှားမှု ွကြ နှေးကွေးနေသည်။ ကားတစ်စီးလုံး သူများတွေဆင်းသွားပြီးမှ ျ ဆင်းဖြစ်သည်။ သို့သော် ခြေထောက်က မြေပြင်ပေါ်မကျသေးဘဲ ာက်က တွန်းပစ်လိုက်သဖြင့် မြန်မြန်ဆန်ဆန်ကြီး ပြုတ်ကျသွား ာ...

"ဟော့... မင်း..."

"ကြာလို့..."

မိန်းကလေးမှန်းသိလိုက်တော့ သူ့ပါးစပ် ပိတ်သွား၏။ ဒေါသ ဖြစ်သွားတာကိုကျတော့ ရုတ်တရက် ဖျောက်လို့မရဘဲ မျက်လုံးက ိုယ့်နားက ကပ်ဆင်းသွားသည့်ခပ်စောင်းစောင်းမျက်နှာကို ကြည့်မိ ျက်သား ဖြစ်သွားသည်။

သူမကို သူ မြင်ဖူးသလိုပါလား..။

လင်း ကတော့ မသိပါ။ ကိုယ်ပိုင်ဆိုင်သည်ဟု သတ်မှတ်၍ ုပ်ပိုး သယ်ယူခွင့်ပြုလိုက်သည့် လက်ဆွဲအိတ်လေးနှင့် ဘေးလွယ် ိတ်လေးတစ်လုံးကို ပခုံးနှစ်ဖက်မှာ ဖြစ်သလိုချိတ်ကာ ကားပေါ်က ်မချရုံတမယ် ဆင်းသည်။

အခြေအနေက သန့်စင်ခန်းကို အမြန်ဆုံးရောက်မှဖြစ်တော့မှာမို ားဂိတ်ထဲက ရှိသမျှ လူတွေ၊ ယာဉ်တွေကို တစ်ချက်မှ ငဲ့မကြည့်



www.burmeseclassic.com

www.burmeseclassic.com



နိုင်..။ ဟိုမေးဒီမေးနှင့် ကိုယ့်ကိစ္စပြီးလို့ ထွက်လာတော့ ဂိတ်ထဲ
လူ အနည်းငယ်ရှင်းသွားပြီ ဖြစ်သည်။

အမေ့ဘက်က အဒေါ်ဝမ်းကွဲဆိုတော့ လင်း ရဲ့အဘွားတော်သည်
ဒေါ်သန်းသန်း..၊ ဆွေမျိုးဝေးတယ်ဆိုပေမယ့် အမေ့ကိုတော့ တော
တော် သံယောဇဉ်ကြီးခဲ့တာကို သိသည်။

အမေ့ရဲ့သမီးတစ်ယောက် ဒုက္ခရောက်နေသည်ဆိုရင်တော
ကြည့်မနေလောက်ဘူး ထင်၏။ မျှော်လင့်ချက်လေးနဲ့ လာရပေမေ
အဘွား ရှိမှရှိသေးရဲ့လား၊ ဒါမှမဟုတ် ပြောင်းရွှေ့သွားပြီလား..။

ဘယ်လို အကဲခတ်မိပြီး ရောက်လာသည်မသိ..။

"ကားငှားမလား ညီမ..."

"ဘယ်သွားမှာလဲ..၊ ပို့ပေးမယ်လေ..၊ လိပ်စာပြောလိုက်..."

"လာကြိုမယ့်သူ ရှိတယ်"

ပြီးစလွယ်ပြောလိုက်တာက ဘာဖြစ်လို့ ဒီစကားမျိုးဖြစ်သွားမှန်း
မသိ..။ ကားသမားတွေမျက်နှာက ချက်ချင်း တစ်မျိုးပြောင်းသွားကာ

"ဟုတ်လား..၊ လိုက်ရင် ခေါ်နော်.."

"တစ်ချက်ပဲကြည့်လိုက်၊ လာခဲ့မယ်..."

မကြားတကြားတွေပြော၍ နောက်ပြန်လှည့်သွားကြ၏။ ကိုယ
မြို့ကိုယ့်ရွာ မဟုတ်ပေမယ့် ဒေါသက အပူပေးလိုက်သည့်ရေတွေ
အငွေ့ တလူလူ ထ,လာ၏။

"ဟိတ်..."

လာပြန်ပြီ တစ်ယောက်..၊ လှည့်ကြည့်လိုက်တော့ စောစော
ကားပေါ်ကအဆင်းမှာ လင်း ပခုံးနှင့်တိုက်ချပစ်ခဲ့တဲ့ သူ..။

"မင်း ငါ့ကို မှတ်မိလား.."

"မမှတ်မိဘူး၊ ဘာလဲ..."





ကူးစက်သွားသည့်ဒေါသကြောင့် ငေါက်ဆတ်ဆတ် မေးလိုက်မိ
သည်။ သူက မျက်မှောင်တစ်ချက်ကြုတ်သွားပေမယ့် ဘာမှ သတိ
မထားမိသလို ကိုင်လာသည့် ပိုက်ဆံတွေကို လင်း မျက်စိအောက်ထိ
လှမ်းပေးကာ...

"မင်းကို ငါ ရန်ကုန်မှာ ဘာမှမပြောနိုင်ခဲ့ဘဲ လစ်ပြေးခဲ့ရတယ်၊
ယူလေ..."

"ရှင်... ရှင်... ဘာလုပ်တာလဲ.."

မလှမ်းမကမ်းရောက်သွားပြီဖြစ်သည့် ကားသမားတွေ စိတ်ဝင်
တစား ပြန်လှည့်ကြည့်ကြ၏။ လင်း ဘာမှမသိတော့သလို ရှက်သည့်
စိတ်ကြောင့် စကားလုံးတွေပါ ဆွံ့အကုန်သည်။

ထိုလူသည် အနည်းငယ်မျှ အလိုက်ကမ်းဆိုးမသိ..။

"မင်းပဲ လူကို အတင်းဆွဲလှဲပြီး အလျော်တောင်းတာလေ၊ ယူပါ..၊
ငါပေးတာ မင်းတောင်းတာထက် အများကြီး ပိုတယ်"

"ရှင် ဘယ်လိုလူလဲ.."

"ဟာ!..."

ဒေါသဖြစ်ဖြစ်နှင့် ထိုသူ့ရင်ဘတ်ကြီးကို တွန်းပစ်လိုက်မိ၏။
ပြီးတော့ ထိုနေရာမှ ထွက်လာခဲ့မိသည်။

ခေါ်လူတွေ ဘယ်လိုထင်ကုန်ပြီလဲ..၊ ဒီလူက ဘာလဲ..။

"တောက်..."

သူမဘက်မှာ ကံကောင်းခြင်းလက်ဆောင်ဆိုတာ မရှိနိုင်တော့
ဘူးလား..၊ ပဲခူးတစ်မြို့လုံး ဘယ်နေရာသွားသွား ကိုယ့်ခြေထောက်
ကိုယ်သုံးစနစ်ဖြင့် နားခြင်း၊ သွားခြင်း ခရီးစဉ်သည် နေ့လယ်ပိုင်းကျမှ
အဘွားရဲ့အိမ်ကို ရှာဖွေတွေ့ရှိခဲ့၏။ ဒါပေမယ့်...

"ကြီးကြီး ဒီမှာ မနေတာကြာပြီ..၊ ပြည်ကသူဌေးတွေ ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာလေ..."

အဘွားရဲ့တူမ မိသားစုပဲ ရှိနေကြသည်။ လင်း ကိုမြင်တော့ ဆွေမျိုးမတော်စပ်ချင်သည့်မျက်နှာနှင့် အိမ်ပေါက်ဝမှာပဲ ညည့်ခံသည်။

မလိုအပ်ဘဲ လက်နှစ်ဖက်က တံခါးဘောင်တွေမှာ ကိုင်ထားသဖြင့် အထဲကိုမဝင်နဲ့လို့ ပြောစရာမလိုတော့ပါ..။

လင်း နောက်ကို ခြေလှမ်းပြန်ဆုတ်လိုက်သည်။ ထိခိုက်သွားသည့် ရင်ထဲမှာ ဆုပ်တွယ်စရာမရှိတော့ဘဲ ချောက်ကမ်းပါးထိပ်ကနေ ဦးစိုက်ထိုးဆင်းသွားသလို လှိုက်ဟာလျက်..။

"ညည်းက ဘယ်ကိုလာတာလဲ.."

ဒီကို လာတာပါလို့ မပြောရဲလောက်အောင် သူစိမ်းဆန်ဆန် ကြည့်နေသည့် မျက်နှာကို လင်း နားလည်စွာ ကြည့်မိသည်။

ဒါပေမယ့် သူမမှာ လောလောဆယ် သွားစရာမြေ မရှိ..။

ဒေါ်မြင့်ကြည် ဆိုသည့် သူမရှေ့မှာ ရပ်နေသူသည် ဒီအိမ်မှာ လက်ခံမှာမဟုတ်သလို အဘွားရဲ့လိပ်စာလေးပေးပါလို့ မေးရင်လည်း ပြောပြချင်မှာ မဟုတ်..။

ထို့ကြောင့် လင်း ပြန်ဖြေဖို့အတွက်ကို အလေးအနက် စဉ်းစားပြီးမှ...

"လင်း အဘွားဆီကို လာတာပါ၊ တစ်ပတ် ဆယ်ရက်လောက်..."

"အမယ်လေးလေး..၊ ဖြစ်ရလေအေ..၊ ဒီခေတ်ကြီးထဲမှာ ထမင်းဝဖို့ကို အိမ်ရှိလူကုန် အလုပ်လုပ်တာတောင် ဟင်းတစ်ခွက်ဖြစ်အောင် အမြောက်နဲ့ပစ်ချနေရတာ၊ နေစမ်းပါဦး..၊ ညည်းကို မမခင် တို့က ခေါ်ထားတာ မဟုတ်ဘူးလား..."

"ဟုတ်ပါတယ်..၊ ဒါပေမယ့် အန်တီခင် မရှိတော့ကတည်းက..."

"ဒါကတော့ ကိုယ်က အခြေမဲ့၊ အနေမဲ့ပဲ၊ ကိုယ့်ဘဝကိုယ်သိပြီး





သူများ ကြည်ဖြူအောင် နေတတ်မှပေါ့..၊ ညည်းက ဘာတွေဖြစ်နေသလဲမှ မသိတာ..."

စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားသည်။

လင်း ဒီမှာ တကယ်နေချင်လို့ပြောလိုက်တာ မဟုတ်ပါ။ ဒီမှာ လက်မခံနိုင်ရင်တော့ ဟိုကို လမ်းလွှဲပို့မှာပဲလို့တွက်ပြီး အကွက်ရွှေ့လိုက်ခြင်း ဖြစ်သည်။

ဒေါ်မြင့်ကြည် က မျက်နှာလေးတင်းသွားပြီးမှ ငုံ့ကျသွားသည့် လင်း ကို အပေါ်စီးကနေကြည့်ကာ...

"ငါ့မှာ အိမ်က သုံးပင်အိမ်လေးရယ်၊ ဒီမှာ သားသမီးက ခြောက်ယောက်၊ သမက်နဲ့ ချွေးမနဲ့ မြေးက လေးယောက်..၊ ညည်းကို လက်ခံထားစရာ ခွေးခါးထစ်တောင်မှ ကျောတစ်ပြားစာ မရှိဘူး"

"ရပါတယ်..၊ ဒေါ်လေးခြံထဲမှာဆို ပြီးတာပါပဲ"

"ဖြစ်ရလေအေ..."

"လင်း အတွက် ကောင်းကောင်းအိပ်ရဖို့ထက် လုံခြုံမှုလေးတစ်ခုပဲ လိုတာပါ"

ဒေါ်မြင့်ကြည် ၏မျက်စောင်းကို လင်း မမြင်သလိုနေကာ...

"ဒေါ်လေးကိုလဲ လင်း ရဲ့စားစရိတ်အတွက် ပုံမှန်ပေးမှာပါ၊ လင်း အလုပ်လုပ်ဖို့ လာတာ..."

"အို... မဖြစ်ပါဘူး.."

ဒေါ်မြင့်ကြည် မျက်စိမျက်နှာပျက်ကာ အထဲကိုဝင်ဖို့ လှည့်လိုက်ပြီးမှ လင်း လိုက်ဝင်လာမှာစိုးပြီး ချက်ချင်း တန့်သွား၏။

"ဘာဖြစ်နေတာလဲ အမေ..."

"ဒီမှာအေ..."

သမီးလား၊ ချွေးမလား လင်း မသိပါ။ ဆွေမျိုးဝေးသလောက်



www.burmeseclassic.com

www.burmeseclassic.com



သိပ်လည်း မရင်းနှီးကြသည့်ပြင် ဒီကို ဘယ်တုန်းက လာခဲ့ဖူးလို့လဲ..။

ဒေါ်မြင့်ကြည် ကိုတောင် အဘွားနှင့်တွဲလျက် မြင်ဖူးထားလို့ သိနေတာဖြစ်သည်။ ဆံပင်တိုတို၊ ရုပ်အကျီပွပွနှင့် မိန်းကလေးက ဖြူဖြူနုနုလေးမို့ အသက်ကို မှန်းလို့မရ..။

"ဒါများ အမေရယ်..၊ အဘွားလိပ်စာ ပေးလိုက်ပေါ့"

သူတို့ချင်း ပြောနေကြပြီး စန္ဒာအောင် ဆိုသည့် မိန်းကလေးထံမှ အသံထွက်လာ၏။

"ဖြစ်မလားအေ့..၊ ကြီးကြီးကို ဟိုမှာ သွားရှုပ်နေရင် နေရင်းထိုင်ရင်း ဟိုက နေရာပျောက်ဦးမယ်"

ဒေါ်မြင့်ကြည် ပုံစံက အဘွားကိုလည်း ပြန်ရောက်လာမှာစိုးနေမှန်း သိသာသည်။

နောက်ဆုံးကျမှ အိမ်မှာလက်မခံချင်သည့် ဒေါသမောဟများနှင့် အဘွားနေသည့်လိပ်စာကို ပေးခဲ့သည်။

လမ်းတစ်လျှောက်မှာ တစ်စက်ချင်းကျခဲ့သည့် မျက်ရည်တွေဟာ ဘယ်သူ့ကြောင့်ဆိုသည့် ခေါင်းစဉ်အောက်က မဟုတ်ဘဲ မိမိရဲ့ဦးထက်ဆံဖျားမှ စိမ့်ယိုလျှောဆင်းလာကြသလို မကောင်းသမျှအကြောင်းတို့သည် မိမိ၏ကံအကြောင်းတွေပဲ ဖြစ်၏။

"အံ့သြပါရဲ့..၊ ရန်ကုန်ကနေပြီးတော့ ပဲခူးမှာပဲ အလုပ်လုပ်ဖို့ လာရတယ်လို့..၊ နေစရာမရှိလို့ ပြေးလာတယ်ပြောလဲ ပြောင်ပြောင်ပေါ့"

စန္ဒာအောင်၏ စကားသံတွေက နားစည်ကို လက်သီးဆုပ်နှင့် ကပ် ထုနေသလိုပင်..။ ခိုကပ်နေရမယ့်ဘဝကတော့ အမှန်ပါ။ ဒါပေမယ့် ဘယ်နေရာမှာနေနေ ရေသာခို အချောင်စားဖို့တော့ လင်း ဘယ်တော့မှ စိတ်မကူးပေ..။





တကယ်လို့သာ ယောကျ်ားလေးတစ်ယောက်လို ကြုံသလို အိပ်၊ ထင်သလိုသွားနေလို့ရသည်ဆိုလျှင် လင်း ဘာကိုမှ ဂရုစိုက်နေမှာ မဟုတ်..။

တရွေ့ရွေ့လှမ်းနေသည့် ခြေလှမ်းတို့သည် လူကို သယ်ယူခေါ်ဆောင်သွားတာမဟုတ်ဘဲ စိတ်နှင်သမျှ သွားနေတာဖြစ်၏။

စည်ကားသွားလာနေကြသည့် ပတ်ဝန်းကျင်တစ်ခုလုံးကို လင်း ဘာတစ်ခုမှ ဂရုမစိုက်မိတော့ပေ..။

အိတ်ထဲမှာ ဘယ်လောက်ကျန်သေးသလဲ..၊ ပြည်ကိုလိုက်သွားပြီး အကယ်၍ အဘွားကလည်း ဒီပုံစံအတိုင်းပဲ နှင်လွှတ်ဆက်ဆံလိုက်ရင် ခရီးဘယ်လောက်ထိ ဆက်နိုင်မလဲ..။

အိတ်ကို စမ်းမကြည့်ဘဲ ပါလာသည့်ငွေကိုပဲ ရေတွက်နေမိသည်။

သေချာတာက ဒီတစ်နေကုန် သူမ အငတ်ခံလိုက်ဖို့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၄ ]

ကားဂိုဒေါင်ပုံစံ တိုက်ခန်းငယ်လေးကို လှမ်းကြည့်ရင်း ဒီထဲမှာ မေမေ နေထိုင်သွားခဲ့ပါလားလို့ တွေးမိကာ ရင်ထဲမှာ နင့်သွား၏။

"မေမေ့ဘဝမှာ သား နှစ်ယောက်ရယ်၊ သမီးလေးတစ်ယောက်ရယ်ဆိုတော့ အားလုံး ပြည့်စုံသွားပြီး ဘာမှမလိုတော့ဘူး" တဲ့..။

သားတွေကို အားကိုးသလို သမီးလေးမို့လို့လည်း အငယ်ဆုံးလေးဆိုပြီး တုန်နေအောင် ချစ်၏။

"မေမေတို့က တော်မဝင်ခဲ့ပေမယ့် သားတို့ကို ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး မွေးခဲ့တာ"

ဟုလည်း တဖွဖွ ပြောခဲ့သည်။

"အဲဒီ ရွှေလင်ပန်းကလေးကိုတော့ မေမေက တော်ဝင်အောင် သေချာသိမ်းထားတာ..."

ဆိုပြီး စာကြည့်ခန်းထဲမှာရှိသည့် မီးခံသေတ္တာကြီးကို ဖွင့်ပြရတာ အမော..။ အဲဒီထဲမှာ ရွှေငွေရတနာတွေမထားဘဲ မေမေနှင့် ဖေဖေတို့ မြတ်နိုးတန်ဖိုးထားသမျှ ပစ္စည်းပစ္စယတွေကိုပဲ သိမ်းဆည်းထားတာ ဖြစ်သည်။

ဆံပင်ကြီးရှည်သလောက် ဆံထုံးမြင့်မြင့်ထုံးကာ ဘီးနှင့် ဆံထိုးနှင့် ဘယ်လောက်ပဲ ခန့်ခန့်ကြီးနေနေ နပျိုချောမွတ်တာတွေ ပျောက်မသွားတဲ့ မေမေ..။





စိန်ထည်တွေ ထည်လဲဝတ်ပြီး စိန်တွေကိုပဲ စုဆောင်းတတ်သည်။ ပစ္စည်းတွေ ဝယ်လှချေလားလို့ ဖေဖေ မေးတိုင်း 'ဒါက ကလေးတွေအတွက် အမွေပဲ'လို့ ပြန်ပြောတာတွေ..။

ခုတော့ မေမေ့လိုမိန်းမမျိုးကျမှ လမ်းဘေးမှာ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ သေဆုံးခါနီးမှာ မိုးလုံလေလုံ ဆေးနှင့်ဝါးနှင့် နွေးထွေးစွာ ဘဝကူးခဲ့ရတာတောင် စာနာစိတ်နှင့် ကူညီပေးခဲ့တဲ့လူတွေ ရှိလို့ပါလား..။

ရင်ထဲမှာ တွေးလေ ဖြေလို့မရလေ..။

"အစ်ကို..."

"ဟင်!..."

ကားနားမှာပဲရပ်နေရင်း ဂိုဒေါင်ကနေ မျက်လုံးမခွာနိုင် ဖြစ်နေသည့် သူ့နားကို သက်တန့် ပြန်လျှောက်လာသည်။

"အိမ်ထဲ ဝင်ရအောင်လေ..၊ မိုးဖွားတွေ ကျလာပြီ"

ဒီတော့မှ မချိတရိမျက်နှာနှင့် သူ မျက်လွှာချလိုက်ကာ...

"ဒီထဲမှာ မေမေ မဆုံးခင် နေသွားခဲ့တယ်ဆိုတော့ ကိုယ် စိတ်မကောင်းလို့ပါ.."

သက်တန့် က ဆံပင်လေးတွေ တစ်ချက်သပ်၍ ဂိုဒေါင်ဆီကို လှမ်းကြည့်ပြီး...

"စိတ်မကောင်းစရာတွေဖြစ်အောင် ခေါ်လာမိသလို ဖြစ်နေပြီ"

"မဟုတ်ပါဘူး..၊ သက်တန့် ခေါ်တာမှ မဟုတ်ဘဲ၊ ကျေးဇူးတင်စကား ပြောချင်လို့..၊ ပြီးတော့ မေမေ နေခဲ့တဲ့ ခြေရာလက်ရာလေးတွေကိုလဲ ကြည့်ချင်လို့ ကိုယ်က လိုက်လာတာပါ"

မေမေ့နာရေးကိစ္စအတွက် ဆောင်ရွက်နေရင်း သူ မလူပြဖြစ်ခဲ့ပါ။ ပြီးသွားတော့လည်း ရန်ကုန်မှာ အခြေချထားသည့် စီးပွားရေးလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့် ဟိုပြေးဒီပြေး ဖြစ်ခဲ့သည်။

သက်တန့် ကို မေမေ့ရှာပနက်စွမှာ မကြာခဏ တွေ့နေရသဖြင့် ကျေးဇူးတင်သည့်စိတ်နှင့်အတူ လုပ်ဖော်ကိုင်ဖက်လို ပြောရင်းဆိုရင်း ရင်းနှီးခဲ့တာဖြစ်၏။ အိမ်ထိလိုက်ကြည့်ပြီး ကျေးဇူးဆပ်သင့်သည်လို့ စိတ်ကူးဖြစ်လာတာက ဒီနေ့မှ..။

"မေမေ ဒီထဲမှာ ဘယ်နှစ်ရက် နေသွားတာလဲဟင်"

အိမ်ထဲကိုဝင်ဖို့ အတူသွားနေရင်း မေးလိုက်တော့ သက်တန့် တုံ့ခနဲရပ်သွား၏။ ဘာရယ်မဟုတ်ဘဲ သူ့ကို ဖျတ်ခနဲ မော့ကြည့်မိကာ...

"သုံးရက်.."

"သုံးရက်..."

သူက သံယောင်လိုက်ဆိုတော့ သက်တန့် မျက်နှာလွှဲနေခဲ့၏။

ဘာဖြစ်တာလဲ သက်တန့်...၊ ဒီလို ဥစ္စာပေါ ရုပ်ချော၊ လူပျို၊ ခေတ်ပညာတတ်တစ်ယောက်ကို ညည်းအဆင့်အတန်းနှင့် ရနိုင်မယ် ထင်လို့လား...။

ရဲရဲပြောစမ်း...၊ မခံစားထိုက်တဲ့သူက သူ့စရိုက်နှင့်သူ သွားပြီ။ ခေါင်းထဲမှာ သတိပေးခေါင်းလောင်းသံများလို မြည်ဟည်းလာ၏။ ကယောင်ကတမ်း ဖြစ်ချင်နေသည့်စိတ်ကို စုစည်းလိုက်ကာ...

"ဆရာဝန် နှစ်ရက် ပင့်ရတယ်..၊ အစကတော့ သက် ဘာလုပ်နေမှန်းမသိဘဲ ဖေဖေက ဆူတာပေါ့နော်..၊ ထမင်းတွေ သွားကျွေး..၊ လူမမာစာတွေဝယ်ပြီး ယူသွားနဲ့ အရမ်းကို စွန့်စားရတာ၊ ဖေဖေတို့ သိသွားပြီဆိုတော့လဲ အားလုံး အဆင်ပြေပြီဆိုမှ အခြေအနေဆိုးလာလို့ ဆေးရုံကို ပြေးပို့ရတယ်၊ ဖေဖေတို့က ကိုယ်ဖိရင်ဖိ မရှိခဲ့ပေမယ့် လိုအပ်လာရင်တော့ ကူညီကြမှာပါ၊ သက် ကသာ ကြောက်ပြီး တစ်ယောက်





တည်း ပြေးလွှား လှုပ်ရှားပစ်လိုက်တာ..."

"အရမ်းကို ကျေးဇူးတင်ပါတယ် သက်တန့် ရယ်..."

သူမ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပဲ 'သက်'လို့ ထည့်ပြောပြော သူ ပြန်ပြောတိုင်း သက်တန့် လို့ပဲခေါ်တာကို သတိထားမိသည်။

တော်တော် တည်ကြည်ခဲ့ညားသည့် ယောကျ်ားပါ။ ထို့ကြောင့် ဤယောကျ်ားကိုမှ သူမ တန်းတန်းစွဲလေသည်။

သူ့ကို အိမ်ပေါ်ခေါ်သွားတော့ ဖေဖေက ရုတ်တရက်မို့ ကြောင်တောင်တောင်ကြည့်နေ၏။ ဒေါ်မြတ်နိုး ကလည်း ကြိုတင်ပြောပြထားတာတောင် အလိုက်အထိုက်စကား တော်တော်နှင့် ထွက်မလာ..။

"ဖေဖေ သူက ဆုံးသွားတဲ့ ဟိုအန်တီရဲ့သား..၊ အောင်..."

နာမည်အပြည့်အစုံကို သူမကိုယ်တိုင် မသိသေးသည်မို့ အောင်မှာပဲ ရပ်သွားတော့ သူက ရည်မွန်စွာ ပြုံးပြကာ...

"ကျွန်တော့်နာမည် မြမြံအောင် ပါ အန်ကယ်လ်"

"ဪ..."

"ဆုံးသွားတာက ကျွန်တော့်မေမေပါ"

"အေးကွယ်..၊ သမီးက ပြောပါတယ်"

"မေမေက ဖေဖေနဲ့ ညီမလေး ကားအက်ဆီဒင့်ဖြစ်တာကိုမြင်ပြီးကတည်းက စိတ်ကယောက်ကယက်ဖြစ်ခဲ့တာပါ၊ အိမ်ကနေ ပျောက်သွားတဲ့အထိ အခြေအနေ သိပ်မဆိုးသေးပါဘူး..."

ပြောနေရင်း သူ့မျက်နှာမကောင်းတော့ သက်တန့် က ကြားဖြတ်၍...

"အဲဒါတွေ အစ်ကိုအောင် ပြောပြလို့ ဖေဖေတို့ကို သက်တန့် ပြောထားပြီးပါပြီ၊ စိတ်မကောင်းစရာတွေ မပြောပါနဲ့တော့..."

သက်တန့် က ဦးစန်းလွင် နှင့်ရော ဒေါ်မြတ်နိုး နှင့်ပါ မိတ်ဆက်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုအောင် တို့က တကယ့် လူကုံထံမျိုးရိုးတွေပါ၊ အန်တီတစ်ယောက်ပဲ ဒီရောဂါရလာမှ ခုလိုတွေဖြစ်ကုန်တာ။ အဲဒါကြောင့်လဲ သက် က အန်တီ့ ကိုသနားမိတာပေါ့၊ ရုပ်ရည်သန့်သန့်ပြန့်ပြန့်ကြီးနဲ့ ဖြစ်သလို သွားလာနေရှာတာလေ..."

"အိုကွယ်..၊ သက်တန့် ကလဲ စိတ်မကောင်းဖြစ်သွားပါ့မယ် ဆိုပြီး ဘာဖြစ်လို့ အစဖော်နေရတာလဲ၊ ဧည့်သည်ကို တစ်ခုခုကျွေးဖို့ လုပ်ပါ..၊ သား ထမင်းစားပြီးမှ ပြန်ပါလား"

ဒေါ်မြတ်နိုး ပြောချင်လို့ မဟုတ်ပါ..၊ သက်တန့် ကို ကြည့်နေရင်း အသည်းတွေယားနေလို့ ဖြစ်သည်။ ဟိုမိန်းမကြီးကို မြင်ရောမြင် ဖူးလိုက်လို့လား..။

တတ်လည်းတတ်နိုင်ပါ့ မယ်မင်းကြီးမ..။ မြမြအောင် ဆိုသည့် လူရွယ်ကို မြင်လိုက်ကတည်းက သူမ ပြောပြထားသမျှတွေက အပို မဟုတ်နိုင်ဘူးဆိုတာ ယုံလိုက်တော့လည်း ဒီဆိုင်းတီးရင် ဒီအက က,ဖို့ ပဲ ရှိတော့သည်။ ဘာဖြစ်လို့လဲဆိုတော့ မြမြအောင် ထံမှ ကျေးဇူးဆပ် ချင်ပါသည် ဟု ပြောလာသည်ဖြစ်ရာ...

"မေမေ ဆုံးသွားပြီဆိုပေမယ့် မဆုံးခင်မှာ သက်သောင့်သက်သာ နွေးနွေးထွေးထွေးနေခဲ့ရတယ်၊ မဟုတ်ရင် လမ်းဘေးမှာ ဘယ်လို အဖြစ်ဆိုးနဲ့ ဘဝကူးရမလဲဆိုတာ တွေးတောင်မတွေးဝံ့ပါဘူး၊ အဲဒါကြောင့် ကျေးဇူးတင်ခဲ့တာပါ၊ ကျေးဇူးဆပ်ပါရစေ" တဲ့..။

သက်တန့် တို့ သူဌေးတွေချည်း လိုက်ချိတ်သမျှ ဒီတစ်ခါတော့ သေချာချိတ်မိသွားနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ထိုနေ့မှစ၍...





## အခန်း [ ၁၅ ]

"တီ.. တီ..."

ကားဟွန်းသံကြောင့် ရေလောင်းနေရင်း ပိုက်ကိုချခဲ့ပြီး ပန်းပင်တွေကြားထဲကနေ ကွေ့ထွက်လာခဲ့သည်။

ဒီအိမ်မှာ ခြံစောင့်မထားပေ။ သံတံခါးချပ်ကြီးနှစ်ချပ်ကို ဖြန်းခနဲ အပြင်လူမဖွင့်တတ်အောင် သော့မလိုဘဲ အထဲကနေ ဖွင့်မှရသည့်နည်းနှင့် လုလုပပ တပ်ထားတာဖြစ်သည်။ လင်း ဒီပညာကို ရထားတာမို့ တံခါးဖွင့်ပေးရန် အပြေးတစ်ပိုင်းသွားခဲ့ပေမယ့်...

"ဟင်!..."

ဒီတစ်ခါတော့ ကားထဲမှာ မျက်မှန်တပ်ပြီးထိုင်နေတာတောင် သူ့မျက်နှာကို လင်း မှတ်မိလိုက်သည်။ သားနှစ်ယောက်ဆိုတဲ့အထဲမှာ သူက မြမြအောင် လား..၊ ထူးထူး ခြား လား..။

"တီ.. တီ..."

နောက်ထပ် ဟွန်းတီးသံကြောင့် တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွား၏။ ဒီလောက်ထိ တိုက်ဆိုင်နေတာကို စိတ်ပျက်သွားမိရင်း မထူးစိတ် ပိုက်လိုက်သည်။ ပြီးတော့ တံခါးဖွင့်ဖို့ မျက်နှာခပ်ငံ့ငံ့နှင့် သွား၏။

တံခါးပွင့်သွားတော့ ကားက ဖြည်းဖြည်းလိမ့်ဝင်လာသည်။ လင်း နဲ့ ဘေးတည့်တည့်ရောက်တော့ ကားတစ်ချက်တုံ့ကာ မျက်မှန်ချွတ်လိုက်ခြင်းကို မျက်ဝန်းထောင့်က မြင်နေရ၏။

ဒါပေမယ့် သူ ဆင်းမလာဘဲ ဆက်မောင်းသွားသည်။



www.burmeseclassic.com

ဖြစ်ချင်ရာဖြစ်ပါစေတော့လို့ စိတ်ဒုန်းဒုန်းချကာ ပန်းပင်ရေလောင်းသည့်နေရာကိုပဲ ပြန်သွားခဲ့သည်။ ရေပိုက်ကို ပြန်ကိုင်လိုက်သည်နှင့် မျက်မှန်ကိုင်လျက်နှင့် သို့ပုဂ္ဂိုလ်ကလည်း အနားရောက်လာ၏။

ပေါ်တီကိုအောက်မှာ ကားရပ်ခဲ့ပြီး အိမ်ထဲမဝင်ဘဲ ဒီဘက်ကို ချက်ချင်းရောက်လာတာဖြစ်မည်။ လင်း က သူ့ကို တစ်ချက်မှ မျက်လွှာပင့်မကြည့်..။

"မင်းက ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ.."

လင်း က မကြည့်ဘဲ ပန်းပင်ရေလောင်းနေခြင်းမှာ စိတ်ကို တည်ငြိမ်အောင်ထားကာ...

"အိမ်ဖော် လာလုပ်တာ..."

"ဘာ!..."

အောင်းသီအနက်၊ ဂျာကင်အနက်နှင့် အတွင်းခံ စပို့ရှပ်အဖြူရောင်က ထင်းနေကာ ဖြူဝင်းသည့်မျက်နှာနှင့်ဆို အနေတော်..။

လင်း အားတင်း၍ သူ့ကို မော့ကြည့်လိုက်သည်။

"ဟုတ်တယ်..၊ ဒေါ်သန်း က ကျွန်မရဲ့အဘွား၊ ကျွန်မက..."

"သား... လူလေး ပြန်ရောက်နေပြီလား"

ပြောနေကြတုန်း ဒေါ်သန်းသန်း အိမ်ဘက်ကနေ ဝဖိုင့်ဖိုင့်ကိုယ်လုံးကြီးနှင့် တလှုပ်လှုပ် အပြေးတစ်ပိုင်းလာကာ...

"သူက ဘွားမြေးလေးပါ၊ ဒီမှာ တစ်လလောက် ခေါ်ထားခွင့်ပြုပါလို့ သူဌေးကိုလဲ ခွင့်တောင်းပြီးပါပြီ"

"ဩော်..."

သူက မကျေနပ်သေးသည့် ဩော်..သံနှင့် လင်း ကို စိုက်ကြည့်နေဆဲ...

"မြေး..၊ လူလေးက သူဌေးရဲ့တူအငယ်ပေါ့၊ ထူးထူးခြား တဲ့.."





"ဟုတ်ကဲ့.."

သူ့ကိုတော့ အိမ်မှာ 'ခြား' လို့ ခေါ်ကြသည်။ အကြီးလူကိုတော့ 'အောင်' လို့ ခေါ်ကြကြောင်း ဘွားက ပြောပြထားခဲ့သည်။

သူဌေးဆိုသည့် ဒေါ်စိန်စီလင်း ကတော့ အဘွားအပေါ်လည်း အဒေါ်သားရင်းလို မခွဲမခြား ဆက်ဆံခဲ့ပေမယ့် လင်း ကိုဆက်ဆံပုံက ခပ်တည်တည်..။ မောက်မာ ကင်းပြတ်တာမျိုးမဟုတ်သလို လိုက်လျောဖော်ရွေမှုလည်း မရှိ..၊ လက်ခံချင်ပုံမရဘဲ ခေါင်းညိတ်ခဲ့တာမို့ လင်း နေခွင့်ရတာ ဖြစ်သည်။

စွမ်းရည်တစ်မျိုးစီဖြင့် ထူးခြားစွာ အောင်မြင်နေကြသည့် တူနှစ်ယောက်ရှိနေတော့လည်း မိန်းကလေး အပျိုအရွယ် လက်မခံချင်တာ ဆန်းတော့မဆန်းပါ..။ ဒါတွေကို အဘွားကပဲ ပြောပြခဲ့သည်။

"သူတို့မှာ အိမ်တွင်းရေးတချို့ ရှိတယ်၊ လုံးဝ မစပ်စုနဲ့၊ အဘွားကိုတောင် အဘွားကပြောမပြဘဲ ဘာမှ ကပ်မမေးပါနဲ့၊ နောက်တစ်ခုက သူ့တူတွေကို လုံးဝ မပတ်သက်မိအောင်နေဖို့ပဲ..၊ နေတတ်သလိုကြည့်နေ လင်းရာသီ..၊ ခဏခိုနားတာပဲဆိုပြီး အနေမပေါ့နဲ့၊ သွားလေရာ အပုပ်နံ့ တထောင်းထောင်း ဖြစ်ကျန်ရစ်တာ မကောင်းဘူး"

လင်း ခေါင်းထဲမှာ အဘွားဆုံးမတာတွေက အလွတ် ကျက်မှတ်ထားသလို စွဲနေ၏။ ထိုစဉ် အဘွား၏မိတ်ဆက်ပေးခြင်းက စိတ်မသက်သာဖွယ်..။

"မြေးနာမည်က လင်းရာသီ ပါ၊ ဘွားလိုပဲ ပြောဆို ဆက်ဆံနိုင်ပါတယ်"

ခေါင်းညိတ်လိုက်သည့် ခြား မျက်လုံးတွေက စူးရဲနေဆဲ..၊ မျက်နှာပြောင်ပြောင် ဆံပင်ပွပွလေးနှင့် သူမက လင်းရာသီ..။ မိန်းကလေးပေမယ့် အကြည့်က စူးစူး..၊ အပြောက ရိုင်းရိုင်း..၊ သူမနှင့် နှစ်ခါပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆုံဖူးပေမယ့် နှစ်ခါစလုံး သူ့မှာပဲ ဘာကောင်လိုလိုနှင့် ရုပ်ပျက်ဆင်းပျက် အရှက်ရခဲ့၏။

ခုလည်း ရှေ့မှာမျက်လွှာချပြီး တော်င့်မတ်စွာ ရှိနေပုံက တခြား၊ ဖိကပ်ချေပိတ်ထားသည့် အပေါ်နှုတ်ခမ်း၏ထောင့်ချိုးလေးတွေ တလှုပ်လှုပ် မသိမသာဖြစ်နေတာက မခံချိမခံသာ အံကြိတ်နေရတာမျိုး..။

အလွယ်တကူ သတ်မှတ်ရပါလျှင် ဘယ်လိုမှ အချိုးမပြေနိုင်သည့်ပုံစံ..၊ ဘယ့်နှယ် ဒီမိန်းကလေးက အဘွားသန်း ရဲ့မြေး လာဖြစ်နေရတာလဲ..။ ဒီအိမ်မှာ အဘွားသန်း ကို အိမ်ဖော်လိုဆက်ဆံကြတာ မဟုတ်ပေ။

ပဲခူးမှာ သိမ်အလှူပွဲကြီးလုပ်တော့ အချက်အပြုတ် ခေါင်းဆောင်ခဲ့သည့် အဘွားသန်း ရဲ့လက်ရာကို သဘောကျကာ မေမေကိုယ်တိုင် ခေါ်လာခဲ့တာ ဖြစ်သည်။ ထို့ပြင် အဘွားသန်း က တစ်ကိုယ်ရေ တစ်ကာယသမားလည်းဖြစ်တော့ မေမေ ခေါ်သည့်နောက်ကို သဘောတူကြည်ဖြူစွာပဲ လိုက်ခဲ့သည်။

"ချက်တာပြုတ်တာလေးပဲနော်..၊ ခေါ်သန်း ကို ကျွန်မတို့ ဘာမှ မခိုင်းဘူး၊ ဒီမှာ ကိုယ့်မိသားစုတွေလို လွတ်လွတ်လပ်လပ် ပြောဆိုနေထိုင်ပါ"

မေမေကိုယ်တိုင် ခွင့်ပြုထားခဲ့သည်။ မီးဖိုချောင်မှာ အကိုင်အတွယ်သန့်ပြန့်ပြီး ဝါသနာပါပါ၊ စေတနာပါပါနှင့်မို့ အဘွားသန်း ဒီအိမ်မှာ မြဲနေခဲ့တာကြာပြီပဲ..။ စောစောက သူ မေးတုန်းက ပြောချလိုက်တော့ အိမ်ဖော်လုပ်မလို့ တဲ့။ ခြား မျက်နှာမှာ ခပ်ချဉ်ချဉ်အပြုံးတစ်ခု ဖြစ်ထွန်းသွားသည်။ ဒီလိုဆိုတော့လည်း ခိုင်းကြည့်ရသေးတာပေါ့..။





## အခန်း [ ၁၆ ]

"ဖယ်ပါအေ..၊ ညည်း မလုပ်တတ်ပါဘူး၊ ဒီအိမ်မှာ လူလေးအောင် တစ်ယောက်ပဲ အစပ်ဖြစ်ဖြစ်..၊ အချိုဖြစ်ဖြစ် ပြင်ပေးတာနဲ့ စားတာ၊ ခြား နဲ့ သူ့ဒွေးကျတော့ အစပ် လုံးဝမကြိုက်ဘူး၊ ချဉ်တာကို ကြိုက်ပေမယ့် မချဉ်အောင် လုပ်ပေးရတယ်"

ခေါ်သန်းသန်း က လုပ်ကိုင်နေရင်း ရှင်းပြသည်။ လင်း ကတော့ စိတ်ညစ်သွားသည်သာ..။ အပြင်မှာ ကူညီပေးဖို့ကျတော့လည်း မခင်မူဆိုသည့်မိန်းမကြီးက ခေါင်းခါသည်။

လျှော်ဖွပ်ဖို့က အဝတ်လျှော်စက်နှစ်လုံးနှင့်ဖြစ်ကာ လုန်းတော့လည်း သူမကိုယ်တိုင်လုပ်ရမှ စိတ်တိုင်းကျလို့ပါတဲ့..။

မီးပူတိုက်တော့ လက်ပြောင်းသွားရင် မမကြီးက သိတယ်တဲ့။ ခြား က သူ့အင်္ကျီ၊ ဘောင်းဘီတွေကို ပုံကျမှ ကြိုက်သည်။

အမျိုးမျိုးသော တိကျခြင်းများနှင့် မတိမကျမှာကို စိုးရိမ်တကြီး ရှောင်ရှားကြ၏။ မီးပူတိုက်ရသည့် အရည်အချင်းတွေ၊ ချက်ပြုတ်နိုင်စွမ်းသောပညာ၊ ဒါတွေ ဒီလောက်တောင် အရေးပါနေမှန်း ဒီအိမ်ရောက်မှ သိရသည်။

တကယ်ပါ..၊ လင်း ဒါတွေ ဘာမှ မတတ်ကျွမ်းပေ။ သူများအိမ်မှာ နေခဲ့ရသည်။ ကျွေးတာကို စား၊ ပေးရင် ယူ၊ မပေးရင် အသာနေ၊ ဘဝက ဤသို့စခဲ့ရင်း အရွယ်လေးရောက်လာတော့ သူများ ကြည်ဖြူအောင် ဝင်ငွေလေးရှိဖို့ ကြိုးစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခု လုပ်မိပြီဆိုကတည်းက တစ်သောင်းခွဲ နှစ်သောင်းလောက် ဝင်ငွေလေးက အစပြု၍ သုံးသောင်း၊ လေးသောင်း ရတဲ့အထိ။ အလုပ်တစ်ခု၏ အဆင်မပြေလျှင်တောင် တစ်ခုကိုရှာဖွေဖို့ အချိန်မပေးချင်လောက်အောင် ကိုယ့်ဆီက ဝင်ငွေကို သူတို့တွေ တောင်းခံခဲ့သည်။

ဤသို့သော အခြေအနေများကြားမှ အချက်အပြုတ်၊ အိမ်မှုကိစ္စတွေကို လင်း ဘာတစ်ခုမှ ကျွမ်းကျင်နားလည်ခွင့် မရခဲ့ပေ..။

ဒေါ်သန်းသန်း ဘေးမှာလည်း ဟင်းရွက်ခြွေတာတောင် 'ဒီလိုမခြွေရဘူး၊ ဒီလိုခြွေ..' ဆိုတာမျိုး အဆူခံရသည်။ နောက်ဆုံး ဟင်းအိုးဖုံးဖွင့်တာတောင်...

"ဟဲ့... ဒီလိုကြီး ချလိုက်ရသလား..၊ အောက်ကအိုးမှာ ဆီတွေ ပေကုန်ပြီ၊ ဒီစင်လေးပေါ်မှာ ဒီလိုတင်ရတယ်.."

ဆိုသည့် အပြစ်တင်သံ နောက်ကပါလာသည်။ မီးဖိုချောင်ထဲမှာ ဟိုဘေးကပ်နေလိုက်၊ ဒီဘေးဆုတ်ပေးလိုက်နှင့် ငိုမဲ့မဲ့လေးဖြစ်လာမှ အဘွား၏ သနားသဖြင့် သင်ပြပေးတာလေးတွေကို သိမြင် နားလည်ခွင့် ရခဲ့သည်။

ဒီနေ့တော့ ရေတွေ အရမ်းထွက်သည်ဆိုသည့် မုန်ညင်းရွက်ကို ကြော်တဲ့အခါ ရေမပါအောင် လင်း သေချာ ဆေးကြောတတ်သွားသည်။ ဒါတောင် အဘွားက ပြောပြသင်ပေးနေရင်း ဆူနေတာ တဖျစ်တောက်တောက်..။

"တချို့ တရုတ်တွေဆို.. သမီးမိန်းကလေး လောက်လောက်လားလား ဖြစ်လာတာနဲ့ သူများအိမ်ကို ပို့ထားပြီး ခိုင်းပါ၊ စေပါနဲ့ အပ်ကြတယ်"

"ဘာဖြစ်လို့လဲ..."

"အခု ညည်းလို မဖြစ်ရအောင်ပေါ့၊ မိဘဆိုတော့ ကိုယ့်ကလေး





ကို ညှာတယ်လေ၊ သူစိမ်းနဲ့နေတော့ မခိုမကပ်ရဘူး၊ အပြောအဆို အကြိမ်းအမောင်း မခံရအောင် ကြိုးစားရင်း အိမ်မှုဗာဟီရအားလုံး အောက်သက်ကြေတာပေါ့၊ ညည်းကျမှပဲ..."

လင်း မျက်နှာလေး ငယ်သွားသည်။

"ဘဝဝင်ချောက်လုံးလိုလို သူများနဲ့ နေလာခဲ့ရပြီး ဘာတစ်ခုမှ တတ်ဘူး၊ အံ့ရော..."

လင်း ကိုတော့ မီးဖိုထဲဝင်ပြီး ထမင်းအိုး၊ ဟင်းအိုးဖွင့်ကြည့်တာတောင် မကြိုက်ခဲ့တာ အဘွား မသိဘဲ။ ရင်နာနာနှင့် ပြန်တွေးမိသည်။

ထမင်းလာစားဆိုလျှင် ထမင်းပေါ်မှာ ဟင်းပုံပြီးသား..။ စားသောက်ပြီးရင် ကိုယ့်ပန်းကန် ကိုယ်ဆေး၊ ထားခဲ့ပြီး ထွက်တော့၊ ဒါပဲ။

သူမဘဝမှာ ထမင်းဖြစ်လာအောင် အိုးထဲကို ရေနှင့်ဆန်ထည့်ပြီး ချက်ရသည်ဆိုသည့် ဘယ်တော့မှမမှားနိုင်သော ပုံသေနည်းတစ်ခုမှလွဲ၍ လွယ်အိတ်လေးတစ်လုံးနှင့် လမ်းပေါ်မှာ...

"အမေ့!..."

"ဟာ!..."

"ဒေါက်..."

စားပွဲပေါ်ကို ဟင်းပွဲတွေ တစ်ခုပြီးတစ်ခု သယ်ချနေစဉ် ဒေါ်စိန်လင်း အတွက် သက်သတ်လွတ် ပဲပြုတ်သုပ်ထားသည့် ပန်းကန်အလှည့်ကျမှ အခန်းရှေ့ရောက်လာသည့် ခြား နှင့် ဝင်တိုက်မိသွား၏။

ဖိုင်ဘာပန်းကန်မို့ အကွဲအရှမရှိပေမယ့် ကြက်သွန်နှင့် ပဲပြုတ်တွေကတော့ ကြမ်းပေါ်မှာ မြင်မကောင်းအောင် ပြန့်ကျဲကုန်၏။

"ဟောတော့..."

အပြေးအလွှား ရောက်လာသည့် ဒေါ်သန်းသန်း ရင်ဘတ်ဖိလျက် ကြည့်၏။ ပြီးတော့ ဖြစ်တာက ခြား နှင့်မှ...



www.burmeseclassic.com

www.burmeseclassic.com



"တိုက်မိသွားတာလား..၊ သူ့အစား ခြား ကို အဘွားသန်း တောင်းပန်ပါတယ်ကွယ်..၊ အနူးအညွတ် တောင်းပန်ပါတယ်နော်..၊ ဟင်း-ဟင်း... လင်းရာသီ ရယ်..၊ ညည်း လုပ်ချလိုက်ပြီပေါ့"

လင်း လည်ပင်းလေးကုတ်လိုက် လက်ချင်းပွတ်လိုက်နှင့် ခါးထောက်လိုက်သည့် ခြား ရှေ့မှာ တောင်းပန်ဖို့လည်း မေ့နေသည်။

တောင်းပန်ရမည်ဆိုတာ သိလိုက်တော့လည်း မတောင်းပန်ချင်..။ ခန်းဆီးက အလယ်မှာခြားနေတော့ သူလည်း မမြင်၊ ကိုယ်လည်း မမြင် အတူတူမှားတာပဲ..။

"တော်ပါသေးရဲ့အေ..၊ ပဲပြုတ်တစ်ဝက် ချန်ထားမိလို့၊ တဲ.. ကဲ-အဲဒါတွေ ရှင်းထားလိုက်၊ ငါပဲ ထပ်သုတ်လိုက်ဦးမယ်"

ဒေါ်သန်းသန်း ပြန်လှည့်ဝင်သွားသည်နှင့် လင်း က အမှိုက်ကော်ပြားနှင့် တံမြက်စည်း သွားယူသည်။ ပြန့်ကျဲနေတာတွေကို စုသိမ်းဖို့ပြင်လျှင်-

"ဘာလုပ်မလို့လဲ..၊ ဒါတွေနဲ့..."

'မမြင်ဘူးလား'လို့ ပက်ခနဲ ပြောချလိုက်ချင်သည်။ ဒါပေမယ့် ထူးထူးခြား ဆိုတဲ့လူက မနေ့တစ်နေ့က လမ်းပေါ်မှာ ဆုံဖူးခဲ့တဲ့ ထူးထူးခြား မဟုတ်..။

"ဒါတွေ ရှင်းမလို့.."

"သိတယ်..၊ တံမြက်စည်းနဲ့ သိမ်းလှည်းလိုက်ရင် ဆီတွေက ကြမ်းပေါ်မှာ ဆေးသုတ်သလို ဖြစ်သွားမှာပေါ့"

ခြား မျက်နှာကို လင်း မော့ကြည့်မိသည်။ ခပ်ပြာပြာ ခပ်ဝိုင်းဝိုင်းမျက်နှာသည် နှာတံလေး စင်းနေတာတစ်ခုတည်းကြောင့် ရုပ်ဆိုးမသွားတာဖြစ်ပြီး ပါးလှပ်လှပ် ခမ်ရဲရဲ နှုတ်ခမ်းတို့က ကျစ်လျစ်ထွားကျိုင်းသည့် ကိုယ်ဟန်နှင့်မှ မလိုက်..။

ယောကျ်ားကြီးတစ်ယောက်ဖြစ်ပြီး နှုတ်ခမ်းပါး၊ လျှာပါး..။





"ဟိတ်..၊ ပြောနေတာ ကြားလား..."

"မကြားဘူး၊ ပြန်ပြော..."

"အောင်မာ..."

အပိုးကျိုးအောင်နေဖို့ တွေးမိပေမယ့် ဒီတိုင်းပဲပြောမိကာ မျက်နှာကို ပြေပြစ်အောင် လျှော့ချတာလည်း မအောင်မြင်..။

ခြား က လင်း မျက်နှာငုံ့သွားပေမယ့် တင်းတင်းလေးဖြစ်နေတာကို သေချာစိုက်ကြည့်ကာ...

"ကိုင်ထားတာတွေကို သွားပြန်ထားလိုက်..."

လင်း ဖျတ်ခနဲ မော့ပြန်သည်။ မျက်လုံးချင်းဆုံသွားတော့ ဘယ်သူ့ကိုမှာမှ မှိန်ဖျော့ဆုတ်လျော့သွားခြင်းမရှိသည့် အတိုက်အခံအကြည့်တွေနှင့်...

"မင်းက ဘာကြည့်တာလဲ.."

"ဆက်ပြောလေ..၊ ရှင့်စကားဆုံးအောင် နားထောင်နေတာ"

"မလိုဘူး..၊ အဲဒါတွေကို အရင်သွားထား၊ ပြီးရင် ဒီကိုပြန်လာ.."

လင်း ဆတ်ခနဲ လှည့်ထွက်သွားကာ သူ ခိုင်းတဲ့အတိုင်းပဲ သွားထားလိုက်သည်။ ပြီးတော့...

"အဲဒီပန်းကန်ထဲကို ပြန့်ကျဲကုန်တာတွေ..၊ တစ်စေ့စီလိုက်ကောက်..၊ ကျန်တဲ့အဖွတ်အသပ်တွေပါ ကောက်နော်..၊ ဘယ်ချောင်ဘယ်ကြားမှာမှ မကျန်စေနဲ့.."

ဒါ တမင်လုပ်တာ..၊ လင်း မသိမသာ အံကြိတ်၍ သူ့ကိုကြည့်ကာ...

"ဒီပန်းကန်ထဲကို ပြန်ကောက်ထည့်ရမှာလား"

"ဟုတ်တယ်..၊ ဒါ ပန်းကန်မဟုတ်တော့ဘူး၊ အမှိုက်ဖြစ်သွားပြီ၊ ကြမ်းပေါ်ကျပြီဆို ကွဲတဲ့ဟာဖြစ်ဖြစ် မကွဲတတ်တာပဲဖြစ်ဖြစ် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကောက်သုံးတဲ့အကျင့် ဒီအိမ်မှာ မရှိဘူး"

လင်း ခေါင်းညိတ်ပြီး သောင့်ကြောင့်လေး ထိုင်လိုက်သည်။ မရှည်သည့်ဆံပင်တွေကိုပဲ နားရွက်နောက်မှာ ထပ်သိပ်ညှပ်လိုက်ကာ ပဲပြုတ်အစေ့တွေကို တစ်စေ့ချင်း လိုက်ကောက်ထည့်သည်။

ခေါ်သံကြောင့် တဖျင်းဖျင်း တရှိန်ရှိန် ခုန်ပျက်ချင်နေသည့် သွေးတို့ကို အပူရှိန်လျော့ပါးအောင် ခြား ရဲ့ ခပ်မိန့်မိန့်လက်ပိုက်ထားတဲ့ ပုံရိပ်ကို ဖျောက်ဖျက်ထားရ၏။

သူက ငါ နိုလ့်နေရတဲ့ အိမ်ရှင်၊ သူ့အရိပ်နှင့် နင် မကင်းသေးဘူး၊ ကျေကျေနပ်နပ် လုပ်စမ်း..၊ ခြား ကလည်း လင်း မကျေနပ်တာကို သိသည်။ နေပေါ့..။ ဒီအိမ်မှာ ခိုင်းရမယ့်သူဆိုတော့ ခိုင်းမှာပဲလို့ တွေးပြီး ပခုံးတစ်ချက် တွန့်၏။ ပြီးတော့ နေရာမှ ပြည့်ထွက်လာခဲ့လျှင်...

"သား..."

"အန်တီ.."

ထမင်းစားခန်းအပြင်ကျမှ မျက်နှာချင်းဆိုင်မိလိုက်တာပေမယ့် ဒေါ်စိန်စီလင်း က အခန်းထဲမှာ ဖြစ်ပျက်နေတာတွေကို သိပြီးဖြစ်ပုံနှင့် အထဲကို မျက်လုံးတစ်ချက် ဝင့်ကြည့်ကာ...

"ဘာလို့ ဒီလိုလုပ်ခိုင်းတာလဲ၊ အမှိုက်သိမ်းဟာ၊ အမှိုက်လို သိမ်းပါစေလေ.."

ခြား မျက်နှာမချိုမချဉ်နှင့် မျက်ခုံးနှစ်ဖက် ပင့်သွားကာ မျက်နှာ မသိမသာလွှဲလျက် ဘာမှလည်း မပြော..။

"သူက ညှဉ်းသည်..၊ တစ်လလောက် ခေါ်ထားပါရစေလို့ ဒေါ်သန်း ပြောလို့ အန်တီ လက်ခံထားခဲ့တာ..၊ ကိုယ့်အလုပ်သမား မဟုတ်ဘူးလေ"

"ဒါပေမယ့် သူက ဒီမှာ အိမ်ဖော်လာလုပ်တာလို့ ပြောတယ်





အန်တီ..."

"ဟင်!..."

"အဟွန်း..၊ သူနဲ့ ကျွန်တော် အပြင်မှာ ဆုံဖူးတယ်"

"ဘာ!..."

ခြား က ဒေါ်စိန်စီလင်း မျက်မှောင်ကြုတ်သွားတာကို ဘာမှမဖြစ်သလို လက်ကာပြ၍...

"ခင်ခင်မင်မင်ဖြစ်ခဲ့တာ မဟုတ်ဘူး၊ အဲဒီကောင်မလေးက သိပ်စွာတာ..."

ဒေါ်စိန်စီလင်း က ဘာမှမပြောပေမယ့် မျက်မှောင်ကြုတ်မပြေ..။

"ဒီမှာတွေ့တော့ သူ အဲဒီလို ရွဲ့ပြောတာနဲ့ တမင် ခိုင်းပေးလိုက်တာ..."

ပြောပြပြီး ခြား ထွက်သွားတော့ ဒေါ်စိန်စီလင်း အကြည့်တွေ ခြား ရဲ့ကျောပြင်ကျယ်မှာ ကပ်ငြိပါသွားခဲ့သည်။

မမရဲ့ရှာပနကီစွတွေနှင့် သွားလာအလုပ်များရင်း နင့်သီးသော ဝေဒနာများနှင့် ဒီမိသားစုထဲမှာ အပြုံးအရယ်တွေ မဲ့နေတာကြာပါပြီ။

အထူးသဖြင့် မအေကို အချစ်ပိုသည့် သားကြီးအောင် က ပိုဆိုးသည်။ မအေ ပျောက်သွားပြီဆိုကတည်းက မျက်စိရော..၊ နားရော တစ်ချက်မှ မနားဘဲ သွားလာရှာဖွေနေခဲ့တာ၊ ဆုံးသွားပြီဆိုတော့လည်း သောကတွေ တစ်ပွေ့တစ်ပိုက်နှင့် ခုချိန်ထိ စိတ်ရောလူရော မနားရရှာ..။

အငယ်ကောင်ကတော့ အစကတည်းက အောင့် ထက် စိတ်ခတ်မာကျောတဲ့သူ..၊ တအုံနွေးနွေးခံစားချက်တွေနှင့် ကြာရှည် အုံ့ဖွဲ့မနေဘတ်သူမို့ ဒီနေ့တော့ ပြုံးလို့ရယ်လို့ မြင်လာရသည်။

ဘာပဲဖြစ်ဖြစ် သွားတဲ့သူတွေလည်း သွားကြပြီမို့ ဒီလို ချမ်းမြေ့အောင် နေတတ်တာလည်း ကောင်းတာပါပဲ..။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မမကြီး အဝတ်တွေအားလုံး ထုတ်ထားပြီးပြီ၊ ထည့်လိုက်ရတော့မလားဟင်.."

ရှေ့ဆက်လှမ်းမလို့ ခြေလှမ်းပြင်လိုက်မှ မခင်မူ အနားရောက်လာပြီး မေးသည်။

"အေး... ထည့်လိုက်တော့၊ ငါ သော့ကပ်နေကျ ဆေးတွေလဲ အနားမှာ ချထားတယ်နော်၊ ထည့်လိုက်ဦး..."

"ဟုတ်ကဲ့ မမကြီး"

ရန်ကုန်က သားကြီးဆီ သွားရဦးမည်။ မမကြီးအတွက် သူ ခေါင်းချသည့်အရပ်မှာ ကောင်းမှုကုသိုလ်လေးတွေ လုပ်ပေးရမည်။

သားကြီး ထူထောင်ထားသည့် လုပ်ငန်းကိစ္စလေးတွေလည်း ရှိသေးတာမို့ ဒါတွေကို ပစ်မထားဖို့လည်း သားကြီးကို နှစ်သိမ့်ပေးချင်၏။ ထို့ပြင်...

ဒီနေ့ထိ ချစ်သူကြင်ဖော်ရှာဖို့ စိတ်မကူးခဲ့ဘဲ သမီးနှင့် လင်သား၏ ရုတ်တရက်ခွဲခွာခြင်းဒဏ်ကို မရှုမလှခံစားနေရရှာသော မိခင်ကိုပဲ အရိပ်တကြည့်ကြည့် ပြုစုယုယနေခဲ့သည့် သားကြီး..၊ အလုပ်ပစ် အကိုင်ပစ်နှင့် ထိခိုက်ကြေကွဲနေမလားလို့လည်း စိုးရိမ်မိသည်။

တွေးနေရင်း ဒေါ်စိန်စိန်လင်း ကိုယ်တိုင် မျက်ရည်တွေ ဝေ့လည်လာခဲ့၏။

သေဆုံးသွားသူကို သနားရမှာလား..၊ ကျန်ရစ်ခဲ့သူတွေကို သနားရမှာလား..၊ ဒါမှမဟုတ် ရက်ရက်စက်စက် ခွဲခွာထားရစ်ခဲ့လေခြင်းလို့ ပြစ်တင် ငိုကြွေးရမည်လား..။

သောကမီးဆိုတာကို မငြိမ်းသတ်နိုင်သေးတော့..။





## အခန်း [ ၁၇ ]

"ညည်း ဘယ်တွေ လျှောက်သွားနေတာလဲဟင်..၊ မိန်းကလေးဖြစ်ပြီးတော့ တစ်နေ့ကုန်တစ်နေ့ခန်း..."

အထဲက စကားသံကြောင့် ခြား ခြေလှမ်းရပ်သွား၏။ ဒေါ်သန်းသန်း နှင့် လင်း တို့ရဲ့ အိပ်ခန်းထဲက ဖြစ်သည်။

"အဘွားကလဲ..၊ အလုပ်ရှာမလို့ပါလို့ အဘွားကို လင်း ပြောသွားသားပဲ"

"အလုပ်ရှာတာက တစ်နေ့ကုန်လား..၊ ဘယ်မှာ ထမင်းသွားစားလဲ ပြောစမ်း..၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တယ်ဆိုလဲ ကျုပ်ဆီကို လာပြီး ဒုက္ခမပေးနဲ့..၊ ဒေါ်သန်းသန်း ဆိုတဲ့မိန်းမက လူသာသေပါစေ နာမည်ကို အသေမခံဘူး၊ ညည်းကြောင့် တစ်စုံတစ်ရာ ထိခိုက်လာခဲ့ရင် မြေးတော်ပေမယ့်လဲ ကျုပ်က ညှာမှာမဟုတ်ဘူး..."

"ဘာမှမဖြစ်စေရပါဘူး အဘွားရယ်..၊ ရန်ကုန်မှာနေတုန်းကတောင် လင်း ဒီလိုပဲ လိုအပ်သလို သွားလာနေရတာ..၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတတ်ပါတယ်၊ ပြီးတော့ ဒီမှာ အန်တီ မရှိတုန်းမို့ပါ"

"ဟဲ့... မရှိလို့ ပိုဆင်ခြင်ရမှာ၊ သူ့ရွှေတို့မိသားစုက ပတ်ဝန်းကျင်မှာ သန့်ရှင်း ကင်းရှင်းတယ်၊ သိုသိပ်တယ်၊ သားတွေချည်းမွေးထားပေမယ့် အဲဒီသားတွေက အဖိုးတန် အမျိုးမှန်လေးတွေ၊ လူကြီးက ဒီလမ်းမတော်ဘူးဆိုတာနဲ့ လှမ်းပြီးသားခြေလှမ်း ပြန်ရုတ်ကြတာ၊ ညီအစ်ကိုနှစ်ယောက်စလုံး တစ်ယောက်တစ်မျိုးစီ တော်ပေမယ့် မာန်မာနမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ မဖြစ်နိုင်ဘူး..၊ စိတ်ထဲမှာဖြစ်ရင်း လင်း မျက်နှာ မသိမသာ မဲ့၏။ အခန်းရှေ့မှာ ခြား ရှိနေတာ၊ ပြန်ထွက်သွားတာ ဘာမှ မသိလိုက်ဘဲ...

"လင်း ကတိပေးပါတယ်..၊ လင်း ကြောင့် အဘွား ဘာမှမထိခိုက်စေရဘူးနော်..၊ အလုပ်ရှာတာကိုတော့ ခွင့်ပြုပါ အဘွားရယ်၊ ဒီမှာ လင်း က တစ်လပဲနေခွင့်ရှိတာလေ၊ ပြီးရင် ဘယ်မှာသွားပြီး ဘာနဲ့ စားသောက်ရမလဲ.."

ဒါလည်း ဟုတ်သည်။ ဒေါ်သန်းသန်း စိတ်ညစ်သွားသည်။ ပုတီးစိပ်မလို့ ကိုင်ထားတာလည်း စိပ်ရခြင်းကိုမရောက်ဘဲ လှမ်းယူပြီး ပုတီးကို ဖြန့်လိုက်..၊ ပြန်လုံးလိုက်နှင့် နေရာတကျ ပြန်တင်လိုက်မိတာလည်း ဖြစ်၏။

ပြီးတော့ တစ်ခါ ပြန်လှမ်းယူ..။

ညနေစောင်း ဒီအချိန်ဆို ဒေါ်စိန်စီလင်း က အပေါ်ထပ်မှာ သောက်တော်ရေလဲပြီး ဘုရားရှိခိုး၊ ပုတီးစိပ်သလို ဒေါ်သန်းသန်း လည်း ကိုယ့်အခန်းထဲပြန်ဝင်ပြီး ပုတီးစိပ်နေကျ..။

ဘာဖြစ်လို့လဲဆိုလျှင် ညဘက် အလုပ်တွေပြီးမှ စားသောက်ပြီး အိပ်ရာဝင်ချိန်မှာ ခေါင်းချတာနှင့် ပျော်သွားတတ်တော့ မိုးလင်းပြီဆို ပုတီးက စောင်အောက်ရောက်လိုရောက်၊ ကိုယ်နှင့် ဖိမိလိုဖိမိ..။

အပူအပင်တွေ မထားတော့ဘူးလို့ ဆုံးဖြတ်ပြီး ကောင်းတဲ့အလုပ်လေးတွေလုပ်ရင်း နေတတ်လာတော့လည်း အပူက ကိုယ့်နောက်ကို လိုက်ကပ်လာတော့ ပုတီးက မမြဲပြန်..။

သားယောက်သမီးခံ အရင်းအချာမရှိလို့ တူမတွေကို အိမ်ပေါ် တင်ထားပြီး သိုက်သိုက်ဝန်းဝန်း နေခဲ့မိသည်။ ဒါပေမယ့်...

'ကံမကုန်ခင် စား၊ ဆန်ကုန်လျှင် သွား' ဆိုတာလို ကိုယ့်မှာ





ချို့ငဲ့လာတော့ တူမက မကြည်လင်၊ မြေးပွေ့က မလေးစား..။

ထို့ကြောင့် အလှူအတန်းတွေမှာ လိုက်လံချက်ပြုတ်ပေးတတ်သည့်အဖွဲ့ထဲမှာ ဒေါ်သန်းသန်း က ခေါင်းဆောင် ဖြစ်လာခဲ့သည်။

'ကုသိုလ်လည်း ရ၊ ဝမ်းလည်း ဝ'ဆိုသည့် စာဆိုနှင့်တော့ ညီသည်။ နောက်ဆက်တွဲအကျိုးဆက်က အိမ်တခြား လူတခြား ဖြစ်လာခဲ့ရင်း ကိုယ့်မှာပဲ အိုးမဲ့အိမ်မဲ့ တစ်ကောင်ကြွက်ဆိုလို..၊ နောက်ဆုံးမှာလည်း အားလုံးကို ထားခဲ့ရတာပဲ ဖြစ်သည်။

နေကြပါစေတော့ဆိုသည့် ဥပေက္ခာစိတ်နှင့် ဒေါ်ရွှေမမ တို့ လင်မယား ခေါ်သည့်နောက်ကိုပဲ လိုက်လာခဲ့တာ ဒီနေ့ထိ..။

"အဘွား..."

"ဟင်!..."

လင်း အပေါ် စာနာစိတ်တစ်ချက်နှင့် အတွေးတွေ နောက်ပြန်လွင့်သွားသဖြင့် ခေါ်လိုက်တော့ ထိတ်ထိတ်ပျာပျာ ထူးမိသည်။

"အဘွား ဘာတွေ တွေးနေတာလဲဟင်"

"ကိုယ့်အကြောင်း ကိုယ်ပါအေ..၊ ညည်းကြောင့် တွေးဖြစ်သွားတာ..."

"လင်း ကို ခုလို ကယ်တင်ထားတာ အရမ်း ကျေးဇူးတင်ပါတယ် အဘွားရယ်..၊ တကယ်လို့သာ လင်း ရောက်လာတဲ့အချိန်မှာ အဘွားက ခေါင်းခါထုတ်လိုက်ရင် လင်း ဘာဖြစ်သွားပြီ.."

"နေစမ်းပါဦး ခေါ်မြစ်ိုး တို့က ဘာဖြစ်လို့ ဒီလိုလုပ်ရက်တာလဲ..၊ အပျိုအရွယ်လေး ဖြစ်နေကာမှ သွားစရာ၊ နေစရာမရှိတဲ့သူကို..."

"အန်တီခင်မှ မရှိတော့တာ..."

"မရှိပေမယ့် သက်တန့်ခင် နဲ့ ညည်းက သွေးသားတော်သေးတာ ဘာလဲမြစ်ဖြစ် မကင်းရာမကင်းကြောင်းဆိုတာ ရှိတယ်၊ ပြောရလို



www.burmeseclassic.com

www.burmeseclassic.com



ဆို ညည်းလဲ အလုပ်လုပ်ပြီး ပိုက်ဆံပြန်အပ်တာပဲမို့လား"

လင်း ဒီအကြောင်းတွေကို ပြန်မပြောချင်တော့ပါ။ နောက်ထပ်လည်း မစုံစမ်းချင်တော့သည်မို့ ဟိုမိန်းမကြီး နေထိုင်ကောင်း၊မကောင်း ဆိုတာလည်း မသိခဲ့ပေ..။

ရန်ကုန်မှာ သူငယ်ချင်းတွေဆီ အကူအညီတောင်းဖို့ သွားကြည့်သေးသည်။ အားလုံးက ကိုယ့်အခက်အခဲနှင့်ကိုယ်တွေ ဖြစ်နေကြသဖြင့် မတတ်သာသည့်အဆုံးကျမှ အဘွားကို လိုက်ရှာခဲ့ရခြင်းဖြစ်သည်။

"လင်းရာသီ..."

"ရှင်..၊ အဘွား..."

"ညည်းအတွက် ငါ အလုပ်တစ်ခုခုရအောင် လူလေးအောင် လာရင် ပြောကြည့်မယ်၊ သူ ညည်းရဲ့တစ်လမပြည့်ခင်တော့ ရောက်လာဦးမယ် ထင်ပါတယ်"

"သူက ရန်ကုန်မှာဆိုတော့..."

"ဒီမှာလဲ ပွဲရုံတွေရှိတယ်၊ အဲဒါက ခြား ကပဲ ဦးစီးနေတာ..."

သူ့အလုပ်ကို သူ့ဆီမှာ မပြောရဲဘဲ အောင် ဆိုတဲ့လူ ပြန်လာမှဆိုတော့ ထူးထူးခြား ဆိုသည့်ပုဂ္ဂိုလ် တော်တော် စိတ်ရင်းစေတနာကြီးမား ပုံ ပေါ်သည်။

"ခြား က လူငယ်ဆိုတော့ ရန်ကုန်မှာပဲ အထိုင်ချ အလုပ်လုပ်ချင်တာ၊ သူလုပ်တာလဲ အောင်မြင်တာပဲလေ.."

"ဘာတွေ လုပ်လို့လဲ.."

"ရပ်ကွက်ကြီးတွေထဲက မြေကွက်အလွတ်တွေဝယ်ပြီး တိုက်ဆောက်တာ..၊ သူက ဒီပညာနဲ့ ဘွဲ့ရထားတာဆိုတော့ အရမ်းလဲ တော်တယ်၊ အောင်လဲ အောင်မြင်တယ်၊ ရန်ကုန်မှာ ကုမ္ပဏီထောင်ပြီး အကြီးစားလုပ်ငန်းနဲ့ အခြေချတော့မယ်ဆိုမှ မိဘတွေ အဖြစ်ဆိုးပြီး





အားလုံး ရပ်ဆိုင်းသွားခဲ့တာလေ..၊ ဒီမှာရှိတဲ့လုပ်ငန်းတွေကတော့ မိဘလက်ငုပ်လက်ရင်းတွေပါ၊ မိဘက ဒီလိုအခြေပြုခဲ့ပေမယ့် သားတွေက တော်တော့ ရေကြည်ရာမြက်နုရာမှာ ကြီးပွားချမ်းသာကုန်ကြတာပေါ့"

"ခုရော..."

"ခုမှ ပြန်ပြီးလည်ပတ်ကြရမှာ..၊ လူလေးအောင် က သူ့ညီကို ဒီလုပိုင်းတွေမှာတော့ ကိုယ့်ရဲ့ပွဲရုံလုပ်ငန်းတွေမှာပဲ ပြန်ပြီး ဖိဖိစီးစီးလုပ်ပါဦးလို့ ပြောထားလို့နေတာ၊ မဟုတ်ရင် သူ့ရွှေးပဲ ဒီမှာ သွားလာလုပ်ကိုင်နေရတာ၊ ညီအစ်ကိုနှစ်ယောက်က ရန်ကုန်မှာလိုလိုချည်းပဲ၊ မိဘကလဲ လိုသလောက် ရင်းနှီးပေးနိုင်တယ်လေ..၊ သူတို့မိသားစုတွေက ဟိုအစကဆို အရမ်းကို ပြည့်စုံအေးချမ်းတာပါပဲ"

ပြောနေရင်း စိတ်မကောင်းဖြစ်လာပုံနှင့် ခေါ်သန်းသန်း စိပ်ပုတီးကို သတိတရ ဖြန့်သည်။

"ကဲ.. ကဲ... ထမင်းသွားစား..၊ မီးဖိုခန်းထဲမှာ မခင်မူ ရှိတယ်"

"နေပါဦး အဘွားကလဲ..၊ လင်း ကို အလုပ်ရအောင် ပြောပေးမယ်ဆို..."

"အေြာ်... ခု မဟုတ်ပါဘူးဆိုမှ..၊ ညည်း အခု လောလောဆယ် အပြင်ကိုသွားလာတာတွေကို ရပ်ပါ၊ အတတ်နိုင်ဆုံး ငါ ရအောင် ပြောပေးမယ်"

အဘွားက စိပ်ပုတီးတပြင်ပြင်နှင့်မို့ ထပ်မပြောရဲတော့ဘဲ ထွက်လာခဲ့ရပေမယ့် အလုပ်ကိစ္စကလည်း လင်း ခေါင်းထဲရောက်နေသည်။ ပြီးတော့ အလုပ်ရဖို့ကြိုးစားတိုင်း 'ဘာနဲ့ ကျောင်းပြီးထားလဲ'လို့ အမေးခံရတာတွေကြောင့် ရင်နာမိသည်။

ဒါကြောင့်လည်း စတိုးဆိုင်မှာ အရောင်းစာရေးလောက်ဘဲနှင့် သူမ စခန်းသွားနေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ် လိုအပ်လာပြီဆိုတော့မှ ကျောင်းပြီးအောင် မကြိုးစ
ခဲ့မိသော ကိုယ့်အဖြစ်ကို မကျေမနပ်ဖြစ်ရသည်။

အမှန်ဆိုလျှင် သူများ မကြည်ဖြူသည့်ကြားကနေ ပညာသင်ခဲ့
တာ..၊ ကျောင်းပြီးတဲ့အထိ ကြိတ်မှိတ်သည်းခံပြီး ကြိုးစားခဲ့ဖို့သ
သည်။ ဒေါ်မြတ်နိုး ၏ မကြာမကြာ စောင်းချိတ် ညည်းညူသံတွေ
ဦးစန်းလွင် ၏ မလိုလားသည့်မျက်ဝန်းတွေ..။

ဒါတွေကို ရင်မဆိုင်ချင်တော့၍ ပထမနှစ်ဖြေပြီးသည်နှင့် နော
ထပ် ကူးသန်းရမည့် ပညာသင်နှစ်တွေကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်
မိ၏။ ဒီအထိ ပညာသင်ဖြစ်တာတောင် သက်တန့် ရဲ့စိတ်ကောင်း
ဝင်တတ်တုန်း ဖေဘာပေး ပြောတတ်တာတွေကြောင့်ပါ..။

မဟုတ်လျှင် ဘွဲ့ဆိုတာ ဝေးလို့..၊ ပထမနှစ် ဖြေခွင့်ရဖို့တော
မလွယ်..။ ကိုယ့်ဘဝအတွက် လိုအပ်တာထက် ဒီအိမ်မှာ ငွေသာအဓိ
လိုအပ်နေသည်ဆိုသောအသိက အဓိကဝင်နေခဲ့သည်။

ပစ္စုပ္ပန် နေထိုင်ကောင်းရေးအတွက် အနာဂတ်နှင့် လဲလှယ်ပ
၏။ ခုတော့..။





## အခန်း [ ၁၈ ]

ဒီဓာတ်ပုံရှေ့ကိုရောက်တိုင်း သတိတရ ရပ်ငေးမိသည်။ အလွန်
အဖိုးထိုက် ခံ့ညားသော မြန်မာဆန်ဆန်ဝတ်စုံများနှင့် ယှဉ်တွဲရှိနေ
သည့် ဖန်းမောင်နံဓာတ်ပုံကြီးမှာ အမျိုးသမီးကြီးကို မြင်ဖူးသလိုလို
ခံစားမိနေသည်။

ဓာတ်ပုံထဲမှာပေမယ့် လက်ဝတ်ရတနာတွေ ဆင်ယင်ထားတာက
ပြိုးပြက်ရှစ်င်းလက်နေသလို အသက်ဝင်သည်။

ခပ်ပြည့်ပြည့် ပြုံးနေသည့်မျက်နှာထက်မှာ အထက်တန်းလွှာဆန်
ခြင်း၊ နူးညံ့ရည်မွန်ခြင်းတွေ ပြည့်နှက်လျက် တော်တော် မင်္ဂလာရှိသည့်
အပြုံးမျက်နှာ ဖြစ်သည်။

ထိုအမျိုးသမီးကြီးကို ကြည့်မိတိုင်း လေးစားနှစ်သက်ခြင်းတွေ
ဖြစ်ရသည်။ ကိုယ့်ရဲ့မိဘနှစ်ပါးကို သေချာမမှတ်မိလိုက်ပေမယ့် မိဘနဲ့
နေထိုင်ရသည့် ရွယ်တူလူတွေကို လင်း အားကျမိ၏။

မိဘဆိုတာကိုလည်း စိတ်မှန်းဖြင့် ကြည်ညိုလေးစားနေခဲ့ရတာ
အိပ်မက်ထဲအထိပင်..။

"ဟိတ်..၊ ဘာရပ်လုပ်နေတာလဲ"

လှည့်ကြည့်လိုက်တော့ သူမနောက်တည့်တည့်မှာ ခပ်နွဲ့နွဲ့ ခါး
ထောက်ရပ်နေသော ခြား..။ လင်း သူ့ဘက်ကို ပြန်လှည့်ရပ်ကာ ကြက်
မွေးတံကိုင်ထားသည့်လက်ကိုပါ တွဲလွဲချထားလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဘာခိုင်းစရာရှိလို့လဲ"

"အပြင်ကို လိုက်ခဲ့..."

ပြောပြီး ခြား က လှည့်ထွက်သွား၏။ လင်း ကြက်မွေးတံကို နေရာမှာ သွားပြန်ထားအာ အပြင်ထွက်လိုက်ခဲ့သည်။

ပေါ်တီကိုအောက်မှာ ပန်းအိုးတွေ ဆယ်လုံးလောက် အစုလိုက်ချ ထား၏။ ခြား က ပန်းအိုးတွေကို လက်ညှိုးထိုးပြကာ...

"ဒါတွေ အဆင်ပြေမယ့်နေရာမှာ သွားချပေး..."

"အဆင်ပြေမယ့်နေရာဆိုတာ မသိဘူး၊ ဘယ်နေရာဆိုတာ ရှင် လက်ညှိုးထိုးပြပေါ့"

"ဟ!..."

ခြား မျက်မှောင်ကြုတ်လျက်နှင့် လှမ်းကြည့်သည်။ လင်း က လည်း မျက်ဝန်းတွေ လွှဲဖယ်ထားပေမယ့် တောင့်မတ်စွာ ရပ်နေပုံက ဂျစ်တီးဂျစ်ကန်..။

"ပန်းပင်စိုက်တာ၊ အရောင်ခြယ်တယ်ဆိုတာ မိန်းကလေးနဲ့လဲ သက်ဆိုင်တာပဲ၊ ဒါလေးတောင် မင်းက သူများလက်ညှိုးထိုးမှလား..."

"မိန်းကလေးနဲ့ သက်ဆိုင်မှုရှိနိုင်ပေမယ့် ဒါတွေ ရှင်က ဖန်တီး ချင်တာလေ..."

"လုံးဝ ဝါသနာမပါဘူး၊ အန်တီ မှာထားခဲ့တာတွေ..."

"ကျွန်မလဲ ဝါသနာမပါဘူး၊ ရှင်ပြော..."

"မင်း သက်သက်ကပ်တာ..."

"ရှင်က ပိုကပ်သတ်ပါတယ်၊ ကျွန်မ နေရာချပြီးမှ မဟုတ်သေး ဘူး ပြန်လုပ်ဆိုတာမျိုး လက်ညှိုးထိုးလာနိုင်တယ်၊ တစ်ခါတည်း စိတ် တိုင်းကျစေချင်လို့ ရှင့်စိတ်ကူးရှိတဲ့အတိုင်းပဲ ပြော..."

စိုက်ကြည့်နေပြီးမှ ခြား မျက်ဝန်းမှာ ရယ်မြူးရိပ်တချို့ ထင်၏။





"ဒါဆို ဟိုဘက်အစွန်ကအိုးကို သယ်ခဲ့..."

အကြီးဆုံးအိုးကို လက်ညှိုးထိုးပြသည်။ လင်း မျက်နှာလေး တင်း သွား၏။ အိုးဝ,က တစ်ပေခွဲအချင်းလောက်ရှိကာ တစ်ပေလောက် မြင့်သည်။ မြေစည်တွေအပြည့်နှင့်မို့ မိန်းကလေးအင်အားနှင့်တော့ အလွယ်တကူ ရွှေ့သယ်ဖို့ မဖြစ်နိုင်..။

ယောကျ်ားကြီးတစ်ယောက်ဖြစ်ပြီး လက်ညှိုးထိုးခိုင်းနေတာ အရှက်လည်း မရှိ..၊ ဒေါသဖြစ်ဖြစ်နှင့် အံကြိတ်ပြီး မရမက မ,ယူလိုက် သည်။

သူက သူလိုရာကို သွားနှင့်ပြီဖြစ်ကာ လင်း က အိုးကို တစ် ထောက်ပြီးတစ်ထောက် ချနားပြီးမှ သူ့ရှေ့ကို ရောက်၏။

"အား!..."

ရှေ့မှာချလိုက်သည်နှင့် ခါးထဲမှာ မျက်ခနဲ ဖြစ်သွားကာ ချက် ချင်း ပြန်မတ်လို့မရဘဲ အော်သံလေး ထွက်သွားသည်။

"ဘာဖြစ်တာလဲ..၊ ခုမှ တစ်လုံးပဲ သယ်ရသေးတာ"

'အဲဒါ ရှင် သယ်ကြည့်ပါလား'လို့ ပြောလိုက်ချင်သည်။ မပြော နိုင်သည့်အာဝမို့ မျက်ရည်တွေ ဝေ့တက်လာ၏။

နောက်တစ်လုံးသယ်ဖို့ ပေါ်တီကိုအောက် ပြန်ရောက်ကြတော့ ဒေါ်သန်းသန်း မျက်နှာပျက်ပျက်နှင့် ထွက်လာသည်။

"လူလေး..၊ ဟို... အဘွားသန်း သယ်ပေးရဦးမလား၊ မြန်မြန် ပြီးသွားအောင်လေ.."

"ဟာ!... သယ်စရာလား အဘွားသန်း ကလဲ..၊ ဟိတ်... မင်း ခြေထောက်နားက အိုးလေးကို ယူသွား..၊ ခုနက ဟားမှာ ချထားလိုက်"

အိုးလေးက ဟင်းသောက်ပန်းကန်လုံးလောက်သာသာပဲ ရှိ သည်။ လင်း မ,ထွက်သွားတော့ အိုးလေးက သေးပေမယ့် ခါးမှာထား



www.burmeseclassic.com

www.burmeseclassic.com



သည့်အရှိန်နှင့် ကုန်းတော့မလို ကောတော့မလို မျက်နှာလေးကလည်း မဲ့နေ၏။

ဒေါ်သန်းသန်း က လိုက်ကြည့်နေသဖြင့် ခြား က ပြုံးလိုက်ကာ...

"အဘွားသန်း ကိုတော့ အားနာပါတယ်..၊ ဒါပေမယ့် သူက ကျွန်တော် မေးတော့ သူ့ကိုယ်သူ အိမ်ဖော်လို့ ပြောခဲ့တာ..."

"ဩော်..ကွယ်..."

"လက်ဆင်ပေးရုံလောက်ပါ၊ စိတ်မကောင်း မဖြစ်ပါနဲ့.."

ဒေါ်သန်းသန်း မျက်နှာမကောင်းပေမယ့် ပျာပျာသလဲ ခေါင်းညိတ်၏။

"အေးပါကွယ်..၊ အဘွားသန်း ထွက်ကြည့်တာက အကဲပါတာမျိုး မဟုတ်ပါဘူး၊ ကိုယ့်မြေးအကြောင်း ကိုယ် သိတယ်၊ ဒီမိန်းကလေး အပြောအဆို မတတ်တာတွေကြောင့် လူလေးတို့ကို စော်ကားသလိုဖြစ်သွားမှာစိုးလို့ပါ"

ခြား က ဘာမှမပြောတော့ဘဲ မျက်နှာလွှဲလိုက်၏။ ဒေါ်သန်းသန်း မျက်ဝန်းထဲက လင်းရာသီ အတွက် ကရုဏာတွေကို သူ မြင်သည်။

ကိုယ်ကလည်း ခိုင်းချင်လို့ခိုင်းတာမှ မဟုတ်ဘဲ..၊ ပန်းအိုး လေးလုံးသယ်ပြီးတာနှင့် သူ တားလိုက်သည်။ ဒါတောင် လက်ခနဲ ရောက်လာသည့် မျက်ဝန်းတွေက အမြင့်စား ဗိုအားတွေနှင့်..။

"ဘာဖြစ်လို့လဲ..၊ နားလိုက်ပြီးမှ နောက်ထပ်တစ်ခါ ပြန်ခိုင်းရင် ကျွန်မ လုပ်နိုင်မှာ မဟုတ်တော့ဘူး၊ ခါးက နာနေပြီ"

"ဒါက ငါ့သဘောပါ၊ ခေါ်လိုက်တဲ့အချိန် မင်း အဆင်သင့်ရှိနေရမှာပေါ့"

သူ လှည့်ဝင်သွားတော့ ပန်းအိုးတွေနှင့် လင်း ဒီတိုင်း ရပ်ကျန်ခဲ့၏။ အိမ်မှာ အလုပ်သမားအပို ထပ်ရှိသေးတာမှ မဟုတ်တာ..။





ကားရင်မည့်နေရာမှာ ပန်းအိုးတွေ ဒီတိုင်းကြီး ရှိနေတာကို ဒီ ိုင်းပဲ ထားခဲ့ရမှာလား..၊ ကိုယ်ပဲ ထပ်လုပ်ရဦးမှာကို သိနေသည့်အတူ လင်း ဘယ်သူ့အမိန့်မှမပါဘဲ အားလုံးပြီးအောင် သယ်ပစ်လိုက် ည်။

အသားဆတ်ဆတ်တုန်အောင် မောကာ ချွေးတွေ တဖြုတ်ဖြုတ် ကြဆင်းနေတာ အကျီကို ညှစ်ချလို့ရလောက်သည်။ ချက်ချင်း ရေချိုး ်လိုက်သည့်နောက်မှာ လင်း အဖျားတွေ တက်လေသည်။

"ကံကောင်းလို့ မသေတာ လင်းရာသီ ရယ်..၊ ချွေးမတိတ်ဘဲ ချိုးလိုက်တာ ကိုယ့်သေတွင်း ကိုယ်တူးတာလားဟင်၊ အခု ဆရာဝန် ို ပင့်လိုက်ရတာ ခြား ကို ဘယ်လောက် မျက်နှာပူဖို့ကောင်းလဲ".

တစ်ညလုံး ကောင်းကောင်းမနိုးဘဲ နောက်မနက်မိုးလင်းမှ ထူထူ ောင်ထောင်ဖြစ်လာတော့ ဒေါ်သန်းသန်း က ကပ်ဆူသည်။

ထမင်းစားချိန်မှာ မခင်မူ ဆန်ပြုတ်လာတိုက်တော့ ခြား က နောက်ကနေ ပါလာကာ...

"ကျေနပ်ရဲ့လား..."

ခုတင်ဘေးမှာ လာရပ်ကာ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် ည့်ထားလျက် ငုံ့မိုးကြည့်၍...

"မင်းကို ဆရာခေါ်မလို့ လာတာ..."

ဘာပြောပြော လင်း မျက်နှာလွှဲနေသဖြင့် ခြား က ပြုံးလိုက် ာ...

"ဒီမှာ သုံးထောင်"

ဟု ပြောရင်း ပြန်ထုတ်လိုက်သည့်လက်မှာ ပါလာသော ပိုက်ဆံ ုံးထောင်ကို စားပွဲပေါ်မှာ ထားလိုက်၏။ လင်း မျက်နှာ ဆတ်ခနဲ ှည့်လာတော့ သူက ပြန်ကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com

"ကားဂိတ်ထဲမှာ မပေးဖြစ်လိုက်တဲ့ သုံးထောင်လေ..၊ မင်းရဲ့ ဒံပေါက်ဖိုးအတွက်..."

ဒီလူ ဒါကိုပဲ ဘာဖြစ်လို့ မဲခြေတင်နေတာလဲ..။

သူ့ကို လူကြားထဲ မှာ ဆွဲလှဲပြီး အလျော်တောင်းခဲ့သည့်အဖြစ်ကို မကျေနပ်နေတာလား..။ ကြွေးတင်ထားသည်လို့ သတ်မှတ်ပြီး ရှင်းကို ရှင်းချင်နေတာလား..၊ မျက်လုံးချင်းဆုံတော့ မျက်ဝန်းတွေ ကျဉ်းမြောင်းသွားတဲ့အထိ စူးစူးရဲရဲကြည့်ကာ...

"အဲဒီတုန်းက အရေးတကြီးကိစ္စနဲ့ ပြေးလွှားလာရတော့ မင်းဒုက္ခကို ဂရုမစိုက်နိုင်ဘူးလေ၊ နောက်နေ့တွေမှာလဲ အကြောင်းတိုက်ဆိုင်တိုင်း သတိရပါတယ်၊ ဘာပြဿနာဖြစ်ဖြစ် ငါက ကြွေးမထားတတ်ဘူး၊ အဲဒါကြောင့် မင်းကိုတွေ့လိုက်တာနဲ့ ရုတ်တရက် မဆင်မခြင်ပေးဖို့ ဖြစ်သွားခဲ့တာ..."

မခင်မူ က ဆန်ပြုတ်ပန်းကန်ထားခဲ့ပြီး ထွက်သွားသဖြင့် အိပ်ခန်းထဲမှာ သူနှင့်နှစ်ယောက်တည်း ဖြစ်သွား၏။ ခြား ကလည်း သတိထားမိကာ...

"အားလုံးအတွက် ဆောရီးပဲ.."

စကားဖြတ်ပြီး ချက်ခြင်း လှည့်ထွက်သွား၏။

ထိုနေ့မှာပဲ ဒေါ်စိန်စီလင်း ပြန်ရောက်လာသဖြင့် အဘွားတောင် အခန်းထဲကို ပြန်ဝင်မလာနိုင်တော့ပေ..။





## အခန်း [ ၁၉ ]

"အန်တီ..."

နှစ်ယောက်စလုံး၏ မြင်ကွင်းထဲကို ခြေစုံရပ်မိပြီးသား ဖြစ်သွားပြီမို့ ကိုင်ထားသည့် သံပရာရည်ဖန်ခွက်လေးကို ပြရင်း အသံပေးလိုက်ရသည်။

အပေါ်ထပ်ထောင့်ချိုး၏တစ်ဖက်မှာ ဧည့်ခန်းရှိသေးကာ ဒေါ်စိန်စီလင်း နှင့် ခြား က မျက်နှာချင်းဆိုင်ထိုင်၍ စကားပြောနေကြတာဖြစ်သည်။

လင်း ကို မြင်လိုက်တော့ ဒေါ်စိန်စီလင်း မျက်နှာ ဖျတ်ခနဲ အရောင်ပြောင်းသွား၏။ ခြား ကတော့ တစ်ချက်ပဲ လှမ်းကြည့်ကာ ပြန်လှည့်သွားသည်။

"လာလေ..."

မတည်မပြုံးမျက်နှာနှင့် ခေါင်းညိတ်ခေါ်ပြီးမှ လင်း လက်ထဲက ဖန်ခွက်ကို သူမကပဲ လှမ်းယူလိုက်ကာ...

"နေမကောင်းလို့ဆို..."

"ရှင်!... ဟုတ်ကဲ့၊ အခု ကောင်းသွားပါပြီ"

ဒေါ်စိန်စီလင်း က ခေါင်းညိတ်၍...

"ကျေးဇူးပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးစကားဆိုသည့်မျက်နှာက ခပ်ကင်းကင်း မဆက်ဆံလိုသော တည်ငြိမ်မှုများနှင့်ဖြစ်၏။ ဒီအိမ်မှာ လင်း ကို လက်ခံလိုခြင်း မရှိဘဲ မျိုသိပ်နေခဲ့ရတာတွေကို တမင်ပြနေတာလား၊ ဒါမှမဟုတ် အမြဲတမ်းနေခဲ့တာ ဒီမျက်နှာမျိုးပဲလား..။

ခံစားမိနေပေမယ့် လင်း ခွဲခြားမနေတော့ပါ။ မကြာမီသောကာလမှာ ပြောထားတဲ့အတိုင်း ဒီကနေ ထွက်ခွာဖို့သာ ကြိုးစားရမည်။

လင်း ပြန်ထွက်သွားတော့မှ ဒေါ်စိန်စီလင်း က ခြား ဘက်ကို ပြန်လှည့်ကာ...

"အဲဒါပဲ..၊ အုပ်ထိန်းသူဆိုပေမယ့် အုပ်ထိန်းပေးနေရတဲ့သူတွေက ရင်ဝယ်ပိုက်သားလေးတွေလဲ မဟုတ်ဘူး၊ ဆယ်ကျော်သက်အရွယ်တွေလဲ မဟုတ်ကြတော့ဘူးလေ၊ အဲဒါကြောင့် နေရာတကာ ဝင်ပြော ဝင်ဆိုလဲ မလုပ်ချင်ဘူး"

"ကိုကိုက အဲဒီမိန်းမကိုပဲ ယူတော့မယ်လို့ ပြောလို့လား"

ဒေါ်စိန်စီလင်း က ခေါင်းခါ၍...

"မပြောပါဘူး..၊ ဒါပေမယ့် မိန်းကလေးက သားကြီးရဲ့ဘေးမှာ အမြဲလိုလိုရှိနေတာ..၊ တွေ့နေမြင်နေတဲ့ တချို့ကလဲ သူတို့နီးစပ်သွားမှာပဲလို့ ပြောနေကြတယ်"

မိန်းကလေး၏နာမည်က သက်တန့်ခင် လို့ ခေါ်လေသည်။ စုံစမ်းကြည့်လိုက်တော့ ရန်ကုန်က လူလတ်တန်းစားထဲကပဲဖြစ်ကာ အထည်ကြီးပျက်ဆိုသည့် ဂုဏ်ထူးက ထပ်ဆင့်ပါသေးသည်။

ဆို့ပြင် မိသားစုအခြေအနေကလည်း မကောင်း၊ ငယ်စဉ်ကတည်းက မိထွေးလက်ထဲမှာ ကြီးပြင်းခဲ့ရသည်ဆိုလျှင်...

"ကျွန်တော်တို့ မေမေ့နှာရေးကိစ္စမှာကတည်းက သူ့ကို သတိထားမိပါတယ်၊ ဒါပေမယ့် အဲဒီလောက် မြန်မြန်ကြီး စိတ်ယိုင်သွား





လောက်အောင်လဲ မဟုတ်ပါဘူး"

"မှန်တယ်..၊ လှတာယဉ်တာလေးကိုမြင်ပြီး စိတ်ယိုင်သွားတာမျိုး မဟုတ်ဘူး၊ အဲဒါမျိုး ဖြစ်ခဲ့ရင်တောင် ပြောဆိုရနိုင်သေးတယ် သား၊ ခုဟာက မင်းအစ်ကိုရဲ့စိတ်ထဲမှာ သူ့အမေရဲ့ကျေးဇူးရှင်လို့ အသေသတ်မှတ်ထားတာ..."

နှစ်ယောက်စလုံး အသံတိတ်သွားကြ၏။ ပြီးမှ ခြား က မျက်နှာကို တစ်ချက်ပွတ်လိုက်ကာ...

"ကိုကိုက စဉ်းစားတတ်ပါတယ် အန်တီရာ..၊ ဒီလောက်လဲ မူနေပါနဲ့၊ မေမေ့ကို ဆုံးရှုံးလိုက်ရတဲ့စိတ်နဲ့ ယူကျုံးမရဖြစ်နေတာတွေကြောင့် ကျေးဇူးတင်တာတွေဘာတွေ ရောထွေးပြီး ဆက်ဆံနေရတာလဲ ဖြစ်ချင်ဖြစ်မှာပါ"

"အန်တီကလဲ..၊ ဆင်းရဲတာ၊ ချမ်းသာတာကို အဓိကရွေးချယ်သတ်နေတာ မဟုတ်ပါဘူး၊ မမကို ဂရုစိုက်ပြုစုပေးခဲ့တယ်ဆိုတော့ ကျေးဇူးလဲ တင်တယ်၊ ဒါပေမယ့် ဒါကို အခွင့်အရေးယူလာတာမျိုး ဖြစ်မှာစိုးတယ်၊ ပန်းဆိုတာ ကိုယ် အမြတ်တနိုး ရူးယူနမ်းရှိုက်လိုက်တာနဲ့ ရှေ့မှာ ကြွေကျလာလို့ မနင်းရက်တာနဲ့ ကောက်ယူကြည့်လိုက်တာ၊ တန်ဖိုးချင်း အများကြီး ကွာတယ်သား..၊ အဲဒီတန်ဖိုးဟာ အိမ်ထောင်ရေးဂယက်မှာ ပေတံပဲ..."

ဒေါ်စိန်စီလင်း ရင်ထဲမှာ ဒီ့ထက်မက ပြောချင်နေတာတွေ ရှိသေးသည်။ ကြီးတဲ့သူအတွက် ငယ်တဲ့လူနှင့် တိုင်ပင်ပြောဆိုနေရတာကျတော့ ပြောချင်တိုင်း မဖြစ်..။

ယောက်ျားလေးမို့ ပိုဆိုးသည်။ အိမ်ထောင်ရေးဆိုတာကို စိတ်ဝင်စားတတ်တဲ့နေရာမှာ မိန်းကလေးတွေလို ပါရမီမကြွယ်..။

သက်တန့်ခင် ဆိုသည့် မိန်းကလေး၏မျက်လုံးတွေကို ဒေါ်စိန်စီ


www.burmeseclassic.com

www.burmeseclassic.com



လင်း မကြိုက်ပေ..။

ကျေးဇူးတင်သည့်လူက တင်ပါသည်၊ ခင်ပါသည်လို့ ဖြစ်ပြနေတာတောင်မှ သူမဘက်က လိုတာထက် ပိုလွန်းနေသည် ထင်၏။

အစကတည်းက အတင်းအဖျင်းပြောတတ်သည့်အကျင့်လည်း မရှိခဲ့တော့ သက်တန့်ခင် အကြောင်း ကြိုတင်ခန့်မှန်း ဝေဖန်ခြင်းတွေလည်း ခြား ကို မပြောဖြစ်တော့ပါ..။

"ကိုကို ဘယ်နေ့လာမယ်ပြောလဲ အန်တီ..."

"မပြောလိုက်ဘူး သား..၊ မင်း လိုက်သွားချင်ရင်တော့ ဖုန်းဆက်ကြည့်လိုက်ပါဦး၊ တော်ကြာ အန်တီ လွှတ်လိုက်တယ်လို့ထင်ပြီး တစ်မျိုးတစ်မည် တွေးနေမှါဦးမယ်"

ဖြစ်နိုင်လျှင် ရှုပ်နေတာတွေကိုလည်း မရှင်းချင်..၊ ရှုပ်လာမှာတွေကိုလည်း ကြောက်မိပါ၏။ ကိုယ်တိုင် တစ်ကိုယ်ရေတစ်ကာယ နေလာခဲ့တာကိုက ကလေးနှစ်ယောက်ကို ချစ်တာလည်း ပါပေမယ့် ဘာအကြောင်းနှင့်မှ စိတ်ရှုပ်မခံချင်တာ ဖြစ်သည်။

သူမတို့ညီအစ်မဟာ ဟိုအစကတည်းက ရန်ကုန်ဇာတိဖြစ်ကာ ဘိုးဘွားအစဉ်အဆက်ကတည်းက အမွေအနှစ် စည်းစိမ်ဥစ္စာအပြည့်နှင့် ဖြစ်သည်။

ခြား တို့ဖေဖေကျတော့ ပြည်ဇာတိ ဖြစ်၏။ ကြွယ်ဝကြပုံချင်း တူပေမယ့် မြို့ကလူကုံထံက နယ်ပိုင်းကသူဌေးဆိုတာကို အထင်မကြီးနိုင်..။

ရွှေမမ သည် မာနကြီးသည့်ယောက်ျားကို လက်ထပ်ခဲ့ပြီး ဘျောင်နောက်ဆံထုံးပါခဲ့၏။ မိဘတွေမကြည်ဖြူလို့ အောက်ကျမခံနိုင်သည့် ယောက်ျားနောက်ကို သူမက လိုက်သွားခဲ့ပြီး မိဘတွေက ခွင့်လွှတ်ပါသည်ပြောတော့လည်း ပြန်မလာနိုင်..။





ဒါလည်း ယောက်ျားကို ဘယ်လိုမှ စည်းရုံးမရနိုင်၍ဘဲ ဖြစ်၏။ မိဘတွေဆုံးသွားတော့မှ ဒေါ်စိန်စီလင်း က ဟိုကူးဒီကူးနှင့် ရွှေမမ ခြား ကိုမွေးပြီးသည့်နောက်မှာ ပြည်မှာပဲ လိုက်နေခဲ့တော့သည်။

ခြား တို့ဖေဖေသည် သားတွေ အရွယ်ရောက်လာမှ ရန်ကုန်မှာ အခြေချ လုပ်ငန်းထူထောင်ဖို့ စီစဉ်ခဲ့သည်။

သူကိုယ်တိုင် တော်သလို သားတွေကို သူ့ထက်ပို၍ ထူးချွန်စေချင်ခဲ့၏။ မိဘနှစ်ပါးသည် အသက်အရွယ် မငယ်ကြတော့ဘူးဆိုပေမယ့် ကြွေချိန်မတန်ဘဲ ကြွေလွင့်ခဲ့ရတာဖြစ်သည်။

ထို့ကြောင့် အောင် နှင့် ခြား ကို ဒေါ်စိန်စီလင်း ပို၍ ဂရုစိုက်ခဲ့သည်။ မိခင် သေဆုံးခဲ့ရသဖြင့် မကြီးအငယ်နှင့် ဘဝပျက်မလိုဖြစ်သွားခဲ့သော အောင့် အတွက် ပိုစိတ်ပူသည်။

ခုတော့ အောင့် ရင်ထဲက သောကမီးတွေ တကယ် ငြိမ်း,မငြိမ်း တော့မသိ..၊ သက်တန့်ခင် ဆိုသည့် မိန်းကလေးနှင့်ရှိနေစဉ်များမှာ ပြုံးလို့၊ ရယ်လို့..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၀ ]

"အန်တီတို့ကို ကျေးဇူးတင်ပါတယ်"

လက်အုပ်ချီ ကန်တော့ရလောက်အောင်တော့ မလိုဘူးထင်သည်။ ပြီးတော့ ဒေါ်စိန်စီလင်း လို မိန်းမတစ်ယောက်ကလည်း လင်းရာသီ ဆိုတဲ့ သူမကို ရိုကျိုးခယခြင်းကို မျှော်လင့်မက်မောလိမ့်မည် မထင်..။

လာခဲ့တုန်းကအတိုင်း လက်ဆွဲအိတ်လေးတစ်လုံး၊ လွယ်အိတ်လေးတစ်လုံးနှင့် မတ်တတ်ကနေပဲ ခေါင်းလေးငုံ့၍ နှုတ်ဆက်လိုက်သည်။

ဒေါ်စိန်စီလင်း က ဆိုဖာမှာ ခြေချင်းချိတ်ထိုင်နေရာကနေ တင်ထားသည့်ခြေထောက်ကို ဖြုတ်လိုက်ပြီး ခေါင်းညိတ်၏။

ထို့နောက် လင်း ရဲ့ဘေးမှာရပ်နေသည့် ဒေါ်သန်းသန်း ကိုကြည့်ကာ...

"ဒေါ်သန်း သူ့ကို စိတ်ချရဲ့လား..၊ တစ်ဖက်မှာ နေရာထိုင်ခင်း အဆင်မပြေသေးရင်လဲ နေပါစေ..၊ ကျွန်မ ခွင့်ပြုပါတယ်"

ဒေါ်သန်းသန်း ဝမ်းသာသွားပေမယ့် လင်း က ခေါင်းခါလိုက်၏။

"ရပါတယ် အန်တီ..၊ ဒီမှာပဲ လင်း အလုပ်ရထားပါတယ်၊ နေစရာလဲ အပြီးဆိုတော့ အဆင်ပြေတယ်လေ၊ အဘွားကိုလဲ လာတွေ့လို့ရတာပဲ"





"ဩော်... အင်း..."

ဒေါ်စိန်စီလင်း က မျက်နှာတည်နှင့်နေပေမယ့် စိတ်ရင်းတော့ မဆိုးဘူးဆိုတာ လင်း နားလည်သွားသည်။ ဒါပေမယ့် သူမကိုယ်တိုင်က ကိုယ့်ကို ချည့်သည်လိုပဲ ဆက်ဆံခဲ့သည်။

သူ့အိမ်မှာနေတာမို့ လက်တိုလက်တောင်း ခိုင်းလိုက်တာမျိုးလေးတောင် မရှိ..၊ မျက်နှာချင်းဆိုင်တွေ့တိုင်း မျက်နှာချင်းမဆုံအောင်နေတော့ ခေါ်ပြောနှုတ်ဆက်ခွင့်လေးတောင် မရ..။

ထို့ကြောင့် ဤမျှ စိမ်းသက်စွာနေခြင်းကို လက်မခံလိုခြင်းလို့ပဲ ခေါင်းစဉ်တပ်လိုက်သည်။

အထူးသဖြင့် ထူးထူးခြား ဆိုသည့်လူ၏ နိမ့်ချဆက်ဆံခြင်း ခံပြင်းမိ၏။

"လင်းရာသီ..."

"ရှင်..."

ဒေါ်သန်းသန်း က ပေါ်တီကိုအောက်ထိ လိုက်လာကာ...

"ညည်းနှယ်အေ..၊ 'အောက်ကလဲ နေသေးကြောက်ပြီလားလဲ မေးသေး'ဆိုတာလို မာနကလဲ ကြီးပါ့..၊ ဟိုမှာ အလုပ်ရပေမယ့် အိပ်ဖို့ နေရာ အဆင်မပြေသေးဘူးမို့လား..."

လင်း က မျက်နှာလေးမော့၍ ဆံပင်တွေကို ခါထုတ်ပစ်လိုက်သည်။ ပြီးတော့ ပခုံးတစ်ဖက်မှာ လွယ်သည့်အိတ်ကို ထပ်ဆွဲတင်လိုက်ကာ...

"လင်း ကို လက်ခံမယ့်အသိ ရှိတယ်၊ နေဖို့ အဆင်မပြေသေးခင် သူနဲ့နေတဲ့..၊ သူလဲ ဟိုတယ်ကဝန်ထမ်းပဲ"

ရောက်တာဖြင့် တစ်လမပြည့်သေးဘူး၊ အလုပ်ရတော့သည်၊ အသိမိတ်ဆွေတွေရှိသည်ဆိုတော့ ဒေါ်သန်းသန်း ကိုယ့်မြေးကို အထင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမိသလိုတောင် ဖြစ်မိ၏။

တစ်ဆက်တည်းမှာ စိတ်မကောင်းလည်း ဖြစ်သွားမိသည်။ ဒီ မိန်းကလေး ဤသို့ဤနှယ် ရှန်းကန်လာခဲ့ရတာ သနားစရာပါ..။

ဟိုမှာ ဘာတွေဖြစ်ခဲ့သည်၊ ဘယ်သူက ဘယ်လိုဆိုတာလည်း တစ်ခုမှ သေချာရှင်းအောင် ပြောတာမရှိ။ မေးလိုက်မှ တစ်ခွန်းစ၊ နှစ်ခွန်းစ ထွက်လာတတ်ကာ လိုအပ်မှ ခေါင်းညိတ်၊ ခေါင်းခါ..။ ခြံ တံခါးအထိတော့ ပို့လိုက်ဦးမည်ဟု စိတ်ကူးနှင့် လိုက်ခဲ့မိပြီး ခေါင်းထဲ မှာလည်း လင်းရာသီ အကြောင်းပဲ ဖြစ်သည်။ ထိုစဉ်...

"တီ.."

"ဟော!..."

အနက်ရောင် ပြောင်လက်နေသည့် မာစီဒီးကားတစ်စီး ခြံဝမှာ ခေါင်းထိုးရပ်၏။ ဒါ ခြား ရဲ့ကားမဟုတ်မှန်း လင်း သိသည်။ ပြီးတော့ မြို့ထဲမှာ ဟိုသွားဒီသွားလောက်ကို ခြား က ဆိုင်ကယ်နဲ့ပဲ သွားတာ ဖြစ်သည်။

"လူလေးအောင် ပြန်လာပြီ..."

ဒေါ်သန်းသန်း ပျာပျာသလဲ တံခါးသွားဖွင့်၏။ ထိုအခါကျမှ မြမြအောင် ဆိုသည့်လူ ရောက်လာတာမှန်း သိသည်။

ကိုယ်နှင့်မဆိုင်သည့်ကိစ္စမို့ လင်း က ကားဝင်လာတဲ့အထိ စောင့် နေပြီးမှ ခြေလှမ်းပြင်၏။

"ဟော့... ညီမ..၊ ညီမ.. ခဏ..."

ကိုယ့်ကိုခေါ်တာမှန်း သိပေမယ့် မဖြစ်နိုင်တာမို့ ခြေလှမ်းသာတဲ့ သွားကာ ချက်ချင်း လှည့်မကြည့်ဖြစ်..။

"လင်းရာသီ.. နေဦး..၊ ညည်းကို ခေါ်တာ..."

ဒေါ်သန်းသန်း ခေါ်မှ လှည့်ကြည့်လိုက်တော့ အောင် ကလည်း





ားပေါ်က ဆင်းလိုက်ပြီးဖြစ်သည်။

သနပ်ခါးရောင် ရှပ်အင်္ကျီလက်တိုနှင့် ကော်ဖီရောင်ရင့်သည့် ဘောင်းဘီရှည်ကို ဝတ်ထားသူသည် အရပ်အမြင့်နှင့် ချပ်ရပ်ကျနသော ကိုယ်ဟန်ကြောင့် ဖျတ်ခနဲ ကြည့်လိုက်တာနှင့် ဆွဲဆောင်မှုရှိသော ယောကျ်ားဟု သတ်မှတ်နိုင်လေသည်။

ထို့ပြင် ထိုမျက်ဝန်း..၊ ထိုအပြုံးတို့ကို လင်း ချက်ချင်း မှတ်မိ သည်။ အမှတ်တရမဟုတ်ခဲ့ပေမယ့် မေ့တော့ မမေ့သေးပါ..။

"ညီမ ကိုယ့်ကို မှတ်မိလား"

လင်း မျက်နှာလွှဲပြီးမှ ခေါင်းညိတ်သည်။ ထိုအခါ သွားတန်းပေါ် အောင် ပြုံးကျသွားသောမျက်နှာက မျက်ဝန်းထောင့်မှာ အရိပ်ထင်၏။

"ဟုတ်တယ်..၊ ကိုယ်ကလဲ ကိုယ့်ကျေးဇူးရှင်ရဲ့မျက်နှာကို သပ် ိက်ထားသလို စွဲထားခဲ့တာ၊ နေပါဦး... ဒီမှာ ဘယ်သူ့ဆီကို လာတာ ဲ..၊ အန်တီနဲ့သိတာလား..၊ ညီညီနဲ့လား..."

"အမောဖြေပါဦး သားရယ်..၊ သူ့ကိုလဲ ပြန်ခေါ်ခဲ့ပါ၊ အိမ်ထဲကျမှ ကားပြောလဲ ရပါတယ်"

ဒေါ်စိန်စီလင်း က ခပ်လှုပ်လှုပ်လျှောက်လာရင်း လှမ်းပြော သည်။ အောင့် မျက်နှာက လင်း ပြန်လိုက်မလာမှာကို စိုးရိမ်နေသလို ည်မို့ ဒေါ်သန်းသန်းက...

"သူက အဘွားသန်း ရဲ့မြေးမလေးပါ၊ ဒီမှာနေတာ ရက်နှစ်ဆယ် ကျော်သွားပြီ လူလေးရဲ့..၊ အလုပ်ရှာရင်း ခဏတည်းတဲ့သဘောပါ ခု ပြန်မလို့လေ..."

"အလုပ်ရှာတယ်..."

အောင့် မျက်နှာက အံ့သြခြင်းများနှင့်...

"ရန်ကုန်ကနေ ပြည်မှာလာပြီး အလုပ်ရှာတယ် ဟုတ်လား..."



www.burmeseclassic.com

ရုတ်တရက် စိတ်ထဲရှိသလို မေးလိုက်ပြီးမှ မျက်နှာလေးပျက်သွားသည့် လင်း ကို အားနာသွားမိ၏။

"ဒါဆိုလဲ ခဏတော့ ပြန်ဝင်ပါဦး..၊ ကိုယ်တို့ စကားပြောရအောင်..."

"ကျွန်မ..."

"ဒီလိုလေ..၊ ဒီမှာက ကိုယ်က အိမ်ရှင်ဆိုတော့ မင်းကို ကူညီရမယ့်ဝတ္တရား ရှိတယ်၊ မင်းက ကိုယ့်ရဲ့အသက်ကို ကယ်ခဲ့ဖူးတဲ့ ကျေးဇူးလဲရှိတော့ ပိုပြီး ကူညီသင့်တယ်လေ၊ ဒီတိုင်းတော့ ထွက်မသွားပါနဲ့.."

"ကဲ... လင်းရာသီ.."

ဒေါ်သန်းသန်း မျက်နှာကြီးက အားနာလွန်းလို့ မထားတတ်အောင် ဖြစ်နေတော့သည်။ လင်း ပါလာကာမှ အောင် ကလည်း ပြုံးပြုံးရယ်ရယ် ရှိ၏။

ဒေါ်စိန်စီလင်း မသိမသာ သက်ပြင်းရှိုက်မိသည်။

နောက်ထပ် ကျေးဇူးရှိတဲ့သူတွေ ဘယ်နှစ်ယောက်လောက် ရှိနိုင်သေးလဲ..။





## အခန်း [ ၂၁ ]

အားလုံးမျက်နှာစုံညီဖြစ်သွားတာက ခြား ပြန်ရောက်လာ၍ဖြစ်သည်။

"ကိုကို့ကားကို မြင်လိုက်တယ်၊ အဲဒါကြောင့် ကမ်းနားသွားမလို့ဟာ ပြန်ခေါက်လာတာ.."

"အေး... ညီညီ၊ ဒီမှာ လာထိုင်ဦး၊ လင်းရာသီ နဲ့ ကိုကိုနဲ့ ဆုံခဲ့ဖူးတဲ့အကြောင်း ပြောချင်လို့..."

ခြား က အားလုံးကို ဝေ့ကြည့်ကာ ဟဲလ်မက်တိုတောင် သွားထားဖြစ်ဘဲ အောင့် ဘေးမှာ ထိုင်သည်။

အောင် က ပြောလက်စ ဖြစ်နေပေမယ့် ခြား သိအောင် အစကနေ ပြန်ပြောကာ လင်း နှင့်ဆုံခဲ့ပုံကို ရှင်းပြ၏။ လင်း က ဘယ်ကိုမှမကြည့်ပါ။ စိတ်ကျဉ်းကျပ်နေသည့်မျက်နှာလေးနှင့် ဖြစ်သည်။

"သူ့ကို ဘယ်မှ ပေးမသွားပါစေနဲ့၊ ဒီမှာပဲ နေပါစေ အန်တီ..၊ အခု ပြောပြခဲ့တဲ့အတိုင်း ဒီကိစ္စလေးဟာ ချဲ့လို့ချဲ့လို့ရပေမယ့် သူ့စိတ်ထဲက ကူညီတတ်တဲ့စေတနာပါ၊ ကျေးဇူးတရားဆိုတာလဲ ဆပ်ရအောင်းပါတယ်၊ ပြီးတော့ မိန်းကလေးတစ်ယောက်တည်း အရိပ်မဲ့သွားလာနေတာ မသင့်တော်ပါဘူး"

"ဟုတ်ပါပြီ..၊ အန်တီ နားလည်ပါတယ်၊ ဒါပေမယ့် သူ့ကို မေးကြည့်ပါဦး..၊ အန်တီ ကြည့်ရသလောက်တော့ သူ ဒီမှာ မနေချင်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်း ဖျတ်ခနဲ မော့လိုက်တော့ ဒေါ်သန်းသန်း က ပျာပျာသလဲ ဝင်၍...

"သူက အားနာလို့ပါ သူ့ဒွေးရယ်..၊ သူ့ဒွေးကသာ ခွင့်ပြုမယ်ဆိုရင် သူ့ကို ကျွန်မနားမှာပဲ ထားပါရစေ၊ အတတ်နိုင်ဆုံး သွန်သင်ဆုံးမပါ့မယ်၊ သူ့ဒွေးတို့ အမြင်မတော်ရင်လဲ ဆုံးမနိုင်ပါတယ်"

လင်း ဘာမှမပြောဖြစ်လိုက်ဘဲ အောင့် မျက်နှာကို လှမ်းကြည့်သည်။ အောင် က နှစ်ခြိုက်စွာ ရယ်ပြပြီး ခေါင်းညိတ်၏။ လင်း မျက်နှာလေးလည်း ပြုံးယောင်သမ်းသွားသည်။

ထိုအချိန်မှာ ခြား ထ,ရပ်လိုက်ကာမှ လင်း လှည့်ကြည့်မိ၏။

"ညီညီ..၊ ကိုကို ချက်ချင်းပြန်ထွက်မှာ၊ မင်း လိုက်မှ ဖြစ်မှာနော်.."

"သိတယ်..၊ ရှေ့သွားချိုးမလို့.."

ညီအစ်ကိုနှစ်ယောက် အရေးကြီးတဲ့အခါ ကြီးသလို အေးဆေးတဲ့အခါ အေးအေးဆေးဆေး..။

ဒီလိုပဲ ပြည်ကို နှစ်ပတ်,သုံးပတ် မွှေနေကျ..၊ အလုပ်ထဲဝင်ကြတာက တစ်မျိုး..၊ အပန်းဖြေဆိုတာက သပ်သပ်၊ တစ်ခါတလေ ညကိုးနာရီ၊ ဆယ်နာရီကျမှ ကမ်းနားက ထ,ပြန်လာတတ်ကြသေးသည်။

"ညည်းအတွက် မုန့်ဝယ်ခဲ့မယ်"

လင်း ထမင်းစားခန်းထဲက ထွက်လာတော့ အပေါ်ထပ်က ဆင်းလာသည့် အောင် နှင့်ဆုံကာ ခေါင်းကို လှမ်းပုတ်သလို လက်မြှောက်လိုက်ပြီး တရင်းတနှီး ပြောသွားသည်။ လင်း ကို သူ စမြင်ဖူးကတည်းက ခင်မင်စိတ်တွေ ဖြစ်ခဲ့တာပင်။ မိန်းကလေးဖြစ်ပြီး သတ္တဝါပိုးမွှားရယ်လို့လည်း ကြောက်ရွံ့နောက်တွန့်နေတာမရှိဘဲ ကိုယ့်ကိုယ်ကိုယ် ဂုဏ်မဖော်တတ်တာလေးကလည်း သိသာသည်။

ကျေးရှူးတင်ပါတယ်ဆိုတာတောင် ခပ်တည်တည်လေး လုပ်





ထွက်သွားသည့်မျက်နှာလေးက ချစ်စရာလေးလို့လည်း တွေးဖြစ်ခဲ့သေးသည်။ ဒီမှာ တိုက်တိုက်ဆိုင်ဆိုင် ရောက်နေတော့ အံ့သြဝမ်းသာသွားတာတွေ ပြောမကုန်နိုင်..။

"ညီညီ..."

"ဟင်.."

နောက်ကထိုင်လိုက်သည့် အောင် ကပဲစ၍...

"ဒီလောက် ရက်တွေကြာအောင် နေခဲ့ကြပြီးတော့ လင်း နဲ့ ဘာဖြစ်လို့ မရင်းနှီးကြတာလဲ"

"သူ နေတဲ့အတိုင်း နေတာပဲ"

"သူက ဟိုတုန်းကတည်းက ဒီတိုင်းပဲ ညီရ..၊ ကောင်မလေးက အရမ်းကိုဖြူပါတယ်၊ သူနဲ့ကိုကို မရင်းနှီးခဲ့တာတောင် သူ့မျက်လုံးလေးတွေကို မြင်တာနဲ့ ကိုကို သိတယ်၊ ဆင်းရဲပေမယ့် မာနရှိတဲ့ပုံစံလေး..."

ဟုတ်မှာပါ..၊ ခြား က လူမမြင်သည့်မျက်နှာကို လွတ်လွတ်လပ်လပ်ထားရင်း ပြုံးနေ၏။ လွှဲပြောင်းရောင်းချထားပြီဖြစ်သည့် မိသားစုပိုင် ဟိုတယ်မှာ သူမ အလုပ်ရအောင် သူ ပြောပေးထားခဲ့တဲ့အဖြစ်ကတော့ လူမသိသူမသိ ပြီးဆုံးသွားပြီဖြစ်၏။

ဒါကလည်း အိမ်မှာမနေစေလို၍ မဟုတ်ပါ။ ဘာပဲဖြစ်ဖြစ် သူမက သွားကိုသွားမှာမဲဆိုတာ သိနေလို့ တိတ်တဆိတ် ကူညီပေးလိုက်တာ ဖြစ်သည်။ မယ်မင်းကြီးမ ရွှေမျက်နှာတော် ဘယ်လောက်ပဲ ရှုစ်ခေါက်ချိုးထားထား ကူညီချင်တဲ့လူတွေကတော့ ကိုယ့်စရိတ်နှင့်ကိုယ် ကူညီနေမိကြတာပဲ ဖြစ်၏။ တကယ့် ပါရမီရှင်ပါပဲ..။

"သူ အလုပ်လုပ်မယ်ဆိုတဲ့ဟိုတယ်က Family Home လား.."

"ဟုတ်တယ်.."

အောင့် အသံ ခဏ တိတ်သွားကာ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ ပြောပေးလိုက်တာမို့လား..."

ခြား က မဖြေပါ။ ကမ်းနားကနေ ပြန်ပတ်၍ တံတားဘက်ကို လှည့်လိုက်ပြီးမှ...

"ဦးယုဝေက Family Home ကို နာမည်ပြောင်းမယ့်အကြောင်း ပြောချင်တယ်ဆိုလို့ သွားဖြစ်ရင်း သူ့ အလုပ်လျှောက်ထားတာကို သိတာပါ"

ဟိုတယ်မှာ receptionist နေရာရဖို့ဆိုတာ အရည်အချင်းတွေ၊ အတွေ့အကြုံတွေ အများကြီးလိုသည်။ ဒါပေမယ့် သူ့ အကူအညီ တောင်းလိုက်တာနှင့် ဦးယုဝေ က ခေါင်းညိတ်သည်။

"စိတ်ချပါ..၊ မင်းတို့နဲ့ပတ်သက်တဲ့လူဆိုတော့ ကျုပ်က ခေါင်းခါလို့ ဘယ်ဖြစ်မလဲ၊ ဒီလိုပဲ အလုပ်လုပ်ရင်း နားလည်သွားအောင် တွဲခေါ်ရမှာပေါ့"

ဟု လိုလိုလားလား ပြောဖော်ရ၏။ ခြား က တံတားရဲ့ဟိုဘက်ထိပ်မှာ ရပ်လိုက်ကာ နှစ်ယောက်သား အရိပ်မှာ မျက်နှာချင်းဆိုင် ရပ်မိသည်။ အောင် က ခြား ကိုစိုက်ကြည့်ကာ...

"အဲဒါ ထားလိုက်ပါဦး..၊ မင်းက ဒီကအလုပ်တွေကို တစ်ခုပြီး တစ်ခု ဖြုတ်ပစ်နေတာ ကျန်သေးရဲ့လား ညီညီ..."

ပွဲရုံလေးတစ်ခုတော့ ကျန်သေးတယ်လို့များ ရှဲ့ဖြေဦးမလားလို့ ကြည့်နေမိသည်။ ခြား က ဘာမှမဖြေပါ..။

"အေးလေ..၊ မင်းကလဲ ကိုယ့်အစွမ်းအစနဲ့ ကိုယ့်အရည်အချင်းနဲ့ ရပ်တည်နိုင်တဲ့သူပဲ၊ ဒါပေမယ့်ကွာ.. မိဘလက်ငုတ်လက်ရင်းဆိုတာ ကတော့ နို့ဆီဘူးလေးတစ်ဘူးလောက်ပဲဖြစ်ဖြစ် ဒါကိုတော့ မလုပ်ပါနဲ့"

"ကိုကိုကရော ကျွန်တော့်ကို ပြည်မှာပဲ နေစိုင်းတော့မှာလား..."

ညီအစ်ကိုနှစ်ယောက် မျက်လုံးချင်းဆုံ၏။





"မရဘူးနော်..၊ အခုက မေမေ့ကိစ္စရှိနေလို့၊ ကိုကို့စကားအတိုင်း ကျွန်တော် ရှိနေပေးတာ၊ အားလုံးလဲ ပြီးနေပြီ၊ ကိုကို မိန်းမယူတဲ့အချိန် ထိတော့ မစောင့်နိုင်ဘူး"

အောင် မျက်နှာပျက်သွား၏။ သူ့ နားလည်လိုက်တာက အန်တီ ကတစ်ဆင့် သက် နှင့် သူ့အကြောင်းတွေကို ညီညီ သိသွားပြီဟု..။

"မင်း ဘယ်လိုသဘောရသလဲ ညီညီ..."

အရင်းမရှိ အဖျားမရှိ ပေးလိုက်ပြီးမှ ခြား က မျက်မှောင်ကြုတ် ကြည့်လိုက်တာကို လက်ကာပြ၍...

"ဒီလို..၊ အန်တီက ညီညီ့ကို ပြောပြပြီးပြီမို့လား၊ သက်နဲ့ ကိုကို့ ကိစ္စကိုလေ..."

သက် လို့ ခေါ်လိုက်တာကို ကြားတော့ ခြား မျက်ခုံးနှစ်ဖက် မသိမသာ ပင့်သွားသည်။

"သူနဲ့ ကိုကို..."

ပြောလိုက်ပြီးမှ ရပ်သွားသဖြင့် ခြား က...

"လက်ထပ်ဖို့ သေချာသွားပြီလား..."

အောင် က ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်..၊ အဲဒီကိစ္စအတွက် ကိုကို လာတာ၊ ဟိုမှာကတည်းက အန်တီ့ကို တိုင်ပင်မလို့ပါ၊ ကိုကို စကားစလိုက်တာနဲ့ မပြောဖြစ်လိုက်ဘဲ အန်တီ ပြန်သွားတယ်"

ဒါက ပြောမည်မထင်လို့ အမှတ်တမဲ့ နေလိုက်တာလား၊ ဒါမှမဟုတ် မလိုလားခြင်းကြောင့် မကြားလို..၊ မမြင်လိုတာလား၊ ကာယကံရှင်မှ သိမှာပါ..။

"အန်တီကတော့ ကိုကို့ကို စဉ်းစားစေချင်တာမျိုးပါ၊ အမှာကောင်း အောင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမှားနိုင်ဘူးလို့ ကိုကို ကတော့ ယုံကြည်တယ်၊ သက် ေ
မပြည့်စုံပေမယ့် နိမ့်ကျတဲ့မျိုးရိုးအဆင့်အတန်းထဲက မဟုတ်ဘူး၊ ဒ
တွေထက် ပိုပြီး ခိုင်မာတာက မေမေ့ကို ကူညီကယ်တင်ခဲ့တဲ့ စိတ်ထာ
လေးတစ်ခုနဲ့ပဲ သူ့အတွက် ကိုကို ဘာပဲဖြစ်ပေးရပေးရ..."

ခြား က မျက်မှောင်ကြုတ်နှင့် ကြည့်နေ၏။ ဒါတွေ ဒီလောက်ထ
မဖြစ်သင့်ပါဘူးလို့ပြောဖို့ ရှိပေမယ့် အောင့် မျက်လုံးတွေ နီတက်လာ
တာကိုမြင်တော့ ဆက်လက် နှုတ်ဆိတ်နေလိုက်ခြင်းဖြင့် ပြီးခဲ့၏။

"မေမေနဲ့ပတ်သက်ပြီး နောက်ဆုံး ကြေကွဲကျန်ရစ်တဲ့ ရင်ဘတ်
ထဲမှာ မေမေ လေလွင့်နေခဲ့ရတာတွေ..၊ ရင်ဆိုင်သွားခဲ့ရတဲ့ ဒုက္ခတွေ
ဒါတွေကိုတွေးမိတိုင်း ဘယ်လိုမှ ဖြေရာရှာလို့ မရခဲ့ဘူး၊ ဒါပေမယ့်
သက် မျက်နှာလေးကို မြင်လိုက်ရရင် မေမေ နောက်ဆုံးမှီခိုခဲ့တဲ့ ရင်ခွင်
တစ်ခုရဲ့ပိုင်ရှင်အဖြစ် စိတ်ထဲမှာ ချမ်းသာသွားတယ်၊ သူ့ရဲ့အပြုံးတွေ
သူ့ရဲ့လက်ကလေးတွေကို မြတ်နိုးတယ်၊ အဲဒီမြတ်နိုးစိတ်ဟာ မေမေ့ရဲ့
အငွေ့အသက်တွေကို သူ့ဆီကရနေသလိုမျိုး တစိမ့်စိမ့် နှစ်သက်ကြည်
နူးတာမျိုး..."

"ကိုကို့စကားထဲမှာ ချစ်တာလဲ မပါပါလား၊ သူ့ကို မချစ်ဘဲနဲ့
လက်ထပ်ဖို့ ဆုံးဖြတ်တာလား..."

ရုတ်တရက် ဖြေသံထွက်မလာခြင်းကြောင့် ခြား မျက်နှာမဲ့၏။

"အဲဒါ မဖြစ်သင့်ဘူး ထင်တယ်၊ ကိုကို စဉ်းစားဦး"

"မလိုပါဘူး ညီရာ..၊ ကိုကို့မှာ သူနဲ့ယှဉ်ပြီး ရွေးချယ်စရာလဲ
မရှိဘူး၊ ကိုကို့စိတ်မှာကိုက 'သူ့ကို လိုလားနေတာ...၊

ရေတံခွန်အောက ရေကန်ကြီးတစ်ကန်ထက် နွေလယ်မွန်းတည့်
အပူတောက ရေကန်ငယ်လေးတစ်ကန်က ပိုပြီး တန်ဖိုးကြီးပါတယ်
ကိုကို့တို့အတွက် ဥစ္စာပညာ ပြည့်စုံနေတဲ့ မိန်းမတစ်ယောက် အစေ





တကြီး မလိုအပ်ဘူး၊ ကိုကိုတို့အပေါ်မှာ သဒ္ဒါဖြူ ကြည်ဖြူနိုင်မယ့်
မိန်းမလှလေးတစ်ယောက်ပဲ လိုတာ..၊ သူ့ရဲ့အတွင်းစိတ်သဏ္ဌာန်ဟာ
ရှာရိုးကိုးပေါက်မှာ လေလွင့်သွားလာနေတဲ့ စိတ်ဝေဒနာရှင်တစ်
ယောက်အပေါ်မှာတောင် ဘယ်လောက် နူးညံ့ဖြူစင်ခဲ့သလဲ..."

ဘယ်စကားပြောပြော မေမေနှင့်ပတ်သက်နေခြင်းက ပါလာတာ
ပဲ ဖြစ်၏။ အောင့် ရင်ထဲမှာ အိမ်ထောင်ပြုခြင်းအလုပ်ကို ကျေးဇူးဆပ်
ပွဲကြီးတစ်ခုလို သဘောထားခဲ့တာ မဟုတ်လျှင်တောင် ဒါကြောင့် မှား
ယွင်းခဲ့သည်ဆိုရင်လည်း နောင်တမရနိုင်သည့် ကြည်နူးစိတ်တွေနှင့်
ပြည့်နှက်နေခဲ့၏။

ခြား သက်ပြင်းတွေပဲ အထပ်ထပ် ချနေမိသည်။ အိမ်ထောင်ပြုဖို့
အတွက် အကြောင်းပြကောင်းနေတာလားလို့ တွေးခဲ့မိတာကိုတောင်
ထိုင်ရှိခိုးပြီး တောင်းပန်ရတော့မလိုပါလား..။

သူလည်း မေမေ့သားပါ။ ဒါပေမယ့် ကိုကို့လို ခံစားချက်တွေ
တော့ သူ့မှာ တင်ကျန်မနေခဲ့တာ အမှန်ပင်..။

"အောင် က သိပ်သံယောဇဉ်ကြီးတတ်တာ..."

"သူ့အမေကို ချစ်လိုက်တာ တုန်လို့..."

"မအေ အနားမှာရှိနေရင် ပြီးတာပဲဆိုတဲ့ သားမျိုး သူ့ကျမှ မြင်
ဖူးတယ်"

စသဖြင့် လူစိမ်း၊ လူကျက်၊ တချို့တလေ၏ ပြောဆိုဝေဖန်ခဲ့တာ
တွေရှိသည်။ ခြား ကတော့ ပေါ့ပေါ့ပါးပါးပါ..။

ကိုကို ကတော့ သံယောဇဉ်ကြီးတတ်လျှင် ကိုယ်က မခင်တွယ်
တတ်တဲ့ကောင်လားဆိုတဲ့ နှိုင်းယှဉ်စိတ်မျိုးလည်း မဝင်ခဲ့..။

ကိုကိုက ချစ်တတ်တယ်ဆိုတိုင်း မေမေကလည်း ကိုကို့ကိုပဲ
ပါးစပ်ကမချ တဖွဖွ ချစ်နိုင်လွန်းသည်ဆိုသောအတွေးမျိုးလည်း မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးပေ။ ခုကျမှ ကိုကို သံယောဇဉ်တွေက လေထဲက သံယောဇဉ်တွေ မဟုတ်မှန်း တကယ် နားလည်လာခဲ့သည်။ တစ်ခုရှိတာက သက်တန့်ခင် ဆိုသည့် မိန်းကလေးရင်ထဲမှာ ကိုကို ထင်ထားသလောက် ဟုတ်ပါ့မလား..၊ ပတ်ဝန်းကျင်စကား တစ်ခွန်းတစ်စနှင့် ကိုကို ဘာဖြစ်လို့ ဒီလောက်ထိ အစွဲအလမ်းကြီးသွားတာလဲ..။

"ညီညီ..."

"ဟင်..."

မျက်မှောင်ကြုတ်၍ မျက်နှာလွှဲငေးနေသည့် ခြား ပခုံးကို အောင် က ဆုပ်ကိုင်လှုပ်ကာ...

"သက်နဲ့ ကိုကို့ကိစ္စကို စဉ်းစားနေတာလား"

"ကိုကိုပဲ စဉ်းစားဖို့ လိုတာပါ"

အောင် က ပြုံးလိုက်သည်။ ပခုံးမှာ ကိုင်ထားသည့်လက်ကို လွှတ်၍ ဘောင်းဘီအိတ်ထဲ လက်ထည့်လိုက်ရင်း...

"ညီညီလဲ အန်တီ့လိုပဲ၊ ကိုကို့ကိစ္စကို မကြည်ဖြူချင်ဘူး ထင်တယ်"

ဟုတ်တယ်ဆိုတော့ နောက်ဆုတ်မှာမို့လို့လား..၊ ခြား က ဘာမှ မပြောဘဲ နေ၏။

"ကိုကိုတို့ ယောကျ်ားချင်းပဲကွာ..၊ ညီက နားလည်ပေးပါ၊ အန်တီနဲ့ ဆွေးနွေးတဲ့အခါ ထောက်ခံမဲ မပေးနိုင်ရင်တောင် မကန့်ကွက်ပါနဲ့..၊ အရမ်း ကျေးဇူးတင်ပါတယ်"

ယောကျ်ားချင်း နားလည်ပေးရအောင် ချစ်လွန်းလို့ သေရပါတော့မယ်ဆိုရင်တော့ တစ်မျိုးပေါ့..၊ အခုက..။





## အခန်း [ ၂၂ ]

ဆွေးလည်း ဆွေးနွေးခဲ့သည်။ ဘယ်လိုထောက်ချင့်စရာတွေပဲ ပြပြ ဒါမှဒါပဲဆိုလို့ သဘောတူပေးခဲ့ရတာလည်း မိန်းကလေးကို ဒေါ်စိန်စီလင်း ကိုယ်တိုင် စေ့စပ်ကြောင်းလမ်းပေးခဲ့ရသည်အထိ..။

"ဘာဖြစ်လို့ ခေါ်မလာတာလဲ ကိုကို..."

မနက် လက်ဖက်ရည်ဝိုင်းမှာ ခြား က မေးတော့ ဒေါ်စိန်စီလင်း က မကြားသလိုပုံစံနှင့် ပေါင်မုန့်တစ်ချပ်ကို လိပ်၍ ပါးစပ်ထဲထည့်သည်။ အောင် က အဒေါ်ဖြစ်သူကို တစ်ချက်ကြည့်ပြီးမှ...

"လက်ထပ်ပြီးမှပဲ လိုက်မယ်တဲ့၊ စိတ်ချပါ..၊ သူ့ကို ဒီမှာပဲ ထားမှာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ လင်း လဲ ရှိနေတယ်၊ မိန်းကလေးနှစ်ယောက် အဖော်လဲ ဖြစ်တာပေါ့"

"သူက နေချင်ပါ့မလား သားကြီး၊ ရန်ကုန်မှာ အနေကြာတဲ့လူက နယ်မှာဆို မနေတတ်တော့ဘူး"

ဒေါ်စိန်စီလင်း က မကြည့်ဘဲ မေးသည်။

"ဟော... ညီမ၊ လာ ထိုင်..၊ ကော်ဖီကြိုက်လား၊ လက်ဖက်ရည် ကြိုက်လား၊ ထမင်းကြော် ကြိုက်ရင်လဲ စားလေ..."

သစ်သီးပွဲ လာချပေးသည့် လင်း ကို အောင် က နွေးထွေးစွာ ခေါ်၏။ လင်း က ခေါင်းခါ၍...

"မစားတော့ဘူး ကိုကိုကြီး..၊ မနက်စာ စားတဲ့အကျင့်လဲ မရှိလို့ပါ"

"ဘာ!... မဟုတ်တာ..."



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထ အစာမစားဘဲနေနိုင်တဲ့သူ ရှိလို့လား..၊ ကိုယ်နှင့်နီး
တဲ့ အစားအသောက်တစ်မျိုးမျိုးတော့ ဝမ်းမီးငြိမ်းအောင် မျိုချရတာပဲ

"နေဦး ချာတိတ်..."

လင်း က လှည့်ထွက်သွားပြီးမှ ပြန်ကြည့်၏။

"မင်း ပထမနှစ် ဖြေပြီးပြီဆို..၊ အောင်လား.."

"ဟုတ်ကဲ့.."

"ဒါဆို ဆက်ဖြေရမယ်..."

လင်း မျက်လုံးတွေ ဒေါ်စိန်စီလင်း ဆီ ဖျတ်ခနဲ ရောက်သွား
သည်။ ထုံးစံအတိုင်း ခံစားချက်မဲ့သည့် မျက်နှာထက်မှာ ပြုံးရယ်ခြင်း
တင်းမာခြင်းဆိုတာတွေကို ရှာလို့မတွေ့..။ ခြား ကတော့
ပြုံးချင်နေသည့် မျက်နှာနှင့် ကော်ဖီကိုပဲ သောက်နေလိုက်၏။ ကိုကို
တစ်ခုခုလုပ်ချင်ပြီဆို တိုင်ပင်တတ်တဲ့အကျင့် ရှိတာက သပ်သပ်၊ ပြီး
တော့လည်း သူ့သဘောကျလုပ်သွားတာပဲ ဖြစ်သည်။ ခုလည်း ပြော
ပြီးမှ အဒေါ်ဖြစ်သူထံ အကြည့်တစ်ချက် ဝေ့၏။ ထို့နောက်...

"အဘွားသန်း ကို ကူတာလဲ ကူပေါ့၊ ညည်းကို ဒီမှာ ကိုကြီးတို့
က ညီမလေးတစ်ယောက် ကောက်ရသလို နွေးနွေးထွေးထွေး ဆက်ဆံ
ကြတာ..၊ အလုပ်သမားတစ်ယောက်လို မနေရဘူး"

လင်း မျက်နှာပူနေတာ ဘယ်မှာသွားထားရမှန်း မသိ..။

အောင် ရှိနေတဲ့အချိန်တိုင်း အနားရောက်ရောက်လာတတ်ကာ
တကယ့် ညီမလေးတစ်ယောက်လို ပြောဆို ရင်းနှီးနေတတ်သည်။

သူ့သာမကဘဲ ခြား နှင့်ပါ ရင်းနှီးစေချင်တာမျိုး..။

"ညီညီက စိတ်ရင်းကောင်း ရှိပါတယ်၊ မျက်နှာကတော့ အန်တီ
နဲ့တူတာ ဖြစ်မယ်၊ တည်တည်တံ့တံ့နေပေမယ့် မကြောက်နဲ့..၊ အားလုံး
နဲ့ ရင်းနှီးနေမှ ညည်း ဒီထက်ပို လွတ်လပ်မှာ..၊ နားလည်လား..."





ဆိုတာမျိုးတွေပြော၍ ခေါင်းကိုပုတ်သွားတာမျိုး..။

"ညီညီရေ..၊ လင်း ကို ခေါ်သွားလိုက်ပါ၊ ဒီမှာ ပစ္စည်းတစ်မျိုး
ချန်ခဲ့လို့၊ ဒီတိုင်းထွက်သွားရင် အပြန် မိုးချုပ်လိမ့်မယ်"

စသည် လင်း အပြင်ထွက်ဖို့ရှိတိုင်း ခြား နှင့် လမ်းကြုံတာနှင့်
ခိုက်သွားပါ၊ ခေါ်သွားပါ နှင့် တိုက်တွန်းတာမျိုး..။ သူက ဂရုမစိုက်
ဆမယ့် ဒေါ်စိန်စီလင်း ကို လင်း ကြောက်မိသည်။ ပြောမယ်ဆိုဟယ်
နှင့် တိုက်ခိုက်တတ်တဲ့လူကို ရင်ဆိုင်ရတာက တစ်မျိုး..။

ဘာမှမပြောမဆိုဘဲ ဘာဖြစ်နေမှန်းမသိ ကိုယ့်ကို အလိုမကျတာ
ဘား..၊ ဘယ်သူ့ကို မကျေနပ်တာလဲ..၊ ဘာမှ အကဲခတ်မရသည့်
မျက်နှာတည်တည်ကိုတော့ တစ်ခါမြင်ရတိုင်း တစ်ခါသက်ပြင်းချမိ၏။

"ဘာမေဂျာလဲ..."

"ရှင်!..."

နောက်ထပ်မေးခွန်းကြောင့် တွေးနေသည့် လင်း ဖျတ်ခနဲ လန့်
သွား၏။

"ဟို... Physics ပါ"

"ဒါဆို ညီညီနဲ့ တူတူပဲ..၊ ကျူရှင်ယူတာလဲ ယူပေါ့၊ မရှင်းတာ..၊
သိတာရှိရင် ညီညီ့ကို မေး..."

အောင် ကလည်း သိပါသည်။ သူ့လုပ်သမျှတွေဟာ တစ်ယောက်
တည်း ထင်တိုင်းကြဲနေသလို သူများမြင်နိုင်သည်မှန်း..၊ ဒါပေမယ့်
သူ့စိတ်ကိုက ကိုယ်ပေးလိုက်တာထက် သူများဆီက ရရှိခြင်းကိုသာ
ခဲ့မှတ်ထားချင်တာ ဖြစ်သည်။

ကိုယ့်ရဲ့လိုအပ်ချက်အတွက် သူက တစ်ခုလောက် ဖြည့်ဆည်းခဲ့
လျှင် ကိုယ်က နှစ်ခု,သုံးခုလောက် ပြန်ပေးချင်တာမျိုး..။ ပြီးတော့
ဆင်းရဲချို့တဲ့ မိန်းကလေးတွေကို သနားသည်။ ဝါသနာပါလို့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ် မစောင့်ထိန်းနိုင်လောက်အောင် အပျော်လွန် ပျက်စီးတာမျိုး မဟုတ်ဘဲ ချို့တဲ့လွန်းလို့ နစ်မွန်းနေရတာမျိုးတွေ မဖြစ်စေချင်..။

ကိုယ်က သင့်တော်သည်ထင်လို့ လုပ်ပြီဆိုရင်လည်း တစ်စုံတစ်ရာသော နှောင့်ယှက်ကန့်ကွက်ခြင်းတွေကို လက်မခံနိုင်ပေ..။

တခြားသော တစ်စုံတစ်ယောက်ဟာ ကိုယ် မဟုတ်သည့်အတွက် ကိုယ် မှန်သည်ထင်တဲ့အရာဟာ တခြားသူအမြင်မှာ ဒီတိုင်း တစ်ထပ်တည်းဖြစ်နိုင်ပါ့မလား..။ ထို့ကြောင့် သူ့စိတ်ဟာ အမြဲတမ်း နူးညံ့နေနိုင်ပေမယ့် တစ်ယူသန် ဆုံးဖြတ်ချင်တဲ့ညာဉ်တော့ ရှိနေနိုင်၏။

"ကျောင်းအပ်ဖို့ကိစ္စတွေ ကိုကို ဒီမှာမရှိရင် ညီညီ က ကူညီလိုက်နော်"

ညီ့ကိုလှည့်ပြောရင်း မနေတတ်မထိုင်တတ်ဖြစ်နေသည့် လင်း ကို..

"ကြားလား ချာတိတ်..၊ ညည်းက ဒီမှာ မိသားစုဝင်နော်၊ မကြာခင် ညည်းရဲ့အစ်မတစ်ယောက် ရောက်လာလိမ့်မယ်၊ ကိုကြီး လက်ထပ်ပြီးတာနဲ့ သူ့ကို ဒီခေါ်လာမှာ..."

"ဟုတ်ကဲ့ပါ"

"အေး..၊ ရပြီ သွား..."

ကျေနပ်သွားသည့်အပြုံးနှင့် ခေါင်းညိတ်ခွင့်ပြုမှ လင်း ထွက်ခွာခွင့်ရသည်။ ကိုကိုကြီး၊ ကိုကိုလေးလို့ ခေါ်ပါဆိုတာလည်း ကိုကြီးစခေါ်ခိုင်းတာပါ။ ခေါ်စိန်စီလင်း ကတော့ ဒီနေ့ထိ လင်း ကို ဘယ်လိုသဘောထားတဲ့အကြောင်း တိုက်ရိုက် ပြောဆိုလာခြင်း ဘာမှမရှိ..။

"လူလေးအောင် လက်ထပ်မယ့်မိန်းကလေးကို သူ့ရွေးက မကြည်ဖြူလို့ ဖြစ်မယ်" လို့ အဘွားကတော့ လင်း ကို ပြောထားဖူးသည်။ ကိုကြီး နှုတ်ဖျားကမချဖြစ်နေတဲ့ သက် ဆိုတာကို စိတ်ဝင်စားမိ၏။

လင်း ကို ညီမအငယ်ဆုံးလေးလို မွေးစားပါသည်ဆိုသည့် ကိုကြီးက လက်ထပ်အံ့ဆဲဆဲ သတို့သားလောင်း ဖြစ်နေခဲ့သည်။





အချိန်တိုတိုအတွင်းမှာ လင်း ကို ချစ်ခင်ရင်းနှီးအောင် အခွင့်အရေးတွေ ပေးခဲ့ပေမယ့် အနားမှာ ဇနီးမယားရှိလာရင်တော့ တစ်မျိုးထမ်မည် ဖြစ်သွားလိမ့်မည် ထင်၏။

ကိုကြီးက မပြောင်းလဲရင်တောင် ကိုကြီးရဲ့ဇနီးက ခေါ်စိန်စီလင်းကို တည်ငြိမ်ရင့်ကျက်မှုများနှင့် ပါးစပ်ပိတ်နေနိုင်သူ မဖြစ်နိုင်..။

အိပ်မက်တွေကို လင်း မစွဲလမ်းခဲ့ဖူးပါ၊ ဘူမဘဝဟာ အိပ်မက်များနှင့် အမြဲတမ်း ရန်သူ ဖြစ်သည်။ ခုတော့ အိပ်မက်မက်သလို ရှက်ချင်းကြီး ပြောင်းလဲခဲ့ရသည့်ဘဝကို မက်မောနေမိသလိုလို..၊ ဘာကို ရင်နင့်နေမှန်း မသိ..။

လက်ထပ်တော့မည်ဆိုသည့်အသိ..၊ ပြီးတော့ ကိုကြီးရဲ့ ပြည့်ဝသည်မှန်တဲ့အပြုံးမျက်နှာ..၊ ဒါကိုပဲ ထပ်တလဲလဲ မြင်ယောင်နေခဲ့၏။

ဘယ်တုန်းကမှ ကြုံတင်တွေးပူခဲ့ဖူးတာမရှိဘဲ ခုချိန်မှာတော့ မိုးချုပ်သွားမှာကိုလည်း ကြောက်သည်။ မိုးလင်းလာမှာကိုလည်း ရင်ဆိုင်ချင်..။ ဆိုးရွားတာတွေ ဖြစ်မလာခင် ဒီကနေ ထွက်ခွာသွားချင်သည့် စိတ်တွေလည်း ခဏခဏ ဖြစ်၏။

ဟိုအရင်က ပေါ့ပါးလွတ်လပ်စွာ နေထိုင်သွားလာနေတတ်ခဲ့သော လင်းရာသီ ဘယ်ရောက်သွားမှန်းမသိဘဲ တွေတွေငေးငေးနှင့် ငြိစီ လင်းရာသီ ဖြစ်နေပြီလား..။ တွေးကြည့်လိုက်တော့ ကိုကိုကြီး လက်ထပ်သွားမှာကို နှမြောနေမိတာ ဖြစ်၏။ ဖျတ်ခနဲ မျက်လုံးချင်း ဆုံခဲ့ဖူးကတည်းက မေ့မသွားခဲ့တဲ့ မျက်နှာပိုင်ရှင်..၊ ပြန်တွေ့တော့လည်း ရင်းနှီးဆုံးဖြစ်ခဲ့ပါလျက်နှင့်။ ခေါင်းစဉ်ပြောင်းလိုက်တော့ လင်းရာသီ..။

'ရိုးသားစွာ သတိတရ ဖြစ်ခဲ့ခြင်း၏ နောက်...'



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၃ ]

"ကိုယ့်ကိုယ်ကိုယ်လဲ ပြန်စဉ်းစားကြည့်ပေါ့..၊ ယောကျ်ားလေးက အလိုလိုက်တိုင်း ရတဲ့အခွင့်အရေး အကုန်ယူရင် ဘာဖြစ်သွားနိုင်မလဲ ဆိုတာ..."

ဒေါ်မြတ်နိုး ၏စကားကြောင့် သက်တန့် မျက်နှာမှာ နေခုနစ်စင်း အပြိုင်လင်းလာသလိုပင်..၊ အိမ်မှာဆို ပက်ခနဲ ပြောချလိုက်မှာပေမယ့် ခုက အောင် နှင့်သူမ မင်္ဂလာပွဲအတွက် ရှော့ပင်ထွက်ခဲ့ကြတာ ဖြစ်သည်။ မင်္ဂလာပွဲ အကြီးအကျယ်မလုပ်ဘူးဆိုဇေမယ့် လက်ထပ်ဖို့ အတွက် လိုအပ်တာတွေတော့ ဝယ်ရခြမ်းရမှာမို့ အောင် လာခေါ်တော့ ဒေါ်လေးကိုပါ ခေါ်ခဲ့ပါလား တဲ့..။ နေပါစေဆိုတော့လည်း မရ..။

"ကိုယ်တို့က ဒါမျိုးတွေ အတွေ့အကြုံမရှိတော့ လိုအပ်တာ အကုန်လုံး မသိနိုင်ဘူးလေ သက် ရဲ့၊ လူကြီးတစ်ယောက်ပါတော့ သက့်အတွက် အဆင်ပြေတာပေါ့"ဟု ဆိုသည်။

မြဲမြဲအောင် ဆိုတဲ့ ယောကျ်ားဟာ နာမည်နှင့်လည်း လိုက်ပါသည်။ ပြောသမျှစကားထဲမှာ ချစ်ခင်မြဲမြဲဖို့တွေချည်းဖြစ်ကာ တစ်ဖက်သားအပေါ်မှာ မလိုတမာစကား ဘယ်တော့မှမဆို..။

အိမ်ကို တစ်ခါတလေပဲ မဖြစ်လို့ ခေါ်သွားခဲ့ရသည်။ တစ်ခါတလေဆိုသလိုပါပဲ သက်တန့် နှင့် ဒေါ်မြတ်နိုး တို့ကို ငြိမ်းချမ်းရေး တရားတွေ ဟောခဲ့၏။





ဒေါ်မြတ်နိုး ကို မဟုတ်ပါ။ သူမကိုပဲ ဖြစ်သည်။

"မိထွေးနဲ့ လင်ပါသမီး မသင့်မြတ်ခဲ့တဲ့ အစဉ်အလာတွေရှိခဲ့တာ ကိုယ် နားလည်ပါတယ်၊ ဒါပေမယ့် အစဉ်အလာဆိုတာကို လက်ကိုင်ပြီး ပြောခွင့်ရှိသလို မပြောပါနဲ့ သက် ရယ်..၊ မိသားစု မသင့်မြတ်ကြတာ ဘေးလူလဲ အထင်သေးတယ်၊ ကိုယ့်မှာ အမေ မရှိတော့ပေမယ့် သူ့ကိုပဲ အမေလို သဘောထားလိုက်ရင် သူကလဲ ပြန်ပြီး နွေးထွေးလာမှာပဲ၊ အမိမဲ့ဘဝမို့ အထင်မြင်သေးခဲ့တဲ့လူတွေအားလုံး လေးစားသွားလိမ့်မယ်၊ အထင်တကြီး ဖြစ်လာလိမ့်မယ်၊ ကိုယ်က မင်းအတွက် ပြောတာပါ၊ မိဘမဲ့တာချင်းတူရင်တောင်မှ မိန်းကလေးတစ်ယောက်ရဲ့ အမိမဲ့ဘဝက ပိုပြီး နိမ့်ကျတယ်..၊

ကိုယ့်စေတနာကို နားလည်ရင် ဒေါ်မြတ်နိုး နဲ့ သက် အတိုက်အခံတွေ ထပ်မဖြစ်ကြပါနဲ့၊ နွေးထွေးနိုင်အောင် ကြိုးစားဝါ၊ ကိုယ်နှစ်သက်မြတ်နိုးတဲ့ မိန်းကလေးဟာ လိမ္မာယဉ်ကျေးပြီး စိတ်သဘောထား နူးညံ့သိမ်မွေ့နေတာမျိုးလေး ဖြစ်စေချင်တယ်" တဲ့..။

လူငယ်လူရွယ်တစ်ယောက်ဖြစ်ပြီး ရာဇဝင်ထဲကို တစ်ပတ်ပြန်လျှောက်ချင်နေတဲ့လူ..၊ သူ့မျက်လုံးထဲမှာ သက် ကို အကျီရင်ဖုံးပွပွ ဆိုင်မသိမ်းထဘီနှင့်များ မြင်ချင်နေသလား မသိ..။

ဒေါ်မြတ်နိုး ကို မကျေနပ်သမျှ သင်းကြောင့် ခေါ်လာရတာဆိုသည့်ဒေါသက ထွက်လို့မပြီးနိုင်။ ဒေါ်မြတ်နိုး ကလည်း ပန်းအလှအိုးလေးတွေကို စိတ်ဝင်တစားကြည့်နေသည့် အောင့် ဆီ သက် ရဲ့မျက်လုံး ရောက်သွားတော့ နားလည်လိုက်သည်။

အောင် သာ အနားမှာရှိမနေလျှင် သက် နှင့်သူမ ဒီနေရာမှာလွယ်..။

"ငါက ညည်းကို စေတနာနဲ့ ပြောတာပါ၊ ကောင်လေးဟာ


www.burmeseclassic.com

www.burmeseclassic.com



ညည်းကို သူ့အမေရဲ့ကျေးဇူးရှင်လို့ သတ်မှတ်ပြီး..."

"ဒေါ်လေး..."

စိတ်မထိန်းလိုက်နိုင်ဘဲ အသံထွက်သွားသည်နှင့် ခပ်လှမ်းလှမ်းမှာရှိနေသည့် အောင့် မျက်နှာ ဒီဘက်လှည့်လာ၏။ သက်တန့် ဣန္ဒြေပြန်ဆယ်လိုက်ရပြီး...

"ဒီစကားတွေပြောပြီး တကယ့်အဖြစ်မှန်ကို ကိုအောင် သိအောင်လုပ်ချင်နေတာလား ဒေါ်လေး"

အံကြိတ်သံနှင့် မကြည့်ဘဲ ပြောလိုက်တော့ ဒေါ်မြတ်နိုး က နားမလည်သလို လိုက်ငုံ့ကြည့်ပြီး နားစွင့်သည်။ ပြီးမှ...

"လုပ်စရာလား သက်တန့် ရယ်..၊ ညည်းက ငါ့ကိုဆို အကောင်းတစ်ချက်မှကို မမြင်တာ..."

သက်တန့် က သိသာအောင်မဲ့လိုက်ပြီး ရယ်ဒီမိတ်ဝတ်စုံတွေဘက်ကို လျှောက်သွား၏။ အောင် နှင့်ဝေးသွားအောင် ဖြစ်သည်။

ဒေါ်မြတ်နိုး ကလည်း သူမဘေးမှာ ပါလာသည်မို့...

"ဒေါ်လေး နားချထားတဲ့ ဖေဖေ့စကားကြောင့် မင်္ဂလာပွဲတွေအကြီးအကျယ်မလုပ်သင့်ဘူးဆိုတာလဲ ကျွန်မ နားထောင်ခဲ့ရတယ်"

"အေးလေ..၊ ဒါ မှန်တာပဲလို့ လက်ခံပြီး နားထောင်ခဲ့တာမို့လား။ ကြောက်ကြောက်လန့်လန့်နဲ့ ခေါင်းငုံ့နေလိုက်ရတာမှ မဟုတ်ဘဲ သက်တန့် ရယ်..၊ ပြောရင် နားလည်တဲ့အရွယ်ပဲ"

"မလည်နိုင်တော့ဘူး၊ နားလည်း မထောင်နိုင်ဘူး၊ ရန်ကုန်မြို့ကိုစွန့်ခွာပြီး ပြည်မှာသွားနေဖို့ဆိုကာ အိပ်မက်ထဲတောင် ထည့်မမက်ဘူး၊ ကျွန်မကို ဟိုမှာချောင်ထိုးထားပြီး သူက ဒီမှာပဲ နေမှာ၊ သူ ဒီလိုလုပ်ဖို့စိတ်ကူးရှိတာကိုပဲ သဘောမပေါက်တာ..."

"နောက်တော့ ပေါက်အောင် ကြိုးစားပေါ့အေ..၊ လောလောဆယ်





ဒီလိုနေတာ ညည်းအတွက် အကောင်းဆုံးပဲ၊ ညည်း ဒီမှာနေရင် အောင်က ဒီရပ်ကွက်ထဲကို သွားလာနေမှာပဲ၊ ပတ်ဝန်းကျင်ပါးစပ်ထဲမှာ လင်းရာသီ ဆိုတာ ပါလာတဲ့တစ်နေ့နေ့..."

ချောက်ချားသွားသည့်မျက်နှာကို အကဲခတ်ပြီး ဒေါ်မြတ်နိုး က ပြုံးသည်။ ပြီးမှ ဆက်၍...

"သတိထားဖို့ ပြောတာပါ၊ ဒီကောင်လေး လင်း နဲ့ ညည်းကို ဘယ်လိုမှားသွားသလဲဆိုတာ ညည်းမပြောလို့ မသိရပေမယ့် သူ့ရဲ့မှားယွင်းမှုအပေါ်မှာ ညည်းက အရယူခဲ့တဲ့သူ..၊ လောဘတွေ သိပ်များလာရင် ကိုယ့်ကိုယ်ကိုယ် မဆင်ခြင်နိုင်လို့ မဖြစ်ဘူး၊ ဒါတွေကို မပြောချင်ဘဲ ပြောနေရတော့..."

အပိုတွေဆိုသည့် အကြည့်တစ်ချက် ရူးခနဲ ရောက်လာ၏။ ဒေါ်မြတ်နိုး မျက်နှာတင်းသွားကာ... ဒုန်

"ဒီကိစ္စပေါ်သွားလို့ ဘယ်သူ့မှာမှ အကျိုးမရှိဘူး သက် ကျဆုံး ငါ့ကို ချောက်တွန်းချင်လို့ဆိုတဲ့ မျက်လုံးနဲ့ချည်း မကြည့် ပါပဲ။ တစ်ခါ အိမ်ထောင်ကျသွားပြီး လွတ်လွတ်ခါခါထွက်သွားရင် အိမ် တွေးမိသည် သက်သာတယ်၊ စားမယ့်ပါးစပ်တစ်ပေါက် လျော့တယ်၊ ညီ သွားမှာကို ငါက ဘာကိစ္စ နှောင့်ယှက်ရမှာလဲ..."

ဒါကတော့ မှသားစကား မဖြစ်နိုင်မှန်း သက်တန် ားလို့ ခံစားမိ ချန်ရစ်ထားခဲ့ ငြိမ်နေလိုက်၏။

ပစ္စည်းဝယ်မလိုလို ဟိုကိုင်ဒီကိုင် တလှုပ်လှုပ် ပ်ကိုင်ထား အောင် ဘယ်မှာကျန်ခဲ့မှန်းမသိတော့ စကားသံတွေကလည်း ပြုံးကာ နိုင်လာ၏။

ဝယ်ခြမ်းဖို့ကို သတိမရတော့ဘဲ စကားပြောခြင်းက အဓိကဖြစ် ပြီးတဲ့ သွားခဲ့ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"သူကလဲ ခေါ်နေတော့ အရမ်းကို အဆင်ပြေတယ် သက်တန့်..၊ လောလောဆယ် လိုက်သွားလိုက်ပါ၊ အိမ်ထောင်ဦးဆိုတာ တစ်ယောက်သဘောတစ်ယောက် နားလည်မှုနည်းသေးတဲ့အချိန်..၊ ဒီအချိန်မှာ နားလည်မှုတွေရလာအောင် အလိုက်အထိုက်လေးနေပြီး ကိုယ့်ယောကျ်ား ဘယ်လိုလူလဲဆိုတာ သေချာသိပြီဆိုမှ လိုချင်တဲ့ပုံစံ ဆွဲယူရတယ်၊ အောင် နဲ့ညည်းတို့ နီးစပ်သွားခဲ့တာ စိတ်မနှံ့တဲ့မိန်းမကြီးကြောင့်ဆိုတာ ညည်းတို့နှစ်ယောက်နဲ့ တိုလင်မယားပဲ သိတာ၊ အများအမြင်မှာ ချစ်လို့ကြိုက်လို့ ငြိခဲ့ကြတာလေ၊ အစပြန်ပေါ်အောင် မလုပ်မိဖို့ ကြိုးစားရမယ်၊ အဲဒါက ဒီရပ်ကွက်၊ ဒီလူတွေနဲ့ ဝေးလေကောင်းလေ.."

ဒေါ်မြတ်နိုး ပြောခဲ့သမျှအပေါ်မှာ 'ဟုတ်ပါလား'လို့ လက်ခံခဲ့မိ ဘ ဒါ ပထမဆုံး ဖြစ်သည်။

ဘက်၊ဒါတောင် ဘယ်လိုမှ မကျေနပ်နိုင်သည့် ပြဿနာတစ်ခုနှင့် ဒေါ်၊ဂျိုကျလိုက်မိသေးသည်။

"ဒေါ်ယောကျ်ားနဲ့ ခွဲနေရမှာကြီးက သဘာဝမှမကျတာ ကိုအောင် အကြီးအင်နဲ့ပြီး ကို အလုပ်လုပ်နေတာ နေစရာမရှိဘူးဆိုတာဘာလဲ..."

"အေးက ကုမ္ပဏီမှာပဲ နေတာလေ၊ သီးခြားခွဲထွက်နေတာမှ ကြောက်ကြေမမေ ရှိနေစဉ်ကတည်းက အလုပ်လုပ်မယ်ဆိုရင် အလုပ်တန့် ရယ် ပြန်နေတာကိုပဲ ကြိုက်တယ်၊ မိဘအိမ်ကနေ ခွဲထွက်ပြီး

"မင်အိမ်ထောင် မနေရဘူးလို့ လုံးဝ သတ်မှတ်ထားတာ"

စွန့်စွာလောက် အဝေးကြီးမှာ အလုပ်လုပ်နေတာကို ကြုံသလိုအိပ်၊ ကျ၊ ပလိုစားရတာကျတော့ ကောင်းလား၊ ကိုအောင် တို့အိမ်က အရမ်း ရု ရှေးဆန်တာပဲ၊ ပျင်းစရာကြီးနေမှာပါ၊ ပြီးတော့ အဲဒီလို သားတွေပဲ မွေးထားတဲ့မိဘတွေက သားကို ပိုးကောင်လေးလိုထုပ်ပြီး ယုယထား





ချင်တာ..၊ ချွေးမကို အလိုမရှိကြဘူး"

သက်တန့် အတွက် အချိုရည်ဘူးကိုဖွင့်ပေးနေရင်း အောင် က သက်တန့် မျက်နှာကိုပဲ စိုက်ကြည့်နေသည်။ ဘယ်သူ ဘာစကားပြောပြော အလေးအနက် နားထောင်တတ်တာ သူ့အကျင့်..။

"ခုလဲ ကိုအောင့် မှာ မိဘတွေမရှိတော့ပေမယ့် အန်တီက အုပ်ထိန်းသူ၊ သက် ကို သူ မကြည်လင်ဘူးဆိုတာက သိသာနေတာ..."

"အန်တီက ဒီကိစ္စနဲ့ပတ်သက်ပြီး ဦးဆောင်စီစဉ်ပေးခဲ့တာပဲ ရှိတာ၊ မင်းအပေါ်မှာ ဆိုးတာ,ကောင်းတာ ဘာမှမဝေဖန်ခဲ့ပါဘူး၊ စကားပြောတတ်တဲ့လူတွေပဲ သက် ရယ်..၊ မမျိုသိပ်နိုင်တဲ့အခါ သူ ပြောလာမှာပဲ၊ ဘာမှမပြောသေးဘဲ ဘာဖြစ်လို့ ထင်ရာဆွဲတွေးနေတာလဲ..၊ ခရီးတစ်ခုကို ရောက်ဖို့ပဲ မဟုတ်ဘူးလား၊ ဒီလမ်း ကြမ်းကြမ်း,ချော ချော ရောက်အောင်သွားရမှာပဲ၊ ကိုယ် လုပ်ချင်တာကိုလုပ်ပြီးရင် ပြန်လျှော့သင့်တာတွေလဲ ရှိလာမှာပေါ့၊ ကိုယ်ကတော့ အဓိက အကျဆုံးကိုပဲ ရွေးချယ်တယ်၊ စိတ်မများပါနဲ့.."

ပြောလိုက်တိုင်း ဦးသုံးကြိမ် ပြေးချရတော့မတတ်ပါပဲ။ တစ်ခါတလေ ကိုအောင် ငါ့ကို တကယ်ချစ်တာ ဟုတ်ရဲ့လားလို့ တွေးမိသည် အထိ ဖြစ်သည်။

အချစ်နှင့်မသက်ဆိုင်သော နူးညံ့ယုယခြင်းတွေလားလို့ ခံစားမိသည့်အခါ ဆိုးချင်နွဲ့ချင်တာတွေ ပျောက်ဆုံးကုန်လျက် ချန်ရစ်ထားခဲ့မှာကို ကြောက်ရွံ့ခြင်းတွေ ကြီးစိုးလာခဲ့သည်။

သက်တန့် အေးစက်နေသည့် အချိုရည်ဘူးကို ဖိဆုပ်ကိုင်ထားရင်း မျက်တောင်ဖျားလေးတွေ စင်းချရေးနေတော့ အောင် က ပြုံးကာ...

"သက် ကို ကိုယ်က ငြိမ်းချမ်းစေချင်လို့ပါ..၊ လက်ထပ်ပြီးတဲ့အခါ မင်းဘက်မှာ ကိုယ်ရှိနေမှာပဲ၊ ဘာကို စိုးရိမ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

သက်တန့် မျက်လွှာလေး ပင့်တက်လာသည်။ ဖြောင့်စင်းနေသည့် ဆံပင်တွေကို ကျောပေါ်မှာ ဖြန့်ချထားလျက် မျက်ခုံးတန်းလေးတွေ ဖုံးနေအောင် ဆံမြိတ်ပါးပါးလေး ပြန်ချထားသည်။

အပြာရောင်ဝတ်စုံနှင့် အရောင်တူ အပြာရောင် နားဆွဲပိုင်းလေး လှုပ်ခတ်နေသော မျက်နှာလေးက မိတ်ကပ်ပြေပြေလေးနှင့်...

"ကိုအောင် က ဘာပြုံးတာလဲ.."

ပြုံး၍ စိုက်ကြည့်နေသည့် အောင် က ခေါင်းခါလိုက်ပြီး သွားတွေပေါ်အောင်ရယ်ကာ...

"မင်းက လှသလောက် ချစ်စရာလဲ ကောင်းတယ်"

ဒီလိုပြောတာကျတော့ ရင်တွေ တဖျပ်ဖျပ်ခုန်လေသည်။

"အဲဒါကြောင့် ပြုံးတာပါ"

"ဘာဆိုင်လို့လဲ"

"မဆိုင်ဘူးလား..၊ မသိဘူးလေ ဆိုင်တယ်မှတ်လို့..."

ပြော၍ အောင် က ရယ်သည်။ သက်တန့် ပြုံးနေလျက်နှင့်ပဲ အောင့် မျက်နှာကို ငေးကြည့်နေခဲ့မိ၏။ သူမနေရာမှာ လင်းရာသီဆိုရင် ဘယ်လိုနေမလဲ..။

ရင်ထဲက မှသားသစ္စာတွေက နှလုံးသွေးတစ်ချက်ခုန်လိုက်တိုင်း တိုးဆောင့် နှိပ်စက်လျက်..။





## အခန်း [ ၂၄ ]

ရုံးမှာလက်မှတ်ထိုးကြပြီး ဟိုတယ်မှာ ဒင်နာလုပ်လိုက်ခြင်းဖြင့် သက်ထပ်ခြင်းကိစ္စက ပြီးဆုံးသွားသည်။

နောက်ထပ် ကုမ္ပဏီအသစ်ဖွင့်ပွဲနှင့် မိခင်၏နာရေးကိစ္စ သိပ်ခေးသေးတာကို ပြောပြတော့လည်း လက်ခံခဲ့ရသည်။ အမြန်ဆုံး လက်ထပ်ဖြစ်ဖို့ ဆန္ဒရှိခဲ့တာက ကိုယ်ပဲမို့ သက် ဘာမှမပြောနိုင်..။

"သက် တို့လမ်းထဲမှာပဲ ညစ်ခံပွဲလုပ်ချင်ရင် ပြောလေ..၊ ပတ်ဝန်းကျင်မှာ သက် ရဲ့ဂုဏ်သိက္ခာအတွက် ကိုယ် တခမ်းတနား လုပ်ပေးပါ့ခယ်၊ ဟိုတယ်မှာ ဒိတ်လုပ်တာတွေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ အကျယ်ချဲ့ရှာတွေက အရမ်းကို တာဝန်ကြီးလို့ ဒါတော့ ခွင့်လွှတ်ပါ.."

တကယ်ဆို ဒေါ်ရွှေမမ ၏ နာရေးပြီးသွားတာ သုံးလမပြည့်ဘတ်သေး။ သူ့ရဲ့သားက အကြီးအကျယ် မင်္ဂလာဆောင်သည်ဆိုတာ သိပ်တော့ မကောင်းတာကြောင့် သက် လက်ခံခဲ့တာပါ..။

လမ်းထဲမှာ ညစ်ခံပွဲလုပ်ဖို့ မဖြစ်နိုင်တာကတော့...

"သက် ဘာဖြစ်နေတာလဲဟင်..၊ နေမကောင်းဘူးလား"

ကားမောင်းနေရင်း သူ လှည့်မေးတော့ သက် ခေါင်းခါလိုက်သည်။ လူက နေကောင်းပါသည်၊ ရင်ဘတ်ကြီးတစ်ခုလုံး ပူလောင်နေတာ မီးလောင်ပြင်ကြီးလို..။

ရန်ကုန်–ပြည် လမ်းမကြီးပေါ်မှာ ကားက ဟိုက်စပီနှင့်ပြေးနေပေမယ့် သက်တန့် ရဲ့စိတ်တွေက ရန်ကုန်ကို ပြန်ပြေးနေခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာပဲ နေချင်သည်။ ကိုအောင့် လက်ကိုချိတ်ရင်း ကိုအောင်နှင့်ပတ်သက်သမျှ အသိုင်းအဝိုင်းတွေထဲမှာ..၊ ပြီးတော့ ကိုယ့်ကို နှိမ့်ချကဲ့ရဲ့ခဲ့ကြတဲ့ ပတ်ဝန်းကျင်ထဲမှာ...။

သက်တန့်ခင် ဆိုတဲ့မိန်းမ ဘယ်လို အိမ်ထောင်ဖက်မျိုးကို ရခဲ့သလဲဆိုတာ ကြေညာမောင်းခတ်ချင်၏။

"လိုက်သွားလိုက် သမီး..၊ မိဘဆီကို အချိန်မရွေး ပြန်လာလို့ရတယ်၊ သမီးတို့ အိမ်ထောင်ရေး အသားကျပြီဆိုရင် သမီးစိတ်ကြိုက်ဘာလုပ်လုပ်..၊ ခုချိန်မှာတော့ သမီးရဲ့လုပ်ပိုင်ခွင့်အားလုံးကို မျိုသိပ်ထားဆီးထားရမှာပဲ၊ ဖေဖေကလဲ လူကြီးလူကောင်းတော့ မဟုတ်ပေမယ့် သမီး လုပ်ခဲ့တဲ့ ပြဿနာကြီးနဲ့ တကယ် ရင်ဆိုင်လာရတဲ့အခါပြောင်ပြောင်ကြီး ခေါင်းခါပေးဖို့ထိ သတ္တိမရှိဘူး..၊ အဲဒီတော့ မပြောရက်ပေမယ့် ပြောရမှာပဲ၊ ကိုယ့်ဇာတ်ကို နိုင်အောင် က,ပါ"

ဖေဖေ ပြောခဲ့တာတွေက လူကို အမြဲတမ်း ခြောက်လှန့်နေသည်။ ကြောက်ရွံ့နေတာမဟုတ်ဘဲ စိတ်မချမ်းမသာဖြစ်ရခြင်းကြောင့် သက်တန့် အတွက် လွတ်လပ်စွာ ပြုံးရယ်နိုင်ခွင့်ဆိုတာ ဘယ်သောအခါမှ ရရှိလာမည်ဆိုတာ မသိ..။

ကိုယ့်ဘာသာ လိမ်ညာထားခဲ့တဲ့အဖြစ်အတွက် ကိုယ်ပဲ ရင်ဆိုင်တော့လို့ ဖေဖေ လွှတ်ပေးလိုက်တာမှန်း တွေးမိလေ ရင်ထဲမှာ မကောင်းလေ..။ ဘဝမှာ မိမိ ကောင်းစားဖို့အတွက်ထက် ဘာပိုအရေးကြီးသလဲ..၊ ဒီလိုဖြစ်လာအောင်လည်း ဘယ်သူကမှ ကြိုတင်ကြံစည်ခဲ့တာ မဟုတ်ပေ..။

"ညည်း ဒီမှာနေလို့ လုံးဝမဖြစ်ဘူး သက်တန့်..၊ လင်းရာသီတစ်နေရာရာမှာရှိနေရင် တစ်နေ့နေ့ တွေ့ဖြစ်ကြမှာပဲ၊ ဒါတွေကို မပြောဖြစ်ကြရင်တော့ အရေးမကြီးဘူးလေ..."





ဒီစကားမျိုးတွေပြောပြီး မဲ့ပြုံးနှင့် အမြဲတမ်းကြည့်တဲ့ ဒေါ်မြတ်နိုးကတစ်မျိုး..။

"သက်..."

"ဟင်..."

"ငိုင်နေလိုက်တာကွာ..၊ ဒီလောက်ထိ စိတ်ဆင်းရဲနေရင်လဲ..."

"မဟုတ်ပါဘူး ကိုအောင်..၊ သက် က ခရီးပန်းရင် ဒီလိုပဲ"

ခရီးပန်းရအောင် ခုမှ မိုင်ငါးဆယ်တောင် မကျော်သေးပါ။ ရန်ကုန်နှင့်ပြည် မိုင်နှစ်ရာလောက် ဝေးသည်။ ဒါတောင် မြို့ရွာ အိမ်ခြေမပြတ်တော့ လမ်းပေါ်မှာ ဆိုင်ကယ်၊ စက်ဘီးတွေကအစ ပြတ်တယ်လို့ မရှိ..။

ဟိုင်းဝေးလမ်းမကြီးမို့ ကားကြီးကားငယ်တွေ သွားလာနေကြတာက ရှိသေးသည်။ ထို့ကြောင့် ဒီလမ်း၊ ဒီခရီး ဘယ်လောက်ကြာကြာ မောင်းရမယ်ဆိုတာ အချိန်အတိအကျ ကန့်သတ်လို့မရပေ..။

သက် တကယ် ပင်ပန်းနေပြီဆိုလျှင် ခရီးဆုံးအောင် ခေါ်သွားရမည့်ကိစ္စမှာ ပြဿနာရှိနိုင်၏။

"သက် တကယ် ဘာမှမဖြစ်ပါဘူး"

သူ တကြည့်ကြည့်လုပ်နေတာသိကာ သက်တန့် က ပြုံးပြရင်းပြော၏။

"ပင်ပန်းတော့လဲ ဟိုရောက်ရင် နားလို့ရတာပဲဟာ..."

'ဒါဆိုလဲ မသွားတော့ဘူး၊ ပြန်လှည့်မယ်'လို့ ပြောလာလျှင် ဝမ်းသာစရာပေမယ့် သက် အတွက်က ဒီလိုလည်း မဖြစ်သေးတာမို့ အပူရပ်ကို ဟန်လုပ်ပြုံးရ၏။ တကယ်ဆို လက်ထပ်ပြီးတာနှင့် ညအိပ်ခွင့်လေးတောင် မရဘဲ ခရီးထွက်လာခဲ့ရတာ ဘယ်မိန်းမသားက စိတ်ချမ်းသာမှာလဲ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်းနီးမွန်းလို့ပဲ သဘောထားပါ"တဲ့..။

ရန်ကုန်ရွှေမြို့တော်ကနေ ပြည်ကို သွားနေရမှာ ဟန်းနီးမွန်းလား..၊ ဖြစ်သင့်တာက ရန်ကုန်မှာ ကိုအောင့် ရဲ့ညီ ဆောက်ထားတဲ့ လုံးချင်းတိုက်ကြီးတွေ ရှိသည်။

ကြိုက်တဲ့ခြံမှာ တစ်ပတ်တန်သည်..၊ နှစ်ပတ်တန်သည်တော့ အနားမယူသင့်ဘူးလား။ အောင့် ပုံစံက အိမ်ထောင်ပြုလိုက်ရတာကိုပဲ ရှက်နေသလိုလို၊ လူသိမခံချင်သလိုလို..၊ ဒါပေမယ့် သတင်းစာထဲ ထည့်ဖို့ကျတော့ အလွယ်တကူပါ..။

"သက် ကို ပြောရဦးမယ်၊ ကိုယ် ပြောဖူးတဲ့ မွေးစားညီမလေး ဆိုတာလေ..."

"အင်း.."

"သက် နဲ့ အဖော်ရမှာ သိလား"

လာပြန်ပြီ ဒီညီမ..၊ ဟိုတစ်ခါ အားပါးတရကြီး ပြောချလာတာကို နားမထောင်ချင်လို့ စကားဖြတ်ပြီး ဟိုမေးဒီမေး လုပ်ပစ်ခဲ့ပြီးပြီ..။

မြမြအောင် ဆိုတဲ့ပုဂ္ဂိုလ်မှာ အကောင်းမမြင်ဝါဒဆိုတာရော ရှိသေးရဲ့လား..၊ ဘယ်သူ့ကိုဖြစ်ဖြစ် ဘာအကြောင်းပြောပြော အကြင်နာမှုဒိတာတွေနှင့်..။

"ဟိုတစ်ခါ ပြောမြမလို့ဟာ မပြောဖြစ်လိုက်ဘူး၊ သူလဲ ရန်ကုန်ကပဲလေ၊ ရန်ကုန်ကနေ ပြည်မှာ အလုပ်လာရှာတာတဲ့.."

ရယ်စရာတစ်ခုလို ပြောနေပေမယ့် အောင် ရယ်ပုံက သူမလေးအပေါ်မှာ မဟာကရုဏာတွေ ပြည့်ဝနေတဲ့ပုံ..။

"သူက ကိုယ့်ကို တစ်ခါကူညီဖူးတယ်၊ မြွေကို ခေါင်းကနေ တက်နင်းထားပြီး ကိုယ်က မသိဘူး၊ ဖိနပ်နဲ့ ဘောင်းဘီနဲ့ဆိုတော့ သူ အမြီးနဲ့ပတ်ရိုက်နေတာကိုလဲ ရုတ်တရက် သတိမထားမိဘူးလေ၊ ကိုယ်က





မမေ့ကို ရှာဖို့ပဲ စောသန့်နေတာ..."

"သူက မြွေကို ရိုက်သတ်ပေးရောလား.."

"ဟုတ်တယ်.."

ရွှဲ့မေးလိုက်တာကို အောင် က ကားမောင်းရင်း ဒီဘက်လှည့်၍ အားပါးတရ ခေါင်းညိတ်သည်။ သူ့စိတ်ထဲမှာ သူပြောတာကို သက်တန့် စိတ်ဝင်တစား ဖြစ်လာပြီဟု..

"မြွေက မြွေကောင်းမဟုတ်ဘူးကွ..၊ ကိုက်မိရင် အသက်အန္တရာယ် ရှိနိုင်တယ်"

"ဘယ်လောက်တောင်ကြီးလို့လဲ ကိုအောင် ရယ်..၊ ခေါင်းကို တက်နင်းထားတာကိုတောင် မသိဘဲနဲ့ ကိုအောင့် မှာ ရှူးဖိနပ်နဲ့ ဘောင်းဘီရှည်နဲ့ ရုတ်တရက် ကိုက်နိုင်ပါ့မလား"

"ဟုတ်ပါတယ်..၊ ဒါပေမယ့် သူ ကိုယ့်ကို ကိုက်နိုင်မလား၊ မကိုက်နိုင်ဘူးလားဆိုတာ ခြေထောက် ဖယ်ပေးပြီး အကိုက်ခံကြည့်မှ သိမှာလေ..၊ ချာတိတ်က မျက်စိရှင်လို့ တော်သေးတာပေါ့"

"အဲဒါကြောင့် ကိုအောင် က ခေါ်ပြီး မွေးစားလိုက်တာလား"

"မွေးစားတာက ဟုတ်တယ်၊ ခေါ်တာကတော့ မဟုတ်ပါဘူး၊ သူက ကိုယ်တို့အိမ်မှာနေတဲ့ ဒေါ်သန်းသန်း ဆိုတဲ့..."

"အိမ်ဖော်နဲ့ ဆွေမျိုးတော်လို့ ရောက်လာတာလား..."

"ဟာ!... အိမ်ဖော် မဟုတ်ပါဘူး"

အောင် ပျာပျာသလဲဖြစ်သွားမှ သက်တန့် ကိုယ့်စကား မှားသွားပြီမှန်း သတိရသည်။ တကယ်ဆို ဒီလိုလူ့ရှေ့မှာ ရုန့်ရင်းကြမ်းတမ်းတဲ့ စကားတွေ ပြောမိဖို့ မသင့်..။

"အဘွားသန်း ကို အိမ်မှာနေဖို့ မေမေ ရှိတုန်းကတည်းက ဘောင်းပန်ပြီး ခေါ်ထားရတာပါ၊ သူ ချက်တဲ့လက်ရာကိုမှ တစ်အိမ်လုံး



www.burmeseclassic.com

www.burmeseclassic.com



က ကြိုက်နေကြလို့လေ…"

အလှူလုပ်တဲ့ပွဲမှာ ဆုံခဲ့ကြတာတွေတော့ အောင် ပြောမပြတော့ပါ။

"ပြီးတော့ကွာ..၊ ကိုယ်တို့ နယ်ပိုင်းမှာ အိမ်ဖော်ဆိုတဲ့ အသုံးအနှုန်းက အရမ်းကိုစိမ်းတာ၊ အိမ်ဖော်ထားကြတဲ့အကျင့်လဲ မရှိဘူးလေ၊ အိမ်တွင်းမှုဇာတ်ဟီရဆိုတာ မိသားစုတွေပဲ လုပ်ကြတာ၊ ချမ်းသာတဲ့ လူတွေကျတော့လဲ စီးပွားရေးလုပ်ငန်းမှာပဲ အလုပ်သမားသုံးတယ်၊ အိမ်မှာ လူပိုသက်သက်ထားပြီး ခိုင်းစေတာမျိုး မရှိဘူး"

ရှိတော့ ရှိကြမှာပေါ့..၊ သင်းကိုက အိမ်ဖော်လို့ ခွဲခြားပြောတာကို မနှစ်သက်တာ၊ သက်တန့် စိတ်ထဲမှာ အောင့် သဘောကို နားလည်ပြီးရင်း နားလည်လာခဲ့သည်။ ထို့ကြောင့် ကိုယ်နှင့်မသက်ဆိုင်တာတွေကိုလည်း မကြားချင်တော့ဘဲ ရှိကာ…

ဟိုကြည့်ဒီကြည့်လုပ်ရင်း စကားမဆက်ဖြစ်အောင် တားဆီးမိပြန်သည်။ အောင် ကလည်း ဘာမှမပြောတော့ဘဲ ကားမောင်းနေသဖြင့် လုံးဝ တိတ်ဆိတ်သွားတာကြီးကျတော့လည်း သက်တန့် မနေနိုင်..

"ကိုအောင်…"

"ဟင်…"

"သက် ကို ကိုအောင် ချစ်ရဲ့လားဟင်.."

"ဘာဖြစ်လို့လဲ သက်..၊ ပွင့်ပွင့်လင်းလင်း ပြောပါ၊ ကိုယ့်အပေါ်မှာ တစ်ခုခု ငြိုငြင်မိတာ ရှိနေလို့လား၊ မင်းကပြောမှ ကိုယ် ဖြေရှင်းလို့ရမှာလေ…"

သက်တန့် က လက်ပိုက်လျက်လေးနှင့် နည်းနည်း ကိုယ်ကို မတ်ထိုင်လိုက်ရင်း…

"ချစ်နေစေချင်လို့ပေါ့ ကိုအောင် ရယ်..၊ သက် စိတ်ထဲမှာ ကိုအောင်နေပုံက စိမ်းသလိုပဲ"





အောင် က ရှေ့ပြန်လှည့်ပြီး ပြုံးသည်။ ပြီးတော့မှ ပြန်ကြည့်၍…

"သက် ကရော ကိုယ့်ကို ချစ်လား…"

"ဘယ်လို!…"

"မိန်းကလေးသဘာဝအတိုင်း တစ်ဖက်က ချစ်ခင်ယုယတာကို အလိုရှိတာမျိုး..၊ တစ်ခုက အိမ်ထောင်ဖက်အဖြစ် အားကိုးချင်တာမျိုးပေါ့"

"သက် က မချစ်ဘဲနဲ့ အဲဒီလိုအကြောင်းတွေနဲ့ ရွေးချယ်ခဲ့တယ်လို့ ကိုအောင် က ပြောတာလား.."

"ကိုယ့်ဘက်မှာလဲ ပြောစရာတွေ ရှိလာလို့ပါ၊ သက် က အဲဒီလို ရွေးချယ်ခဲ့တယ်ဆိုရင်လဲ ကိုယ်ကျေနပ်တယ်၊ မင်းနဲ့ကိုယ် ဆုံခဲ့ကြတာ သိပ်မကြာလိုက်ဘူးလေ..၊ နှစ်နှစ်ကာကာ ချစ်ကြဖို့က…"

"အချစ်မှာ အချိန်ကန့်သတ်ချက်တွေ..၊ စည်းမျဉ်းဇယားတွေ ရှိသလား ကို…"

သက်တန့် က ဒီလိုပါပဲ။ ကိုအောင် ခေါ်လိုက်..၊ ကို ဖြစ်သွားလိုက်..၊ အောင် က သက်တန့် ကို စိုက်ကြည့်နေပြီးမှ ရှေ့ပြန်လှည့်ပြီး သက်ပြင်းချသည်။

"မရှိပါဘူး..၊ ခုမြင် ခုချစ်ဆိုတဲ့ စကားလဲ ရှိခဲ့တာပဲ၊ ဒါပေမယ့် ခင်းနဲ့တွေ့ခဲ့တဲ့အချိန်မှာ ကိုယ့်ရင်ထဲမှာ ပူလောင်နေတာ ထောင့်ငါးရာကီလေသာမီးတွေ မဟုတ်ဘူး…"

ကားက ပုံမှန်ပြေးနေတာပေမယ့် သက်တန့် တစ်ကိုယ်လုံး ဆောင့်ခုန်သွားသလိုပင်..၊ တဖြည်းဖြည်း စောင်းကျသွားသည့် နေမင်း၏အလင်းရောင်က အေးမြခြင်းတွေနှင့် နှုတ်ဆက်နေသည့်တိုင် သူမရင်ထဲမှာ ခုမှ မွန်းတည့်နေ..။

"မင်းနဲ့ကိုယ် ဆုံတဲ့အချိန်မှာ မေမေ့အပေါ် မပေးဆပ်၊ မကျေပွန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သမျှ မေမေ့နားမှာ ပျော်ရွှင်နေပေးခဲ့တဲ့ မင်းအတွက် ကိုယ့်ဘက်က ရင်းနှီးမှုတွေ ချက်ချင်းဖြစ်သွားခဲ့တယ်၊ အဲဒီ လိုက်လှဲ့နွေးထွေးမှုဟာ ချစ်တာခင်တာတွေထက် လေးနက်ပါတယ် သက် ရယ်..၊ တကယ်ပါ.. အချစ်ကို ကိုယ် ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့သလို ဒါကို အရေးပါ အရာရောက်တဲ့ပြဿနာတစ်ရပ်အဖြစ်နဲ့လဲ တစ်ခါမှ ခေါင်းထဲ ထည့် မကြည့်ခဲ့ဘူး..."

မမေးဘဲ နေလိုက်ပါလား သက်တန့် ရယ်..၊ ကိုယ့်ခေါင်းကိုယ် သာ ထုပစ်ချင်တော့သည်။

"မင်းကို ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ကိုယ် လက်ခံနိုင်တယ်၊ မင်းဘက် ကလဲ ယုံကြည်အားကိုးခဲ့တယ်၊ ကိုယ်တို့ဘဝနှစ်ခု ပေါင်းစပ်လူထောင် တဲ့အခါမှာ ခိုင်မာစွာ ချည်နှောင်ဖို့ သံယောဇဉ်တွေ ဖြစ်လာကြမှာပဲ၊ ကိုယ့်စိတ်ကို အေးချမ်းဖို့အကြောင်းတွေပဲ တွေးပါ သက် ရယ်..."

ဒါဆို သူ့ဆီမှာ အချစ်ဆိုတာ ဘယ်တော့မှရှိလာမှာ မဟုတ်တော့ ဘူးပေါ့..၊ သက် က မချစ်ဘူးဆိုရင်လည်း ကျေနပ်ပါတယ်ဆိုတော့ အချစ်က ဘယ်လိုရှုထောင့်နေရာမှာမှ မလိုအပ်တော့ဘူးပေါ့..၊ ဒါပဲ လား..။ သက် ကတော့ သူ့ကို ချစ်ခဲ့တာလို့ပဲ ယုံကြည်သည်။ ချစ်လို့ ပိုင်ဆိုင်ချင်တာ မဟုတ်ဘူးလား..၊ အချစ်ကို လိုချင်ခဲ့တာကလည်း ချစ်လို့ပဲ ဖြစ်သည်။

ကိုယ်မချစ်တဲ့သူက ယုယကြင်နာနေတာမျိုးကို ဘယ်သူ အလိုရှိ လို့လဲ..၊ ဒါတွေ ဘာဖြစ်လို့ ခုကျမှ ပြောမိဆိုမိတွေ ဖြစ်ရတာလဲ..။

သူ ဒီလိုပုံစံရှိနေနိုင်တာ သိပေမယ့် တကယ် ဝန်ခံတာကို မကြား ရလျှင် အကောင်းသား..။

"လက်ဖက်ရည်သောက်ရင်း ခဏ နားရအောင်နော်..၊ သက် လဲ ညောင်းနေရောပေါ့"





လှည့်ပြောပြီး ကားကို ဆိုင်ရှေ့မှာရပ်လိုက်၏။ အစားအသောက် တွေကို စိတ်မဝင်စားသဖြင့် ဘာတွေမျိုချမိပြီး ဘယ်လိုအရသာတွေ မှန်းတောင် မခံစားမိတော့ပါ..။

ထိုစဉ် ဆိုင်ထဲကို ပလတ်စတစ်ခြင်းလေးနှင့် ငုံးဥသည်ကောင်လေး ဝင်လာသည်။ ဟိုစားပွဲ၊ ဒီစားပွဲ လိုက်ရောင်းနေတုန်းက မဝယ်ဘဲ ပိုက်ဆံရှင်းပြီး ကားပေါ်တက်တော့မည်ဆိုမှ နောက်ပြန်လှည့်ကာ...

"လင်း အတွက် ငုံးဥဝယ်ဦးမယ်၊ သက် ခဏနော်..."

ခေါင်းညိတ်ပြလိုက်ပြီး သက် ကားထဲဝင်ထိုင်လိုက်သည်။ တံခါး ပိတ်လိုက်ပြီးမှ နားထဲမှာ တစ်စုံတစ်ခုက မြည်ဟည်းကျန်ခဲ့သလိုဖြစ် လျက်..။ လင်း...၊ ကိုအောင် ခုနက လင်း လို့ ပြောလိုက်တာလား..။

ကိုယ့်ဘာသာမေးရင်း ကိုယ်က ဆတ်ခနဲ ဖြစ်သွား၏။ အောင် က ကားထဲဝင်ကာ ငုံးဥထုပ်တွေကို ဒက်ရှ်ဘုတ်ပေါ် တင်လိုက်ပြီး...

"ချာတိတ်က ခဏခဏ ဝယ်စားတယ်ကွ..၊ အဲဒါကြောင့်..."

"ဘယ်သူလဲ ကို..၊ လင်း ဟုတ်လား..."

"ဟုတ်တယ်..၊ ကိုယ်ပြောတဲ့ မွေးစားညီမလေးလေ..၊ လင်းရောသီ တဲ့..."

သက်တန့် ကိုယ်လေး ကူရှင်မှာ တောင့်ကပ်သွား၏။ မျက် တောင်တစ်ခတ်အတွင်းမှာ ရာသီစက်ခွင်တွေ နှစ်ပတ်၊ သုံးပတ် လည် သွားသည်လား..၊ ဒါမှမဟုတ် သူမ တစ်ကိုယ်လုံးပဲ ကျွမ်းထိုးမှောက်ခုံ ခုန်ပေါက် လွင့်မျောသွားတာလား..၊ ကိုယ့်နားကို ကိုယ်မယုံနိုင်..။

မမှားနိုင်မှန်းသိလျက်နှင့် မှားစေချင်၏။

ဒါ... အိပ်မက်ဆိုရင်လည်း မိုးမလင်းပါစေနဲ့..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၅ ]

"လင်း..."

"ရှင်..."

"အဲဒါတွေ သိမ်းလိုက်တော့..."

"ဟုတ်ကဲ့.."

ဒေါ်စိန်စီလင်း က ကိုင်ထားသည့်အထုပ်ကို ပစ်ချကာ ဆိုဖာမှာ အိခနဲ ထိုင်ချလိုက်၏။ စိတ်ပန်းလူပန်းဖြစ်လာပုံနှင့် ဆိုဖာလက်တင်မှာ ကပ်ရင်း နားထင်တစ်ဖက်မှာ လက်ထောက်ထားလျက်...

"သားငယ် ပြန်လာသေးလား..."

"ရေချိုးနေတယ် အန်တီ..၊ လင်း ဘာလုပ်ပေးရမလဲဟင်.."

"နေပါစေ... နေပါစေ..၊ ခေါင်းတွေကိုက်လိုက်တာ အရမ်းပဲ..၊ ပြောဆိုနေရရင် ပိုကိုက်လာမှာ သေချာတယ်၊ အဲဒါကို စာကြည့်ခန်းထဲမှာ ဒီတိုင်းပဲ သွားထားလိုက်.."

ဖိတ်စာတွေ ရွေးလာတာဖြစ်မှန်း လင်း သိလိုက်သည်။ အခြေအနေကိုကြည့်ရတာ ဒီမှာ မင်္ဂလာပွဲလုပ်ဖြစ်မှာ မဟုတ်တော့ဘူးဆိုတာ သေချာ၏။ ကိုကိုကြီး ရဲ့ဂရုစိုက်မှုကြောင့် ဒေါ်စိန်စီလင်း ကလည်း မိသားစုလို သဘောထားလာခဲ့သည်။ ခေါ်ပြောခိုင်းစေတာတွေ ရှိလာခဲ့သဖြင့် လင်း အသက်ရှူချောင်ခဲ့၏။





ဒါပေမယ့် အန်တီ ဘာဖြစ်လာတာလဲ..၊ ဘာညာ အတွင်းရေးတွေ နှိုက်ချွတ်မေးဖို့ထိတော့ လင်း မစွန့်စားခဲ့ပါ..။

ဖိတ်စာထုပ်ကို ကောက်ယူကာ နောက်ကို လှည့်ထွက်လိုက်လျှင်—

"ဩော်... လင်း..."

"ရှင်..."

"အဲဒါထားပြီးရင် အပေါ်ထပ်က အခန်းလွတ်ရယ်၊ အောက်ထပ်က သားကြီးအိပ်တဲ့အခန်းရယ်ကို သေချာ ရှင်းထားပေးနော်.."

"ဟုတ်.."

"မခင်မူ ကို မခိုင်းနဲ့..၊ ညည်းအစ်ကိုက နေရာတကာ သူ့ဘော ကောင်းပေမယ့် သူတို့ညီအစ်ကို အိပ်ခန်းထဲကို ဘယ်သူ့မှ ပေးမဝင်ဘူး"

ဒီလိုအခွင့်အရေးတွေ ပေးလာတာကို ကျေးဇူးတင်မိသည်။ ပြီးတော့ ဝမ်းလည်းသာပါသည်။ ဒေါ်စိန်စီလင်း အပေါ်မှာ ပြောမှားဆိုမှားတွေဖြစ်မှာတော့ စိုးမိ၏။

ထို့ကြောင့် လင်း အရင်က ဘယ်လိုပဲ သွက်လက်ပါစေ ခုချိန်မှာ ဘာကိုမှ သွက်လက်စွာ ပြောမထွက်တော့ဘဲ ဖြစ်နေခဲ့သည်။

"အန်တီ..၊ ဟို... နှစ်ယောက်အိပ် ပြင်ရမှာလားဟင်.."

"ဟုတ်တယ်..၊ ခုတင်လဲ သွင်းထားပြီးပြီ၊ ပစ္စည်းတွေလည်း အစုံရှိတယ်၊ အပေါ်ရော အောက်ရော ပြင်သာပြင်ထားလိုက်၊ အချိန်မတော်မှ ရောက်လာမှာဆိုတော့ ပင်ပန်းပြီး ဝင်အိပ်ကြမှာပဲ၊ မနက်ကျမှ ကြိုက်တဲ့အိပ်ခန်း ရွေးလိမ့်မယ်"

စိတ်လည်း ညစ်ပါသည်။ ညစ်သလို နေလိုက်လို့လည်း မရ..၊ ဖိတ်စာတွေအပ်ထားပြီးမှ မင်္ဂလာမဆောင်တော့ပါဘူးလို့ ဖုန်းဆက်သည်။ အေးဆေးမှ လာမလို့လိုနှင့် ခုပဲ လာနေပြီဟု ဖြစ်ပြန်၏။ ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့ပေ..။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွက်ကတော့ သဆောတူတယ်၊ မတူဘူးဆိုတာတွေ မဖြစ်ပါ။ သူတို့လေးတွေကို ထိန်းကျောင်းပဲ့ပြင်ရုံပဲမို့ သူတို့ စိတ်ချမ်းသာတယ်ဆို ပြီးတာပါပဲ..။

ခြား ကလည်း သူ့အစ်ကိုနှင့် အဒေါ်ကို သဆောထားမကွဲလွဲစေချင်တာမျိုး ခဏခဏ ပြောလာတတ်၏။

"ကိုကိုက ကျွန်တော့်ထက် အများကြီး လိမ္မာပါတယ် အန်တီရာ..၊ မပူပါနဲ့ သူ ရွေးချယ်လာတာ၊ အရွေးမှားသွားရင်လဲ သူ ခံပေါ့၊ အန်တီ စတ္တရားကျေပြီပဲဟာ..."

ဒေါ်စိန်စီလင်း မျက်နှာမကောင်းဖြစ်နေတိုင်း ဒါတွေပဲ ပြောနေတော့ နားလည်ရမည်။

ဘယ်တုန်းကမှ ပြဿနာမရှိခဲ့ဘဲ မင်္ဂလာကိစ္စကျမှ ကွဲလွဲခြင်းတွေ မဖြစ်ရအောင်လည်း ဆုံးဖြတ်ထားလိုက်သည်။

ထို့ပြင် သက်တန့်ခင် ဆိုတဲ့မိန်းကလေးက မမကို ကြည့်ရှုစောင့်ရှောက်ခဲ့ဖူးတဲ့သူ..၊ ဘာပဲဖြစ်ဖြစ် ထားလိုက်ပါတော့မည်..။





## အခန်း [ ၂၆ ]

"ဟဲ့... လင်းရာသီ..၊ ဩော်... မင်္ဂလာအိပ်ခန်း ပြင်ထားတာ အဖြူရောင်ကြီးအေ..."

"ရှင်..၊ ဘာလဲဟင် အဘွား..."

လင်း အလုပ်ရှုပ်နေတုန်းမို့ အဘွား အသံကြားတော့ နောက်ပြန်လှည့်လာရ၏။ ဒေါ်သန်းသန်း က တံခါးကြားကနေ အထဲကို လှမ်းပြောတာ...

"ဟိုမှာကြည့်ဦး..၊ ညည်း လုပ်ထားတာ..."

လင်း က အထဲကို ပြန်ချောင်းကြည့်ကာ ဘာအပြစ်ဖြစ်သွားမှန်းမသိသည့်မျက်နှာလေးနှင့်...

"သိရဲ့လား..၊ မင်္ဂလာခန်းဆိုတာ ပန်းရောင်လေး ဆင်ရမယ်၊ အထဲမှာ အိပ်ခင်းတွေ ရောင်စုံ ထည့်ပေးထားတာတောင်မှ..."

"အဘွားကလဲ..၊ ကိုကြီးက အဖြူရောင်ပဲကြိုက်တဲ့ဥစ္စာ..."

"အခု လူလေး အိပ်ဖို့မှမဟုတ်ဘဲအေ..၊ သူ့မိန်းမပါ ပါလာမယ်လေ..."

"သူ့မိန်းမကလဲ အဖြူရောင်ပဲ ကြိုက်တယ်ဆိုရင်ရော..."

"အမယ်လေး မိကျောင်းမရယ်..၊ မရှိတဲ့လျှာက ရှည်နေပြန်ပြီ"

"နေပါစေတော့..၊ အဲဒါ..."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



သူတို့နောက်မှာ ခြား က ရပ်နေလျက် အခန်းတံခါးကို သူ့ဘာသာ အသာလေး ထပ်ဟ,ကြည့်ကာ...

"အပေါ်ထပ်မှာပါ ပြင်ထားရတာမို့လား..."

"အင်း...၊ ဟုတ်.."

ခြား ကိုတော့ ကိုကိုလေး သို့မဟုတ် ကိုလေး လို့ ခေါ်ပါဟု သင်ထားပေမယ့် ဟုတ်ကဲ့တွေ ဘာတွေနှင့် ရှိသေစွာဆက်ဆံဖို့ လင်း အတော်ကြီး ကျင့်သားရအောင် လုပ်နေရသည်။

ခြား နှင့်သူမက စတွေ့ကတည်းက မတည့်တဲ့သူတွေ..။ ခြား ကလည်း ခုမှ လူကြီးသူကြီးလုပ်ရတာ သဘောခွေ့နေသလို လင်း စကားမှားတိုင်း ခပ်တည်တည်၊ ခပ်မိန့်မိန့်မျက်နှာကြီးနှင့်..။

"နှစ်ခန်းစလုံး ပြန်လုပ်ရရင် ဘယ်လွယ်မလဲ..၊ ဒါကို ထားလိုက်တော့၊ အပေါ်ထပ်မှာပဲ သွားပြင်ချင်ပြင်လိုက်..."

"ဟုတ်ကဲ့.."

သူ ပြောသွားတာကျတော့ အဘွား ဘာမှမပြောတော့ဘဲ ထွက်သွားသည်။ လင်း အပေါ်ကို ပြန်တက်ခဲ့ရ၏။ အခုတစ်ခါ ပြန်ရောက်လာမယ့် ကိုကြီး က အိမ်ထောင်သည်ဘဝနှင့်ပါလား..။

ကိုယ့်ကို ဒီအိမ်မှာ ဒီလိုနေခွင့်လေးရလာအောင် အရေးပေးစွမ်းဆောင်ခဲ့သည့်ကျေးဇူးရှင်မို့ နမြောတမ်းတခြင်းများနှင့် ရင်ထဲမှာ နင့်ခနဲတော့ဖြစ်၏။ ပြီးတော့ အမြဲတမ်း ရယ်မြူးရိပ်များနှင့် ကြည်စင်နေတတ်သည့် ကိုကြီး မျက်နှာကို ပြန်မှော်ငေးရင်း ရယ်မောပျော်ရွှင်ခဲ့တာတွေ..။

အချိန်ဆိုတာကို လက်ချိုးရေတွက်လျှင် ဘာမှ မကြာသေးဘူး။ ပေမယ့် ကိုကြီးကိုတော့ ခဏလေးနှင့် ရင်းနှီးသွားခဲ့သည်ပဲ..။

သွက်လက်နေခဲ့သည့် လင်း ရဲ့လှုပ်ရှားမှုတွေ နှေးကွေးသွားခဲ့၏။





နာရီ မော့ကြည့်လိုက်တော့ ည ရှစ်နာရီကျော်နေပါပြီ..။

အတွေးစကိုဖြတ်တောက်ကာ အိပ်ရာခင်းတွေကို ပြန်ရုတ်လိုက်ပြီး နုလွင်သစ်လွင်နေသည့် ပန်းနုရောင်လေးတွေချည်း ဆင်လိုက်သည်။ ပြီးတော့ ကိုယ် ပြင်ထားတာတွေကို ခပ်ဝေးဝေးက ပြန်ဆုတ်ကြည့်ရင်း ကျေနပ်သွားမိ၏။

ဖဲခေါင်းအုံး၊ ပန်းမွေ့ရာနှင့် အသည်းနှစ်ထပ်ပုံနှင့် ဓာခြင်ထောင်နုနု..၊ အဖြူက အဖြူရောင်လို့ လှပေမယ့် ပန်းနုရောင်လေးကျမှ ပို၍ စိတ်လှုပ်ရှားဖွယ်ဖြစ်သွားတာကို လက်ခံလိုက်မိသည်။

ဒီအိပ်ခန်းထဲမှာ ကိုကြီး တို့နှစ်ယောက် ကြည်နူးရင်ခုန်ခြင်းတွေနှင့် အုံးစက်ရာ အတူနှဲ့ပြီး အိပ်စက်ပေါင်းဖက်ကြတော့မည်..။

ဒီမှာ အတူလာနေကြဦးမည်လို့ သိထားခဲ့တာတောင် ရင်ထဲမှာ တစ်စုံတစ်ရာကို ကြီးမားစွာ ဆုံးရှုံးရတော့မည်ကဲ့သို့..။

နင် ဘာဖြစ်နေတာလဲ လင်းရာသီ..၊ ကိုယ့်စိတ်ကို မလုံမလဲနှင့် ပြန်လှည့်လိုက်လျှင် ဒီတိုင်းရှိနေဆဲဖြစ်သည့် ဖိတ်စာထုပ်ကို လက်နှင့် တိုက်မိသွား၏။

ဒေါ်စိန်စီလင်း သိမ်းခိုင်းတာကို မသိမ်းရသေးတာဖြစ်သည်။ ဒီတစ်ခါ ဖိတ်စာထုပ်ကို ကိုင်လိုက်မိစဉ်မှာ ကိုကြီးရဲ့ဇနီး ဘယ်သူလဲဆိုတာ သိချင်သွားခဲ့၏။

သူတို့တွေ ပြောနေတတ်ကြပေမယ့် အနားမှာ လင်း ရှိမနေရဲခဲ့ပါ။ သူများအတွင်းရေးမို့ စိတ်မဝင်စားတာလည်း ပါသည်။ ကိုကြီးရဲ့ ဇနီးလောင်းဆိုသည့် မိန်းမအကြောင်းကို တမင်တကာ မသိချင်ခဲ့တာလည်း ပါ၏။

ခုကျမှ ဘာဖြစ်လို့ သိချင်မှန်းလည်း မသိတော့ပါ။ ဒါပေမယ့် ဖိတ်စာတွေကို အပေါ်အိတ်ဖွင့်ကြည့်ဖို့လည်း မဝံ့ရဲ..။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖိတ်စာထုပ်ကို ကျောတွေရင်တွေ လှည့်ပတ်ကြည့်လိုက်မိစဉ်...

"ဟင်!..."

သူမက ဖိတ်စာထုပ်ကို မှောက်လျက်ကိုင်ထားခဲ့တာပါ။ အပေါ်မှာ သတို့သား၊ သတို့သမီးနာမည်တွေကို ဆေ့ဖ်ပင်နှင့် အကြမ်းရေးထားတာ ပါသည်။

'မောင်မြမြအောင် နှင့် မသက်တန့်ခင်'

သက်..တန့်..ခင်...၊ သက်တန့်ခင် ဆိုတာ မမ လား..။

"လင်းရာသီ"

"ဟင်!..."

"ဘုတ်.."

အခန်းတံခါး ရုပ်ခနဲပွင့်သွားကာ ရှေ့မှာ ဖြန်းစားကြီး ပေါ်လာတော့ လင်း လန့်ဖျပ်ကာ ဖိတ်စာထုပ်ပါ လွှတ်ကျသွား၏။

သက်တန့်ခင် သည် ခရမ်းရောင်အသည်းပုံတွေပါသည့် အဖြူခံဝတ်စုံကို ခရမ်းရောင်ဇာနားတွေကပ်၍ မရိုင်းမယဉ်လေးဝတ်ထားသည်။

မျက်နှာတစ်ပြင်လုံးကတော့ ပြုံတော့မယ့်မိုးလိုပင်..။

"နင်..."

သူမကိုယ်တိုင် တုန်လှုပ်ချောက်ချားနေသည့်အကြည့်များနှင့် အခန်းထဲ ဖျတ်ခနဲဝင်ကာ တံခါးလှည့်ပိတ်၏။ လော့ခ်ချပစ်ဖို့ပေမယ့် မသင့်တော်သေးတာကို သတိရကာ လက်ပြန်ရုတ်လိုက်သည်။

"မမ... မမက ကိုကြီးအောင် ရဲ့..."

"နင့်ပါးစပ်ကို ပိတ်ထားစမ်း.."

အသံကို တိုးနှိမ့်ချရင်း အပြင်ကို မလုံမလဲ မျက်လုံးဝေ့သည်။ ညရဲ့မီးရောင်အောက်မှာ အကြီးအကျယ် တုန်လှုပ်နေသည့်မျက်နှာ





ကို လင်း က ပြန်၍အံ့ဩနေ၏။ ကိုယ့်မျက်နှာကို မြင်လိုက်တာနှင့် သရဲတစ္ဆေမြင်သလို ဖြစ်သွားတာ ဘာဖြစ်လို့လဲ..။

တကယ်ဆို ကိုယ့်ဘဝကို နေရာတကာ လိုက်ပါလွှမ်းမိုးနိုင်လွန်းလို့ ရင်ဘတ်ထု ငိုရမှာက လင်း ပဲ မဟုတ်ဘူးလား..။

ဒီနေရာမှာလည်း သူမကပဲ အိမ်ကြီးရှင် ဖြစ်လာခဲ့ပြန်ပြီ..။ ထွက်သွားဆိုလည်း သွားရဦးမှာပါ..။

"လင်းရာသီ..၊ နင်... နင်.. ငါနဲ့ အိမ်အကြောင်းတွေ သူတို့ကို ပြောပြထားမိသေးလား.."

"ဟင့်အင်း..."

တစ်ထစ်အေးသွားပုံနှင့် ကတုန်ကယင် လှုပ်ခတ်နေသည့် နှုတ်ခမ်းကို တစ်ချက်ဖိသည်။ ဟုတ်လိမ့်မည်။

လင်း နှင့်ပတ်သက်နေပေမယ့် သက် နှင့်ပတ်သက်ခဲ့ဖူးတာကိုတော့ ကိုအောင် သိထားပုံ မပေါ်ပေ..။ ခြောက်သွေ့နေသည့် အာခေါင်ထဲ ကြမ်းရှနာကျင်လာသဖြင့် သက် တံတွေးကို မျိုချမိသည်။

လင်းရာသီ တစ်ကိုယ်လုံးကို စူးစူးဝါးဝါး စိုက်ကြည့်ကာ...

"မှတ်ထားစမ်း..၊ နင်နဲ့ငါ ဘယ်တုန်းကမှ မပတ်သက်ခဲ့ဖူးဘူး"

"ဟင်!..."

"ခုမှ သိ..၊ ခုမှ မြင်ဖူးသလိုနေ..."

လင်း တအံ့တဩ ဖြစ်နေ၏။ သက်တန့် ဘာတွေ ဖြစ်လာတာလဲ..။

"ဟဲ့... ငါပြောနေတာ ကြားရဲ့လား.."

"ကြားပါတယ်"

"နောက်ပြီး..."

"ဩော်... သက် က ဒီရောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



တံခါးအပြင်ကနေ အောင့် စကားသံ ထွက်လာတော့ သက် မျက်နှာကို ချက်ချင်းပြင်ဆင်သည်။ လင်း နှင့်မျက်နှာချင်းဆိုင်ကနေ ခုတင်ဘက်ကို တိုးပစ်လိုက်ကာ...

"သက် ရှိတယ် ကိုအောင်..၊ အိပ်ခန်း ပြင်ထားတာကို လာကြည့်တာ..."

တံခါးက ရှင်းလင်းစွာ ပွင့်သွားသည်။ ကြည့်ပြာရောင် ရှပ်လက်တိုနှင့် ခရမ်းရင့်ရောင်ကွက်စိပ်ပုဆိုးကို ဝတ်ထားသည့် အောင် က သက် ကို အံ့ဩသလိုကြည့်ကာ...

"ကိုယ်က ချာတိတ်ကို လိုက်ရှာနေတာ..၊ ညည်းအစ်မကို အခန်းတွေ လိုက်ပြလိုက်ဦးလို့ ပြောမလို့..."

သက် မျက်နှာ မလုံမလဲဖြစ်သွား၏။

ရောက်ကာစ စိမ်းသက်နေတဲ့အိမ်ကို လိုက်ပို့မယ့်သူ မပါဘဲ အပေါ်ထိ တန်းရောက်လာတာ လင်းရာသီ ကို လိုက်ရှာရင်းနှင့်ဖြစ်သည်။

မီးဖိုချောင် ရောက်၊ နောက်ဖေးထိ ရောက်..။ မျက်နှာစိမ်းနေတာမို့ အထဲကနေ ပြူးတူးပြဲတဲပြန်ကြည့်သည့် မျက်လုံးတွေကိုလည်း ဂရုမစိုက်နိုင်..။ ခုကျမှ အောင် သတိထားမိသွားပြီလားဟု တွေးမိသည်။

"ဟုတ်... ဟုတ်တယ်..၊ သူပဲ ခေါ်လာတာလေ..."

"သြော်... ချာတိတ်က တော်သားပဲ..၊ အခု ခင်သွားကြပြီလား..."

လင်း ဘာမှမဖြေပါ။ သက် ကိုပဲ ပြန်ကြည့်မိ၏။ သက်တန်ကလည်း လင်း တစ်ခုခု ဖြေလိုက်မှာကို မလိုလားသည့်ပုံနှင့် ပျာပျာသလဲ...

"အင်း...၊ နာမည်တွေတော့ ပြောပြီးကြပါပြီ"

အောင် က သက် အမူအရာပျက်နေတာကို ဘယ်လိုထင်သွားသည်မသိ..။





"အိပ်ခန်းပြင်ထားတာ ကြိုက်ရဲ့လား သက်..."

"မကြိုက်ဘူး.."

"ဟင်!... ဘာဖြစ်လို့လဲ.."

အောင့် ကိုရော..၊ ဒီအိမ်သားတွေကိုရော အတိုက်အခံပြုလို၍ ဟုတ်ပါ။ စိတ်ထဲမှာ လင်း မျက်နှာကို နေရာတကာမှာ လာတွေ့နေရသဖြင့် ဒေါသဖြစ်နေခဲ့သည်မို့...

"အပြာရောင်ပဲ ကြိုက်တာ..."

"အပြာရောင်..."

အောင် မျက်နှာပျက်သွား၏။ သက် ဘာအရောင်တွေ ကြိုက်တယ်၊ ဘယ်လိုအစားအစာတွေကိုမှ နှစ်သက်တယ်ဆိုတာတွေထိ သူ စေ့ျမ်းကျင်ခဲ့တော့ လက်တွေ့မှာ အံမဝင်တာတွေ ဖြစ်ရလေပြီ..။

"မင်္ဂလာရောင်ပဲ သက် ရယ်..၊ ဒါတွေ ပြန်ပြင်ရရင် လင်း ဒုက္ခများသွားမှာပေါ့"

နှစ်ယောက်အိပ်ရာခင်းကြီးနှင့် ခေါင်းအုံးစွပ်တွေ..၊ ဖက်လုံးစွပ်တွေ၊ ခြင်ထောင်တွေ၊ ဒါတွေကို ဖြုတ်ရ၊ တင်ရနှင့် လွယ်သလား..။

စိတ်လှုပ်ရှားတာတွေ တည်ငြိမ်သွားတော့ သက် က သက်ကလေး ခိုက်လိုက်ကာ...

"သက် ကတော့ ပူလောင်တယ်ထင်တာပဲ ကို ရယ်..၊ အပြာလေးပဲ လဲပေးပါ"

"ဒါဆို အဖြူရော..."

"အင်း...၊ အဲဒါလဲ မဆိုးဘူး"

"မဆိုးရင် အောက်ကအိပ်ခန်းမှာ အိပ်ကြမယ်လေ..."

"ဟင်!... အောက်မှာ..."

"ဟုတ်တယ်...၊ ချာတိတ်က အောက်ထပ်ကို မပြဘဲ ခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တာလား"

အောက်ကနေ အပေါ်တက်ရသည့်ကိစ္စမှာ အောက်ထပ်ကို ထား ခဲ့ပြီး အပေါ်ထပ်ကို အရင်တက်ကြည့်သည်ဆိုတော့ အောင် က အံ့သြ ဟန်နှင့် မေး၏။ ဒါလည်း လင်း က မဖြေပါ။ သက် ကပဲ လက်ပိုက် လေး ဖြေချလိုက်ကာ...

"ကြည့်ပြီးပါပြီ..၊ အောက်မှာ မအိပ်ချင်ဘူး၊ ဒါကိုပဲ လဲပေးပါ ဆို ကိုအောင် ကလဲ..."

အောင့် မျက်နှာမှာ အားနာခြင်းတွေဖြစ်လျက် လင်း ကို တောင်း ပန်သလို ကြည့်သည်။

"ရပါတယ် ကိုကြီး..၊ အန်တီက ရောင်စုံ ဝယ်ပေးထားတာပါ၊ လင်း ခုပဲ ပြောင်းလိုက်ပါ့မယ်"

"အင်း... ကျေးဇူးပဲ ချာတိတ်ရာ..၊ ညည်းကို 'ကိုကြီး မုန့်ဝယ် ကျွေးမယ်"

"ရပါတယ် ကိုကြီးရဲ့..."

ကိုကြီးလို့တောင် ခေါ်လို့ပါလား..၊ ဒီအိမ်မှာ လင်း က ဘယ် လောက်ထိ အရေးပါနေသည်လဲ..။ အောင် က မွေးစားညီမလို သဘောထားလိုက်တာနှင့် တစ်မိသားစုလုံးက လင်း ကို မိသားစုဝင် တစ်ယောက်လို သတ်မှတ်လိုက်ကြပြီလား..။

ဝင်ဝင်ချင်း ဆောက်နှင့်ထွင်းဆိုသလို ဒေါ်စိန်စီလင်း ဆိုသည့် အမျိုးသမီးကြီးကတော့ အောင် နှင့်သူမတို့ ရောက်လာတာကို ထိုင်ရာ မထ မျက်လွှာတစ်ချက်ပင့်ကြည့်ရုံနှင့် ကြိုဆိုဖော်ရခဲ့သည်။

ကိုယ်က လင်း ကိုရှာဖို့ဇောနှင့် ဒါကို ဂရုမစိုက်ဘဲ နေလိုက်ပေ မယ့် ခုကျတော့ မျက်နှာချင်းဆိုင်ရမှာ ခက်နေသည်။

အပေါ်ကနေ ပြန်ဆင်းလာမှ ထူးထူးခြား ဆိုသည့် တစ်ယောက်





ကို မြင်ရ၏။ အောင် က မြင်တာနှင့် အကြီးလူပီသအောင် ရည်မွန် ခဲ့ညားကာ ထူးထူးခြား ကျတော့ အသားလည်း ပိုဖြူသည်။

ဆံပင်ထားတာလည်း ပခုံးလောက်ထိ ကျချင်၏။ အောင် နှင့် အရပ်အမောင်း အတူတူပေမယ့် သူက နည်းနည်းလေး ပိန်သွယ်ယောင်ရှိ တော့ ပိုမြင့်နေသလို ထင်ရသည်။ ထို့ပြင်...

ဘယ်သူ့ကိုကြည့်ကြည့် နူးညံ့ရည်မွန်နေတတ်သော အောင့် မျက် ဝန်းများနှင့်မတူ..။ လူကို ဖျတ်ခနဲ လှမ်းကြည့်ပြီး မျက်ဝန်းတွေ ရုပ် သိမ်းသွားပုံကဲ မျက်စောင်းထိုးသလို မဟုတ်တာတောင် ရှုတည်တည် မာကျောကျော..။

"သားတို့ ဘာစားခဲ့ကြလဲ..၊ အားလုံး အဆင်သင့်ပဲ၊ ထမင်း အရင်ဆာရင် ဝင်စားကြ၊ ရေမိုးချိုးချင်ရင်လဲ သွားချိုးကြလေ၊ ခင်မူ..."

"ရှင် မမကြီး.."

ဆင်းလာတာမြင်သည်နှင့် ဒေါ်စိန်စီလင်း က ပြောရင်း ထရပ် လိုက်သည်။ မခင်မူ ရောက်လာတော့ သူမဘာသာပဲ ညွှန်ကြားသွား ကာ...

"သားတို့ကို လိုအပ်တာ အားလုံး လုပ်ပေးလိုက်..၊ သားငယ် ပြန်ထွက်ဦးမှာလား"

ခြား က အောင့် ကို လှမ်းကြည့်၏။ အောင် ဘာပြောရမှန်းမသိ ဖြစ်နေပုံကြောင့် မချိုမချဉ်ပြုံးကာ တစ်ခုခု ပြောမလို့ရှိသေးသည်။

"သွားမယ်လေ..၊ ကိုကိုလဲ ကမ်းနားမထိုင်ရတာ ကြာပြီ"

"ပြီးရော..."

ခြား က အထဲကို ဝင်သွား၏။

"ခင်မူ..၊ ငါ ပုတီးစိပ်လို့ ရပြီလား"

"ရပြီ မမကြီး..၊ သောက်တော်ရေ လဲပြီးပြီ၊ ဆီမီးအရှေ့တိုင်ရော



www.burmeseclassic.com

www.burmeseclassic.com



မမကြီး ပူဇော်ရုံပဲ"

ပတ်ပတ်လည် ပြောဆိုနေကြတာတွေမှာ သက် နှင့်ပတ်သက်တာ ဘာမှမပါပါလား..၊ သက် မျက်နှာလေးပျက်နေတော့ အောင်က ပခုံးလေးကို လှမ်းကိုင်၍...

"သက် ရေချိုးချင်နေတယ်မို့လား၊ မခင်မူ ကို ကိုယ်မှာခဲ့မယ်နော်"

"ကိုအောင် ကလဲ သက် က ဘယ်သူနဲ့မှ မရင်းနှီးသေးတဲ့ဥစ္စာ၊ တစ်ယောက်တည်း နေခဲ့ရမှာလား.."

"ဒါဆို လိုက်ခဲ့မလား..."

"ဘယ်ကိုလဲ..."

"မြစ်ကမ်းနဖူးမှာလေ..၊ ပန်းခြံလဲ ရှိတယ်၊ တဲတားလေးလဲ ထိုးထားတယ်၊ ညညဆို အပန်းဖြေထိုင်နေကြတာ လူတွေ အများကြီးပဲ"

"သက် နဲ့ ကိုအောင် နှစ်ယောက်တည်း သွားမယ်လေ..."

"ဟင်!..."

အောင် ဘာပြန်ပြောရမှန်း ရုတ်တရက် မသိ..၊ ညီက လူငယ်ပေမယ့် မိန်းကလေးတွေနှင့် ပရောပရည်နေတတ်တဲ့သူ မဟုတ်ပေ..။

ဒါကြောင့် ညီအစ်ကိုနှစ်ယောက် နေရာတကာ တစ်ထပ်တည်းကျနေတာမျိုးမဟုတ်ဘဲ အတော်များများမှာ စိတ်တူကိုယ်တူ သွားလာလှုပ်ရှားနေခဲ့ကြတာ ဖြစ်သည်။ ထို့ပြင် ဖြုန်းခနဲကြီး အိမ်ထောင်ပြုပစ်လိုက်ပြီး ညီနှင့် ချက်ချင်းကြီး ခွဲခြားဆက်ဆံလိုက်ရတာမျိုး မဖြစ်ချင်..။

သက် ကလည်း အောင် အခက်တွေ့သွားတာကို ရိပ်မိသည်။ ဒါပေမယ့်...

"သူ့အစ်ကိုက အိမ်ထောင်သည်ဖြစ်နေပြီဆိုတာ သူလဲ သိမှာပါကွို ကလဲ..၊ သက် နဲ့ အတူတူသွားရအောင်နော်.."

"ဒါဆိုရင်လဲ သုံးယောက် သွားတာပေါ့၊ အိမ်မှာ ဆိုင်ကယ်နှစ်စီး





ရှိတယ်၊ ခါတိုင်းလို ညီညီ့နောက်က ကိုယ် မစီးတော့ဘူး၊ သက် နဲ့စီးမယ်၊ ကောင်းပါတယ်..၊ ဟိုမှာ စကားပြောကြရင်း သက် နဲ့ညီနဲ့လဲ ရင်းနှီးသွားတာပေါ့"

ဒါလည်း ဆိုးတော့မဆိုးပါ။ ဘာပဲဖြစ်ဖြစ် အပြင်ကိုထွက်ချင်နေတာတော့ အမှန်ပင်။ မြစ်ကမ်းနားဆိုတော့ ခရီးပန်းလာတာတွေလည်း ပြေပျောက်နိုင်၏။

သူတို့ ရေပင်မချိုးနိုင်တော့ဘဲ လာတဲ့အကျီအဝတ်အစားတွေ ကမန်းကတန်းလဲပြီး အပြင်ကို ပြန်ထွက်ခဲ့ကြ၏။

"ကိုကိုက နှစ်ယောက်လား.."

တံခါးဝမှာ ဆိုင်ကယ်သော့နှင့် ရပ်စောင့်နေသည့် ခြား က သက် ကို တည့်တည့်မဟုတ်ဘဲ ငေ့ကြည့်၏။ သက် က အောင့် လက်မောင်းကို ကန့်ကလျလေး ဖက်ထားရင်း သူ ပြုံးပြရင်တော့ ပြုံးဖို့ပေမယ့်...

"ကိုကို ညဘက် ဆိုင်ကယ်မစီးဖူးဘဲနဲ့.."

'ညဘက်ကြီးဆို မစီးချင်ဘူး'လို့ အောင် ကိုယ်တိုင် ပြောခဲ့တာဖြစ်သည်။ ဒါပေမယ့် ခုတော့ သက် ကို ထားခဲ့လို့လည်း ဖြစ်မှမဖြစ်တာ..။ အောင် က သက် ကိုပြုံး၍ ငဲ့ကြည့်ကာ...

"သူလဲ ကမ်းနားမှာ အပန်းပြေသွားအောင်လေ..၊ ကိုကို မင်းလောက် မရှိခင်တုန်းက စီးနေတာပဲဟာ.."

ခြား က မျက်နှာသိပ်မကြည်။ ဒီမိန်းမကို မေမေနှင့်ပတ်သက်ခဲ့သူအဖြစ် ကိုကို့လိုပဲ လက်ခံပေးခဲ့ရတာပါ။ မဟုတ်ရင် မင်္ဂလာကိစ္စကိုတောင် ဖျက်မိမလား မသိ..။ ဘာအကြောင်းမှမရှိခဲ့ဘဲ စိတ်ထဲမှာကိုက ရင်းနှီးချင်စိတ် မရှိခဲ့ပေ..။

"ဒါဆို ရော..၊ ဂိုဒေါင်ထဲကကောင် ကျွန်တော် စီးမယ်"

"ဟာ!... ကိုကို ရပါတယ်၊ ညီ့ဆိုင်ကယ် ညီပဲစီး..."



www.burmeseclassic.com

www.burmeseclassic.com



"ရော့ပါ ကိုကိုရာ..၊ ဟိုကောင်က ဘာရိုက်သိပ်မကောင်းဘူး"

သော့ကို အောင့်လက်ထဲထည့်ပြီး သူက နောက်ဖေးဘက်ကို ဆင်းထွက်သွား၏။ ခြံထဲကနေ အတူတူထွက်လာကြတော့ အောင့်ခါးကို ဖက်ထားရင်း သက် ကြည်နူးသွားမိတာ မကျေနပ်တာတွေ အားလုံး ပျောက်၏။

ဒါပေမယ့် လမ်းတွေသိပ်မကျယ်ဘဲ စက်ဘီး၊ ဆိုင်ကယ်တွေ ရှုပ်နေတာကတော့ အသည်းယားဖို့ ကောင်းသည်။ ညဆိုတော့ ရှေ့ကနေ ကားမီးတွေ၊ ဆိုင်ကယ်မီးတွေက နှောင့်ယှက်၏။

ခြား က ရှေ့ကသွားနေတာ..၊ ညာဘက်ကနေ ကမ်းနားလမ်းကို ဖြတ်တက်သွား၏။ အောင် တို့ကို စောင့်ခေါ်တာမို့ ဆိုင်ကယ်နှစ်စီးက သိပ်မကွာပါ။ ဒါပေမယ့် အကွေ့မှာပဲ ရှေ့ကမီးရောင်ကြောင့် အောင့်မျက်လုံးတွေ ပြာခနဲ ဖြစ်သွားသည်။

"ဟာ!..."

"ကိုအောင်..၊ အမယ်လေး..."

"အုန်း..."

နောက်ကအသံကြောင့် သွားပြီဆိုတာ ခြား သိလိုက်သည်။ ဆိုင်ကယ်ကို သတိလက်လွှတ် ရပ်ပစ်လိုက်မိသဖြင့် ဘာနှင့်မှမတိုက်မိဘဲ ယမ်းခါသွားသည့်ဆိုင်ကယ်ကို ထိန်းလို့မရ..။

"ဂျိ..."

"ဟာ... တိုက်ကုန်ပြီ.."

ဆိုင်ကယ် နှစ်စီးသည် ဝါးတစ်ပြန်သာသာလောက်အကွာမှာ ပုံပျက်ပန်းပျက်..။





အခန်း [ ၂၇ ]

သုံးယောက်စလုံး ဆေးရုံရောက်ကုန်ကြတော့ ခါးဆစ်နာသွားသည့် သက် တစ်ယောက်ပဲ ဒဏ်ရာနည်းသည်။

အောင် က ဘယ်ဘက်လက်တစ်ချောင်းလုံး ကျောက်ပတ်တီးစည်းရကာ ခေါင်းမှာ သုံးချက် ချုပ်ရ၏။ ပြီးတော့ ညာဘက်ခြေထောက်မှာလည်း ပြင်းပြင်းထန်ထန် ထိခိုက်မိသွားသည်။

ခြား ကတော့ ပွန်းရုံပဲ့ရုံအပြင် ခေါင်းမှာ ဘာမှ မထိခိုက်မိပါ။ ဒါပေမယ့် အောင့် လိုပဲ ညာဘက်ခြေထောက်မှာ ဒဏ်ရာရခဲ့သည်။

"မသေကောင်းမပျောက်ကောင်း သားတို့ရယ်..၊ တစ်ခါမှ ဒီလောက်ထိ မဖြစ်ခဲ့ဘူးတော့ ကြားရတာ ယုံတောင် မယုံနိုင်ဘူး"

ဆေးရုံကိုလိုက်လာကြတော့ ဒေါ်စိန်စီလင်း မျက်ရည်တွေ ဝဲနေပြီး လက်ကိုင်ပဝါလေးနှင့် ငုံ့၍ တို့သုတ်၏။

"သမီးရော လမ်းလျှောက်ကြည့်သေးရဲ့လား.."

ကိုယ့်ကိုမှ လှည့်မေးဖော်မရလျှင် ဒါကို ဘယ်တော့မှ မကျေနပ်နိုင်ဆိုသည့် ဆုံးဖြတ်ချက်က ဒေါ်စိန်စီလင်း မေးလာမှ တစ်ထစ်ပြေသည်။

"လျှောက်လို့မကောင်းသေးဘူး အန်တီ..၊ လှုတ်ထားတာတောင် ခါးမတ်လို့ မရဘူး"

"ဖြစ်ရလေကွယ်.."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်စီလင်း မှာ တစ်ယောက်စီကို လိုက်ကြည့်ရင်း စိတ်မသက်မသာ ဖြစ်နေပုံနှင့်...

"တော်သေးတာပေါ့.. မင်္ဂလာပွဲ မလုပ်ဖြစ်လို့..၊ လုပ်ဖြစ်ရင် အားလုံး စိတ်ညစ်ကြရမှာ..."

ဒီမှာ ဖိတ်စာတွေရိုက်ထားပြီးတဲ့အထိ ပြီးစီးနေတာကို သက်က မသိပါ။ မင်္ဂလာပွဲ ထပ်မလုပ်တော့ဘူးဆိုတာလည်း အောင့် အစီအစဉ်ပဲ ဖြစ်သည်။

သူမဘက်ကတော့ ကိုယ့်အပြစ် ကိုယ်သိနေတာမို့ ပြောဖြစ်တာလည်း ရှိ..၊ မပြောဖြစ်တာလည်း ရှိ..။

"ကဲ.. ဒီမှာက လူနာ သုံးယောက်တောင်၊ လင်း က စောင့်နေလိုက်နော်.."

"ဟုတ်ကဲ့ အန်တီ"

"ဘာလို့ စောင့်ရမှာလဲ..၊ ဆရာဝန်၊ ဆရာမတွေ ရှိနေတဲ့ဟာကို ပြန်ခေါ်သွား..."

ခြား ဆီက အသံ ချက်ချင်းထွက်လာသည်။

"လုပ်ပြီ သားငယ်..၊ အားလုံးက ကောင်းကောင်း သွားလာနိုင်တာ မဟုတ်ဘူး၊ ဘာလဲ...၊ စပါယ်ရှယ်နာ့စ် ငှားလိုက်ရမလား"

"ကိုကိုတို့အတွက် လိုရင် ငှားပေါ့..၊ ကျွန်တော်က ညနေ ဆင်းလာမှာ..."

"ဘာ!... အို.. မဟုတ်တာ..."

"ညီညီရာ..၊ တစ်ပတ်လောက် အနည်းဆုံးနေပြီးမှ အခြေအနေ သိရမှာကို.."

ခုတင်တွေက သိပ်မကွာတာမို့ ညီဖြစ်သူကို အောင် က ကလေး ဆိုးကြီးလိုကြည့်၍ ပြုံး၏။ စကားပြောဆိုးပေမယ့် ညီ သူ့ကို ဘယ်





လောက် ချစ်တယ်ဆိုတာ ဒီနေရာမှာ ပို၍ သိသာခဲ့သည်။

ဆိုင်ကယ်ချင်း တိုက်မိတာက သူ..၊ ခြား က သူ့ကြောင့် ဘာမှ ဆိုင်ဘဲ ဒုက္ခရောက်သွားတာ ဖြစ်သည်။

ဆိုင်ကယ်ကို တစ်ချက်မှမနားဘဲ စီးတတ်သလောက် ကျွမ်းသည်း ကျွမ်းကျင်တဲ့ကောင်..၊ ဘာနှင့်မှမငြိဘဲ ဆိုင်ကယ်မှောက်ခဲ့ရတာ သနားစရာ..။

"ညီအစ်ကိုနှစ်ယောက် အဖော်လဲ ရှိတဲ့ဟာ..၊ ခဏတော့ သည်းခံပါဦး"

သူ ဆက်ပြောတော့ ခြား က ခပ်စောင်းစောင်းကြည့်သည်။ အကြည့်က ဟိုဘက်ခုတင်တစ်လုံးကျော်မှာရှိသည့် သက် ဆီ ရောက်သွားကာ မျက်နှာမှာပါ မဲ့ခနဲ ဖြစ်၏။

"ကိုကိုပဲ အဖော်နဲ့နေပါ၊ ကျွန်တော် ဆေးရုံနံ့တွေ မခံနိုင်ဘူး"

အပြတ်ပြော၍ နာသည့်ခြေထောက်ကို မရမက ကွေးယူဖို့ ကြိုးစား၏။ ဒေါ်စိန်စီလင်း ကတော့ ပြောမရမှာကို သိနေသလို ဒီတိုင်းကြည့်နေမိတော့သည်။

"အား... နာတယ်..၊ အရမ်းပဲ..."

သက် အော်သံကြားတော့ သူတို့ လှည့်ကြည့်မိပေမယ့် ခြား ကြည့်..။ မလျှောက်နိုင်ဘူးလည်း ပြောသေးသည်။ အနားမှာ လူရောက်လာတာနှင့် တစ်ချက်မှလည်း အငြိမ်မနေ..။

ပျောက်ချင်ရာလွှန်းလို့လို့ ထင်ရအောင်က လူကိုတွဲပြီး အံကြိတ်လျှောက်နေတာမျိုးမဟုတ်ဘဲ ခိုစီးနေကာပဲ မြင်ရသည်။

တွဲထားရတဲ့လူက ကြားထဲက မသက်သာ။ ဆရာဝန်က မရမက လျှောက်ရဘူးလို့ မှာထားသည်။ မလျှောက်နှင့်ပေါ့..။ လျှောက်ချင်လို့ လျှောက်ရင်လည်း ပါးစပ်ပိတ်နေဖို့ ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး အရမ်းနာနေရင် မလျှောက်နဲ့လေ..၊ ဆရာဝန်က လျှောက်ကြည့်နေရမယ် ပြောလို့လား.."

ဟိုဘက်ခုတင်တစ်လုံးကျော်ကို လျှောက်သွားလိုက်၊ ပြန်လာလိုက်နှင့် မေးတော့ ရှုံ့ရှုံ့မဲ့မဲ့ ခေါင်းခါ၍...

"မပြောပါဘူး..၊ ဒါပေမယ့် မြန်မြန်ပြန်ကောင်းချင်လို့..."

အောင် က သက် နှင့် သက် ကိုတွဲထားရသည့် လင်း ကိုကြည့်၍...

"ပြန်ကောင်းချင်တာကတော့ လူမမာတိုင်းပဲပေါ့ သက် ရယ်..၊ နေ့ကမှ ဖြစ်ထားခဲ့တာ ဒီနေ့ ဘယ်ပြန်ကောင်းမလဲ၊ ကိုယ်တို့ ဒီထက်အဖြစ်ဆိုးမကုန်တာပဲ ကျေနပ်ရဦးမှာ..."

"ကိုကလဲ သက် ဘာသာ လျှောက်ကြည့်နေချင်လို့ဥစ္စာ..."

ထိုအခါ ခြား မျက်နှာ ဒီဘက်လှည့်လာကာ...

"သူ့ဘာသာ လျှောက်ကြည့်ချင်လို့ဆိုတော့ လင်း သူ့ကို အပြင်ပြန်ခေါ်ဒါနား ပို့ပေးလိုက်..၊ ပြီးရင် နင် ပြန်လာခဲ့၊ ငါ ခိုင်းစရာ ခြ

"လိုမျက်နှာကို ကြည့်လိုက်ကတည်းက အောင် သဘောပေါက်တာ၊ ည်။ သက် ကိုလည်း အားနာကာ ဘယ်သူ့ကို ဘယ်လို ဖြေကား ပြောရမှန်းမသိ..။

"သားက ဘာလုပ်ချင်လို့လဲ..၊ အန်တီ လုပ်ပေးမယ်လေ..."

"အန်တီ့ကို ခိုင်းစရာလား..၊ ဟော့.. သွားလေ..."

သက် လည်း ဘာမှမပြောနိုင်..၊ လင်း လည်း ခေါင်းညိတ်လိုက်ရကာ...

"မမ အပြင်မှာ ကိုင်စရာရှိတယ်၊ လင်း လိုက်ပို့မယ်နော်"

"နေပါစေ..၊ ခုတင်ပေါ် ပြန်ပို့ပေး..."





ခြား က ဟိုဘက်လှည့်ပြီး မဲ့သည်။ မေမေ့ကို သံယောဇဉ်ရှိခဲ့တဲ့ ရှုဆိုပြီး ဒီမိန်းမကို ဘယ်လိုမှ ခင်မင်စိတ်ဝင်ကြည့်လို့ မရ..။

"ကိုလေး ဘာခိုင်းမလို့လဲဟင်.."

လင်း သူ့အေးကို ရောက်လာ၏။ ဘာခိုင်းမလို့လဲဆိုသည့် သိချင်စိတ်တွေနှင့် အောင် နှင့် ဒေါ်စိန်စီလင်း က လှမ်းကြည့်နေကြ၏။

ခြား က ဘယ်သူ့ကိုမှ မကြည့်..။

"ထိုင်နေ..၊ ခိုင်းစရာရှိမှ လိုက်ခေါ်နေရမှာစိုးလို့..."

ဒါက ပြကွက်တစ်ခု..၊ အောင် မျက်နှာပူပူနှင့် မသိမသာ ဟိုလှည့်လှည့်..။ သက် နှင့် ဒီမိသားစု နွေးထွေးအောင် သူ တော်တော်ကြိုးစားရဦးမည်ထင်သည်။

ပြန်မြန်ဆန်ဆန် လက်ထပ်ခဲ့မိတဲ့ အပြစ်ပဲလား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၈ ]

"ညည်းကို ငါ ပြောချင်တာက..."

ပြောချလိုက်တော့ဖို့ ပါးစပ်တစ်လုံးကြီး ပြင်ပြီးသား..၊ တကယ်တမ်းကျတော့ ဘယ်လို စ,ပြောရမှန်း မသိ..။

ကိုအောင့် အမေကို တကယ် ပြုစုကျွေးမွေးခဲ့တာက လင်းရာသီ.. ဒါကို သူမရှေ့မှာ ကိုယ်က ပုံမှားရိုက်ပြီး သရုပ်ဆောင်ထားပါတယ်လို့ ဘယ်လို ပြောရမလဲ..။

'ညည်း ဘာတစ်ခုမှ သွားမပြောလိုက်နဲ့'လို့ ဘယ်လို အမိန့်ပေးမလဲ..၊ ပေးရင်ရော လင်း က အေးဆေးငြိမ်သက်နေပါ့မလား..။

လည်ချောင်းတွေ ခြောက်သွေ့လာသည်။ ဟိုတုန်းက ကိုယ့်အရိုးမှာခိုနေတဲ့ ငယ်ကြောက်မို့လို့။ ခုချိန်မှာ လင်း က တစ်သွေးတစ်မွေး ဖြစ်နေပြီ..။ ပြီးတော့ လင်း ဟာ ပျော့ညံ့ညံ့ နုံအအထဲက မဟုတ်..

"မမ ဘာပြောမလို့လဲ ပြောလေ..."

'ငါနဲ့လိုက်ခဲ့'လို့ ခေါ်ခဲ့ပြီး စကားလည်းစ,ပြီးမှ အသံတိတ်ပြီး သက်နေသဖြင့် လင်း က သက် မျက်နှာကို အကဲခတ်ကြည့်၏။ သက်ကလည်း ပြန်စိုက်ကြည့်သည်။ ဒေါ်ရွှေမမ နှင့် စိတ်မနဲ့တဲ့မိန်းမပြီ တစ်ယောက်တည်းပဲဆိုတာ လင်း မသိဘူးလား..။ မသိလို့ ဖြစ်မှာပါ..

ကိုအောင့် မေမေ ဒေါ်ရွှေမမ ဟာ သူမ ပြုစုပေးခဲ့တဲ့ မိန်းမပြီဆိုတာ လင်း သိရင် ဘယ်သူဖြစ်ဖြစ် ဒါကို ဂုဏ်ယူမပြောဘဲနေမ မဟုတ်..။





အထူးသဖြင့် တစ်မေတည်း မေနေတဲ့ မြမြအောင် လိုလူကို သိစေခြင်းဖြင့် ဒီအိမ်မှာ လင်း ရာထူးတွေ တိုးတက်သွားမှာ သေချာနေတာပဲ..။ တစ်ယောက်တည်း ပတ်ချာလည်အောင် တွေးနေမိသည်။ ရေရာတဲ့အဖြေလည်း တစ်ခုမှမရ..။

"လင်း..."

"ပြောလေ မမ..၊ ဘာလဲ..."

အိမ်ရှေ့ခြံထဲမှာပေမယ့် သက် မျက်လုံးတွေ အိမ်ဆီကို ခဏခဏ ရောက်သွားတတ်တာကြည့်ကာ နှစ်ကိုယ်ကြား စကားပြောချင်နေတာမှန်း လင်း ကလည်း သိသည်။

နောက်ဆုံး သက် က အိမ်ဘက်ကို မျက်နှာလှည့်ရပ်လိုက်ပြီး...

"ကိုအောင် တို့မှာ မိဘတွေ မရှိကြတော့ဘူးဆိုတာ နင် သိလား"

"သိပါတယ်"

"သူတို့အမေအကြောင်းရော အဲ.. ဟို... ဘာရောဂါနဲ့ ဆုံးသွားတယ်ဆိုတာမျိုး..."

"ဟင့်အင်း..."

လင်း က ခေါင်းခါသည်။ ဒါကို သူမ တကယ် မသိပါ။ မိသားစုတွေထဲမှာ ပြဿနာတစ်ခုခု ရှိခဲ့တာတော့ သိသည်။ ကိုယ့်ရှေ့မှာ ဘာမှမပြောတော့ မသိစေချင်လို့ပဲဆိုပြီး မမေးရဲခဲ့တာ ဖြစ်သည်။

"မမက သူတို့မိသားစုအကြောင်းကို ဘာမှမသိဘူးလား"

"ငါ သိပါတယ်၊ နင် ပြန်မမေးပါနဲ့..."

"ဒါဆို မမ ပြောမယ်ဆိုတာ ပြောလေ..၊ အန်တီ ဆေးရုံသွားဦးမှာဆင်တယ်၊ လင်း ကို ဘာခိုင်းဦးမလဲ မသိဘူး"

သက် က ခါးနာသက်သာသွားပြီမို့လို့ ဆေးရုံက ဆင်းလာခဲ့တာ ဖြစ်သည်။ ခြား ကလည်း သူ့သဘောနဲ့သူ အိမ်အရောက် ပြန်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆေးရုံမှာ အောင် တစ်ယောက်တည်း ကျန်ခဲ့သည်။

"မမ အိမ်ထဲ ပြန်ဝင်မှာလား"

လမ်းလျှောက်တိုင်း ထိန်းကူပေးရဆဲမို့ လင်း က မေးခြင်းဖြ သည်။ သက် က ကိုယ့်အတွေးနှင့်ကိုယ်မို့ ဒေါသထွက်ကာ...

"နင်က ငါ့နားမှာနေရတာ ဘာဖြစ်လို့လဲ..၊ ငါ့အိမ်မှာနေတာ မဟုတ်တော့ပေမယ့် ဒါ ငါ့ယောကျ်ားရဲ့အိမ်နော်..၊ နင် ငါနဲ့ မကင်း သေးဘူး"

လင်း မျက်နှာပျက်သွားသည်။ တစ်နေ့ ဒီစကားမျိုးတွေ ကြား လာရမယ်ဆိုတာ သိပြီးသားပါ..။

"မဟုတ်ပါဘူး မမရယ်..၊ အားလုံးအပေါ်မှာ ဝတ္တရားမပျက်ချင် လို့ပါ၊ မမအိမ်မှာ နေနေ့,မနေန မမကို လင်း မေတ္တာမပျက်ပါဘူး"

သက် က မဲ့ပြုံးနှင့် ဟိုဘက်လှည့်၏။ ဖျက်လို့မှမရတာ၊ ညည်း ဘယ်ပျက်ရဲမလဲ..။ ရင်ထဲမှာ လင်းရာသီ ဆိုတဲ့ မိန်းကလေးကို မတေ နပ်ခြင်းက တဆစ်ဆစ်တိုး၏။

သူမ အချိန်ပြည့် စိတ်ဆင်းရဲနေရတာ သင်းကြောင့်..။ ခုလည်း သူမ သဘောပေါက်လိုက်ပါသည်။

ဒေါ်ရွှေမမ ရှုံးသွပ်ခဲ့ရတဲ့အကြောင်းတွေကို ဒီအိမ်က အိမ်သား တွေအပြင် ဘယ်သူမှ မသိခဲ့သေးဘူးဆိုတာ..။ ထို့ကြောင့် ဒါအတွက် နှင့် လင်း ကို ပြောပြတားဆီးဖို့တွေ မလိုအပ်သေး..။

"မမက လင်း နဲ့ပတ်သက်တာကို ဘာဖြစ်လို့ ဖုံးဖိထားတာလဲဟင်"

"သြော်... ဖြစ်ရလေ လင်းရာသီ ရယ်..၊ ညည်းက ဒီမှာ အိမ်ဖော် ဖြစ်နေတာလေ၊ ငါက သူဌေးရဲ့ဇနီး ညည်းနဲ့ငါ ဆွေမျိုးတော်နေတာကို လူသိခံလို့ ဖြစ်ပါ့မလား"

အစကတည်းက မတော်ချင်လည်း ရ..၊ မခေါ်ချင်လည်းရတဲ့





နီးစပ်မှုတွေပါ။

"ငါ့အမေကသာ ညည်းကို သနားလို့ အိမ်ပေါ်ခေါ်တင်ခဲ့တာ..."

လင်း ရင်ထဲမှာ ကျစ်ခနဲ နင့်သွားသည်။

"ဘာပဲဖြစ်ဖြစ် ညည်း အခု စာမေးပွဲဆက်ဖြေရတယ်မို့လား..၊ အိမ်ဖော်လို့ဘဲပေမယ့် ဆိုးတော့မဆိုးပါဘူး၊ တစ်ခု ထပ်ပြောထား မယ်နော်၊ ငါနဲ့ပတ်သက်နေပြီဆိုရင် သူတို့က မေးတာဖြစ်ဖြစ်၊ ညည်း ရဲ့မှာ ပြောနေတာဖြစ်ဖြစ် တစ်ခွန်းတစ်ပါဒမှ ညည်း ဝင်မပြောပါနဲ့၊ ဒါသန်းသန်း က ဘာမေးသေးလဲ"

"အသွားက အန်တီခင် တို့ကိုပဲ သိတာပါ၊ မမကို မမှတ်မိပါဘူး"

ဆွေနီးမျိုးစပ်ပေမယ့် တစ်မြို့တစ်ရွာစီနေ အသွားအလာတွေ သည်း မရှိခဲ့ကြတာမို့ နောက်ပေါက်လူငယ်တွေကို လူကြီးတွေက မသိ တော့ပါ..။

ဆွေမျိုးတွေထဲမှာ သက် တို့က အချမ်းသာဆုံးဖြစ်ကာ လင်း တို့က ဆင်းရဲဆုံးဖြစ်၏။ ထို့ကြောင့် သက် တို့က အားလုံးနှင့်ကင်းနိုင် သလောက် လင်း တို့ကတော့ ဆွေမျိုးတွေထဲမှာ တဝဲလည်လည်ပါ..။

"လင်း ရေ..."

"ရှင်... လာပြီ အန်တီ.."

ဒေါ်စိန်စီလင်း က တံခါးဝမှာ ရပ်နေ၏။ လင်း ထွက်သွားမလို့ ပြင်ပြီးမှ...

"မမ ဒီမှာ ထိုင်နေဦးမှာလား..၊ အိမ်ထဲကို ပြန်ပို့ပေးခဲ့ရမလား"

"မလိုဘူး..၊ သွားတော့..."

အိမ်မှာ ညီအစ်ကိုနှစ်ယောက်စလုံး မရှိတဲ့အခါ အရေးတကြီး သွားစရာရှိပြီဆိုရင်တော့ ဒေါ်စိန်စီလင်း ပဲ ကားမောင်းသည်။

အောင် စီးတဲ့မာစီဒီး မဟုတ်ပါ။ ဘန်ကားအဖြူလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ထမင်းချိုင့်တွေ မပြင်ရသေးဘူးလား၊ ခဏလေးနော်.."

အပြစ်ရှိသူမို့ လင်း ခေါင်းလေးငုံ့၍ ပျာပျာသလဲ တောင်းပန်ကာ အထဲဝင်ဖို့ပြင်လျှင် ဒေါ်စိန်စီလင်း က လက်ကိုဆွဲထားကာ...

"နေပါစေ..၊ ညည်းအစ်ကိုက ဒီနေ့ ဆင်းမယ်တဲ့..၊ ညီအစ်ကိုနှစ်ယောက်စလုံး ပြောရဆိုရခက်ပါတယ်အေ.."

"ဘာခက်တာလဲ အန်တီ..၊ ဒီမှာကြည့်..၊ အန်တီတူ ဘာမှမဖြစ်တော့ဘူး"

ပြောရင်း ထောက်ကြွထောက်ကြွပုံနှင့် ခြား ထွက်လာ၏။ ဒေါ်စိန်စီလင်း က လှည့်ကြည့်ကာ...

"အေးပေါ့..၊ လုပ်သလိုဖြစ်နေတုန်းဆိုတော့ ပြောတိုင်း မှန်နေတာကိုး၊ ခန္ဓာကိုယ်ထဲမှာ ဖြစ်တယ်ဆိုတာ ဆရာဝန်မှ နားလည်တာပေါ့ဆလို့မရဘူး"

ခြား က ပြုံးလိုက်ပြီး အောက်ကိုဆင်းဖို့ ခပ်စမ်းစမ်း လှမ်း၍ခြေချသည်။ ပြီးတော့မှ ခြံထဲမှာ သက် ကို လှမ်းမြင်လိုက်သဖြင့် ခြေထောက် ပြန်ရုတ်၏။

ရုတ်ခြင်း၊ ကြွခြင်းတွေမှာ ထိန်းထားသည့်ဟန်ချက် ပျက်ကာ နောက်ကို ပက်ခနဲ လန်ကျလာလေသည်။

"ကိုလေး!..."

"ဟဲ!.. ဟဲ့!... လုပ်ပါဦး..."

ဒေါ်စိန်စီလင်း လက်တပြင်ပြင်နှင့် ယောင်ရမ်းနေဆဲ လင်း က ခြား ရဲ့ကိုယ်ကို ချိုင်းအောက်ကနေ ဝင်ဖက်ထားလိုက်၏။

"အား!... ကျွတ်..၊ ကျွတ်..."

ခြား မျက်နှာရှုံ့မဲ့သွား၏။ ဆေးရုံကဆင်းလာပြီးမှ ကိုယ့်အပြင်နှင့်ကိုယ် မျိုသိပ်နေရှာကာ မျက်နှာ ဒီလောက်ထိ ရှုံ့မဲ့သွားတော့ တော်





တော်နာသွားပြီမှန်း သိလိုက်ကာ ဒေါ်စိန်စီလင်း ခြား ကို ကရုဏာဒေါသနှင့်ပင် မဆူရက်တော့ဘဲ ဖြစ်သွား၏။

"ရပြီ.. ရပြီ..၊ ဖယ်... ကျေးဇူးပဲ"

ခြား က ခြေထောက်တစ်ဖက် ကောင်းကောင်းမထောက်နိုင်သေးဘဲ တံခါးဘောင်မှာ ပခုံးနှင့်မှီလိုက်ပြီး လင်း ရဲ့လက်တွေကို အားတုံ့အားနာ ဖယ်ချသည်။

"ရရဲ့လား သား ရယ်..၊ အရမ်းနာနေတယ်မို့လား..."

"ရပါတယ်.."

ဆိုပြီး ပြန်ရပ်ကြည့်တာ မရ..။

"လာပါ ကိုလေး ကလဲ..၊ လင်း ကို အားမနာပါနဲ့၊ ဆိုဖာနားထိတော့ သွားလိုက်ပါ"

"အေးလေ သားရယ်..၊ အိမ်မှာ ဒီလူတွေပဲရှိတဲ့ဥစ္စာ၊ လာ ဒီဘက်က အန်တီ့ကိုတွဲ..."

"ရပါတယ် အန်တီ..၊ ဖယ်..."

သူ့ကိုယ်ကြီးနှင့် ကပ်မှီလိုက်လျှင် အန်တီ ဒုက္ခရောက်သွားမှာစိုးတော့ လင်း ရဲ့ပခုံးသားလေးပေါ်မှာပဲ သူ့လက်တစ်ဖက်ကို လှမ်းတင်လိုက်သည်။

"ဆောရီးနော်..၊ ငါ အရမ်းနာနေလို့..."

ပစ်ကပ်မှီလိုက်ရင်း ခပ်တိုးတိုး တောင်းပန်သည်။ လင်း က ခေါင်းညိတ်၏။

"သမီးရယ် နင့်အစ်ကိုကို သူ့အခန်းထဲရောက်အောင် ပို့လိုက်ပါ၊ ပြီးတော့ ဆေးတစ်ခွက်လောက်တိုက်ခဲ့နော်၊ အနာအကျင် ပျောက်အောင်..."

"အန်တီကလဲ ကျွန်တော်..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်တည်း ဒုက္ခရောက်နေမှာစိုးလို့ သားရယ်.. ခေါင်းမမာစမ်းပါနဲ့၊ အန်တီတို့က ဆေးရုံမှာကြာနေရင် ညည့်ခန်းမှာ အကြာကြီး ထိုင်နေရမှာစိုးလို့"

ဒေါ်စိန်စီလင်း က လှမ်းမှာရင်း ကားထုတ်ဖို့ အပြင်ထွက်သွား၏။

"ရပြီ၊ ခုံဆွဲပေး.."

စာကြည့်စားပွဲကိုလက်ညှိုးထိုးတော့ လင်း က သူ့ကိုမော့ကြည့်ကာ..

"ခုတင်ပေါ်မှာပဲ သက်သောင့်သက်သာ လှဲနေလိုက်ပါ၊ အန်တီ သေချာမှာလိုက်တဲ့ဟာ..."

သူ ဘာမှမပြောရသေးမီ ခုတင်အစပ်မှာ ရပ်လိုက်ပြီး လင်း က သူ့ကို ထိုင်ခိုင်းသည်။

"ခြေထောက်တွေ ရုတ်နိုင်ရဲ့လား၊ နောက် နည်းနည်းဆုတ်လေ၊ လင်း မ,တင်ပေးမယ်"

"ရတယ်..၊ အဲဒီလောက်ထိ မလိုဘူး"

လင်း က သူ့အတွက် ဆေးထုတ်သူပြီး ရေတစ်ခွက်နှင့် ပြန်လှည့်လာလျှင်...

"လင်း..."

လင်း မျက်နှာကို သူက မော့ကြည့်နေလျက်...

"မင်းနဲ့ သက်တန့်ခင် အစကတည်းက သိနေကြတာလား..."

လင်း ထိတ်ခနဲ ဖြစ်သွား၏။ ကိုလေး ဘယ်လောက်ထိ ရိပ်မိထားပါသနည်း..။

"ဟော့.. မေးနေတာ ဖြေလေ..."

"မသိပါဘူး.."

လင်း ဖြေတာကို ခြား က ကျေနပ်ပုံ မရပါ။ လွှဲသွားသည့်မျက်ဝန်းတွေက စူးရဲလျက်..၊ တွန့်ထုတ်ထားသည့် မျက်ခုံးတန်းတို့က





မပြေ..။ ပြီးတော့ ပြန်လှည့်လာ၍...

"ဒါဆိုရင် မင်း သူနဲ့ပတ်သက်ပြီး ဘယ်လိုထင်လဲ.."

"မသိဘူး..."

"လင်း..."

ခြား အသံက ငေါက်ဆတ်ဆတ်ဖြစ်လာ၏။ လင်း ကို တရားခံ တစ်ယောက်လိုကြည့်ကာ...

"သူ ရောက်လာတာ မကြာသေးပေမယ့် မင်းနဲ့ အနီးစပ်ဆုံးပဲလို့ ငါ ထင်တယ်"

"ဒါကတော့ မိန်းကလေးချင်းပဲဥစ္စာ"

လင်း က ချက်ချင်း ခွန်းတုံ့ပြန်သည်။ မှန်လည်း မှန်နေသည်မို့ ခြား အသံတိတ်သွား၏။

"ဆေးသောက်လိုက်ဦးလေ..."

"ထားခဲ့..."

"ပြန်ချလို့ မရဘူး၊ ဆေးက အသားနဲ့ထိပြီးမှဆို အစိုပြန်တယ်"

"မင်းက ဘာဖြစ်လို့ အသားနဲ့ ထိရတာလဲ"

ဆေးကတ်တွေထဲကနေ တစ်ခါတည်း ထုတ်ယူလိုက်တာကို ခြား က အပြစ်တင်၏။ လင်း က မျက်နှာလေးမှုန်သွားကာ...

"မသိဘူး...၊ ဆေးတိုက်ဖို့ဆိုရင် အဲဒီလို တစ်ခါတည်း လုပ်ပေးတတ်တာ အကျင့်ပါနေပြီ"

"လူမမာတွေ တော်တော် ပြုစုခဲ့ရပုံပဲ၊ မင်းပုံစံကြည့်ရတာ သူနာပြုနဲ့လဲ မတူပါဘူး၊ ဘာလဲ..."

"ဒီလိုပဲ သူများခိုင်းတာတွေ..."

ခြား မျက်နှာ တင်းခနဲဖြစ်သွား၏။ သူ ဒီပုံစံမေးမိတိုင်း ဒီကောင်မလေး ဒီလိုပဲဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားယားနှင့် ကိုင်ပေါက်ပစ်ချင်စိတ်တွေ ထူးဆန်းစွာ ဖြစ်လာ၏။ ပုံစံက ကြည့်..၊ ဂျင်းဘောင်းဘီ သရီးကွာတားနှင့် တီရှပ်လက်တိုကပ်ကပ်လေး..။

အချိုးကျသည့်ကိုယ်လုံးက ထင်းနေသည်။ ဒါပေမယ့် ဒီလိုဝတ်တယ်ဆိုတာ ရန်ကုန်မြို့လိုနေရာမျိုး ဒါမှမဟုတ် ကိုယ့်မိသားစုထဲမှာပဲ ကောင်းသည်။ ဇွေခနဲ ရောက်သွားသည့်အကြည့်ကို အလျင်အမြန် ရုတ်သိမ်း၍ ဒေါ်သကို ပြန်မျိုချရ၏။

"သွားတော့..."

"ဒီဆေးတွေက ကိုလေး သောက်ရမှာလေ..."

"ကဲ... ပေးကွာ..၊ ကြာကြာမြင်နေရရင် နားရင်းအုပ်မိတော့မယ်"

မဆီမဆိုင် အုပ်ကြည့်ပါလား..၊ ကိုယ်က မတ်တတ်မို့ အပေါ်စီးကနေ လွတ်လွတ်လပ်လပ် မဲ့ပစ်လိုက်မိစဉ် ဖျတ်ခနဲ ကြည့်လာသည့် ခြား မျက်လုံးတွေနှင့် ပက်ပင်းတိုး၏။

"အဲ... ဟို..."

ခြား က အံကြိတ်လိုက်သည့်မျက်နှာနှင့် ဆေးကိုယူသည်။

သိသားပဲ..၊ ကိုယ့်အိမ်ရောက်နေလို့ စွာတာတာပုံစံတွေ ပျောက်နေတာ။ စိတ်ထဲမှာတွေးဖြစ်ရင်း ထိန်းချုပ်နေရတွာကို တစ်ခါတစ်ခါ အားမလိုအားမရ ဖြစ်၏။

"လုပ်စမ်းပါ..၊ ခင်ဗျား ပြောချင်တာတွေ တည့်တည့်ပြော"ဆိုပြီး မျက်နှာချင်းဆိုင် စိန်ခေါ်၍ ရန်ဖြစ်လိုက်ရလျှင် ပွဲက ကြည့်ကောင်းဦးမည်။ ခုတော့ ဟန်ဆောင်ပန်ဆောင် ဖုံးဖုံးဖိဖိ ဝတ္တရားအရ ရှိသေနေလိုက်တာ..။





## အခန်း [ ၂၉ ]

"ဘာချက်ထားလဲ ဒေါ်သန်း"

"ငါးသလောက်နပ်နဲ့ ငါးခူစဉ်းကောလေး လုပ်ထားတယ် သူဌေး၊ လူလေးအောင် အတွက် ဆိတ်ခြင်ဆီရိုးလေး စွပ်ပြုတ်ရှိတယ်"

"ဒါပဲလား..."

ဟု မေးပြီး ဒေါ်စိန်စီလင်း က မီးဖိုထဲဝင်လာကာ အိုးခွက်တွေကို လှန်လှော၍ကြည့်၏။

"ချဉ်ဟင်းက ဘာနဲ့လဲ..."

"ငါးရံ့ခေါင်းဟင်းချိုအချဉ်လေး လုပ်ထားတာ..."

"ငါးတွေချည်းပါလား ဒေါ်သန်း ရဲ့..၊ သားငယ်က ငါး မကြိုက်ဘူးလေ..."

"ခြားလေး အတွက် အမဲနှပ်ရှိတယ်လေ..၊ ငါးတွေက သမီးသက်တားချင်တယ်ဆိုလို့ပါ"

"သက် က...

ဒေါ်စိန်စီလင်း မျက်မှောင်ကြုတ်သွားသည်။

"သူ ဝင်လာပြီး ခိုင်းတာလား"

"လင်း နဲ့ပြောလို့ ငါ်တာပါ၊ သူက လင်း ကိုတော့ ရင်းနှီးပါတယ်"

ရင်းနှီးတာကို ဒေါ်စိန်စီလင်း သိသည်။ ဒါပေမယ့် ဖျတ်ခနဲ ဖျတ်ခနဲ လှမ်းမြင်လိုက်ရတိုင်း လင်း ကို ဆူနေသလိုလို အမိန့်ပေးနေသလိုလို..။



www.burmeseclassic.com

www.burmeseclassic.com



လင်း ကလည်း ဇာခံချိုးပါပဲ။ ဘာပဲဖြစ်ဖြစ် လင်း က ဒီအိမ်က အလုပ်သမားမဟုတ်။ သားကြီးအော်င် က အရိပ်တကြည့်ကြည့် ဂရုစိုက်နေသဖြင့် သူမကိုယ်တိုင်လည်း တရင်းတနှီး ဖြစ်နေပါပြီ..။

ကိုယ့်တူမသားချင်းလေးလိုပဲ သဘောထားတော့မည်လို့လည်း ဆုံးဖြတ်ခဲ့၏။ နောက်မှရောက်လာသည့် စိမ်းသက်နေသူတစ်ယောက် အဖို့ အိမ်ရှင်ကို ဒီလို ဆက်ဆံတာကတော့ အံ့ဩစရာပဲဖြစ်၏။

ဒါမှမဟုတ် လင်း ကို အလုပ်သမားလိုပဲ သဘောထားပြီး သားကြီးရဲ့ ဇနီးတစ်ယောက်နေရာကနေ ပိုင်စိုးပိုင်နင်း ဆက်ဆံတာမျိုး ဖြစ်နိုင်သည်။ ဒေါ်စိန်စီလင်း စိတ်တော့သိပ်မကောင်းပါ။ သားကြီးလို သဘောထားနူးညံ့သူဟာ သူနှင့်ထပ်တူညီမဟုတ်ရင်တောင် ဆန့်ကျင်ဘက် စရိုက်သဘာဝမျိုးနှင့် ပေါင်းဖက်ခဲ့ရတာမျိုး မဖြစ်သင့်..။

ကိုယ်ပဲ အစိုးရိမ်လွန်ကဲမိတာ ဖြစ်ပါစေ..။

"ဒေါ်သန်း သိလား..."

"ရှင်..."

"သက် နဲ့ လင်း က ရန်ကုန်မှာကတည်းက သိလာခဲ့ကြသလိုပဲ"

တကယ် မသိတာမို့ ဒေါ်သန်းသန်း က ခေါင်းခါ၏။

"ဟုတ်ပုံမရပါဘူး သူဌေးရယ်၊ လင်း ကတော့ ဘာမှမပြောဘူး၊ ဒေါ်သန်း မေးပေးရမလား..."

"မမေးပါနဲ့..၊ ထင်လို့ မေးကြည့်တာ..."

ဒေါ်စိန်စီလင်း ပြန့်ထွက်မယ်လုပ်တော့မှ လင်း က တို့စရာတွေ ပြင်ဆင်ထားသည့် ဗန်းကလေးနှင့် အထဲဝင်လာကာ...

"ပြီးပြီ အဘွားရေ..၊ ဒီမှာ ကြည့်..၊ ရှယ်..."

ကောားတစ်ပိုင်းတစ်စနှင့်ရပ်ကာ ဒေါ်စိန်စီလင်း ကိုမြင်တော့ ခေလှမ်းတုံ့သွား၏။ ဗန်းထဲမှာ မြင်းခွာရွက်ရယ်၊ သခွားသီးစိတ်လေးတွေ





ရယ်၊ ပြီးတော့ ပူဒီနံရယ်၊ ဘာမှမဟုတ်လောက်ပေမယ့် ထမင်းဆိုင်တွေမှာ ပြင်ထားသလို သခွားသီးကိုပါ ပန်းပွင့်ပုံလေးတွေဖြစ်အောင် လုပ်ထားတာဖြစ်သည်။ ဒေါ်စိန်စီလင်း က သဘောကျစွာ ပြုံးလိုက်မိသည်။

"လင်း က ဒီလို ပြင်ဆင်ရတာလဲ ဝါသနာပါသလား"

"အဟွန်း..."

လင်း က ဗန်းကလေးကို စားပွဲပေါ် အသာလေးသွားချပြီး ဆာစင်မှာ အထပ်လိုက်ရှိနေသည့် ချက်ပြုတ်ထားသော အိုးခွက်ပန်းကန်ကို သွားဆေးသည်။

"ဝါသနာပါတာလား၊ စပ်စုတာလား မသိပါဘူး သူဌေးရယ်၊ မီးဖိုချောင်ထဲမှာ အရင်လို တိတ်တိတ်ဆိတ်ဆိတ် ချက်ပြုတ်နေလို့ ရတော့ဘူး၊ ဟိုမေးဒီမေး ဟိုဝင်ပါ ဒီဝင်ပါ၊ အခု အချက်အပြုတ် တော်တော်တတ်နေပြီ"

"ကောင်းတာပေါ့..၊ မိန်းကလေးဆိုတာ မလုပ်ရင်သာ နေရမယ်၊ တတ်ဘူးဆိုတာ မရှိရဘူး၊ မီးဖိုချောင်နဲ့ အိမ်မှုကိစ္စတာဟီရက အိမ်ထောင်တစ်ခုရဲ့ ပင်မစီးပွားရေးပဲ၊ ကိုယ် တကယ်ကျွမ်းကျင်မှ တကယ် နိုင်နိုင်တာ၊ နောက်လာမယ့် ကိုယ့်ရဲ့သားသမီးတွေ၊ မြေး၊ မြွေးမတွေ ကို ကိုယ်ကတတ်မှ ဆရာလုပ်နိုင်မှာ၊ ဆုံးမတယ်ဆိုတာလဲ ကိုယ့်ကို ပက်ညှိုးပြန်ထိုးမလာအောင် ကိုယ်တိုင်တတ်မှ ဖြစ်မယ်လေ"

"ဟုတ်ကဲ့ပါ"

လင်း ပြောချင်တာတွေ ရှိပါသေးသည်။ အချက်အပြုတ်ကို အစကတည်းက ဝါသနာပါတဲ့အကြောင်း၊ မနီးစပ်လို့သာ ဒီအရွယ်ထိ ဘာမှမတတ်မြောက်ခဲ့ရသေးပါဆိုတဲ့ အကြောင်းတွေ..။

"အဲဒီမှာ ထားခဲ့ဦး လင်း..၊ သားကြီး ခြံထဲဆင်းချင်တယ်ပြောတယ်၊ လိုက်ပို့လိုက်ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့”

ဒေါ်စိန်စီလင်း ထွက်သွားတော့ လင်း က လက်ကို ဆပ်ပြာမွှေးနှင့် စင်အောင်ဆေးသည်။ ဒေါ်သန်းသန်း က သက်ပြင်းချလျက်…

“တော်ပါသေးရဲ့အေ..၊ ညည်းလိုအချိုးမျိုးနဲ့ ဒီမှာ အံ့ဝင်ခွင်ကျဖြစ်သွားတာ…”

“လင်း က ဘာလုပ်နေလို့လဲ အဘွားရဲ့..”

“အမယ်လေး ရောက်လာကတည်းက ဘဲဥတစ်လုံးတောင် ဖြောင့်အောင် မကြော်တတ်တာလေ၊ ခြား နဲ့စကားပြောရင် ဂျွတ်ဆတ်ဆတ်..”

“ဒါကတော့…”

“တော်ပါအေ..၊ အကြောင်းမပြပါနဲ့၊ ညည်းကိုက ဘယ်သူ့ကိုမှ ဖိုလ်မထားချင်တာပါ၊ ဒီမှာ ခဏနေမှာပဲဆိုပြီး အချိုးမပြေတာ၊ အခုလို ကိုယ့်ရဲ့အိမ်ရှင်ဖြစ်လာတော့ မျက်နှာမပူဘူးလား”

“မပူပါဘူး”

“အဲဒါလဲ ယုံပါတယ်”

ဒေါ်သန်းသန်း က ဒေါသဖြစ်လို့မဟုတ်ဘဲ ကျေနပ်သည့်မျက်နှာကြီးနှင့် ဖြစ်သည်။ အောင် ရောက်လာပြီး လင်း နှင့်ဆုံမိသွားတာကိုက ဘုရားမ,တာပါ။ ဒီအိမ်မှာ သူ့ဌေး ရွှေမမ ရယ်..၊ အောင်ရယ်..။

သူတို့က ဒါဆို တခြားသူတွေက ကန့်ကွက်ခဲ့တာ သိပ်မရှိ။ ခုလည်း ဒေါ်စိန်စီလင်း ကိုယ်တိုင်က နွေးထွေးမှုများနှင့် ဖြစ်နေပြီ..။

အစကတည်းက အပြုံးအရယ်နည်းကာ ဒီလိုပုံစံပဲနေတတ်တဲ့သူမို့ ဒေါ်စိန်စီလင်း ကို လင်း လည်း နားလည်သွားပြီဖြစ်၏။

“ဟဲ့… ဘွားလေ..၊ ထားခဲ့ အဲဒါတွေ…”

“ထားခဲ့ပါပြီ၊ ဒီမှာ အကျီတိုနေလို့ ဆွဲချနေတာ”

လင်း က ဘောင်းဘီကို ဆွဲတင်၊ အကျီကိုဆွဲချနှင့် ကမန်း





ကတန်း လုပ်နေ၏။ ဒေါ်သန်းသန်း စိတ်ပျက်သလိုကြီးကြည့်ကာ…

“ဘောင်းဘီက နှစ်ထည့်သုံးထည်ပဲ ရှိလို့ပဲနော်၊ အများကြီးသာရှိရင် မလွယ်ဘူး”

“သူများ ကြားပါ့မယ် အဘွားကလဲ..၊ ကိုယ့်မြေး ချမ်းသာတာကို ကြားနေပြန်ပြီ”

“မကြားလဲ သိပါတယ်အေ..၊ ဒီအရောင်၊ ဒါပဲ ဝတ်နေတဲ့ဟာ…”

“သနားရင်လဲ နောက်ထပ် သုံးထည်လောက် ဝယ်ပေးပါလား”

“အမယ်လေး… မပေးနိုင်ပါဘူး၊ ထဘီဝတ်မယ်ဆိုရင် ပြော..၊ အထုပ် ထဘီအားလုံး ပေးပစ်လိုက်မယ်”

“မဝတ်ပါဘူး”

“အဲဒါကြောင့် ပြောနေတာပေါ့၊ ဘောင်းဘီ ဟိုမရောက် ဒီမရောက်လေးနဲ့ တစ်ခါတလေ အကျီက ခါးတိုသေးတယ်၊ ညည်းကိုယ်ညည်း ဆယ့်ခြောက်နှစ်သမီးလေး မှတ်နေသလား၊ လူကောင်ကထွားထွားထွား၊ ဆံပင်လေး အားကိုးမလားဆိုတော့လဲ ရှည်ရှည်ပိုင်းပိုင်းရှိ၊ ဘယ်နေရာမှကို အမြင်မတော်ဘူး၊ သူ့ဌေး ရွှေမမ မရှိတော့တာ ညည်း ကံကောင်းတယ်”

ဒေါ်သန်းသန်း လွှတ်ခနဲ ပြောလိုက်ပြီးမှ စကားသံလည်း တိတ်၊ သူလည်း တစ်ဖက်လှည့်သွား၏။ လင်း ကလည်း စိတ်ဝင်စားပေမယ့် မေးအားတော့ပါ..။

အောက်ထပ်က အောင့် အခန်းဆီ ကူးလာခဲ့၏။ ထိုစဉ်…

“မဟုတ်ဘူး သက်..၊ မဖ်းလဲ ခါးနာထားတဲ့လူမို့လို့ ပင်ပန်းမှာပေါ့၊ လင်း က လူငယ်၊ ဘာမှလဲ ဖြစ်ထားတာမရှိဘူး၊ အဲဒါကြောင့်ပါ”

“ဘာဖြစ်ဖြစ် သက် ကတော့ ခွဲခြားခံနေရသလိုပဲ..”

ညညဆိုလည်း အောင် စားတတ်သောက်တတ်တာကို သူမက

www.burmeseclassic.com



မသိ။ နို့ပေါ့ပေါ့တစ်ခွက်နှင့် မုန့်တစ်ခုခုစားပြီး အနားယူတတ်သည် တဲ့။ ဒါ စားပါလားဆိုတာကို သိလို့ ကိုယ်တိုင် ထလုပ်ပေးချင်ပေမယ့် ဘယ်ပစ္စည်း ဘယ်မှာထားမှန်း မသိ..။

မသိတာကို မေးနေပြီဆို ဒေါ်စိန်စီလင်း အသံထွက်လာပြီး...

"လင်း ရေ..၊ ညည်းအစ်ကိုအတွက် လုပ်ပေးလိုက်ပါဦး၊ ဒေါ်သန်း လုပ်နေကျအတိုင်း..." ဆိုတာမျိုးတွေ..။

"စွပ်ပြုတ်လေးပြီးရင် သားကြီးအတွက် ယူခဲ့သမီး" ဆိုတာမျိုး..။

ဒီအိမ်ကအထာတွေကို မသိခဲ့ဘူးဆိုတာထား..၊ သိအောင် ကြိုး စားခွင့် မရှိတော့ဘူးလား။ အောင် ကလည်း ဒါတွေကို မသိသလို နေသည်။ ဒါမှမဟုတ် လင်း နှင့်ပဲ ရင်းနှီးချင်တာလား..။

ဆံပင်တိုတို၊ ဘောင်းဘီ ကိုးရိုးကားရားနှင့် နေတာပဲရှိသည်။ လင်း က ကလေးအရွယ်မှ မဟုတ်တော့တာ။ ပြီးတော့ သူ့စိမ်း..။

ဒါကို အလွန်ချစ်စရာကောင်းသည့် မျိုးကောင်ပေါက် ဆယ်ကျော် သက်လေးလို ချစ်စနိုးရယ်မြူးရိပ်များနှင့် မျက်ဝန်းတွေက ပိုလွန်းနေ၏။

သူမနှင့် အောင် က လက်ထပ်ထားသည်ဆိုပေမယ့် ဒီနေ့ထိ ပေါင်းသင်းခဲ့ကြခြင်းမရှိသေးသလို ချစ်သူဘဝဆိုတာလည်း ဘယ်လို အစရှာရမှန်းပင် မသိ..။

အချစ်ချင်း ဖလှယ်ခဲ့ကြတာမှ မဟုတ်ဘဲ။ သံယောဇဉ် ရင်းနှီးမှု တွေပေါ်မှာ လင်လိုမယားလို ဆက်ဆံရင်းနှီးခွင့်တွေ မပါဘူးလား..။

"သက်..."

ကိုယ့်ဒေါသနှင့်ကိုယ် အပြင်ကို ထွက်ဖို့ပြင်တော့ အောင် က လက်ကိုဆွဲထားကာ...

"ဒါဆိုလဲ ကိုယ်နဲ့ အပြင်သွားမယ်လေ"

"သက် မလိုက်တော့ပါဘူး၊ သွားကြပါ"





သက် အပြင်ထွက်လိုက်သည်နှင့် အပြင်မှာ ရပ်နေသည့် လင်း နှင့် မျက်နှာချင်းဆိုင်မိသွားသည်။ ပါးစပ်တော့ ပြင်လိုက်သေး၏။ ပေမယ့် ပြောခွင့်မသာသည်မို့ စူးရဲတင်းမာသည့်မျက်ဝန်းများနှင့် ကြည့်ပြီး လှည့်ထွက်လာခဲ့သည်။

လင်း ကို အနီးကပ် သတိပေးကြိမ်းမောင်းချင်တာတွေရှိလို့ 'ခါး နာသေးတယ်၊ တစ်ခါတစ်ခါ လဲပြိုမလိုတောင် ဖြစ်တယ်' စသဖြင့် ဒါကို အကြောင်းပြထားခဲ့မိ၏။

ဒါတွေကြောင့် အောင့် နားကို ကပ်ခွင့်မရကာမှ ယူကျုံးမရခြင်း ဖြစ်ရသည်။ ခုတော့ လူမမာချင်းပြုစုလို့ မရဘူး၊ သက်သက်သာ နေတဲ့..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၀ ]

ကြက်မွေးတံကိုင်မိလို့ ဒီနားရောက်လာတိုင်း မော့ကြည့်မိတာ ကိုကြီးတို့ညီအစ်ကိုရဲ့ မိဘနှစ်ပါး၏ဓာတ်ပုံကြီးပဲ ဖြစ်သည်။

ဒီဓာတ်ပုံထဲက အမျိုးသမီးကြီးကို လင်း သိနေသည်။ ဒါပေမယ့် တူနေတာပဲ ဖြစ်မှာပါ။ ဆံပင်တွေ ဖားလျားအုပ်အုပ်ကြီးနှင့် နူတ်ခမ်း ထောင့်နှစ်ဖက်မှာ အနာပေါက်ထားတာလေးတွေလည်း ရှိသည်။

ပြီးတော့ ကြေးညှော်အထပ်ထပ်နှင့် ပုံမှန်မဟုတ်သော မျက်လုံး တွေ ဝင်းဝင်းလက်လက်က လူ့ရဲ့ပင်ကိုရုပ်ကို ပျောက်နေစေသည်။

မျက်နှာကျပုံတူနေတာနှင့် နှိုင်းယှဉ်ကြည့်မိတာတောင် ကိုယော တို့ကို အားနာသွားမိသည်။ နောက်ထပ် ဒီပုံကိုကြည့်မိတိုင်း တ ယောက်၏မျက်နှာကို သတိရခြင်းမဖြစ်မိအောင်နေမှ..။

"လင်းရာသီ..."

မမ နောက်ကအသံကြောင့် လင်း လှည့်ကြည့်လိုက်မိ၏။

"ဘာလုပ်နေတာလဲ၊ အဲဒါ..."

"ဘာမှမဟုတ်ပါဘူး၊ ဓာတ်ပုံကြီးက လှလို့ပါ"

"သွား...၊ ကိုယ့်အလုပ်ရှိတာ ကိုယ်သွားလုပ်.."

လင်း က ခေါင်းလေးညိတ်ပြီး ထွက်လာခဲ့၏။ အပေါ်ထပ် ဆင်းလာသည့် ဒေါ်စိန်စီလင်း ခြေလှမ်းတွေ လှေကားတစ်ဝက်မှာ ရပ်နေသည်။





ပြီးတော့ တစ်လှမ်းချင်း ညှိုသက်စွာ ဆင်း၏။ ညှော်ခန်းကိုမြင်ရ လောက်သည့်နေရာမှာ နောက်ထပ်ရပ်ပြီး ကြည့်လိုက်တော့ ဓာတ်ပုံကို မော့ငေးနေသည့် သက်တန့် ကို မြင်လိုက်ရသည်။

ရောက်လာတာ တစ်လပြည့်တော့မည်။ ဒီဓာတ်ပုံကို ကြည့်တာ လည်း မမြင်၊ မမနှင့်ပတ်သက်သည့်အကြောင်းလည်း ဘာမှမေးသံ မကြား..။

တကယ်ဆို ဒီကိုရောက်လာကတည်းက ကိုယ် ပြုစုပေးလိုက်တဲ့ လူကြီးတစ်ယောက်ရဲ့ နေထိုင်ပုံ၊ အဆင့်အတန်း၊ ဒီဘဝကို ဘယ်လို ရောက်သွားတာတွေ..။

ဒါတွေကို သားကြီးက ပြောပြီးသားဖြစ်စေ၊ သိနေပြီးဖြစ်စေ ထို သူရဲ့ ခြေရာလက်ရာတွေ ကျန်ရစ်သည့် ဤနေရာကို ရောက်လာတာ နှင့် အသစ်တစ်ဖန် စိတ်ဝင်စားခြင်းက တစ်နေ့နေ့မှာတော့ ဖြစ်ကိုဖြစ် လာသင့်သည်။

စကားစပ်မိလို့ဖြစ်ဖြစ်၊ တမင်တကာဖြစ်ဖြစ် သူမအနေနှင့် မေးခွင့်အရှိဆုံးလူပဲ။ သက်တန့်ခင် ဆိုသည့် မိန်းကလေးရင်ထဲမှာ ဘာတွေရှိနေမှန်း မသိပေမယ့် သားကြီးအောင် ရဲ့ရင်ထဲမှာ သူ့အမေ အတွက် ဘယ်လောက်ဖြစ်ခဲ့တာကို သိထားသည်မို့ ဒါကြောင့်ပဲ သူမ နှင့် နီးစပ်ခဲ့သည်ဟု ရင်ထဲမှာ တစ်ထစ်ချယုံထားသည်။

'သက် က သူ့အမေကို ဘယ်လိုပြုစုခဲ့သည်'၊ 'သက် က စိတ်ထား မွန်မြတ်သည်'၊ သူမမှ အနစ်နာခံနိုင်သူ... စသည့် စကားများထဲမှာ...

"မေမေ့ကို ဘယ်ဘဝ၊ ဘယ်အခြေအနေဆိုတာ သူ မသိဘူး အန်တီ၊ စုတ်ပြတ်လေလွင့်နေတဲ့ စိတ်ဝေဒနာရှင်တစ်ယောက်အနေနဲ့ သူ မရွံ့မတွန့် ပြုစုခဲ့တာ..."

ဆိုသည့် စကားရပ်တစ်ခုကြောင့် အားလုံးပဲ တုန်လှုပ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် လက်ခံခဲ့ကြ၏။

မြင်ရတော့လည်း ပြောသလောက် မဟုတ်သလိုပါပဲ။

သက်တန့် ကတော့ တစ်နေရာကနေ ဒေါ်စိန်စီလင်း ရပ်ကြည့်နေတာကို မသိပါ။ တိတ်ဆိတ်နေသည့်အိမ်ကြီးထဲမှာ သူမှာတစ်ယောက်တည်း ရှိနေသလိုမျိုး တောင့်မတ်စွာရပ်ရင်း မော့ငေးနေဆဲ..။

အောင့်မေမေ ဒေါ်ရွှေမမ တစ်ဖြစ်လဲ စိတ္တဇဝေဒနာရှင်မိန်းမကြီးကို သူမ သေချာမမြင်ဖူးခဲ့ပေ..။

ဂိုဒေါင်ထဲမှာ လင်း ခေါ်ပြီး ဖွက်ထားတုန်းက တစ်ခါ၊ လင်းကို မပြောဖြစ်သေးခင် ကိုယ့်ဘာသာ ဆွဲထုတ်ပစ်ဖို့ အထဲဝင်သွားခဲ့သည်။ မိုးရိပ်ကြောင့် အထဲမှာမှောင်နေကာ ဆံပင်တွေ ဖိုးရိုးဖားလျားနှင့် မျက်လုံးကြီး တဝင်းဝင်းနှင့် ကြည့်နေတာကို ကြက်သီးထသွား၏။ ထို့ပြင်...

"နင်က ဘယ်သူလဲ..၊ ငါ့ကောင်မလေးရော..၊ ကောင်မလေးကို ဘာလုပ်ပစ်လိုက်သလဲ၊ အောင်မာ ကြည့်နေတယ်..၊ ငါ ရိုက်သတ်လိုက်ရ..."

ဟုဆိုကာ တုတ်ပြေးဆွဲမလိုလို၊ ခဲ ပြေးကောက်မလိုလိုလုပ်တော့ အလန့်တကြား ပြန်ပြေးခဲ့ရ၏။ ထိုကအပြန်မှာ လင်း ကို ဒေါသတကြီး ရိုက်နှက်ပစ်ခဲ့သည်။ နောက်ထပ်တွေ့တော့ အံကြိတ် မျက်ရည်ကျနေသည့် အောင့် ဘေးမှာ သေဆုံးနေပြီဖြစ်သော ရုပ်ကလာပ်အဖြစ်နှင့်..။

သူမ မှတ်မိသည့်အကြိမ်ရေက ဒါပဲဖြစ်သည်။ တွေ့တိုင်းမှာ သေချာမြင်လို့ရတယ်ဆိုတာ မရှိပေ..။

ထို့ကြောင့် ရွှေမမ ဆိုသော ချောမွေ့သန့်စင်နေသည့် အမျိုးသမီးကြီး၏ဓာတ်ပုံကို ငေးနေမိပေမယ့် မြင်ဖူးခဲ့သည့်ပုံသဏ္ဍာန်ကို ဘယ်လိုမှ မှန်းမရဘဲ ဖြစ်နေခဲ့သည်။





ဒါနှင့်ပတ်သက်ပြီး သိထားရအောင် မေးချင်ပေမယ့်လည်း နောက်ထပ် နှိုက်နှိုက်ချွတ်ချွတ်တွေ သူ ပြန်မေးလို့ ကိုယ်မဖြေနိုင်တာ တစ်စုံတစ်ရာပါခဲ့လျှင် ပြဿနာရှိနိုင်တာမို့ မမေးရဲ..။

ဒါဆို လင်း ရော..၊ လင်း က ဒီမိန်းမကြီးကို မမှတ်မိဘူးလား၊ မမှတ်မိတာပဲ ဖြစ်မှာပါ။ အပြင်အဆင်၊ အဆောင်အယောင်ဆိုတာ မူလရုပ်သွင်ကို အများကြီး ပြောင်းလဲပစ်နိုင်သည်။ တွေးမိတော့ စိတ်ထဲမှာ သက်သာရာရသွား၏။

နောက်တစ်ခါ လင်း ကို ဒီရွှေ့မှာ ကြာကြာ လာမရပ်နိုင်အောင် တားဆီးဖို့ လိုပြီမှန်းလည်း တွေးလိုက်မိသည်။ ဒီကိစ္စကို အားလုံးက ဖုံးဖိထားသည့်အဖြစ်ကပဲ ကျေးဇူးတင်ဖွယ်ပါ..။

"အဟမ်း..."

"အမေ့!..."

ချောင်းဟန့်သံသည် မိုးခြိမ်းသံကြီးလို နားထဲမှာ ဟိန်းသွားကာ ဘယ်လိုမှ ဟန်မဆောင်လိုက်နိုင်မီ သက်တန့် တုန်ခနဲ ဖြစ်သွား၏။

လှည့်ကြည့်လိုက်တော့ ဒေါ်စိန်စီလင်း..။

"အန်တီ..."

"တော်တော် စိတ်ဝင်စားနေတယ်ထင်တယ်၊ ဆောရီးကွယ်"

"မဟုတ်... အဲ... ဟုတ်ကဲ့..၊ လူတစ်ယောက်က မမှတ်မိလောက်အောင် ပြောင်းလဲသွားတာကို အံ့ဩလို့ပါ"

စကားကို အဆင်ပြေအောင် ပြောလိုက်ရပေမယ့် အသံတွေက တုန်ချင်ချင်..။

"ဟုတ်မှာပေါ့ကွယ်..၊ မမရဲ့နောက်ဆုံးအချိန်ဟာ အရမ်းကို ဆိုးရွားရှာပါတယ်၊ သမီးနဲ့တွေ့တော့ သူ ဆုံးဖို့ ဘယ်နှစ်ရက်အလိုလဲဟင်၊ ဒါမှမဟုတ် တစ်လလောက်လား၊ ဘယ်လိုတွေ့ပြီး အတူနေဖြစ်တာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့အိမ်က သဘောမတူဘဲနဲ့ အတိုက်အခံဖြစ်ခဲ့ရတာဆို..."

"ဟုတ်..၊ ဟို..."

သက်တန့် ပြောဖို့ အင်အားမဲ့သွား၏။ အနက်ရောင် ယုန်လေးတစ်ကောင် ရှိနေပါသည်လို့ ပြောရမှာမျိုး..။

ဒီတိုင်းလေး စမ်းလျှောက်ပြောသွားရမှာကို အကြီးအကျယ် ဝန်လေးနေခဲ့၏။ မနီးမဝေးမှာများ လင်းရာသီ ရှိနေမလဲ့သား။ မျက်လုံးတို့ဖြ စိတ်နှင့်တစ်ထပ်တည်းကျကာ ဘေးဘီကို ဝေ့၏။

"အဲဒါတွေကို သမီးနဲ့ပြောပြီး အားရပါးရ ငိုချင်တယ်၊ ဒါပေမယ့် ကလေးမှ မဟုတ်တော့တာ..."

ဒေါ်စိန်စီလင်း က ဆက်ပြောနေ၏။

"ပြီးတော့လေ မေးချင်သေမယ့် သေချာ မကြားရက်ဘူးကွယ်။ အခု သမီးက ပြောလာလို့ သိချင်လာတာ၊ သမီး ရှေ့မှာ သူ ဘယ်လောက်ထိ ဖြစ်သွားခဲ့လဲဟင်..."

မေးတာတွေ တစ်ပုံကြီးကို ဘယ်လိုဖြေရမှန်း မသိ။ လင်း နှင့် ဒီမိန်းမကြီး ဆုံခဲ့တာကို သိထားခဲ့ရင်လည်း အကောင်းသား..။

"ဟိုလေ... သူက သူများတွေဆီက လိုက်တောင်းစားနေတာ..."

"အို!..."

ဒေါ်စိန်စီလင်း မျက်နှာ ငိုချလိုက်တော့မလို ဖြစ်သွားတာမြင်မှ ကိုယ့်စကားလုံးတွေ ကြမ်းသွားပြီမှန်း သိသည်။

"သူ့ကို သူများတွေက အော်ငေါက်..."

"တော်ပါတော့ သမီးရယ်၊ အန်တီ မကြားရဲတော့ဘူး၊ ဟိုလေ— နေမကောင်းဖြစ်နေတော့ သမီးဆီ သူ ရောက်နေပြီလား"

"ဟုတ်တယ်..၊ မိုးတွေက အဆက်မပြတ်ရွာနေတော့ တချို့အိမ်တွေ၊ လမ်းတွေထဲမှာ ရေမကျဘူး၊ အဲဒါကြောင့် သူ အအေးပတ်ပြီး





ဖျားတာ၊ သက် က နေ့တိုင်း ဆရာဝန်နဲ့ ပြပေးပါတယ်"

"အန်တီ..၊ လင်း အထဲမှာလား"

"သားငယ်..."

စကားမပြတ်သေးခင် ခြား ပြန်ရောက်လာသဖြင့် အာရုံက ဒီဘက် ပါသွား၏။

ခြား လက်ထဲမှာ လင်း အနီးကပ်ဖြေဖို့အတွက် စာအုပ်တွေနှင့်...

"အေး..၊ မီးဖိုချောင်မှာ ထင်တယ် သား၊ မင်းအစ်ကိုရော..."

"ပွဲရုံက စာရင်းစစ် ငွေလိမ်တဲ့ကိစ္စလေ၊ ရှေ့နေနဲ့ စကားပြောနေတယ်၊ သူ့ဘာသာ ပြန်လာမယ်တဲ့"

"သားရယ် ရပါ့မလား၊ ခြေထောက်က သက်သာခါစ..."

"ရပါတယ်..၊ ကျွန်တော် သွားပြန်ခေါ်မှာ..၊ ပြောနေတာတွေကို စိတ်မရှည်လို့..."

ခြား က ကိုယ်တိုင် စီးပွားရေးလုပ်ရတာကို ဝါသနာပါပေမယ့် သူနှင့် လိုင်းမတူတဲ့ကိစ္စတွေဆို အားနာပါးနာ ငုတ်တုတ်ထိုင်နေပေးတတ်သူ မဟုတ်..။

"ခြား သွားကြိုရင် မသက် လဲ လိုက်မယ်နော်"

ခြား က တစ်ချက်လှည့်ကြည့်ပြီး ဘာမှမပြောဘဲ အထဲဝင်သွား၏။ သက် ကတော့ အခါအခွင့်ကြုံတိုင်း စကားဝင်ဝင်ပြောတတ်ပါသည်။

ခြား မျက်နှာက တစ်ချက်မှ ပြေပြေပြစ်ပြစ်မရှိ၊ ဒေါ်စိန်စီလင်း ကိုယ်တိုင် အားနာလာမိရသည်အထိပင်..။

"သားရယ် ကိုယ့်အစ်ကိုရဲ့မိန်းမက ကိုယ့်အစ်မပဲလေ၊ သားတို့မမေရဲ့ ကျေးဇူးရှင်၊ အလိုက်အထိုက်လေးတော့ ခေါ်ပြောပါကွယ်"

ဘယ်လိုပြောပြော မရ..။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့မိန်းမဖြစ်တိုင်း အစ်မလို့ သဘောထားစရာလား၊ မေမေ့ကျေးဇူးရှင်မို့ ကိုကိုက တစ်ဘဝလုံး ထိုးကျွေးထားပြီးပြီ၊ ဘာထပ်ပေးရဦးမလဲ"တဲ့..။

ပြီးတော့ ပြောသေးသည်။

"တတ်နိုင်ရင် လိုချင်တာယူပြီး ကြွပါတော့လို့ ပြောချင်သေးတာ" ဟု ဆိုသည်။ လင်း တုန်းကလိုပဲ နောက် ကြာလာရင်တော့ သင့်သင့်မြတ်မြတ်ဖြစ်သွားမှာပါလို့ ထင်ရသော်လည်း...

"ခြား က တစ်မျိုးပဲနော်"

သက် မျက်နှာလေးမှာ နာကျင်ရိပ်တွေ ထင်လျက်..။

"သူ့အစ်ကိုကိုကျတော့ တော်တော်ချစ်မှန်း သိသာတယ်"

"အစ်ကိုလုပ်တဲ့သူကလဲ ချစ်ပါတယ်"

ဒေါ်စိန်စီလင်း က ထပ်ဖြည့်ပြောတော့ သက် ခေါင်းညိတ်၍...

"ဟုတ်ပါတယ်၊ သက် အံ့ဩနေတာက သူများတွေဆို အစ်ကိုနဲ့ ညားတော့ အစ်မ ဖြစ်လာတယ်လို့ သတ်မှတ်ပြီး ချစ်လာကြတယ်၊ ရင်းနှီးကြတယ်၊ သူကတော့ သက် က စ,ပြောတာတောင် မခေါ်ချင်သလိုပဲ"

ဒေါ်စိန်စီလင်း က သက် ကို အံ့ဩသလို ကြည့်၏။ သက် က လူကြီးက မထိုင်သေးဘဲ လူကြီးရှေ့မှာ ဆိုဖာမှာ ကျကျနနထိုင်၍ ခြေချင်းချိတ်သည်။ ပြီးမှ...

"ဒါမှမဟုတ် အစ်ကို့ကို လုယူသွားတဲ့သူလို့ သတ်မှတ်ပြီး သက်ကို မုန်းနေတာမျိုးလား..."

"မဟုတ်ပါဘူးကွယ်၊ သားငယ်က ဒီပုံစံပဲ နေတတ်ခဲ့တာပါ"

သက် က ဒေါ်စိန်စီလင်း ကို မျက်ခုံးပင့်ကြည့်ပြီး ရယ်လိုက်သည်။





"သက် က တွေးမိတာပါ..၊ ဟုတ်ပါတယ်၊ အဲဒီလိုတွေးပြီး အမုန်းပွားနေရအောင် ခြား က စိတ်ဓာတ်အောက်တန်းကျတဲ့သူမှ မဟုတ်တာ..."

ဒေါ်စိန်စီလင်း မျက်နှာ ကွက်ခနဲညိုသွားသည်။ သက် က မမြင်ချင်ယောင်ဆောင်၏။ ခြား နှင့်ပတ်သက်၍ မျက်နှာငယ်ရတိုင်း နာကျင်ခဲ့ရသည့်ရင်ဘတ်ထဲမှာ မကြင်နာတတ်သည့် ယောကျ်ားကြောင့် ပိုဆိုးသည်။

ဘာပဲဖြစ်ဖြစ် ဒေါ်စိန်စီလင်း ဟာ ဒီညီအစ်ကိုနှစ်ယောက်ရဲ့ မိဘ မဟုတ်။ အုပ်ထိန်းသူနေရာမှာပဲ ဖြစ်သည်။

ထူးထူးခြား ဆိုတာလည်း မြမြအောင် ရဲ့ညီ..၊ ဒီအိမ်မှာ မြမြအောင် ရဲ့ဇနီးဖြစ်သည့် သူမက ဘာဖြစ်လို့ ကြောက်ရွံ့နောက်တွန့်နေရမှာလဲ..၊ မနေ့တစ်နေ့က အစပြုပြီး ကိုယ့်စိတ်ကို တင်းထားခဲ့သည်။

ဒေါ်ရွှေမမ ရဲ့ပြဿနာသာ အစပြန်မပေါ်ခဲ့လျှင် ဘာကိုမှ ဂရုစိုက်ဖို့ မလို။ ခပ်တည်တည် ခပ်စူးစူးကြည့်နေသည့် မျက်ဝန်းတစ်စုံကို သက် ဥပေက္ခာထားခဲ့လိုက်၏။

ဒါ အစပဲရှိသေးတယ် ဒေါ်စိန်စီလင်း...၊ ရှေ့လျှောက် လိမ်လိမ်မာမာရှိဖို့လိုတာက ကျွန်မ မဟုတ်ဘူး..။

သက်တန့် ရင်ထဲမှာ မခံချင်မှုများနှင့် စူးနင့်နေခဲ့ပြီ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၁ ]

ဖုန်းကို နားမှာကပ်လိုက်ပြီးမှ ဘာေးဘီကို မသိမသာ အကဲခတ်လိုက်မိသည်။

ခြံဆိုပေမယ့် သိပ်အကျယ်ကြီးမဟုတ်တော့ စိုးရိမ်စရာ တော့ သိပ်မရှိပါ..။

တစ်ဖက်က 'ဟလို'ဆိုသည့်အသံ ကြားမှ...

"မေမေလား..."

"အေး... သမီးလား၊ ငါ့သမီးလဲ ခုမှပဲ ဆက်ဖော်ရတယ်နော်"

"မေမေကလဲ ဒီမှာ အရမ်းညစ်နေတာ မသိဘဲနဲ့"

"ဘာဖြစ်လို့လဲ သမီး"

"ဟိုချေးထုပ်မလေ သူက ဒီရောက်နေတာ သိလား"

"ဟင်!... လင်းရာသီ လား.."

"ဟုတ်တယ်..၊ သူ့ကို ကိုအောင် တို့က မွေးစားထားကြတာ"

"ဟေ!.. ဒီလောက်တောင် တိုက်တိုက်ဆိုင်ဆိုင်၊ အခု ဘာတွေဖြစ်ကုန်ပြီလဲ ပြောစမ်း.."

"အသေးစိတ်ပြောနေဖို့ အချိန်မရဘူး မေမေ၊ သူ့ကို သက် ထိန်းထားနိုင်ပါတယ်၊ သူ ဘာဖြစ်ဖြစ် သက် က ကိုအောင့်မိန်းမ၊ သူက အိမ်ဖော်သာသာပါ..."





"မဖြစ်ဘူးလေ..၊ တစ်အိမ်တည်းအတူနေရင် သမီး တစ်နေ့နေ့ ထိခိုက်နိုင်တာပေါ့၊ သူ မနေနိုင်အောင် လုပ်ပစ်လိုက်၊ ခက်တော့တာပဲ..၊ ဖေဖေလဲ ဒီစကားတွေ မပြောချင်ပါဘူး၊ သားသမီးနဲ့ယှဉ်လိုက်တော့လဲ လူကြမ်းဖြစ်နေရပြီ၊ ဖေဖေ ပြောတာ သမီး နားလည်လား..."

"ဟုတ်ကဲ့ပါ၊ ဖေဖေ့မိန်းမရော... တော်ကြာ သူကြားလို့ ဝမ်းသာသွားဦးမယ်၊ သွားမပြောနဲ့နော်..."

"မပြောပါဘူး၊ သူလဲ ဘုရားဖူးကားနောက်မလိုက်ရလို့ ဖေဖေ့ကို စိတ်ဆိုးနေတယ်၊ စကားလဲ ကောင်းကောင်းမပြောဖြစ်ပါဘူး"

ကြားရတာတွေကလည်း နားမချမ်းသာပါလား။ ဖေဖေကလည်း မိန်းမကို နေရာတကာ ရှေ့တန်းတင်လွန်းသည့်လူစားမျိုးထဲကတော့ မဟုတ်ပေ..။

ဘာပဲဖြစ်ဖြစ် ကိုယ့်အပေါ် စိတ်ကောင်းမထားမှန်းသိထားသည်မို့ ဒီက အခြေအနေကိုတော့ မသိစေချင်..။

"မသက်ရေ..၊ ထမင်းစားမယ် တဲ့"

မခင်မူ ဆိုသည့်မိန်းမ ရောက်လာတာကို သက်တန့် က မနှစ်မြို့သလို ကြည့်၏။

"မစားသေးဘူး"

လို့ မျက်မှောင်ကြုတ်ပြောလိုက်ပြီး တစ်ဖက်လှည့်နေမိသည်။ ဒီအိမ်မှာ ဘာတွေမှန်းမသိ၊ အိမ်ဖော်တွေထားပြီး အိမ်ဖော် မဟုတ်ဘူး တဲ့။ အိမ်ဖော်က အိမ်ဖော်ပေါ့၊ မြမြအောင် ဆိုတဲ့လူကိုက စပြီး မှားယွင်းနေတာ..။

သူ့ကိုယ်သူ အထုပ်ရမိတွေ ရင့်သန်နေသည့် မင်းသားတစ်ပါးလို့များ ထင်နေသလား မသိ..။ ဒေါ်စိန်စီလင်း ဆိုသည့် မိန်းမကြီးကလည်း စကားတစ်ခွန်းကို ရွှေလို တန်ဖိုးထပ်ချင်သူ..။



www.burmeseclassic.com

www.burmeseclassic.com



မပြောချင်သလိုလို ပြောချင်သလိုလို။ မကောင်းတော့ဘူးထင်မှ စကားကောင်းတွေပြောနေတတ်သလို သူမ ကောင်းနေသလား၊ မကောင်းနေတဲ့အချိန်လားဆိုတာလည်း ခန့်မှန်းလို့မရ။ တစ်ခု သေချာတာက ဒေါ်ရွှေမမ နှင့်ပတ်သက်ခဲ့သူမို့ သူမကို 'မချစ်သော်လည်း အောင့်ကာ နမ်း' ဆိုတာမျိုး...။

ဖုန်းကိုကိုင်၍ အိမ်ထဲကို လှမ်းဝင်လာသည်နှင့် ဧည့်ခန်းမှာ မိသားစုတွေစုံနေတာ မြင်လျှင် သက် ခြေလှမ်းတုံ့သွား၏။

ထမင်းစားနေကြပြီ ထင်ခဲ့တာက မဟုတ်ဘဲ ဗိုးလ်ချုပ်ပေါ်ကနေ တစ်ယောက်၊ ဆိုဖာအစွန်းမှာ ထိုင်နေတာက တစ်ယောက်၊ အလယ်မှာ လင်းရာသီ...။

လူကြီးတွေက မူကြိုကလေးလေးကို ကကြိုး၊ ခကွေး အရေးသင်နေတာလို ဒုတိယနှစ်ကျောင်းသူကို ချစ်စနိုးအမူအရာတွေ၊ အပြုံးတွေ နှင့် ညီအစ်ကိုနှစ်ယောက် စာသင်ပေးနေကြတာ ကြည့်စမ်း...။

တစ်ယောက်စီ ကုတ်ကနေ ဆွဲကိုင်ပြီး လွှင့်ပစ်လိုက်ဖို့ကောင်းသည်။

"ငါ နားရင်းအုပ်မိတော့မယ်"

ခြား က ပြောနေရင်း လက်ရွယ်၏။ အောင် က ရယ်လျက်...

"ညီညီရာ...၊ လက်ကြီးတရွယ်ရွယ်နဲ့ ကိုကို့ညီမလေး သနားပါတယ်"

"ဟုတ်တယ်...၊ တော်တော် သနားဖို့ကောင်းနေတဲ့ မျက်နှာ..."

ခြား ရဲ့ပြောတော့မှ စူပွပွလေးဖြစ်နေသည့် လင်း ရယ်ချင်သွားကာ ဆံပင်လေးသပ်၍ မလုံမလဲရယ်သည်။

"ခြား နဲ့စာသင်လို့ကတော့ မေးသမျှ ရအောင် ကြိုးစား၊ မဟုတ်ရင် သူ ကြိမ်းမောင်းနေတာနဲ့ မရသေးတာတွေလဲ ဘာမှကိုရမှာ





မဟုတ်တော့ဘူး၊ မသိလေ မရလေဖြစ်အောင် သူက သင်တတ်တယ်"

"အန်တီပဲ သိတယ်၊ သူ့အကြောင်း..."

အောင် က ထပ်ပြောပြီးရယ်ကာ မျက်လွှာပင့်လိုက်တော့ စိုက်ကြည့်ရင်း ရပ်နေသည့် သက် နှင့် မျက်လုံးချင်းဆုံးသွား၏။

"ဟော... သက် ပြီးလာပြီလား၊ ကိုယ်တို့က သက် ကို ထမင်းစားဖို့ စောင့်နေကြတာ..."

သက် က မရင်ချင့်ရယ်ချင်နှင့် မျက်နှာလေးမော့၍ ပြုံးလိုက်ကာ...

"ဟုတ်လား...၊ ဘာလို့ စောင့်နေတာလဲ ကိုရယ်၊ စားနှင့်ကြရင်ပြီးတာပဲ"

"ဘယ်ဟုတ်မလဲ...၊ အိမ်မှာ လူစုံရှိနေရင် ကိုယ်တို့က တစ်ယောက်စီ ထမင်းစားတဲ့အကျင့် မရှိဘူး၊ ဒီချာတိတ်မကိုပဲ ပြောမရတာ"

ပြောနေရင်း လင်း ရဲ့ခေါင်းလေးကို နောက်ကနေ ဖတ်ခနဲ ပုတ်၏။ သက် မျက်လုံးထဲမှာ မီးပွင့်သွားသလိုပင်...။

ညီမအရင်းမှမဟုတ်ဘဲ ဒီလောက်ထိ တရင်းတနှီး မြတ်နိုးပြနေတာ ကိုယ့်ရှေ့မှာ တမင်လုပ်နေသလားလို့တောင် တွေးမိ၏။

ထိုအခါ မကျေနပ်ခဲ့သည့်စိတ်တို့က ပြာဖုံးနေသည့် မီးခဲကို ဆေးလှပ်လိုက်သလို ပူလောင်နေသောရင်ထဲမှာ ထမင်းစားရတာလည်း အရသာ မတွေ့နိုင်...။

"ဘာလိုနေလို့လဲ သက်၊ စားမကောင်းဘူးလား"

အောင် က သက် မျက်နှာလေး တင်းနေတာကို တကြည့်ကြည့်နှင့် မနေနိုင်တဲ့အဆုံးကျမှ မေး၏။ သက် က နှုတ်ခမ်းလေးမဲ့ကာ အားလုံးကို အားနာသလိုကြည့်၍...

"သက် က အားနာလို့ မပြောတာ၊ လက်နဲ့ ထမင်းမစားတတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာက ဖွန်းခက်ရင်းနဲ့ပဲ စားကြတာ များတယ်လေ"

ပြောရင်း မျက်လုံးတွေက ဖွန်းခက်ရင်းနှင့်စားနေသည့် ခြား ကို ကြည့်သေးသည်။ ဒေါ်စိန်စီလင်း ကလည်း ခြား ကို လှမ်းကြည့်ကာ...

"ဟုတ်လား..၊ သားငယ်ကတော့ အိမ် သိပ်မကပ်တဲ့လူလေ၊ ခရီး သွားလာနေတာများတော့ အိမ်မှာလဲ ဒီလိုပဲ စားတော့တာ၊ အန်တီတို့ ကတော့ လက်နဲ့ပဲ စားရတာ အားရတော့ သမီးကိုလဲ အမှတ်တမဲ့ ဖြစ်သွားတာပါ"

ဒေါ်စိန်စီလင်း မော့ကြည့်လိုက်တော့ အနားရောက်နေပြီဖြစ် သည့် လင်း က ခေါင်းညိတ်၍...

"လင်း ယူပေးလိုက်မယ် အန်တီ"

လိုက်ပွဲယူလာသည့် ချဉ်ဟင်းပန်းကန်ကို စားပွဲပေါ်က ပန်းကန် ထဲ အသာလေးထည့်ပေးပြီး လင်း ချက်ချင်း ပြန်လှည့်သွား၏။

ပြီးတော့ လက်ဆေးဇလုံလေးရယ်၊ လက်သုတ်ပဝါရယ် ယူလာ ပေးသည်။

"မမ ရော့..၊ လက်ဆေးလိုက်နော်၊ လင်း ဖွန်းခက်ရင်း သွား ယူပေးမယ်"

ခြား မျက်ခုံးနှစ်ဖက် တွန့်ကုတ်နေတာ အကျည်းတန်နေ၏။ အောင် မနေတတ်သလိုဖြစ်ကာ အဒေါ်ကိုကြည့်လိုက် ခြား ကိုကြည့် လိုက်..။

ဒီအိမ်မှာ ချက်ပြုတ်လုပ်ကိုင်သူတွေရှိပေမယ့် ထမင်းဝိုင်းဘေးမှာ ယပ်ခတ်ပေးနေရတာမျိုး..၊ အော်ငေါက်ခိုင်းစေတာမျိုး ဘယ်သူကမှ မလုပ်ခဲ့ပေ..။

အဒေါ်အရွယ်ဆို အဒေါ်၊ အစ်မအရွယ်ဆို အစ်မ တပ်ခေါ်သည်။ တော်ရုံစိတ်တိုင်းမကျတာရှိရင်လည်း ဒေါ်စိန်စီလင်း ကအစ ဆူတာ





ပြောတာတွေ မလုပ်တတ်တဲ့သူ..။

သက် မျက်နှာကတော့ တည်တည်လေးပဲရှိနေကာ လက်ဆေး ယ်ရောက်လာတာကို ထိုင်စောင့်နေပုံလေးက အလွန်ဆိုးသည့် သူဌေး သမီးလေးတစ်ယောက်က အိမ်ဖော်ကို မကျေမနပ်ဖြစ်နေတာမျိုး..။

"မမ ရော့..."

လင်း ပြန်ရောက်လာတော့ ဖွန်းနှင့်ခက်ရင်းကို မျက်မှောင်ကြုတ် ကြည့်ပြီး မကိုင်..။

"ရေတွေနဲ့ပါလား၊ ဘာဖြစ်လို့ မသုတ်ခဲ့တာလဲ"

"မမ အကြာကြီးစောင့်နေရမှာ စိုးလို့ပါ၊ သုတ်ပေးရမလားဟင်"

"နေပါစေတော့၊ ဒါလေးကို အခေါက်ခေါက်အခါခါ လုပ်နေရ တာ ခိုင်းရတဲ့သူမှာ အဖတ်ကြီးတင်တယ်၊ နောက်ကို မှတ်ထား..၊ ဖွန်းခက်ရင်းဆိုတာ ရေစက်လက်နဲ့ ယူမလာရဘူး"

"ဟုတ်ကဲ့"

သက် က စိတ်ကြိုက်ပြောပြီးမှ ယူသည်။ ဒါပေမယ့် ဖွန်းတွေက ဘယ်လက်ထဲမှ မရောက်ဘဲ နှစ်ယောက်ကြားထဲမှာ တချွမ်းချွမ်း ပြုတ် ကျသွား၏။

"ကြည့်စမ်း..၊ နင်..."

"မ...မဟုတ်ပါဘူး မမ ရယ်၊ လင်းက..."

"တော်စမ်း..၊ နမော်နမဲ့မိန်းကလေးမှန်း နင့်ကိုမြင်တာနဲ့ ငါ သိ တယ်၊ ခိုင်းလိုက်ရင် ဘယ်တော့မှ အဆင်ပြေတာမရဘူး၊ လူဆိုတာ အခွင့်အရေးပေးတိုင်း မယူရဘူး၊ ဒီမှာ အားလုံးက ဝိုင်းအရေးပေးနေပေ မယ့် နင့်ကို..."

"နေပါဦး...၊ ခဏလေး နေကြပါဦး သမီးရယ်၊ အန်တီ ပြောပါ့ မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်စီလင်း ပါးစပ်ထဲသွင်းတော့မည့် ထမင်းလုတ်ကို ပြန်ချလိုက်ရသည်။

သားကြီးက လူကောင်း မဖြစ်သေး။ အငယ်ကောင်က သည်းမခံတတ်သေး။ ဒီနှစ်ယောက်ကြောင့် လူကြီးဖြစ်သည့် သူမကသာ ဖျန်ဖြေဖို့ ကြိုးစားရမှာ ဖြစ်၏။

"ဒီလိုရှိတယ် သမီးရဲ့၊ တော်ရုံဖြစ်တတ်တာလေးတွေကို ခွင့်လွှတ်လိုက်ပါ၊ ပြီးတော့ စားသောက်တုန်းဆိုတာ အချေအတင်ဖြစ်တာကို ဆင်ခြင်ရတယ်၊ မင်္ဂလာမဲ့ပါတယ် သမီးရယ်နော်၊ ဆုံးမချင်ရင် စားသောက်ပြီးမှ ဆုံးမပေါ့"

ဒေါသဖြစ်ချင်နေပြီပေမယ့် ဒေါ်စိန်စီလင်း ထိန်းထိန်းသိမ်းသိမ်း ပြောသည်။ လင်း ဆိုတဲ့ကောင်မလေးက ရောက်စတုန်းက ထမင်းအိုးတစ်လုံးတောင် ကောင်းကောင်းချက်တတ်တာ မဟုတ်ပေ..။

ခြံထဲဆင်းသွားလည်း ခူးရတဲ့ပန်းမှန်း မသိ၊ မခူးရတဲ့ပန်းမှန်း မသိ။ မီးဖိုထဲရောက်လျှင် ပန်းကန်ကွဲ၊ ဖန်ခွက်ကွဲ..။

နောက်ပိုင်းကျတော့လည်း ဒီလိုပုံစံတွေပျောက်ကုန်ကာ အချက်အပြုတ်တွေတတ်ကျွမ်းနေလိုက်တာ အံ့သြလောက်အောင် ဖြစ်၏။

ဘာပဲဖြစ်ဖြစ် မကောင်းတာကို မကောင်းမှန်းသိရင် ပြင်တတ်ဖို့၊ မသိတာကို သိအောင်ကြိုးစားဖို့ ဒါက အဓိက မဟုတ်ဘူးလား..။

လင်း ပြောင်းလဲသွားခဲ့တာက ဤသို့ဖြစ်သော်ငြား သက် ကတော့ ရုန့်ရင်းကြမ်းတမ်းမှုများနှင့် ပြောင်းလဲခဲ့တာဖြစ်သည်။

ဒါပေမယ့် သူမက သားကြီးရဲ့ဇနီး..။

"သက် ကလဲ မပြောဘူးလို့ နေတာပါ၊ မျက်စိရှေ့မှာ မြင်နေတာတွေ အများကြီးပဲ၊ ခုမှ ကိုယ့်ရှေ့ရောက်လာလို့..."

လင်း မျက်နှာလေး ငယ်သွားသည်။ သက် ပြောပုံက ဘယ်သူမှ





မသိလိုက်တဲ့ အပြစ်တွေပဲ လင်း မှာ အများကြီး ရှိနေသေးသလိုလို..။

အောင် က လင်း ခေါင်းလေးငုံ့သွားတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်ကာ...

"ညီမလေး သွားတော့လေ..၊ ဒီမှာ ရပြီ၊ သွား..."

"ဟုတ်ကဲ့"

လင်း ထွက်သွားမှ သက် ကိုကြည့်၍ ပေါ့ပါးစွာ ပြုံးလိုက်ကာ...

"ကဲ... သက် လဲ စားလေ၊ ချာတိတ်က ဒီလိုပဲကွ၊ ရောက်စတုန်းကဆို ပိုဆိုးတယ်၊ တကယ့် ချာတိတ်မလေးလိုပဲ၊ ကိုယ်တို့ကတော့ ညီမလေးတစ်ယောက် ကောက်ရသလို သဘောထားပြီး ဆုံးမရ၊ ခွင့်လွှတ်ရနဲ့ပေါ့၊ ခု တော်တော် လိမ္မာလာတာ..."

ခြား က ထမင်းတစ်ဝက် မကျသေးဘဲ လက်ဆေးပြီး ထရပ်လိုက်သဖြင့် အောင် က လှည့်ကြည့်၏။ ဒေါ်စိန်စီလင်း က မျက်နှာပျက်သွား၏။

"သားငယ် တော်ပြီလား"

"တော်ပြီ"

ခြား မျက်နှာနီရဲနေတာကိုကြည့်ကာ ဒေါ်စိန်စီလင်း ဘာမှ ထပ်မမေးတော့ပေမယ့်...

"သက် ကတော့ မျိုးသိပ်တာတွေ၊ ထိန်းချုပ်တာတွေ သိပ်မတတ်ဘူး၊ အမြင်မတော်ရင် ပြောခွင့်ရှိတယ်လို့လဲ ထင်လို့လေ၊ လင်း ကိုထိတာ မကြိုက်မှန်းသိရင် နောက် မပြောဘဲနေရုံပေါ့"

"ဟုတ်တယ်..၊ မကြိုက်ဘူး"

ခြား ချာခနဲ ပြန်လှည့်လာ၏။

"ဒီမှာ သက်တန့်ခင် မျိုးသိပ်တာတွေ၊ ထိန်းချုပ်တာတွေ မတတ်တဲ့နေရာမှာ ခြား ဆိုတဲ့ကောင်က မင်းထက် ပိုတယ်"

"သွားငယ်..."

"သူပြောလာလို့ ပြောပြတာ..."

ခြား မျက်နှာ ပေါက်ထွက်မတတ် နီရဲလျက် သက်တန့် ဘေးမှာ ရပ်ကာ...

"ဒါပေမယ့် ပါးစပ်ဆိုတာလဲ စည်းနဲ့ကမ်းနဲ့နေတတ်ရတယ်၊ ပြောလို့ရတိုင်း ပြောတာ မကောင်းဘူး၊ လင်း လက်ထဲကခွန်းကို မင်း တမင်တိုက်ချပစ်တာ..."

"ဘာ!..."

သက်တန့် ဆတ်ခနဲ ဖြစ်သွား၏။ အားလုံး မျက်စိမျက်နှာတွေ ပျက်ကုန်ကြ၏။ ခြား က သက်တန့် ကို စိုက်ကြည့်ကာ...

"မျိုသိပ်နေကြတဲ့လူတွေကို ကြောက်နေတာလို့ မထင်နဲ့၊ အားလုံး က ကိုယ့်စည်းကိုယ့်ကမ်းနဲ့ နေတာ..."

ခြား လှည့်ထွက်သွားတော့ သက်တန့် မျက်ရည်တွေ ပိုးပိုးပေါက် ပေါက် ကျလေသည်။ ထိုမနက်စာမှာ အားလုံး ထမင်းစားပျက်ခဲ့ကြ၏။

ခြား ပြောလိုက်တာကို တကယ်ဟုတ်သလားလို့ တွေးနေမိရင်း ဒီလို ဘာလို့လုပ်ရတာလဲဆိုသည့်အကြောင်းရင်းကိုတော့ ရှာမရပါ။

သက်တန့်ခင် ဘာဖြစ်လို့ ပြောင်းလဲသွားရတာလဲ..။





## အခန်း [ ၃၂ ]

"တိတ်ပါ သက် ရယ်..၊ ဒီကိစ္စ ဟုတ်ဟုတ်,မဟုတ်ဟုတ် သက် ကို ကိုယ်က ငြိုငြင်ခဲ့လို့လား.."

"ဒီအိမ်မှာ ကို တစ်ယောက်တည်း ရှိတာမှ မဟုတ်ဘဲ၊ သက် ကို ဘာလိုလိုမျက်လုံးကြီးတွေနဲ့ တစ်ချိန်လုံး အကြည့်ခံနေရတာ ကို သိလား..."

မွေ့ရာဘေးမှာ တင်ပါးလွှဲထိုင်နေရင်း အောင် သက်ပြင်းချလိုက် မိသည်။ မီးအုပ်ဆောင်းကြီးက ဖြာဆင်းနေသော ရွှေဝါရောင် မီးရောင် အောက်မှာ သက် က ညဝတ်အင်္ကျီပါးပါးလေးနှင့် ဆံပင်တွေကို ဖြန့် ချထားလျက် တသိမ့်သိမ့် ရှိုက်နေ၏။

ဆံစလေးတွေကို ထယုတယပွတ်သပ်၍ သူ ချော့သည်။ မေးဖျား လေးကိုမော့စေပြီး မျက်ရည်တွေကို သုတ်ပေးနေမိ၏။ ဒါပေမယ့် သက် က ငိုနေဆဲ..။

ခြား က မတရားပြောပါသည်၊ ရန်လိုနေပါသည်ဟု စွပ်စွဲနေ တော့ သူ ဘယ်လိုဖြေရှင်းပေးရမှန်း မသိတော့ပေ..။

"ပြီးတော့ အန်တီလဲ ဒီလိုပဲ..."

"ဟင်!..."

"မျိုသိပ်နေရသလိုလို၊ ခွင့်လွှတ်နေရသလိုလိုနဲ့ စကားကျတော့ မပြောဘဲ လူကို လိုက်ကြည့်နေတာ၊ သက် ဘယ်လိုနေရမှန်းကို မသိ တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com


အန်တီ ပါလာပြန်ပြီ..၊ သက် ရဲ့ပခုံးလေးကို ဖက်ထားသည့် လက်က ခပ်ဖြည်းဖြည်း လျှော့ကျသွားသည်။

"ခက်တယ် သက် ရယ်..၊ ကိုယ် အဲဒီသောကတွေကို မလိုချင်ဘူး။ သူများ ခံစားနေရတာကိုလဲ မမြင်ချင်ဘူး"

"ဒါဆိုရင် သက် ကို ရန်ကုန် ပြန်ခေါ်သွားပါလား ကို၊ သက် ဒီမှာ မနေချင်ဘူး"

"မင်းဆီက ကိုယ် မျှော်လင့်ခဲ့တာ ဒီစကားတွေ မဟုတ်ဘူး"

"ဟင်!... ဘယ်လို..."

"မေမေ့အတွက် သောကပွေခဲ့ရတဲ့ ဒီအိမ်ကြီးထဲမှာ မေမေ့ကို ...ခဲ့တဲ့ မင်း ရောက်လာပြီး အားလုံးနဲ့ ငြိမ်းချမ်းမယ်၊ ရင်းနှီးမယ်၊ ကိုယ့်ရင်ထဲက သောကတွေကလဲ မင်းရဲ့မျက်နှာလေးပေါ်က အပြုံးကြောင့် အားလုံး လွင့်ပျောက်စေမယ်၊ အဲဒီလို..."

"သက် ကို စိတ်ဖြေဖျောက်စရာ ကကြိုးရုပ်လေးလို သဘောထားခဲ့တာလား ကို..."

"မဟုတ်ဘူး သက်..၊ ကိုယ်တို့ အပြန်အလှန် ယုယချင်တာ..."

"သက် ကို ကိုအောင် ယုယခဲ့တာကော ရှိသေးလို့လား"

သက် မေးလိုက်တော့ အောင့် မျက်နှာ တစ်မျိုးပြောင်းသွား၏။ ပြီးတော့ မျက်နှာခပ်လွှဲလွှဲ ဖြစ်သွားကာ...

"ကိုယ်ကတော့ မင်းကို အမြတ်တနိုး ယုယခဲ့တာပါ၊ မင်း ရင်ထဲမှာ..."

"သက် ရင်ထဲမှာ ကို့ကြောင့် ဝေဒနာတွေ ခံစားနေရတယ်ဆိုရင် ကို အံ့သြသွားမှာမို့လား.."

အောင် ဒီဘက် ပြန်လှည့်လာတော့ သက် က မဲ့သည်။ မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်ပြီး မေးဖျားလေး ပင့်ကာ...





"သက် က ဒီနေ့ထိ ကို နဲ့ အကြင်လင်မယား မဖြစ်သေးဘူး"

"ကိုယ်တို့အဖြစ်ကလဲ ဒီလိုတွေ ဖြစ်ခဲ့တာမဟုတ်ဘူးလား သက် ရယ်၊ တစ်ယောက်နဲ့တစ်ယောက်ရဲ့ ကြင်နာခြင်းဟာ ပေါင်းသင်းကြမှ အရာမြောက်တာလား..."

"သက် ကတော့ ဒီလို မထင်ဘူး"

သက် ပြောလိုက်တာကို အောင် အံ့သြနေခဲ့၏။ သူ့မ ရင်ထဲမှာ ဒီလိုဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့်ပတ်သက်၍ အဓိပ္ပာယ်တွေ ဒီလောက်များပြားစွာ ဖြစ်တွန်းနေလိမ့်မည်လို့ မထင်ခဲ့တာ အမှန်ပင်..။

သက် ကလည်း အောင် ဘယ်လိုထင်ထင် မျိုသိပ်မထားနိုင်တော့လို့ ပြောပစ်လိုက်မိတာ ဖြစ်သည်။

ခြေထောက်ကဒဏ်ရာ ပြင်းတာ မှန်သည်။ ဂိုင်းလ်ချုနှင့် ခြောက်လလောက် နေရဦးမည်လို့ ဆရာဝန်က ညွှန်ကြားထားတာဖြစ်၏။

ဒါပေမယ့် ဂိုးလ်ချုပေါ်ကနေ ကိုယ့်ဘာသာ ထနိုင်သွားနိုင်သည်။ ခြေထောက်ကို အားများများမစိုက်ထုတ်မိဖို့ဘဲ ဆင်ခြင်ရမှာဖြစ်၏။

ညဘက် လင်မယား စကားပြောအဆင်မပြေဖြစ်တိုင်း ဒရင်းဘက်မှာ သွားအိပ်ဖို့ကျတော့ ခြေထောက်က အကောင်း..။

သန်းခေါင်ကျော် ဟိုသွားဒီသွား တစ်ယောက်တည်း ရောက်ရောက်သွားပြီဆို ဘေးလူတွဲတာလည်း မကြိုက်..။

ဒါဆို လူမမာဖြစ်တဲ့အချိန်က သက် ရဲ့ဘေးမှာ လဲလျောင်းအိပ်စက်ချိန်လား..။

ကြာတော့လည်း သက် စိတ်ထဲမှာ ရှက်လာမိသည်။ လက်ထပ်ပြီးတဲ့ညကတည်းက ဆိုင်ကယ်မှောက်ခဲ့တာ၊ သက် အတွက် ဝမ်းနည်းရာဖြစ်ပြီး သူကတော့ ဝမ်းသာစရာ ဖြစ်ခဲ့သလိုလို..။

ကိုယ့်ကို မပေါင်းသင်းချင်လို့ တမင် ရှောင်ဖယ်နေသလို ခံစား


www.burmeseclassic.com

လာရတာကို ဘယ်လိုမှ မျိုသိပ်မထားနိုင်တော့ပေ..။

မြမြအောင် ဆိုတဲ့လူ ဗီးလ်ချဲပေါ် စရောက်ကတည်းက သူမ
ခါးနာမပျောက်သေးဟု ခေါင်းစဥ်တပ်၍ ဗီးလ်ချဲကို စောင့်ရှောက်
တာ လင်းရာသီ..။

ဘယ်ထွက်ထွက် လိုက်ပို့လိုက်ပါဦးဆို လင်းရာသီ..၊ ဘာ
စားစား လုပ်ပေးလိုက်ပါဆိုတော့လည်း လင်းရာသီ..။

တကယ်ဆို ကိုယ့်မိန်းမကိုပဲ ပြုစုစေချင်ပါသည်ဆိုတဲ့ အသံ
ထွက်လာသင့်သည်။ ဒီလိုမဟုတ်ဘဲ လင်း နှင့်ပဲ သူက ပြုံးလို့ရယ်လို့

တွေးလေ အစိပ္ပာယ်တွေဖြစ်လာလေ။ အားလုံးဟာ ဒီအိမ်
လင်းရာသီ ရှိနေတာကြောင့်ပဲ ဖြစ်၏။

"သက် အရမ်းပင်ပန်းနေပြီ အိပ်တော့နော်၊ နောက်ဆိုရင် သ
စိတ်တိုင်းကျ အားလုံး လုပ်ကိုင်ပေးဖို့ လင်း ကို ကိုယ် မှာထားပါ့မ

"အဲဒါ မလိုဘူး ကိုအောင်..၊ လင်း က သက် ထက် ငယ်တ
ကိုအောင် မပြောထားလဲ သက် က ဆူစရာရှိ ဆူမှာပဲ၊ ခိုင်းစရာရှိ
ခိုင်းရမှာပဲ၊ သူ့ကို အထိမခံနိုင်တဲ့လူရှိနေလို့သာ ဒီပြဿနာ တက်
တာ၊ ခြား ရဲ့မျက်လုံးထဲမှာ ကျောသားရင်သား ခွဲခြားတတ်အော
ကို သင်ပေးပါ၊ သက် က ကိုအောင့် ရဲ့မိန်းမ၊ သူ့ရဲ့မရီး၊ စကား
ရင် မင်းတစ်လုံး ငါတစ်လုံးနဲ့ သက် ရှက်တယ်"

"အဲဒါက..."

ပြောပြန်ရင် ညီဘက်က ပြောတယ်ဖြစ်ဦးမည်။ သက် နှင့်
တို့ အသက်ကတော့ သိပ်ကွာမှာ မဟုတ်ပေ..။

ထို့ပြင် ဆံပင်ရှည်ပေမယ့် သက် က ကျပ်ကျပ်ကပ်ကပ်
ဟိုက်အတိုတွေ ဝတ်တာလည်း ရှိ၏။ ပြောရမယ်ဆို နေထိုင်
နုငယ်သည့်အသွင်မျိုးပဲ ဖြစ်နေ၏။ အရပ်ကြီးမြင့်မြင့်မားမားနှင့်





တည်တည်နေတတ်သည့် ခြား လိုလူကို မမတွေ့ဘာတွေ ခေါ်ခိုင်းဖို့ မလွယ်..။

ပိုဆိုးတာက သက် ကို ခြား ဘက်က အမြင်မကြည်လင်တာတွေ ရှိနေနိုင်မှန်း မျက်နှာကိုမြင်တာနှင့် သိသည်။ ထို့ကြောင့် ခက်၏။

တစ်သက်လုံး အလိုလိုက် ယုယစွာ မွေးမြူလာခဲ့ရသည့် ညီငယ် တစ်ယောက်ကို မိန်းမရမှ ဟိုလိုမပြောနှင့်၊ ဒီလိုမလုပ်နှင့် ချုပ်ချယ်ရမှာ သူ့ဘက်က ဘယ်လိုမှ မလွယ်ကူပါ..။

"ကိုအောင်..."

"ဟင်!..."

ည ဆယ့်တစ်နာရီထိုးနေပြီမို့ တစ်အိမ်လုံး တိတ်ဆိတ်နေပါ
သက် က နူးညံ့စွာခေါ်၍ သူ့ပခုံးတစ်ဖက်မှာ ခေါင်းလေး မှီလာ၏

"စိတ်ညစ်နေပြီမို့လား ကို..၊ အဲဒါတွေမဖြစ်ရအောင် ဘာ
အိမ်ခွဲမှဖြစ်မှာ..."

"မဖြစ်နိုင်ဘူး သက်..." တွေကို

ဒါကို ငြင်းပယ်ဖို့တော့ အောင် က မတွေဝေပါ..။

"အိမ်ထောင်တစ်ခု တည်ဆောက်ခြင်းဟာ ကိုယ့်အတွက် စုတစ်စု ဖန်တီးချင်တာမျိုး၊ အဲဒါကြောင့် လောလောဆယ် ခွဲထွ မပြောပါနဲ့..."

"မိသားစုဘဝဆိုတာ သက် နဲ့ ကိုအောင် တို့ကနေ ဖြစ်လာမှာ လေ၊ ဒီမိသားစုက အသိုက်အမြုံတစ်ခုပဲ မဟုတ်ဘူးလား၊ အချိန်တန် အရွယ်ရောက်ရင် အသိုက်အမြုံကနေခွာကြရမှာပဲ၊ သက် က လောက ဓမ္မတာအတိုင်း ပြောတာပါ၊ ကိုအောင် ပဲ သဘာဝကို ကန့်လန့်တိုက် နေတာ..."

"ဘာ!..."

www.burmeseclassic.com

အောင့် မျက်နှာမှာ ထူးဆန်းစွာ တင်းမာသွားခဲ့ပြီး...

"မင်း ကိုယ့်ကို နားမလည်သေးဘူးပဲ"

သက်ပြင်းတစ်ချက်နှင့် မျက်နှာကို ဖြေသည်။ သက် က ငိုသံလေးစွက်လျက်...

"နားလည်ပါတယ်..၊ နောက်လဲ နားလည်အောင် ကြိုးစားဦးမှာ ဘယ်တော့ ကိုအောင် က ပေးဆပ်ချင်တဲ့အပြုံးတွေရှိပြီး မပေးဘူး၊ ကိုယ် လိုချင်တာကိုပဲ တစ်ဖက်ကနေ ရယူချင်တာ..."

ဘြားရပြန်ပြီ နောက်ထပ် စွဲချက်တစ်ခု..။

ခက်တယ် သက် ရယ်..."

သူ နေရာမှထ၍ ဝိုးလ်ချဲကို လှမ်းဆွဲတော့ လက်ကို သက် က ထားလိုက်ကာ...

"အိပ်ဖို့နေရာ ရှာဦးမလို့လား ကို..."

ကိုယ်တို့မှာ တွေးစရာတွေ ရှိနေကြတာပဲမို့လား"

ခင့်အင်း၊ ကို ဒီမှာပဲ အိပ်..."

က်မောင်းကို ဖက်ထားကာ သက် က ပါးလေးနှင့်ကပ်၏။

ရဲ့ခေါင်းလေးကို သူ တယုတယ ပွတ်သပ်ပေးမိသည်။

နောက်တော့လည်း သူမအေားမှာပဲ လှဲချလိုက်ရသည်။ သက်သည် သူ့လက်မောင်းတစ်ဖက်မှာ ခေါင်းအုံးထားကာ ရင်ဘတ်ကို သိုင်းဖက်ထား၏။

ထို့နောက် သူ့လည်တိုင်နှင့် မေးဖျားကို ဖွဖွလေး ပွတ်သပ်ရင်း...

"သက် လေ ကို့ကို သိပ်ချစ်တာပဲ၊ ကိုကရောဟင်..."

ရင်ထဲမှာ ဘာတွေမှန်းမသိတာတွေက အချစ်တော့ မဖြစ်နိုင်..။

"ကို... ဖြေလေကွာ..."

"မင်းလိုပါပဲ သက် ရယ်..၊ အိပ်တော့နော်"





သူ့ပဲ ခေါင်းရင်းက မီးခလုတ်ကိုစမ်း၍ ပိတ်ပစ်လိုက်သည်။ သက် ရဲ့လက်ကလေးတွေ သူ့ရင်ဘတ်ပေါ်မှာ နူးနူးညံ့ညံ့လေး ဖေးကပ်နေပေမယ့် သူ့ရဲ့ ဘယ်ဘက်ရင်အုံကတော့ ငြိမ်သက်နေခဲ့၏။

သက် ထံမှ စကားသံလေးတွေ တိတ်နေခဲ့သည့်အဖြစ်ကို သူ မသိပါ။ သိနေတာက ရင်ထဲမှာ မွန်းကျပ်နေသည်။

သက် ထင်ထားသလို တူနှစ်ကိုယ် နီးစပ်ထိကပ်နေခြင်းဖြင့် ရင်ခုန်သံတွေ ဖြစ်မလာနိုင်တာကိုတွေးရင်း ထိတ်လန့်သလို ဖြစ်လာခဲ့သည်။

သူ့ဟာ မကျန်းမာလို့ ကင်းကင်းရှင်းရှင်းနေခဲ့တာမဟုတ်ဘဲ သက် ထင်နေသလို ဖြစ်နေပြီလား..။

မဟုတ်ဘူး..၊ သက် ကို သူ့ကိုယ်တိုင် နှစ်သက်မြတ်နိုးလို့ လက်ထပ်ခဲ့တာ။ မှောင်နေတဲ့ထဲမှာ မျက်လုံးတွေကို မှိတ်ပစ်လိုက်တော့ အားလုံးက မှောင်အတိ ဖြစ်၏။

သက် ရဲ့လက်ဖဝါးလေးတွေကို တွေးဆုပ်ရင်း ရင်ခုန်သံတွေကို စောင့်မိပေမယ့်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၃ ]

"ပြောလေ ချာတိတ်..၊ ဘာဖြစ်နေတာလဲ.."

ကိုကြီး ကို ပြောစရာရှိလို့ဆိုပြီး သူ တစ်ယောက်တည်း ထိုင်နေတဲ့နားကို ရောက်လာသည်။ ပြီးတော့ သူ့အောက်က တစ်ထစ်နိမ့်သည့် သစ်မြစ်ဆုံလေးမှာ ထိုင်လိုက်ကာ မပြောသေးဘဲ မော့ကြည့်လိုက် ပြန်ငုံ့သွားလိုက်..။

"ဟိတ်!..."

"ရှင်!... ဟိုလေ... လင်း ပြောပြရင် ကိုကြီးက ယုံမှာလားဟင်"

အောင် မျက်မှောင်ကြုတ်သွားလျက် လင်း မျက်နှာလေးကို စိုက်ကြည့်၏။

"ဘာမို့လို့လဲ..၊ ပြောလေ ကိုကြီးက လူတစ်ယောက်ကို သံသယနဲ့ မဆက်ဆံတတ်ဘူး၊ ယုံကြည်စရာရှိတာ,မရှိတာက တစ်ဖက်သားရဲ့ အကျင့်စရိုက်ပါ၊ ညည်းက ကိုကြီးတို့အတွက် သူစိမ်းမှမဟုတ်တာ..."

လင်း က အားတက်သွားပုံလေးနှင့် ခေါင်းညိတ်သည်။ ဒီကိစ္စမျိုးကို သူမ ပြောရဲတာက အောင် တစ်ယောက်တည်းရှိတာမို့...

"လင်း လေ အန်တီ ပေးထားတဲ့ ကျူရှင်လခတွေ မရှိတော့ဘူး"

"ဘာဖြစ်လို့ မရှိတာလဲ..၊ လခ မပေးရသေးဘဲနဲ့လား"

"ဟုတ်.."

ခေါင်းညိတ်သည့် လင်း မျက်နှာလေးက ပီဘိ ကလေးတစ်ယောက်နှယ်ပါ။ အောင် က ပြုံးလိုက်ပြီး 'ဆက်ပြော'ဆိုမှ...





"သူငယ်ချင်းတစ်ယောက်ရဲ့အမေ နေမကောင်းဘူးဆိုလို့ ဆေးဖိုးနဲ့ လူမမာစာအတွက် လိုနေတာကို လင်း ပေးလိုက်တာ..."

"သူက တော်တော်ဆင်းရဲနေလို့လား၊ ဘယ်တလဲ..."

"ဘုရားကြီးနားကပါ၊ သိပ်တော့ မဆင်းရဲပေမယ့် သူတို့မောင်နှမက ဦးလေးအိမ်မှာ နေရတာ၊ သူ့မောင်လေးက ဆယ်တန်းနဲ့ကျောင်းထွက်ပြီး ဈေးမှာ ကုန်ထမ်းတဲ့အလုပ် လုပ်နေတယ်၊ သူကလဲ အလုပ်တစ်ဖက်နဲ့ စာမေးပွဲ ဖြေနေတာ.."

မောင်နှမနှစ်ယောက်က မိခင်အိုကြီးကို လုပ်ကိုင်ကျွေးနေတာပဲ။ အောင် က ခေါင်းညိတ်လိုက်ပြီး လင်း ကိုပြန်ကြည့်ကာ...

"သူက မိဘနဲ့ မောင်ဘွားနဲ့၊ တစ်ပင်လဲရင် တစ်ပင်ထူနိုင်တယ်၊ ညည်းမှာ ဘာအားကိုးမှမရှိဘူး၊ ဒီကိစ္စကြောင့် ပြဿနာရှိလာနိုင်တယ်၊ မင်း မျက်နှာငယ် ဒုက္ခရောက်နိုင်တယ်၊ အဲဒါတွေကို မတွေးဘူးလား"

"တွေးမိပါတယ် ကိုကြီး ရယ်..၊ လင်း မှာ ကိုကြီးနဲ့ ကိုလေးတို့ ပေးထားတဲ့ မုန့်ဖိုးတွေလဲ စုထားတာ၊ နည်းနည်းပါးပါးရှိတော့ ကျူရှင်လခ ပြန်ပြည့်အောင် ကြံဖန်ဖြည့်ဆည်းဖို့လဲ စိတ်ကူးပြီးသားပါ၊ ဒါပေမယ့် ဒီလိုကိစ္စကို ကိုယ့်ဘာသာ ဆုံးဖြတ်ပြီး လုပ်လိုက်မိတာကို အပြစ်တစ်ခုလို ခံစားနေမိတယ်၊ ဒါကို ဝန်မခံရမချင်း ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေလို့ပါ၊ ကိုကြီး ထပ်မပေးပါနဲ့နော်၊ လင်း က အဲဒါကြောင့် ပြောနေတာ မဟုတ်ဘူး"

အောင် မျက်နှာခပ်ရွှမ်းရွှမ်းက လင်း ကိုစိုက်ကြည့်ရင်း တဖြည်းဖြည်း ပြုံးလာ၏။ သူဟာ သိပ်တော့ စိတ်မညစ်တတ်ခဲ့ပါ..။

သူ့ရဲ့ရင်တွင်းခံစားချက်ကိုက အစဉ်သဖြင့် အေးချမ်းနေခဲ့တာဖြစ် သည်။ ဒီရက်ပိုင်းတွေမှာတော့ အေးချမ်းအောင် ဘယ်လိုပဲနေနေ ဘယ်လိုတွေးတွေး စိတ်ညစ်စရာတွေပဲ ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လင်း မျက်နှာလေးကို မြင်လိုက်သည့်အချိန်ဟာ အားလုံးကို မေ့သွားနိုင်တဲ့အချိန်..။

"ကိုကြီး..."

"ဟင်!..."

"လင်း ပြောတာတွေကို အန်တီနဲ့ ပြန်ပြောမှာလားဟင်"

"ပြန်ပြောစေချင်လို့လား.."

လင်း တစ်ချက်တော့ ငိုင်ကျသွားသည်။

"အန်တီ့ကိုတော့ လင်း ကြောက်တယ်၊ ကိုကြီးတို့ကို ရင်းနှီးခဲ့သလိုလဲ မရင်းနှီးရဲဘူးလေ၊ ဒါပေမယ့် ကိုကြီး ပြောမယ်ဆို ပြောလိုက်ပါ"

"လုပ်ရဲရင် ခံရဲရတယ်ကွ..၊ ဘယ်သူ ဘာပြောပြောပေါ့၊ မဟုတ်ဘူးလား"

"ကိုကြီး..."

လင်း အလန့်တကြား မော့ကြည့်သည်။

"လင်း... လင်း.. အဲဒီလို ဂရုမစိုက်တဲ့စိတ်တွေနဲ့ လုပ်လိုက်တာ မဟုတ်ပါဘူး၊ တကယ်ပါ..၊ ချိုချို့အမေက စိတ်ရောဂါသည်ပါ"

"ဘာ!..."

"သူ့အမေ အဲဒီလိုဖြစ်နေလို့ ဦးလေးနဲ့ တစ်အိမ်လုံးကလဲ အိမ်မှာ မထားချင်ကြဘူး၊ အဲဒါကြောင့် ဒီအမေ ဖျားနာတော့ အကူအညီမတောင်းရဲဘဲ သူ့မှာ စားဖို့ရှာရ၊ ဆေးဖိုးရှာရနဲ့ စာမေးပွဲကလဲ ဖြေရဦးမှာ၊ အရမ်းကို သနားစရာကောင်းလို့ မျက်လုံးစုံမှိတ်ပြီး ကူညီမိတာပါ"

"သူ ပြောတာလား..၊ ညည်းကိုယ်တိုင် မြင်တာလား"

"လင်း အဲဒီအိမ်ကို နှစ်ခေါက် လိုက်သွားဖူးပါတယ်၊ သူ့အမေက အိမ်ကထွက်သွားရင် တစ်မနက်လုံး၊ တစ်နေ့လယ်လုံးပဲတဲ့၊ လိုက်ကြည့်ရင် ဘုရားပေါ်မှာပဲ မို့လို့ နောက်တော့ လိုက်မခေါ်တော့ဘူးတဲ့၊





ညနေပိုင်းဆို ပြန်လာတာပဲတဲ့.."

အောင့် မျက်နှာက ရင်နင့်ကြေကွဲနေပုံပေါက်ကာ ဘာမှလည်း မမေးတော့သဖြင့် လင်း ဆက်ပြောရမည်လား..၊ ရပ်ထားလိုက်ရမလား အပြေးအလွှား စဉ်းစားရ၏။ ထိုစဉ်...

"ဒါဆို အသိစိတ်တော့ ရှိနေသေးတာပေါ့"

"အသိစိတ် ရှိတယ်၊ ဒါပေမယ့် သူ ဗိုက်ဆာလာလို့ မစားရရင်..၊ သူ့ကို ဒေါသဖြစ်အောင်လုပ်ရင် အသိစိတ်ပျောက်ပြီး သောင်းကျန်းတော့တာပဲတဲ့၊ တစ်ခါက လင်း ကို လိုက်ရိုက်လို့ ထွက်ပြေးရသေးတယ်၊ အဲဒါတွေကြောင့် သူတို့မောင်နှမက သူတို့စားရစားရ မစားရစားရ သူတို့အမေအတွက်ကို အဆင်သင့်ရှိနေအောင် ထားရတယ်၊ ဦးလေးမိသားစုက ပြောသမျှ ဆိုသမျှ သူတို့အမေ မသိရအောင် ခါးစည်းခံတယ်..."

"သနားစရာပဲ၊ ဒီလို သိတတ်လိမ္မာတဲ့ သားသမီးမျိုးလဲ ရှားပါတယ်"

အောင့် ရင်ထဲကလာတဲ့အသံမို့ တုန်ခါနေသည်။ လင်း ကတော့ မသိပါ။ သူမရင်ထဲမှာ သေမှန်းရှင်မှန်းမသိဘဲ ထားခဲ့ရသည့် စိတ်မနှံ့သည့်မိန်းမကြီးကို သတိတရဖြစ်ရင်း သူမနှင့်မှ ဒီလိုလူတွေချည်းပဲ လာရောက် ဆုံစည်းနေရသည့်အဖြစ်ကို ယူဉ်ကြည့်နေမိသည်။

ချိုချိုတို့မောင်နှမက ဦးလေးအိမ်၏ နောက်ဖေးတဲကုပ်လေးထဲမှာ နေရပေမယ့် အမေ ရှိသေးသည်။

အမေက ရူးနေပေမယ့် မိဘဆိုသည့် အရိပ်မိုးကို တန်ဖိုးထားကြသည်မို့ မိဘကို အနစ်နာခံ၍ ပြုစုစောင့်ရှောက်နေကြ၏။

ထို့ကြောင့် မိဘမဲ့ပေမယ့် လင်း ကိုယ်ချင်းစာမိတာပါ။ ကိုယ်သာ မိဘမဲ့ရသော်လည်း ရှိနေကြတဲ့လူတွေကို ကိုယ့်လို မဖြစ်စေချင်..။



www.burmeseclassic.com

www.burmeseclassic.com



"သူများမိသားစုအကြောင်းတွေကို မင်း ဘာဖြစ်လို့ စိတ်ဝင်စားနေရတာလဲ ချာတိတ်"

ကိုကြီး မေးလိုက်တာကို အဆင်ပြေအောင် ဘယ်လိုဖြေရမှန်းမသိ။ အောင် ကလည်း လင်း မျက်နှာလေးကိုကြည့်ပြီး မယုံနိုင်လို့ မေးမိသွားတာ ဖြစ်သည်။ လူလေးငယ်ငယ်နှင့် ကိစ္စအကြီးကြီးတွေကို စိတ်ဝင်စားနေတတ်တာ ဒီတစ်ခုတည်း မဟုတ်ပေ..။

ဥပမာ လမ်းဘေးဈေးသည်တွေ၊ ဝယ်သူ၊ စားသူမရှိဘဲ ငုတ်တုတ်ထိုင်ပြီး ယင်ခြောက်နေရတာနှင့် ရုပ်ပါးမားကက်တွေ၊ ကုန်တိုက်ကြီးတွေ၊ ဆောက်လက်စအဆောက်အအုံတွေကို နှိုင်းယှဉ်ပြီး...

"စီးပွားရေးအမြင်ဆိုတာ ဒါတွေပဲ ထင်တယ်နော် ကိုကြီး၊ လူလူချင်းပေမယ့် မတူလို့သာ အဆင့်အတန်းဆိုတာ ဖြစ်လာတာနေမှာ၊ လှုပ်တိုင်းမြှုပ်နေတဲ့လူတွေရယ်၊ လက်နဲ့ထိသမျှ ရွှေဖြစ်နေတဲ့လူတွေရယ်၊ သူတို့တွေ တူမှမတူကြတာ"လို့ ဝေဖန် ခွဲခြားကြည့်တတ်တာမျိုး..။

တစ်ခါတလေ လူကြီးလေးလိုပဲ နေတတ်ကာ တစ်ခါတစ်ခါကျတော့လည်း ကလေးဆန်နေတတ်၏။ ဒါတွေနှင့် ပတ်သက်ဆက်စပ်၍ လင်း ကို အောင့် ရင်ထဲမှာ အစကနေ ခုချိန်ထိ အမြဲတမ်း ရင်းနှီးနေခဲ့သည်။

သူမနှင့် စကားပြောနေတိုင်း ကြည်နူးမိသည့် ခံစားချက်တွေဟာ ဘာကြောင့်ဆိုတာ ပြောမပြတတ်ပေမယ့် ရင်ထဲမှာ အခိုင်အမာ ရှိနေ၏။ အနီးစပ်ဆုံးပြောရလျှင် လင်း နှင့်စကားပြောဖြစ်တိုင်း သူ့ရင်ထဲကို နောက်ကျိရှုပ်ထွေးစေတာတွေ မပါ..။

ဟိုအကြောင်းဒီအကြောင်း၊ ဆိုင်တာတွေရောမဆိုင်တာတွေရော ပြောဖြစ်ကြကာ အူလှိုက်သည်းလှိုက် ရယ်မောဖြစ်ခဲ့တာတွေလည်း ရှိသည်။ ချစ်စရာကောင်းတဲ့ ကောင်မလေး..။





"ဒီမှာ ချာတိတ်..."

"ဟင်!..."

"မင်းကို စပ်စုတတ်တယ်လို့ ကိုကြီး မပြောဘူး၊ ဒါပေမယ့် ပတ်ဝန်းကျင်ကို စိတ်ဝင်စားလွန်းတာ မကောင်းဘူး"

"လင်း က သူတို့အမေကို တခြားထွက်မသွားစေချင်တာပါ၊ လင်း နဲ့ဆုံဖူးတဲ့ ဒေါ်ကြီးတစ်ယောက်ဆိုရင် အရမ်းသနားဖို့ ကောင်းတာပဲ၊ ရှုးနေပေမယ့် ပြန်စရာအိမ်ရှိရင် မိုးစိုမှာ မဟုတ်ဘူး၊ ကျွေးမွေးနေမယ့် သားသမီး ဆွေမျိုးတွေရှိရင်လဲ သူ ထမင်းစားရမှာပဲ..."

လင်း ဘာကို သတိရသွားပြီး ပြောနေမှန်း အောင် က မသိ..။

"သူ့ကို ဝ,အောင်ကျွေးဖို့လဲ လင်း မှာမရှိဘူး၊ အိပ်စရာပေးဖို့လဲ လင်း မတတ်နိုင်ဘူး၊ အဲဒီအဒေါ်ကြီးလို ချိုချို တို့အမေ တခြားကို အပြီးထွက်သွားမှာ စိုးရိမ်တာ၊ ထွက်သွားပြီဆိုရင် သူက ရှုးနေတော့ အိမ်ကို ပြန်သွားတတ်မှာ မဟုတ်တော့ဘူး၊ ကျန်ခဲ့တဲ့လူတွေမှာလဲ သောကတွေနဲ့ ကျန်ခဲ့မယ်၊ သွားတဲ့လူလဲ ငတ်ငတ်ပြတ်ပြတ်နဲ့ လမ်းဘေးမှာ..."

လင်း ဆက်မပြောနိုင်တော့ပါ။ ကားမှတ်တိုင် အမိုးစွန်းအောက်က မိုးရေထဲမှာ ပုစွန်တုပ်လိုကွေးနေသည့် ပုံရိပ်တစ်ခုကို သတိရလိုက်တော့ စိတ်မကောင်းခြင်းက သွေးသားသံယောဇဉ်လို ရင်မှာ နင့်၏။

"လင်း... ညည်း ဘယ်သူ့အကြောင်း ပြောနေတာလဲ..၊ အဲဒါ ဘယ်သူလဲဟင်..."

အောင် ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည့် လက်ဖဝါးလေးကို ငုံ့ကြည့်ပြီး လင်း အံ့သြဟန်လေးနှင့်မော့ကြည့်၏။ အောင် က လက်ကိုဖျစ်ညှစ်ဆုပ်လျက်...

"ဘယ်မှာလဲ..၊ ရန်ကုန်မှာ တွေ့ခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင်..."

အောင့် မျက်နှာပေါ်က စိုးရိမ်ခြင်းတွေကို နားမလည်ပေမယ့် ဒီစကား ဒီမှာပဲရပ်ဖို့ လင်း ဆုံးဖြတ်လိုက်၏။

ကိုယ့်ဘဝအကြောင်းတွေကို ဖြန့်ခင်းပြောပြရလျှင် ပါလာမှာတွေက လှပကြည်နူးဖွယ်ရာ ဘာမှမရှိ။ ပြီးတော့ သက်တန့်ခင်..။

"လင်း က ဒီလိုပဲ ကိုကြီးရဲ့..၊ မြင်တဲ့လူတိုင်းကို ကိုယ့်ဘဝနဲ့ယှဉ်ပြီး တွေးတွေးကြည့်တာ၊ လင်း က မိဘမဲ့ဆိုတော့ သူများတွေ မိဘမဲ့ကြမှာကို မမြင်ချင်ဘူး၊ ကိုယ် သေချာ ပုံဖော်ကြည့်ဖို့တောင် မမှတ်မိတော့တဲ့ မိဘကို လင်း ဒီလောက် တမ်းတနေရင် သူတို့က ရှိနေပြီးသားကို ဆုံးရှုံးကြရမှာ၊ အဲဒါကြောင့် နမ်းတစ်လုံးနဲ့ ဆီမဖြစ်ပေမယ့် လင်း ကတော့ တတ်နိုင်သရွေ့ ကူညီချင်ခဲ့တာ..."

အောင် က သက်ပြင်းရှည်ကြီးချရင်း လင်း လက်ဖဝါးလေးကို လွှတ်သည်။ သူမရဲ့စကားထဲက စိတ်မနဲ့တဲ့ ဒေါ်ကြီးတစ်ယောက်ဆိုတာကို စိတ်လှုပ်ရှားသွားမိခြင်း ဖြစ်သည်။

ဒါပေမယ့် လင်း မသိသေးတဲ့ကိစ္စတစ်ခုကို ဒီ့ထက်ပိုပြီး မေးနေလည်း ဘာထူးမှာလဲ..။ ပြီးခဲ့တာတွေကိုလည်း ပြန်မရနိုင်မှန်းသိလျက်နှင့် အထပ်ထပ် တမ်းတဆွေးမြည့်မနေချင်တော့ပါ။

"ကိုကြီး နားလည်ပြီ၊ ညည်းရဲ့ ကျူရှင်လခလဲ ကိုကြီး ထပ်ပေးမယ်၊ အဲဒီ ချိုချို ဆိုတဲ့ကောင်မလေးကိုလဲ ကူညီလိုက်ပါ"

လင်း ဝမ်းသာသွားသည်။ သူမ သိပါသည်။ ကိုကြီး စိတ်ရင်းက ဒီတိုင်းပဲရှိနေတာကို လင်း မော့ကြည့်ပြီး သွားလေးတွေပေါ်အောင် ရယ်နေတာကို အောင် က ငုံ့ကြည့်ပြီး ပြုံးပြ၏။

ပြီးတော့ လင်း နဖူးလေးကို ခပ်ဖွဖွထုစဉ်...

"ညည်း ကိုကြီးညီမလေး တကယ်ဖြစ်ရင် သိပ်ကောင်းမှာပဲ"





ဟု မချင့်မရဲ ပြော၏။

"ဟုတ်တယ်လေ..၊ ကိုကြီးပဲ မွေးစားတာဆို.."

လင်း က ပြောတော့ အောင် က ရယ်လိုက်ကာ...

"ဟုတ်တယ်..၊ ဒါပေမယ့် ညည်းက မနေချင်ရင် အချိန်မရွေးထွက်သွားလို့ ရနေတယ်လေ၊ ကိုကြီးက ဘယ်သူ့ကိုမှ မပေးလိုက်နိုင်ဘူး"

ရယ်နေသည့် လင်း မျက်နှာလေး ဖျတ်ခနဲ ပြောင်းသွားသည်။ တ်ခနဲ လှုပ်ခါသွားသည့်ရင်ထဲကအသံ..၊ ကိုကြီး မဲ့ပြောပါစေနှင့်..။

သူက ညီမလေးတစ်ယောက်လို ပိုင်စိုးချင်တာမျိုး၊ ကိုယ်ကတော့...

လင်း မလုံမလဲနှင့် မျက်နှာလွှဲပစ်လိုက်မိသည်။ အောင် က သက်ပြင်းချ၏။ ထို့နောက် မျက်ဝန်းတို့က တခြားကိုငေးကာ...

"ကိုယ် အစက အဲဒီလို သက်ပြင်းတွေ ခဏခဏ မချတတ်ဘူး၊ တစ်ယောက်ယောက်က ကိုယ့်ရှေ့မှာ အဲဒီလိုဖြစ်နေရင်လဲ ဘာဖြစ်နေတာလဲလို့ ဖွတ်မေးတတ်တဲ့အကျင့် ရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သိပ်မွန်းကျပ်နေတဲ့ တစ်ယောက်ယောက်ရဲ့ရင်ထဲကို ရှင်းလင်းသွားစေချင်လို့.."

"ကိုကြီးက အခု မွန်းကျပ်နေတာလားဟင်"

လင်း ကိုပြန်ငုံ့ကြည့်ပြီး တော်တော်နှင့်မဖြေဘဲနေကာ ခဏကြာ

"ညည်းကို သူငယ်ချင်းမိတ်ဆွေတစ်ယောက်လို နေရာထားပြီး ကိုကြီး ပြောပြချင်ပါတယ်၊ ဒါပေမယ့် ပြောပြီးရင်လဲ ဘာမှထူးခြားလာ မရှိတာတွေဖြစ်နေတယ်၊ နောက်ပြီး..."

သူ့မျက်နှာ ပြန်လွှဲသွားကာ...

"ညည်းရင်ထဲကို အဲဒါတွေ ရောက်သွားမှာ ကိုယ် မလိုချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ..၊ ဒါမျိုးဆိုတာ တစ်ယောက်ယောက်ကို ပြော လိုက်ရင် ပေါ့သွားတယ်မို့လား၊ လင်း က..."

လင်း စကားမဆုံးခင် အောင် က ခေါင်းခါ၍...

"ညည်းနဲ့ ပြောနေချင်တာတွေက အဲဒီအကြောင်းအရာမျိုးတွေ မဟုတ်ဘူး၊ ထားလိုက်ပါ..၊ ဘာအကြောင်းကိုမှ စိတ်မဝင်စားနဲ့တော့"

လင်း က ခေါင်းမညိတ်ဘဲ မျက်တောင်လေးခတ်ရင်း ငြိမ်နေ တော့ အောင် က ငုံ့မိုးကြည့်နေရင်း...

"ချာတိတ်မ..."

"ဟင်!..."

"ဘယ်လိုလဲ..၊ ခုပဲ ညည်း ကိုကြီး ပြောတာ ဘာတွေဖြစ်နိုင်မလဲ လို့ တွေးမိနေပြီမို့လား.."

"လင်း က ကိုကြီးကို စိတ်ချမ်းသာစေချင်တာ..."

"ဘဝတစ်လျှောက်လုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိခဲ့တာပါ"

ဒါဆို ခုမှပေါ့..။

လင်း တွေးမိသွားပေမယ့် မတွေးရဘူးဆိုသည့် ကိုကြီး စကား ကြောင့် မျက်နှာကို ပေါ့ပေါ့ပါးပါးပုံစံ ပြင်လိုက်ရသည်။

မော့လိုက်တော့ ခပ်မှုံမှုံပြုံးကြည့်နေသည့် အောင့် မျက်လုံးတွေနှင့် ဆုံ၏။

"လင်း မတွေးပါဘူး"

ဟု မလုံမလဲပြောလိုက်လျှင် အောင် က ရယ်နေသည်။ လင်း တွေးမိသည်။ ပျော်နေတာတော့ မဖြစ်နိုင်..။





## အခန်း [ ၃၄ ]

"ကိုလေး..."

ဂစ်တာကြိုးညှိနေသည့် ခြား က လှည့်ကြည့်သည်။

"ရပြီ.."

"ဘာ!..."

လင်း က စာအုပ်ကိုပြပြီး ရှေ့တိုးလာ၏။ ညီအစ်ကိုနှစ်ယောက် လုံး အိမ်မှာ အလုပ်အားလို့ ခြံထဲဆင်းသွားပြီဆို ဒီနားမှာပဲ ထိုင်တတ် ကြ၏။

ပိတောက်ပင်နှစ်ပင်ကြားမှာ ခုံတန်းလေးလည်း ရှိသည်။ ဘေးမှာ တော့လဲ့ထားသည့် ကုက္ကိုပင်ကြီးဘက်ကနေ ကုန်းထွက်လာသော သစ် မြစ်ဆုံကြီးလည်း ရှိ၏။

ပိတောက်က တစ်နှစ်မှ တစ်ခါပဲ ပွင့်ပေမယ့် ရွက်စိမ်းလေးတွေ မြဲမြဲတမ်း ဝေနေတော့ အရိပ်ကောင်းရသည်။

လင်း က ဘေးမှ သစ်မြစ်ဆုံမှာပဲ ထိုင်သည်။ သူမကလည်း ကိုကြီးတို့ ကိုလေးတို့ ဒီနားမှာရှိပြီဆို သစ်မြစ်ဆုံမှာပဲ ထိုင်နေကျ..။

"ကိုလေး ပဲ ဒီနှစ်ခန်းစလုံးရရင် ငါးမျှားတံ ပေးကိုင်မယ်ဆို..."

ခြား က မယုံသည့်မျက်လုံးနှင့် စာအုပ်နှင့် လင်း ကို ဝေ့ကြည့် ၏။ စာကျက်ခိုင်းထားတာ တစ်နာရီတောင် မပြည့်တတ်သေး..။

"တကယ် ရပါပြီဆို..၊ ရော့... လင်း ပြန်ဆိုပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်မေးနေတာကို မယူဖြစ်ဘဲ ခြား က လင်း မျက်နှာလေးကို ကြည့်သည်။ အစတုန်းကတော့ မရှိသေးချင်သလိုလို မလေးစားချင်သလိုလို မြူစိစိ၊ ပေကပ်ကပ်ပုံစံ။ ခုကျတော့လည်း သူ့မရင်ထဲမှာ ဘာမှမရှိတော့သလို..။

ခြား အကြည့်ကို ရုတ်သိမ်းကာ ဂစ်တာကြိုးကို ဒင်ခနဲ ဆွဲခတ်ပစ်လိုက်တော့...

"ငါးမျှားတံရတော့ မင်း ဘာလုပ်မှာလဲ..၊ ဒီနားမှာ အင်းလဲ မရှိဘူး၊ အိုင်လဲ မရှိဘူး"

"မြစ်မှာ သွားမျှားမှာ..."

"ဘာ!..."

နောက်ထပ် ဘာ...သံက ဒေါသကြောင့် မာသွား၏။ သိမ်းထားသည့် ငါးမျှားတံကိုတွေ့သွားပြီး ဟိုမေးဒီမေးလုပ်နေလို့ စာတွေ အများကြီးပေးထားခဲ့ပြီး ပြီးစလွယ် ပြောခဲ့တာ..။

"နေပါဦး..၊ မြစ်ကမ်းစပ်ကို မင်းက သွားမယ်၊ ဟုတ်လား..."

"အင်း..."

"ငါးထိုင်မျှားမယ်ပေါ့"

"အင်း...ပါဆို.."

ပုံစံက ဆံပင်အထပ်လေးတွေ ကုတ်မထိတထိ စပို့ရှပ်လက်တိုရဲရဲလေးနှင့် ဝတ်နေကျ ဂျင်းဘောင်းဘီ ဟိုမရောက်ဒီမရောက် အရှည်တွေက ခုတော့ အတိအကျအရှည်ပါ။ ဒါပေမယ့် ဒူးအောက်နား ထိ ပြန်ခေါက်တင်ထားတော့ ဘာမှမထူး..။

ခြေမျှားထိရှည်တဲ့ဘောင်းဘီ ဝတ်မိရင် ဘာဖြစ်ပါစေ၊ ညာဖြစ်ပါစေလို့များ ကျိန်စာတိုက်ထားခဲ့သလား မသိ။ မြင်လိုက်ရရင် အမြဲတမ်း ဒီအတိုင်း..။





အဘွားသန်း နှင့် အန်တီတို့ ဆူထားလို့ ပါးကွက်လေး တင်ထားတတ်တာတောင် မျက်နှာတစ်ပြင်လုံးကို ပွတ်လိမ်းတာမဟုတ်ဘဲ ပါးကွက်ချည်းပဲ ဖြစ်၏။

ဒီကောင်မလေး ယောကျ်ားစိတ်ပေါက်နေတာမျိုးလည်း မဟုတ်ဘဲနှင့်...

"ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ပါဦး.."

"ဟင်!... ဘာဖြစ်လို့လဲ.."

ဖြုန်းခနဲ ပြောလိုက်တော့ လင်း ယောင်ရမ်းကာ တကယ် ငုံ့ကြည့်၏။ ပြီးမှ နှုတ်ခမ်းလေးစူသွားကာ...

"မိန်းကလေး ငါးမမျှားရဘူးလို့ တားမြစ်ထားတာ မရှိပါဘူး၊ နောက်ပြီး ဒီလို စတီးကိုင်းနဲ့မကိုင်ဖူးပေမယ့် ဝါးနဲ့ ငါးမျှားတံ လင်းကိုင်ဖူးတယ်၊ မျှားလဲ မျှားဖူးတယ်.."

"ဘာ... မင်း... မင်း.. တီကောင်တွေ ကိုင်တယ်ပေါ့"

ခြား ဖြစ်သွားတဲ့ပုံကိုကြည့်ကာ လင်း က ရယ်သည်။ ပြီးမှ ခေါင်းခါပြလိုက်၍...

"မဟုတ်ပါဘူး..၊ အိမ်ပေါ်ကနေ မျှားတာ၊ ရန်ကုန်က တချို့ကျူးကျော်ရပ်ကွက်တွေမှာ အမြဲတမ်း ရေဝပ်နေတဲ့အိမ်တွေ ရှိတယ်။ တစ်အိမ်နဲ့တစ်အိမ်လဲ ဝေးတယ်လေ၊ ရေထဲမှာ ငါးရံ့ကြီးတွေ အစင်းလိုက်ပဲ၊ သူတို့က ပိုးဟပ်နဲ့မျှားရင် တန်းဟပ်တာ ကို့လေးရဲ့..."

"ပိုဆိုးပြီ..၊ မင်းက ပိုးဟပ်ကို ဘယ်မှာသွားရှာတာလဲ"

"သေတ္တာတွေထဲကပေါ့၊ သူများအိမ်က သေတ္တာတွေ၊ ဗီရိုတွေထဲမှာ ပိုးဟပ်ဖမ်းမယ်ဆိုရင် စိတ်ကြိုက်ဖမ်းစမ်းပဲ၊ ကုန်အောင် ဖမ်းသွားစမ်းပါလို့တောင် ပြောသေးတယ်"

"ကျွတ်!... မင်း တော်တော်ညစ်ပတ်တဲ့ မိန်းကလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုးဟပ်က အဝတ်တွေထဲမှာပဲနေတာ ဘာညစ်ပတ်လို့လဲ၊ ကျော ကုန်းကနေ ဖိကိုင်လိုက်ရင်..."

"လင်းရာသီ..."

"ရှင်..."

"မင်းနော်..၊ ဟွန်း...."

လက်သီးဆုပ်ကြီးနှင့် နဖူးကို ကပ်လိုက်၍...

"ငါ ဝိတ်ထိုးမိတော့မယ်"

ခေါင်းလေးငုံ့ရှောင်ကာ လင်း မျက်နှာလေး ရှုံ့မဲ့မဲ့၊ ရှုပွပွနှင့်..။

"ကိုလေးပဲ ကတိပေးပြီးတော့၊ အခု မကိုင်ခိုင်းတော့ဘူးလား"

ဒီလောက် ဒေါသတွေထွက်နေတဲ့သူကို သင်းပဲ ပြောရဲသည်။

အလကား ကောင်မလေး..၊ ကြောက်ဟန်ဆောင်နေတာ..။ ဒေါသမဟုတ်တော့ဘဲ မချင့်မရဲစိတ်တွေနှင့် ကိုင်ပေါက်ပစ်ချင်လာသည်။

"လင်း က တစ်ယောက်တည်း မသွားပါဘူး၊ ကိုလေးနဲ့..."

"ဘာ!... ငါက လိုက်ပို့ရမယ်..."

"ကိုလေးကလဲ ရေတောင်းပါတယ်ဆိုမှ ရေခွက်ချည်းပဲ ပေးလို့ ရမလား"

ခြား အငေါ်တူးချင်သည့်မျက်နှာနှင့် ခေါင်းတညိတ်ညိတ်ဖြစ် သွား၏။ ပို့ပေးလိုက်တော့ ကိုယ့်ဒုက္ခနှင့် ကိုယ်..။





## အခန်း [ ၃၅ ]

ဓာတ်ပုံတွေကို အယ်လ်ဘန်ထဲကနေ ထုတ်ယူပြီး ချုံ့လိုချုံ့၊ ချဲ့လိုချဲ့၊ အားလုံး ထမင်းစားခန်းထဲက ထွက်ခဲ့ကြပြီး ဧည့်ခန်းမှာ သစ်သီးပွဲတွေနှင့် စကားစမြည်ပြောနေကြကာမှ...

"ဓာတ်ပုံတစ်ပုံ ပုံကြီးချဲ့ထားတာ ရလာပြီ၊ ကိုအောင် ကြည့်ပြီးပြီ လားဟင်"

သက် က သဘော်သီးစိတ်ကို ခက်ရင်းသေးသေးလေးနှင့် လှမ်း ထိုးယူရင်း မေး၏။ အောင် က ခြား နှင့် စကားပြောနေရာမှ လှည့် ကြည့်ပြီး ခေါင်းညိတ်ပြ၏။ ပြီးတော့ ပြန်လှည့်သွားလျှင်...

"ဒါဆိုလဲ ချိတ်ပေးလေ..၊ မမြင်ကွယ်ရာမှာ သိမ်းထားဖို့ ကူးလာ တာမှ မဟုတ်တာ"

အောင် နောက်တစ်ခါ ပြန်လှည့်လာကာ...

"ကိုယ့် ဒီနေ့ ဗိုးလ်ချဲပေါ်က ဆင်းခွင့်ရတယ် သက် ရယ်..၊ လုပ်ပေးပါ့မယ်၊ အရေးကြီးတာမှ မဟုတ်တဲ့ဟာ..."

"တစ်ခုရှိတယ် သမီး..."

အောင် က ဘာမှသိမထားသေးတော့ ဒေါ်စိန်စီလင်း က သမီးလို့ ပြောလိုက်ပေမယ့် အောင့် ကိုကြည့်၍...

"ဓာတ်ပုံကို မမတို့ရဲ့ပုံနေရာမှာတော့ ချိတ်ခွင့်မပေးနိုင်ဘူး"

ပြောလိုက်ကာမှ ဓာတ်ပုံနှင့်ပတ်သက်သည့် ပြဿနာတစ်ရပ် ရှိနေခဲ့ပြီဆိုတာကို အောင် တို့ သိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်ပြောဆိုနေသည့် စကားသံတွေ တိတ်ကျသွားသည်။ သက်က မျက်နှာပျက်သွားပြီးမှ တရိပ်ရိပ် တင်းမာလာကာ...

"ဒီခြည့်ခန်းထဲမှာပဲ ဟိုဘက်ကနေ ဒီဘက် ရွှေ့တာလေးကို ဘာဖြစ်လို့လဲ အန်တီ"

"သူတို့က သားတို့ရဲ့ မိဘနှစ်ပါး..."

"သက် တို့ကလဲ ဒီအိမ်က အကြီးဆုံးသားရဲ့ မင်္ဂလာဓာတ်ပုံပါ၊ ကွယ်လွန်သွားကြသူတွေရဲ့နေရာမှာ သက်ရှိထင်ရှားရှိနေကြတဲ့သူတွေ နေရာယူတာလဲ သဘာဝကျပါတယ်"

"သက်တန့်ခင်..."

"တို့ကို မင်း အဲဒီလောက် ရိုင်းရိုင်းမဆက်ဆံပါနဲ့.."

"ညီ ခဏနေဦး..."

ခြား နှင့် ရင်ဆိုင်မိသွားမှာစိုးကာ အောင် က ခြား ရဲ့လက်ကို ဖိဆုပ်တားဆီးကာ...

"ဒီလိုပါ..၊ ဟို... သက် ကလဲ မိန်းကလေးပီပီ သူ့ဓာတ်ပုံလေးကို လှလှပပ မြင်ချင်တာမျိုးပါ အန်တီ၊ တစ်ယောက်သဘော တစ်ယောက် နားလည်မှုလွဲပြီး အထင်မြင် မလွဲကြပါနဲ့.."

"အန်တီ သူ့ကို ပြောပြပါတယ်၊ ဓာတ်ပုံကို ကြိုက်တဲ့ ပေ, လက်မ ချဲ့ချင်သလိုချဲ့၊ ဘယ်နေရာမှာပဲချိတ်ချိတ် သဘောရှိလုပ်ပါလို့၊ မိဘနှစ်ပါးရဲ့ဓာတ်ပုံနေရာမှာမှ ချိတ်ချင်ပါတယ်ဆိုတော့..."

ဒေါ်စိန်စီလင်း ဒါပဲပြော၍ မျက်နှာလွှဲပစ်သည်။

သက်တန့်ခင် ဆိုတဲ့ မိန်းကလေး ဘီလူးဆိုင်းတီးပြီးထွက်ပြီဆိုကတည်းက မသိမသာလေး ပြောင်းလဲတာမဟုတ်။ အပြောအဆို၊ အနေအထိုင်၊ အယူအဆတွေ အားလုံး ပြောင်းပြန်လှန်ပစ်လိုက်သလိုမျိုး...

"ဒီပုံကို ချိတ်ခဲ့တုန်းကတောင် ဒီနေရာမှာမှ လှနေလို့ ဒီမှာ ချိတ်ခဲ့





တာမို့လား၊ သက် လဲ တခြားနေရာကို မလိုချင်လို့ပေါ့"

ခြား မျိုသိပ်ထားပေမယ့် နေလို့လည်း မရ..။

"နေရာဆိုတာ သင့်တော်တဲ့ တစ်နေရာကို ကိုယ့်ဘာသာ ရှာ၊ ဒါမှမဟုတ် သူများက ကြည်ဖြူစွာ ပေးအပ်တာမျိုး၊ အဲဒီလိုရတဲ့နေရာကမှ သိက္ခာရှိတာ၊ ဘယ်သူကမှ စေတနာမရှိတာကို လုယူလိုက်တာ ဂုဏ်သိက္ခာ မဟုတ်ဘူး"

ခြား စကားကြောင့် သက် မျက်လုံးတွေ မီးတောက်သွားသည်။ ခြား က ဂရုမစိုက်..။

"တော်တော့ သား..၊ ဒါ ဒီလိုရှင်းလို့ မပြီးဘူး"

ဒေါ်စိန်စီလင်း က တားဆီး၍ အောင့် မျက်နှာကိုတော့ စိတ်မကောင်းသလိုကြည့်ကာ...

"သားလဲ ကျန်းမာရေး ကောင်းလာပြီ၊ ရန်ကုန်မှာလဲ လုပ်ငန်းတွေရှိတယ်မို့လား၊ ပြီးတော့ သူလဲ ဒီမှာ ပျော်ပုံမရဘူးလေ"

ဒေါ်စိန်စီလင်း က 'သူ'လို့ သက် ကို ဦးတည်ပြောနေပေမယ့် သက် ရဲ့မျက်နှာကို တစ်ချက်မှမကြည့်ပေ..။

"အန်တီ ပြောချင်တာက ဒီလိုပါ၊ ခုဖြစ်နေတဲ့ပြဿနာရော၊ နောင်ကိုလဲ ဘာမှထပ်မဖြစ်ရအောင် သားတို့ နောက်ထပ် စိတ်ပြေလက်ပျောက် နေထိုင်ပြီးရင် ရန်ကုန်မှာ ပြန်ပြီး အခြေချကြပါကွယ်.."

"ဗျာ!..."

အောင် က အံ့သြသည့်မျက်နှာနှင့် ကြည့်၏။ ဒေါ်စိန်စီလင်း ကလည်း ငိုတော့မည့်မျက်ဝန်းတွေကို လွှဲပစ်လိုက်ပြီး...

"မိန်းမသားဆိုတာ အိမ်ထောင်ကျသွားပြီးရင် တစ်အိုးတစ်အိမ် ထောင်နေချင်ကြတာပဲ၊ ကိုယ့်အိုးကိုယ်အိမ်နဲ့ကျတော့ အားလုံး အဆင်ပြေသွားမှာပါ၊ ဒီမှာဆိုရင် သားတို့လင်မယား ဖြစ်ချင်တာတွေ ဖြစ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ အန်တီ ဆုံးဖြတ်လို့မရဘူး၊ အိမ်ထောင်မကျသေးတဲ့သူ ရှိသေးတယ်၊ သူ့သဘောပါမှ ဖြစ်မယ်"

သက် က မသိမသာလေး မဲ့သည်။ ဒါပေမယ့် ခြား က စိုက်ကြည့်နေတာမို့ မြင်၏။ ဒီမိန်းမ ရောက်ကာစက ဒီလိုမဟုတ်ဘူး ထင်ရသည်။ သူမ မျက်နှာပေါ်က နာကြည်းမှုတချို့ကို အကဲခတ်မိပေမယ့် ဘာကိုနာကြည်းနေတယ်ဆိုတာလည်း မသိ..။ တစ်ခုပဲ စိုးရိမ်မိသည်။ သူမကြောင့် ကိုကို့ကို စိတ်မဆင်းရဲစေချင်..။

"ဒီလိုကိစ္စလေးနဲ့ ကျွန်တော်က ဒီကနေ ခွဲထွက်သွားရမှာလား အန်တီ"

"အန်တီ ပြောသလို ကောင်းတယ် ကို..၊ ရန်ကုန်နဲ့ပြည် သတိရတိုင်း ထ,လာလို့ရတယ်"

သက် က ဝင်ပြောလိုက်တော့ အောင် ငိုင်ကျသွား၏။ သက်ကို စိတ်ချမ်းသာမှုပေးနိုင်ဖို့ သူ့ဘက်မှာ ပျက်ကွက်ခဲ့တာတွေ များနေပြီ..။ သက် က ဒါမှ စိတ်ချမ်းသာနိုင်မည်ဆိုလျှင် သူ့ဘက်က ဘယ်လိုခေါင်းခါမလဲ..။ ခြား မျက်နှာကို လှမ်းကြည့်တော့ ခြား ကလည်း သူ့ကို စိုက်ကြည့်နေတာဖြစ်ကာ မျက်လုံးချင်းဆုံမှ မျက်နှာလွှဲပစ်၏။

အောင် နားလည်သည်။ သက် နှင့်ခွဲထွက်သွားဖို့ကိစ္စမှာ ညီသဘောကျမှာမဟုတ်သလို သူ့ဘက်က သဘောတူလိုက်တာမျိုး အသံတိတ်နေသည့်အတွက် ခြား မျက်နှာကြီး တင်းမာနေတာ ဖြစ်၏။

ဒေါ်စိန်စီလင်း ကတော့ ဘာမှလည်း မစားသောက်တော့ဘဲ နေရာမှထွက်သွားခဲ့သည်။

အရာရာကို အကောင်းတိုင်း ဖြစ်ချင်ပေမယ့်..။





## အခန်း [ ၃၆ ]

"နေမကောင်းဘူးလား ကို..."

"ကောင်းပါတယ်"

ကားမောင်းနိုင်ပြီဆိုတာနှင့် ကမ်းနားကိုသွားမယ် ဖြစ်သည်။ ခါတိုင်းလို ခြား ကလည်း သွားတိုင်းမခေါ်တော့သဖြင့် ညီအစ်ကိုနှစ်ယောက်၏ ဆက်ဆံရေးကျဲနေကြတာကို သက် အကဲခတ်မိ၏။

ရန်ကုန်ကိုပြန်ပြီး အခြေချတော့မည်လို့ ခေါင်းတော့ ညိတ်ပြီးပါပြီ။ ဒါပေမယ့် ထိုနေ့မှစ၍ အောင့် မျက်နှာပေါ်က အပြုံးရိပ်တွေ ပျောက်ဆုံးလုနီးပါးဖြစ်ခဲ့၏။ ဇနီးတစ်ယောက်အနေနှင့် ရင်ထဲမှာ နင့်နေအောင် နာကျင်ခဲ့သည်။ 'မိဘမောင်ဘွားတွေထက် ပိုချစ်ကြသည်'တဲ့။ ဒါတွေက မိန်းမတွေအတွက်ပဲလား...။ 'မယားပြောတော့ တစ်ည'ဆိုတဲ့ စကားတွေရှိခဲ့တာရော ဘယ်မှာလဲ..။ ဒါလည်းမှန်မှာပါ။ သူမကတော့ ခင်ပွန်းဖြစ်တဲ့သူနှင့် ကြည်နူးရင်ခုန်စွာ အိပ်စက်ခွင့်တောင်မှ မရခဲ့တဲ့သူပဲ..။

ယောကျ်ားကို ဘယ်လိုစည်းရုံးရမလဲ..၊ တတွတ်တွတ် ချိုသာသော စကားတွေနှင့် ဘယ်လိုပြောနိုင်မလဲ။ ကား က သိပ်မကျယ်သော မြို့လယ်လမ်းပေါ်မှာ ခပ်ဖြည်းဖြည်းလေး လိမ့်နေတာဖြစ်၏။ ကားပေါ်မှာ လင်မယားနှစ်ယောက် ရှိပေမယ့်လည်း ပျင်းရိငြီးငွေ့ဖွယ် တိတ်ဆိတ်လျက်ရှိကာ တိတ်ဆိတ်ခြင်းကို မနှစ်မြို့နိုင်တော့သည့် သက် က...

"ကိုအောင် က ဒီကလူတွေနဲ့ ခွဲထွက်ရမှာကိုတွေးပြီး တပိန်ပိန်တလိမ်လိမ် ခံစားနေရတာလား၊ ဒီလိုပုံစံကြီးနဲ့ ဘယ်လောက်ကြာကြာနေမှာလဲ..၊ သက် ကို ပြောပါဦး ကို..."



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ထ,မေးတော့ အောင် က ကားမောင်းရင်း လှည့်ကြည့်သည်။

"ကလေးကလားစကားတွေ သက် ရယ်.."

"ကို မဟုတ်လို့လား၊ ဒီမြို့မှာ သက် က ကို့တစ်မျက်နှာနဲ့ လိုက်နေခဲ့တာ၊ ခုတော့..."

"ခုတော့ သက် ကို ဘယ်သူက ဘာတွေ ပြောဆိုပုတ်ခတ်နေတာ ရှိလို့လဲ"

"ဒါဆို ဘယ်သူကမှ မပြောမဆိုကြဘဲ သက် ကပဲ ဖြစ်နေတာပေါ့၊ ကို အဲဒီလို ခံစားနေရတာလား"

အောင့် မျက်နှာ ညိုမှောင်နေလျက် သက်ပြင်းချသည်။ ကားကို အရှိန်လျှော့ပစ်လိုက်ပြီး လမ်းကျဉ်းထဲက ထွက်လာနေသည့်ကားတွေ ထွက်အောင် ဘေးကပ်နေလိုက်ရင်း...

"မင်းက ကိုယ့်မိန်းမပဲ၊ မင်း ဖြစ်ချင်တဲ့ဆန္ဒကို ကိုယ် ဖြည့်ဆည်းပေးရမယ်၊ မင်း စိတ်ချမ်းသာဖို့ဆိုရင် ကိုယ် လိုက်လျောနိုင်ရမယ်၊ ကိုယ့်ရင်ထဲမှာ အဲဒီသဘောတရားတွေရှိတယ် သက်..၊ မင်းအတွက် ကိုယ် ဖြစ်စေခဲ့တာ..."

"အဲဒါမျိုးက မက်မောစရာပါပဲ၊ ကျေလဲကျေနပ်သင့်တယ်၊ ဒါပေမယ့် သက် အိမ်ထောင်ပြုလိုက်တာ ဖန်ဆင်းရှင်တစ်ယောက်လိုအပ်လို့ ရှာဖွေလိုက်တာ မဟုတ်ဘူး၊ သက် ကို ကိုက ချစ်နေတယ်လို့ပဲ ထင်ခဲ့တာ..."

အောင် က သက် ကို ငဲ့ကြည့်ပြီး မျက်နှာမလွှဲဘဲ ငေးနေ၏။

"ကို က သက် ကိုချစ်ခဲ့တာမှ မဟုတ်ဘဲ"

"ကိုယ်တို့နှစ်ယောက် အိမ်ထောင်တစ်ခုကို တည်ဆောက်ကြမယ်ဆိုပြီး အတူလက်တွဲခဲ့ကြတာ မဟုတ်ဘူးလား၊ အဲဒီအချိန်မှာ မင်းရော ကိုယ်ရော ဘယ်သူ့ဘက်ကမှ ပြင်ဆင်ခဲ့ကြတာ မရှိဘူးလေ၊ ဒါတွေကို ထပ်ကာထပ်ကာ ဖြန့်ခင်းပြီး အကွက်ရွှေ့နေရင် ဘယ်သူမှ စိတ်ချမ်း





သာကြမှာ မဟုတ်ဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ သဲတောထဲကို သကြားလုံးလေး ပြုတ်ကျသွားတာနဲ့ တူတယ်ဆိုရင် ပြန်ကောက်ပြီး ပါးစပ်ထဲ ထည့်ဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ.."

ဒါဆို သူက နှောင်တတွေနှင့် နင့်နေတာလား..။ သက် ဘာမှ ပြန်လှန်မေးခွန်းမထုတ်နိုင်တော့ဘဲ နှုတ်ခမ်းလေးကို ဖိပိတ်ထားမိ၏။ ကမ်းနားမှာ ကားရပ်လိုက်တော့ သက် အရင်ဆင်း၍ သူ့ကို တံခါးသွားဖွင့်ပေးပြီး တွဲခေါ်ရမှာပေမယ့် သူမ ငုတ်တုတ်မေ့နေခဲ့သည်။

"သက် ဆင်းလေ...'

ဘေးကတံခါးဖွင့်သွားပြီး အောင် က လက်ကမ်းပေးမှ သတိဝင်၏။

"ရပါတယ်.."

ဒဏ်ရာရှိထားသူကို ပြန်ပြီး အားပြုဖို့ မသင့်တာတော့ တွေးမိ၏။ သက် ဘာသာ ဆင်းလိုက်သည်။ ညနေခင်းမို့ ကမ်းနားမှာ လူစည်နေသည်။ အောင် တို့ကတော့ လူစည်သည့်နေရာတွေမှာ ဘယ်တော့မှမနေပါ။ ကမ်းစပ်နားနီးနီးထိ ဆင်း၍ ဒီတိုင်း လွတ်လွတ်လပ်လပ် ထိုင်ကြတာ ဖြစ်သည်။

"ဟိုမှာ... ညီနဲ့ လင်း..."

အောင် ဝမ်းသာအားရဖြစ်သွားသံကြောင့် သက် လှမ်းကြည့်လိုက်သည်။ ခြား က ဘောင်းဘီအိတ်ထဲ လက်ထည့်၍ တစ်လှမ်းချင်း လျှောက်လာသလို သူ့ဘေးမှာ လင်း က အိတ်ရှည်လေးလွယ်လျက် ရယ်နေလိုက်တာ ဘာတွေ သဘောကျလာသည်မသိ..။

မျက်နှာချင်းဆိုင်လာနေပါလျက်နှင့် ဘယ်သူကမှ မော့မကြည့်..။

"ညီညီ..."

အောင် က ခေါ်လိုက်မှ မျက်နှာ ဖျတ်ခနဲ မော့၏။

"ကိုကို..."



www.burmeseclassic.com

www.burmeseclassic.com



အံ့သြသွားသည့်မျက်နှာနှင့် သက် ဆီ မျက်လုံးဝေ့ပြီးမှ အကြည့်မရောက်ဘဲ ပြန်လွှဲသွားကာ...

"ဒီထိ ဘာလို့ဆင်းလာတာလဲ ကိုကို..၊ ချော်လဲသွားရင် ဘယ်လိုလုပ်မလဲ"

"ရပါတယ် ညီရာ..၊ ကိုကို ကောင်းနေပါပြီ၊ ပြန်ကြတော့မလို့လား"

ကြားထဲက လင်း က ခေါင်းညိတ်၍...

"ဟုတ်တယ်..၊ ဒီနေ့ ငါးလဲတစ်ကောင်မှ မရဘူး သိလား၊ ကိုလေး ဆရာကြီးလုပ်ပြီးတော့လေ..."

ပြော၍ လင်း က ရယ်သည်။ ခြား မျက်မှောင်ကြုတ်ကြီးနှင့် ကြည့်လိုက်တော့ ဖက်လေးပုသွားလျက်...

"ကိုကြီးတို့ ခုမှ လာတာလားဟင်"

မေးရင်း သက် ကိုကြည့်လိုက်မိတာ လူတစ်ကိုယ်လုံးကို ပြာကျသွားပြီလား ထင်ရ၏။ သက် မျက်လုံးတွေ မီးဟုန်းဟုန်းတောက်နေတဲ့အတိုင်း...။

"ဟုတ်တယ်၊ ညီတို့မပြန်ပါနဲ့ဦးကွာ၊ လာပါ ခဏဖြစ်ဖြစ် ပြန်ထိုင်"

ခြား က မျက်နှာမကြည့်ဘဲနှင့်...

"ကိုကိုတို့ပဲ လွတ်လွတ်လပ်လပ် ထိုင်ကြပါ၊ မင်း နေခဲ့မလား"

လင်း ကို လှည့်မေးလိုက်တော့ လင်း ဘာမှမဖြေရသေးခင် အောင် က လင်း လက်ကို ဖမ်းဆွဲလိုက်ကာ...

"နေခဲ့ဦး..."

"ဟုတ်.."

သက် ကို သတိရပေမယ့် လင်း မကြည့်ရဲတော့ပေ..။ ဒီအိမ်မှာ ကိုကြီးနဲ့ ကိုလေးတို့သာ သူမဘက်က မရှိခဲ့ရင် မလွယ်..။ ရန်ကုန်မှာ တုန်းကတော့ လူတစ်ယောက်စရိတ် ကြီးလှသည်တဲ့။ ကျေးမွေးထား





လို့ ကြုံရူနေခဲ့တာ နေ့တိုင်း..။ ခုကျတော့ ဘာဖြစ်လို့လဲ..၊ လင်း တို့ 'တွေ့မရှောင် သေအောင် မုန်းရပါလို၏' လို့များ ဆုတောင်းထားခဲ့သလား..။

"လင်း..."

"ရှင်..."

"ညည်းကို အဘွားသန်း ဆီမှာ ငါ တောင်းထားပြီးပြီ၊ အဲဒါ သိလား..."

"ဟင်!... ဘယ်လို..."

လင်း ခေါင်းနားပန်းကြီးသွား၏။ အောင် က သဘောကျသွားသလို ပြုံးကာ...

"ညည်းကို အဘွားသန်းက လက်ထပ်သင်ပေးထားတယ်ဆိုတာ အန်တီက ပြောတယ်၊ အဲဒါကြောင့် ကိုကြီးတို့ အိမ်ခွဲကာစမှာ ညည်း မပါလို့မဖြစ်ဘူး၊ ဘာလဲ... မလိုက်ချင်ဘူးလား.."

"မဟုတ်ပါဘူး၊ ဟို..."

သက် ကို မရဲတရဲလှမ်းကြည့်တော့ သက် က မျက်နှာတစ်ဖက် လွှဲထားတာမို့ မျက်လုံးချင်း မဆုံ။ အောင် က လင်း ရဲ့ခေါင်းလေးကို ပုတ်ပစ်လိုက်ပြီး...

"မရဘူး..၊ မလိုက်ချင်လဲ ကြိုးတုပ်ခေါ်မှာ..."

ဒါတွေ လင်း ဘာမှ မသိခဲ့ရပါလား။ မမရော သိလို့လား၊ သိထားသည်ဖြစ်စေ၊ မသိသေးဘူးဖြစ်စေ မမ ကျေနပ်မှာ မဟုတ်ဘူးဆိုတာ လင်း သိသည်။ တကယ်ဆို ဒါ မဖြစ်နိုင်ပါ။ သက်တန့်ခင်ရဲ့လက်အောက်မှာ လင်း နေဖို့ လုံးဝမဖြစ်။ ဒါပေမယ့်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၇ ]

"နင့်ကို ဒါပေမယ့်တွေနဲ့ စဉ်းစားခိုင်းနေတာ မဟုတ်ဘူး၊ ရန်ကုန်ကို လုံးဝမလိုက်ရဘူး၊ အဲဒါကို မှတ်ထား..၊ ငါက မလိုက်ရပါဘူးလို့ နင့်ကို ပြောမှာမဟုတ်ဘူးနော်၊ နင် ဘာလုပ်ရမယ်ဆိုတာကို သိထားဖို့ပြောတာ"

"လင်း က ကိုကြီးတို့၊ ကိုလေးတို့ကို ဘယ်လို ငြိုငြင်ခံရမှာလဲ မမရယ်..၊ အန်တီကလဲ လိုက်သွားရမယ်တဲ့၊ အဲဒါကို လင်း က..."

"နင်က ငါ့အိမ်မှာနေတာ မဟုတ်တော့ဘူးလို့ သတ်မှတ်ထား လိုက်ပြီပေါ့"

"မဟုတ်ပါဘူး"

လင်း မျက်လွှာလေးချပစ်လိုက်သည်။ ဈေးသွားချင်လို့ဆိုပြီး သက် က လင်း ကို ခေါ်ထုတ်လာတာ ဖြစ်သည်။ လမ်းထိပ်ကျမှ ဆိုက်ကားစီး၍ ကော်ဖီဆိုင် ချောင်ကျကျနေရာမှာ ထိုင်ခဲ့ကြ၏။ သက် က လင်း နှုတ်ခမ်းလေးစေ့ထားတာကို စိုက်ကြည့်၍ မဲ့သည်။

"ငါ့ယောက်ျားကို နင် ကိုကြီးတွေ၊ ကိုလေးတွေ ခေါ်နေတာလဲ ငါ မကြိုက်ဘူး၊ အေး... နင်ကမှ လိုက်ရဲတယ်ဆိုရင်တော့ လိုက်ကြည့် လိုက်ပေါ့၊ ဒီတစ်ခါ လမ်းပေါ်ကို ထပ်ရောက်ရင် နောက်ထပ် ကံ ကောင်းနိုင်မလားဆိုတာ သိရအောင်..."

လင်း မျက်ဝန်းလေးတွေ လက်ခနဲ ဖြစ်သွားသည်။ ဘယ် လောကပဲ သည်းခံနိုင်ပါစေ၊ မာန ဆိုတာတော့ ရှိသေးသည်။





"မမ လင်း ကို အဲဒီလို ရင့်ရင့်သီးသီး မပြောပါနဲ့၊ မမ ဒီလောက်ထိ စိတ်နေတာကို ဘာဖြစ်လို့ဆိုတာ လင်း မသိပေမယ့် လင်း ရင်ထဲမှာ မမ ကို ဒုက္ခပေးဖို့ ဘယ်သောအခါကမှ မရှိခဲ့ဘူး၊ ဟိုတုန်းကနေ ခုချိန်ထိ..."

"နင့်ကိုယ်နင်တော့ ပူလှတယ်လို့ ဘယ်ထင်မလဲ၊ နင်က မီးပွားလေး၊ ငြိမ်နေမယ့်နေရာမှာ လောင်တာ၊ လူတိုင်းကို အမြဲတမ်း ပူစေတဲ့မီး..."

ပြောနေသည့်စကားသံအရှိန်က ဖြုတ်ခနဲ လျှော့ချသွား၏။ သက် မျက်လုံး တစ်နေရာကို စူးစိုက်သွားလျှင် လင်း လှည့်ကြည့်လိုက်၏။

"ကိုလေး..."

လင်း ထိတ်လန့်သွားသည်။ သက် နှင့် လင်း ကို သိခဲ့ပြီးသား ဖြစ်သွားလို့ မေးဖူးသည်မို့ ဒီလို ခိုးတွေ့နေကြတာကို မြင်သွားရင် ဘာပြောမလဲ..။ မဟုတ်သေးပါဘူး..၊ ခိုးတွေ့တာမှ မဟုတ်တာ။ ညီအစ်မနှင့် ဈေးဝယ်ထွက်လာကြတဲ့ဟာ..။ ကိုယ့်ဘာသာ ဖြေတွေးရင်း စိတ်တွေးမျိုချလိုက်တာတောင် လည်နှင်သည်။

"ကိုလေး..."

နောက်ထပ် ခေါ်လိုက်မိပြီး ဘာမှလည်း ပြောစရာမရှိ..။ ခြားက ဆိုင်ရှေ့မှာ ဆိုင်ကယ်ရပ်ပစ်လိုက်ပြီးမှ ဆင်းလည်း မဆင်း၊ ဘာမှ လည်း မပြောဘဲ လင်း နှင့် သက် ကို စိုက်ကြည့်၏။ စူးရဲသည့်မျက်ဝန်း တွေမှာ အဓိပ္ပာယ်များစွာ လူးကူးပြေးလွှားနေပေမယ့် တစ်ခွန်းမှ မဟ ဘဲ ပြန်ထွက်သွားသည်။ သက် က နှုတ်ခမ်းသားတို့ကို ပုံဆိုးအောင်မဲ့ ပြီး ပခုံးတစ်ဖက်တွန့်သည်။ ရင်ဘတ်တစ်ခြမ်းမှာ ပြိုဆင်းနေသည့် ခံစားချက်တွေကို မျက်နှာလုန်၍ ကျောနောက်သို့ သိမ်းပို့ပစ်ရင်း...

"ဘယ်သူ ကျေနပ်အောင်နေနေ မနေနေ ထူးမှမထူးတာ၊ သင်းတို့ ကိုယ်တိုမုန်းတဲ့စိတ်နဲ့ တိုင်နဲ့ ခေါင်းနဲ့ ပြေးဆောင့်ပစ်တဲ့အထိ မွှေပစ်မယ်"

သွေးအေးရက်စက်ခြင်းများနှင့် ကြိမ်းဝါးသည်။ ဒါပေမယ့် သူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းမှာ မျက်ရည်ရောင်တွေ တဖိတ်ဖိတ်လက်နေခဲ့၏။ လင်း ထ
သက် ကိုစိုက်ကြည့်နေရင်း ဘာမှမပြော..။

ကိုကြီးနှင့် မမ မပြေလည်ကြဘူးလို့ထင်နေတာ ကြာပါပြီ။ ဒါဓ
မယ့် ကိုကြီး အပြုအမူ အပြောအဆိုတွေက အမြဲတမ်း နူးညံ့နေတတ်
တာမို့ အကဲခတ်လို့လည်း မရ..။ မမကို မြင်လိုက်ရတိုင်း မကျေနပ်
သော နာကြည်းချက်တွေကို မြင်ရသည့်အခါ ဘာကြောင့် ဒီလိုဖြစ်
တာလဲလို့ တွေးမိပြန်သည်။ မမနှင့်ကိုကြီး လက်ထပ်သွားတာ အနိ
တို့၊ ကိုလေးတို့ရဲ့ သဘောမပါဘူးဆိုတာကိုတော့ လင်း သိနေသည်
ဒီကြားထဲမှာ တစ်ခုခု လွဲမှားခြင်းက ဘာလဲ..။

"လင်းရာသီ.."

"ရှင်!..."

"နှင် မှတ်ထား..၊ ငါနဲ့ လွတ်ကင်းတဲ့နေရာမှာ မနေနိုင်သ
နှင့်ဘဝ ဘယ်တော့မှ အေးချမ်းမှာ မဟုတ်ဘူး.."

လင်း ရင်ထဲမှာ ဖျင်းခနဲ ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲဆိုတော့ ဘယ်တော့မှ မြင့်မားလာမှာ မဟုတ်
နှင့်ဘဝက အမြဲတမ်း နှင့်အထက်မှာရှိနေတဲ့ ငါ့ရဲ့ခြေဖဝါးအောက်မှာ
ပိပြားနေမှာမို့လို့.."

"ဘယ်တော့မှ မြင့်မားလာမှာ မဟုတ်ဘူးလို့ မမက ပြောတာလား"

လင်း ပြန်မေးလိုက်သဖြင့် သက် မျက်မှောင်ကြုတ်သွားသည်
မာနကြောင့် မျက်ဝန်းလေးတွေ စူးနေသည့် လင်း မျက်နှာကို မ
မှတ်ခြင်းနှင့်ကြည့်၏။

"ခံစားချက်မဲ့တဲ့ သစ်ကိုင်းသစ်ခက်တွေတောင် အခန့်မသင့်
လူကို ကိုင်းဖျားနဲ့ ပြန်ရိုက်တတ်တယ်၊ လင်း က သစ်ကိုင်းသစ်ခ
တွေထက် အများကြီး ခံစားတတ်တယ် မမ..."





"သြော်.. သြော်..."

"တစ်ဖြောင့်တည်း စီးဆင်းနေတဲ့မြစ် မရှိဘူး၊ မနားတမ်း ပျံနိုင်တဲ့
ငှက်လဲ မရှိဘူး၊ မမရဲ့ အတ္တတွေ အစွန်းရောက်နေတာကို ပြောပြတာ
ပါ၊ လင်း ကတော့ လောကတစ်ခုတင်မကဘူး လူတွေရဲ့ အထုအထောင်း
ခံရလွန်းလို့ မြတ်တဲ့သဘောတွေရော၊ မမြတ်တဲ့သဘောတရားတွေရော
အားလုံးကို ပစ္စုပ္ပန်အခြေအနေနဲ့ယှဉ်ပြီး ကြည့်တတ်အောင် ကြည့်
တယ်၊ နေတတ်အောင် နေတယ်၊ အဲဒါကြောင့် ကြိုတင်ဟောကိန်းတွေ
နဲ့ မခြိမ်းခြောက်ပါနဲ့၊ လင်း ဘာဖြစ်တော့မယ်ဆိုတာထက် မမ ဘာ
ဖြစ်နေသလဲဆိုတာပဲ ပြန်တွေးကြည့်ဦး..."

"ကောင်းပါတယ်၊ နှင် ပြောတာတွေ မှန်တယ် လင်းရာသီ..၊
ငါ့မှာ အတ္တတွေ များနေတယ်၊ ငါ့ကိုယ်ငါ ဘာဖြစ်နေသလဲဆိုတာလဲ
ငါ မသိတော့ဘူး၊ ဒါပေမယ့် ငါ ဘာလုပ်ရမလဲဆိုတာ သိတယ်၊
အဲဒါက ငါ့လက်ထဲမှာရှိနေတဲ့ နှင့်ရဲ့ကံကြမ္မာကို ဘယ်လိုနည်းနဲ့ ဖိဆုပ်
ချေပစ်နိုင်သလဲဆိုတာပဲ၊ ခြိမ်းခြောက်နေတာ မဟုတ်ဘူးနော်၊ လုံးဝ
အတိအကျ..."

မိန်းမသားနှစ်ယောက်၏ မျက်ဝန်းတွေ ကြာမြင့်စွာ ဆုံစည်းကြ
၏။ ထိုခဏအတွင်းမှာပဲ လင်း ဆုံးဖြတ်ချက်တွေ ခိုင်မာခဲ့၏။

နှလုံးအေးသည်ဖြစ်စေ၊ မအေးဘူးဖြစ်စေ ပြိုင်လာရင်တော့ အရှုံး
မပေးနိုင်..။ ထို့ကြောင့် ဆုတောင်းဖို့က တစ်ခုပဲ ရှိသည်။

ဒါ စိန်ခေါ်ပွဲတစ်ခု ဖြစ်မလာဖို့..။



www.burmeseclassic.com

## အခန်း [ ၃၈ ]

ကားရပ်လိုက်ပြီး ပေါ်တီကိုအောက်မှာ ခြေချမိတာနှင့် ညှော်ခန်းမှာ လင်းရှာသီ..၊ မေးကိုပွတ်လိုက်၊ ခေါင်းကုတ်လိုက်နှင့် အကြံအိုက်နေတဲ့ပုံက လှမ်းမြင်တာနှင့် သိသာ၏။

အောင် တို့ အိမ်ထဲဝင်လာတာကိုတောင် မော့မကြည့်နိုင်..။

"ဟိတ်.."

အောင် က ကိုင်လာသည့်စာအုပ်နှင့် ခေါင်းကို ဖြန်းခနဲ ရိုက်ပစ်လိုက်မှ မော့ကြည့်သည်။

"ကိုကြီးတို့ ပြန်လာပြီ၊ အယ်..."

လက်ထဲက ဘောလ်ပင်ကိုချလိုက်ပြီး ကမန်းကတန်း ထရပ်လိုက်၏။

"ဘာဖြစ်သွားတာလဲ..၊ ငါတို့ ပြန်လာတာ နောက်မှာ ကမ္ဘာမြေကြီး ပေါက်ကွဲအက်ကျန်ခဲ့လို့လား..."

ပင်ပန်းလာသည့် ခြား က မျက်နှာပုပ်ပုပ်နှင့် ပြော၏။

"မဟုတ်ပါဘူး၊ အန်တီက ထမင်းပွဲပြင်ထားလိုက်တော့လို့ မှာခဲ့တာ၊ လင်း... လင်း.. မေ့သွားလို့၊ ဟိုလေ... ခဏဆိုပြီး သချာတွက်နေတာ မရတာနဲ့..."

ပြောပြီး လည်ပင်းကြားထဲ လက်ရောက်၏။ ပြီးတော့ မျက်နှာချိုသွေးသလိုလေး ရယ်မောကာ...





"ခဏလေးနော်..၊ ခု သွားပြင်လိုက်မယ်"

"နေပါစေ..."

လင်း က လှည့်ထွက်လိုက်၏။ အောင် က ဖျတ်ခနဲ ဖမ်းဆွဲသည်။ လေယာဉ်ပေါ်က ဆင်းလာသော သက်တန့် ခြေလှမ်းတွေ နေရာမှာတင် ရပ်တန့်သွားလေသည်။

အမြဲတမ်း ရီးသားစွာ ဂရုမစိုက်မိခဲ့ပေမယ့် ဒီနေ့ သက်တန့် မျက်ဝန်းတွေကို လှမ်းမြင်လိုက်သည့်အချိန်မှာ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိဘဲ လင်း ရဲ့လက်ကလေးကို အောင် ပြန်လွှတ်လိုက်သည်။

ထို့နောက် ကျန်ရစ်ခဲ့သည့် ဝေဒနာတစ်ရပ်က ရှက်ရွံ့သိမ်ငယ်သွားခြင်း၊ မျက်နှာတွေ ပျက်သွားကြတာကို အပေါ်စီးကနေကြည့်၍ သက်တန့် က တစ်လှမ်းချင်း ဆင်းလာသည်။

"ချက်ပြုတ်ပြီးပြီမို့လား၊ ကိုအောင့် ကို ထမင်းခူးကျွေးဖို့ထိ နင် လုပ်စရာ မလိုပါဘူး"

လင်း ကိုပြောပြီးမှ အောင့် ကို ဖြန်လှည့်ပြုံးပြကာ...

"ကိုအောင့် ကို သက် စောင့်နေတာ၊ ထမင်း ဆာနေတာ ကြာလှပြီ"

"ဒါဆိုရင်တော့ ထမင်းစားခန်း နှစ်ခန်းထားဖို့ လိုပြီထင်တယ်"

ခြား က ဂျာကင်နှစ်ဖက်စကို တွန်းတိုက်ရင်း ဘောင်းဘီခါးစပ်မှာ လက်မချိတ်၍ ခါးထောက်လိုက်၏။ သက် မျက်နှာ ရဲခနဲ ဖြစ်သွားတာကို မကြည့်ဘဲ အောင့် ဘက်လှည့်ကာ...

"စိတ်တော့မရှိနဲ့ ကိုကို၊ ကျွန်တော် ထမင်း ဖြောင့်ဖြောင့်စားချင်လို့ပါ"

ပြောပြီးတော့ လင်း ကို မျက်ဝန်းစွေကြည့်ကာ...

www.burmeseclassic.com



"ငါ့အတွက် စာကြည့်ခန်းထဲမှာ လာပြင်ပေး…"

ခြား ထွက်သွားသည်နှင့် သက် က ဟွန့်ခနဲ မဲ့၏။ မျက်ဝန်းတို့သည် နာကျင်ကြေကွဲခြင်းတို့ အတိပြီးလျက်။ မဲ့ရွဲ့လိုက်သော်လည်း သနားစရာပဲ ဖြစ်ကာ…

"မြင်ပြီလား ကို…၊ သက် ဒီမှာ မနေချင်တာကို သိပြီလား"

နောက်ထပ် လင်း ထွက်သွားသည်နှင့် အောင် ဆိုဖာမှာ လေးသွဲ့စွာ ထိုင်ချလိုက်သည်။ အချိုးတူ ဆတူ ဖြစ်,မဖြစ် ချိန်ခွင်မှာထည့်၍ မြှောက်ချိန်ကြည့်ဖို့ မလို…။

ဒါပေမယ့် သူ့မှာ ဘာစကားမှလည်း ပြောဖို့မရှိ…။ အားလုံးကို သူ ချစ်သည်။ ချစ်တဲ့လူကိုလည်း မပစ်နိုင်၊ သနားတဲ့စိတ်ကိုလည်း တွန်းလှန်လို့မရ…။

အန်တီကတော့ အချိန်ပြည့်လိုလို အခန်းအောင်းနေတာတွေ များနေတော့ ပြောစရာ ဘာမှမရှိပေမယ့် ညီနှင့် သက် ရင်ဆိုင်မိတိုင်း…။

မပစ်ရက်တာတွေ…၊ မပြောရက်တာတွေနှင့် သူ့မှာ နင့်နေခဲ့သည်။ ဒါ အိမ်ထောင်ရေးတဲ့လား…။

သူ့မှာ စိတ်မချမ်းသာသလို သက် ကိုလည်း သာယာမှု ဘာမှ မပေးနိုင်။ အဲဒါတွေ ဘာကြောင့်ဖြစ်လာရတာလဲဆိုတာလည်း သူ မသိ…။

တစ်ခုတော့ ရှိသည်။ အချိန်တွေဆွဲနေလေ ပြဿနာ ပိုကြီးထွားလေဆိုလျှင် သူ ရန်ကုန်ကို အမြန်ဆုံးပြောင်းဖို့…။





## အခန်း [ ၃၉ ]

"ကိုကြီး ဘာလုပ်နေတာလဲဟင်"

နေ့လယ်ခင်းတိုင်း ဝရန်တာမှာ စာထွက်ဖတ်နေကျမို့ လင်း ထွက်လာတော့ အောင် က လက်ပ်တော့ပ်တစ်လုံးနှင့် သားမှာ စာရွက်စာတမ်းတွေ အထပ်လိုက်…။

"အလုပ်လုပ်နေတာလေ…၊ မမြင်ဘူးလား"

"ဆက်ဆံရေးကလဲ ကျဲလိုက်တာ…၊ သူများနေရာကို ဦးထားပြီးတော့…"

လင်း က ကိုင်လာသည့်စာအုပ်လေးကို ရင်ဘတ်ထဲမှာ ထည့်ပိုက်လိုက်ပြီး ကြွေပြားပေါ်မှာပဲ ထိုင်ချလိုက်သည်။

အောင် က အလုပ်လုပ်ရင်း တစ်ချက်လှမ်းကြည့်ကာ…

"ခုံပေါ်မှာ မထိုင်ဘဲနဲ့ ဘာလုပ်တာလဲ"

"ကြွေပြားလေးက အေးနေတာပဲ ကိုကြီးရဲ့…၊ လင်း ဒီလိုပဲ ထိုင်နေကျ"

"ထိုင်နေကျလဲ အခု မထိုင်ရဘူး၊ ပြန်ထ…၊ ခုံပေါ်မှာ ထိုင်…"

ချက်ချင်းမထဘဲ အောင့် ကို မော့ကြည့်ပြီး လင်း က ရယ်သည်။ ကိုကြီးရော ကိုလေးရော မေးဖျားနှစ်ခွတွေ ထင်းနေလျက် မျက်ခုံးထူနေတာတွေက ကြည့်ကောင်းသည်။

အထူးသဖြင့် ကိုကြီးက ပိုချောတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခုလို မျက်နှာအောက်ကနေ ပင့်ကြည့်တော့ တိုစိပ်စိပ်မျက်တောင်တို့က မျက်ခုံးစပ်မှာ ထိကပ်တော့မလို ဖြစ်နေသဖြင့် မျက်နှာတစ်ခုလုံး၏ ချောမွေ့ခြင်းက ပို၍ လေးနက်သွားသည်။

ပြီးတော့ ဝတ်ပုံစားပုံကအစ..၊ ကိုကြီးက ရှပ်အင်္ကျီတွေပဲ အဝတ်များကာ ပုဆိုးနှင့်နေတာတွေလည်း ရှိသည်။ ကိုလေးကျတော့ စပို့ရှပ်တွေ၊ ဘောင်းဘီရှည်တွေပဲ ဝတ်တတ်ပြီး လမ်းလျှောက်တော့လည်း ခြေလှမ်းကျဲသလောက် မြန်သည်။

ဘယ်နေရာကြည့်ကြည့် ကိုကြီးက မဟာဆန်နေသည်ပင်..။

"အောင်မာ..၊ လူကို ငုတ်တုတ်ထိုင်ကြည့်နေတယ်၊ ဘာလဲ... မျက်နှာမှာ စာတွေ ပေါ်နေလို့လား"

ရုတ်တရက်မို့ လင်း ပါးပြင်လေးတွေ ရဲသွားပြီး မျက်နှာလေးငုံ့၍ ရယ်၏။

"ကိုကြီးကလဲ ကိုကြီးမျက်နှာကိုကြည့်ပြီး စာဖတ်စရာလား"

"ပြောတတ်ဘူးလေ..၊ ကြည့်ပုံက ကျောက်စာတိုင်ရှေ့ကို ရောက်သွားတဲ့လူလို မြန်မာစာကို မြန်မာမဖတ်တတ်ဘဲ ပြူးပြဲ စာလုံးပေါင်းနေတာမျိုး..."

သူ့ဘာသာပြောပြီး ရယ်တော့ လင်း ရယ်သံလေးပါ အလိုက်သည်းလိုက်ထွက်၏။ အောင် က အလုပ်လုပ်ခြင်းကို ရပ်ပစ်လိုက်ပြီး လင်း ရယ်နေတာလေးကို ငုံ့မိုးကြည့်သည်။ ဒီကောင်မလေး ဘယ်လောက်ပဲရယ်နေနေ အသံထွက်လေးက နူးညံ့သည်။

ပုံဆိုးမသွားသည့် နှုတ်ခမ်းလေးတွေက ချစ်ဖို့ကောင်း၏။ ပြီးတော့ ဟိုအရင်ရောက်စကနှင့် မတူတော့သည့် မျက်နှာလေးက ဝင်းဝင်းစက်စက်လေးဖြစ်လာကာ တစ်နေ့တခြား အလှသွေးကြွယ်လာတာ အမှတ်တမဲ့နေ့လို့မရတော့တဲ့အထိ..။





"ကိုကြီးကရော ဘာကြည့်တာလဲ..၊ စာလုံးပေါင်းလို့မရခဲ့တဲ့ ပုဂံမြို့ဟောင်းတစ်နေရာက ကျောက်စာတိုင်ကို ပြန်စဉ်းစားနေတာလား"

အောင် က နှုတ်ဖူးတစ်ချက်ပွတ်ရင်း ရယ်သည်။

"အဲဒါဆိုရင်တော့ ပုဂံကို ပြန်ပြေးကြည့်..၊ လင်း မျက်နှာမှာ ဘာမှမရှိဘူး"

"ကောင်စုတ်မလေး..."

လင်း နှုတ်ဖူးလေးကို စာရွက်ထပ်တွေနှင့်လှမ်းရိုက်လိုက်ပြီး ပခုံးတွေလှုပ်အောင် ရယ်သည်။ လင်း က သက် ရေချိုးနေတာကို သတိရသွားကာ...

"ပြီးရင် မမ ဒီကို လာမှာလားဟင်.."

အောင့် မျက်နှာ ရယ်ရိုန်ပျက်သွားသည်။ ပြီးတော့ ခေါင်းခါ၍..။

"သူ ခုနကပဲ ထ,သွားတာ၊ ဝိုင်းကူပေးမယ်ဆိုပြီးတော့လေ..၊ ကိုကြီးက နေပါစေဆိုလို့..."

"ကိုကြီးက ခုမှ ကျန်းမာလာတာမို့လား၊ ဘာဖြစ်လို့ အလုပ်တွေလုပ်နေတာလဲ..၊ ဝိုင်းကူတာကိုလဲ မခံဘူး၊ အဲဒါ တစ်ယောက်တည်း ပင်ပန်းမှာပေါ့"

"ရပါတယ်ကွာ..၊ အလုပ်လဲ သိပ်မရှိပါဘူး၊ ဒီနေ့ ခေါင်းထဲမှာ ကြည်နေတာနဲ့ ထိုင်လုပ်နေတာ၊ ပြီးတော့ ကူမယ့်လူက ကူမယ်ဆိုပေမယ့် သူ ကူနိုင်ဖို့အတွက်က ပြန်ရှင်းပြရဦးမှာ..."

"ကိုကြီးက စိတ်ရှည်ရဲ့သားနဲ့.."

လင်း ထပ်ပြောတော့ အောင် နှုတ်ခမ်းတွေ ပြုံးသွားကာ...

"ဟုတ်တယ်..၊ သူများသိချင်တာကို ပြောချင်တယ်၊ မတတ်ရင် သင်ပေးချင်တယ်၊ ဒါပေမယ့် ကိုယ့်အတွက်တော့ မလိုပါဘူး၊ ကိုယ် လုပ်ရမယ့်အလုပ်ကို ကိုယ် လုပ်လို့ပြီးသွားတာမျိုးပဲ လိုချင်တယ်"

"လင်း က ဒီနေ့ စာမကြည့်တော့ဘဲ ကိုကြီးကို ကူဖို့စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာ၊ မလိုဘူးဆိုတော့ ဘာလုပ်ရမလဲ.."

လင်း က ဒူးပေါ်မှာ လက်ထောက်၍ မေးဖျားလေးတင်ပြီး စဉ်းစား၏။ အောင် က ချစ်စနိုးမျက်ဝန်းများနှင့် ကုလားထိုင်ကျောမှီမှာ လက်ပိုက်မှီလိုက်ရင်း ကြည့်နေသည်။

"ဒီလိုလုပ်..၊ ကိုကြီး အလုပ်လုပ်နေ..၊ လင်း က ဆားမှာထိုင်ပြီး ငှက်ရုပ်လေးတွေ ချိုးမယ်"

"ဒါလဲ တတ်တာပဲလား"

လင်း က ဆတ်ခနဲ ခေါင်းညိတ်ကာ ပိုက်လာသည့် စာအုပ်တွေထဲက ရောင်စုံရုပ်ပုံလေးတွေပါသည့် စာအုပ်ရှည်လေးကို ထောင်ပြသည်။

"ဒါလေ...၊ ငါး ရ,မရ လောင်းတုန်းက လင်း နိုင်လို့ ကိုလေး ဝယ်ပေးထားတာ"

"သြော်.. သြော်...၊ ကစားဖော်လဲ ရှိတာကိုး"

ကိုယ့်ညီကိုပဲ အသည်းယားယားနှင့် နဖူးပြေးထုချင်မိသည်။ မျက်နှာကြည့်တော့ တင်းတင်းမာမာ၊ ပြောဆိုပုံက မညင်သာခဲ့သူ..။

လင်း နှင့်ကျတော့ ဒီကောင် မခံနိုင်ပါလား၊ တွေးမိရင်း သဘောကျစွာ ပြုံးလိုက်မိသည်။

"ကိုကြီးက ဘာရယ်တာလဲ"

လင်း က ရယ်နေရင်း စာအုပ်ထဲက တစ်ရွက်ကို ဖြုတ်ယူလိုက်သည်။ အောင် က အလုပ်မလုပ်ဘဲ လင်း ငှက်ရုပ်လေးချိုးနေတာကို စိတ်ဝင်တစား ကြည့်နေ၏။

"ကျွမ်းလှချေလား"

"အဟွန်း..၊ ဘယ်ကမလဲ၊ စက္ကူလှေ၊ ပိုက်ဆံအိတ်၊ သေတ္တာ၊ စာခြောက်ရုပ်... အများကြီး လုပ်တတ်သေးတယ်"

"ဒီကို ထွက်လာတာ စာကြည့်ဖို့လား..၊ ဒါတွေ လုပ်ဖို့လား.."





"စာကြည့်ရင်းနဲ့ လုပ်တာပါ၊ လင်း က စာကျက်ပြီဆို စာအုပ်ပိတ်ပြီး မျက်နှာ ဟိုလှည့်ဒီလှည့်၊ ဟိုကြည့်ဒီကြည့်နဲ့ မကျက်တတ်ဘူး၊ ပါးစပ်က စာဆိုရင်း လက်က အရုပ်ချိုးနေရမှ..."

"စာရွက်တွေ ဘယ်လောက်တောင် ဖြုန်းတီးလိုက်မလဲ.."

"ဒီလို ဈေးကြီးတဲ့စာရွက်တွေ ဘယ်ဟုတ်မလဲ ကိုကြီးရဲ့..၊ အဲတို အစလေးတွေ ကောက်ယူ စုဆောင်းထားရတာပေါ့"

ပြောနေရင်း လုပ်နေတာ ငှက်ရုပ်လေးတွေ ဆယ့်ခုလောက် ပြီးသွားသည်။

"ကိုက အရုပ်ချိုးတာတွေ သင်နေတာလား"

ရေမွှေးနံ့တစ်ချက်နှင့်အတူ သက် အနားကို ရောက်လာ၏။ မွန်းတည့်မွန်းလွဲ ဘယ်အချိန်ဖြစ်ဖြစ် နေပြောက်လေးတွေလောက်ပဲ ရှိတတ်သည့် ဒီဝရန်တာလေးက အမြဲတမ်း အေးနေတာပါ..။

ဒါပေမယ့် ခုတော့ ချက်ချင်း နေမွန်းတည့်အောက်က လွင်ပြင်ကြီးထဲရောက်သွားသလို လင်း ရင်ထဲမှာ ပူလောင်သွား၏။ သူမကိုက မှားခဲ့ပါ၏။ ဘယ်နေ့ရာရောက်ရောက် ကိုကြီးအသံကိုပဲ နားစွင့်မိသည်။ ကိုကြီးနှင့်ပဲ စကားတွေပြောချင်၏။ ကိုလေးနှင့် သွားလာပြောဆိုနေခဲ့သည့်အချိန်တွေက ပိုပေမယ့် ကိုကြီးလို မရင်းနှီးဘူးထင်သည်။

လင်း ကိုကြီးနားမှာပဲ နေချင်၏။

တကယ်ဆို ပက်စက်ရင့်သီးစွာ ပြောခဲ့ပြီးသား..၊ ကိုယ် မှားနေသမျှလည်း ပြောနေမှာပဲ ဖြစ်တာကို သိလျက်နှင့်..။

"အောက်မှာ အဘွားသန်း ညနေစာချက်နေတယ်မို့လား၊ ဒီမှာ လာနေဖို့ နင့်ကို ဘယ်သူ ခိုင်းထားတာလဲ"

ခါတိုင်းဆို အောင့် ရှေ့မှာ သိပ်မပြောတတ်ခဲ့ဘဲ ခုတော့ သက်က ဂရုမစိုက်စွာ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောတာကျတော့ မကြိုက်ဘူး၊ အပြောမခံချင်ရင် ပြောစရာ မဖြစ်အောင် နေရတယ်"

"လင်း စာဖတ်တဲ့အချိန်မို့လို့ ထွက်လာတာပါ"

"ဒီနေရာကို တန်းပြီးတော့လား"

"သက်..."

အောင့် မျက်နှာက စောစောကနှင့် လုံးဝ မသက်ဆိုင်တော့သလို နီညစ်ညစ် အညိုရောင်သမ်းလျက်...

"ဒါ သူ စာကျက်တဲ့နေရာပါ၊ ကိုယ်က သူ့နေရာမှာ အလုပ်လာလုပ်နေတာ"

"ဘယ်မှာ သူ့နေရာလဲ ကို..၊ သူ့နေရာ သူသိရင် ဒီလို အနေမတတ်တာတွေ ဖြစ်လာဖို့ မရှိဘူး"

လင်း ဘာမှမပြောတော့ပါ။ ကိုကြီး မျက်နှာပျက်သွားတာ၊ မျက်မှောင်ကြုတ် မျက်နှာလွှဲလိုက်ရတာ။ ဒီလို အမူအရာတွေကို မမြင်ချင်။

ပြုံးနေတိုင်း ချောမွေ့နေတတ်တဲ့ ကိုကြီးမျက်နှာကို ပြုံးနေတာပဲ မြင်ချင်သည်။ လင်း ထွက်သွားတော့ အားလုံး ကောက်သိမ်းသွားသည့်ထဲကနေ ငှက်ရုပ်လေးတွေ တဖုတ်ဖုတ် ပြုတ်ကျကျန်ခဲ့တာ နှစ်ရုပ်..။

"ဟွန်း..၊ ပြောလိုက်မိတော့ ဒီက လွန်တယ်၊ ကိုအောင့် နားမှာ သူ မနေသင့်ဘူးဆိုတာ နည်းနည်းမှ နားမလည်ဘူးလား"

"ဟာ!... ဟော့.."

သက် က ပြောပြောဆိုဆိုနှင့် တစ်ရုပ်တစ်နေရာစီကျန်ခဲ့သည့် ငှက်ရုပ်လေးတွေကို ဆိုးဆိုးဆတ်ဆတ် ကောက်၍ အပေါ်ကနေ ပစ်ချလိုက်၏။

"သက်... သက်.. မလုပ်ပါနဲ့.."

အောင် က ကမန်းကတန်း ထရပ်လိုက်သဖြင့် ပလတ်စတစ်စားပွဲ





လေးကို ဒူးနှင့်ဆောင့်တိုက်သလို ဖြစ်သွားကာ စားပွဲပေါ်မှာရှိသည့် လက်ပ်တော့ပ်က ကြမ်းပေါ်ကို ဒိုင်းခနဲ ပြုတ်ကျ၏။

အောင် က တစ်ချက်ပဲပြန်ငုံ့ကြည့်ကာ စက္ကူငှက်လေးတွေ လွင့်ကျသွားသောနေရာဆီ ရောက်သွားလျက်...

"မင်းကွာ..."

မချိတရိပြော၍ လိုက်ငုံ့ကြည့်သည်။ သက် ကတော့ ဘာဖြစ်သွားပြီမှန်း မသိနိုင်သော လက်ပ်တော့ပ်နှင့် ပစ္စည်းတချို့ကိုကောက်၍ ပြန်မော့လိုက်သည့်မျက်နှာမှာ အသားဆတ်ဆတ်တုန်အောင်ဖြစ်ရသော ဒေါသတွေနှင့်...

"ဒီမှာ ကို အလုပ်လုပ်နေတာတွေ..၊ ဘာတွေ ပျက်စီးကုန်ပြီလဲ ပြန်ကြည့်ပါဦး၊ အဲဒီစက္ကူရုပ်က သိန်းထောင်ပေါင်းများစွာ တန်နေသလား"

"သက်..."

ဒေါသမြင်ရခဲ့သည့်မျက်နှာမှာ နှုတ်ခမ်းစေ့စေ့နှင့် အံကြိတ်ထားလျက် သူမကို စူးစိုက်ကြည့်ရင်း ပြန်လှည့်လာ၏။

ပြီးတော့ ရှေ့မှာ နီးကပ်စွာရပ်၍...

"ဘယ်သူနဲ့ဘာဖြစ်ဖြစ် ကိုယ် မင်းဘက်မှာ ရှိနေပေးမယ်၊ ဒါပေမယ့် ကိုယ့်ကို စော်ကားခွင့်တော့ မပေးနိုင်ဘူး"

"ကို့ကို သက် က စော်ကားနေတာ မဟုတ်ဘူး၊ ဒီ ဘာမဟုတ်တဲ့ အရုပ်ကို..."

"ကိုယ့်အတွက် ဟုတ်နေတယ်ဆိုရင် မင်းလုပ်လိုက်တဲ့ အပြုအမူ ဘယ်လိုဖြစ်သွားပြီလဲ သိလား"

သက် နှုတ်ခမ်းလေး ပိတ်ပစ်ရင်း တိတ်သွား၏။

"ခွေးရိုက်ချင်ရင် ခွေးရှင်မျက်နှာကို ကြည့်ရတယ် သက်..၊ လင်း က ခွေးတစ်ကောင်မဟုတ်သလို ကိုယ်ကလဲ ခွေးမွေးထားတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကို..၊ သက် က ကိုနဲ့ တိုက်ခိုက်မိတာမျိုး ဖြစ်ချင်တာ မဟုတ်ဘူး၊ သူ နေတာထိုင်တာကို သပ်သပ် ဆုံးမချင်တာ..."

"သက်..."

အောင့် လက်နှစ်ဖက် သက် ရဲ့ပခုံးလေးတွေပေါ်ကို အကြမ်းပတမ်း ရောက်သွားသည်။

"မင်း ကိုယ်ပြောနေသမျှ ဘာမှကို နားမလည်တော့ဘူးလား၊ နားမလည်ချင်ယောင်ဆောင်နေတာလား၊ ကျွတ်... သွားပါတော့ကွာ..၊ မင်း သွားပါ..."

ဖျတ်ခနဲ ကျောခိုင်းပစ်လိုက်ရင်း မှိတ်လိုက်မိသည့် မျက်လုံးထဲမှာ လွှင့်ကျသွားသည့် ငှက်ရုပ်လေးတွေကို မြင်ယောင်မိသည်။

ထို ငှက်ကလေးတွေနှင့်အတူ လင်း ထွက်သွားပြီး ကျန်ရစ်ခဲ့သည့်နောက်..၊ သူ့ရင်ထဲမှာ အပျော်တွေ၊ ကြည်နူးခြင်းတွေ အားလုံးက လစ်ဟာပျောက်ဆုံးသွားခဲ့သည်။

အဖော်မက်နေပါသည် ပြောရအောင်က သူ့အသက်အရွယ်ဟာ အိုးပုတ်ချိုးရုပ်တွေနှင့် ခြေဆင်းကစားရမယ့်အရွယ်လည်း မဟုတ်..။

လင်း ပေးခဲ့သည့်လက်ဆောင်လေးတွေမို့ ဒီလိုဖြစ်သွားတာကို ယူကျုံးမရဖြစ်နေရသည်ဆိုရင်လည်း သဘာဝကျနေသေးသည်။

ခုတော့ လင်း က ဒီအိမ်ထဲမှာပဲ ရှိနေသည်။

သူ့ရင်ထဲမှာ ဖြစ်သင့်သည့်ဒေါသထက် ပိုဖြစ်နေသည်။ နင့်ရမည့် ပြဿနာမဟုတ်ဘဲ နင့်နေခဲ့၏။ ဘာတွေ ဖြစ်ကုန်ပြီလဲ..။

လင်း နှင့်မှ သာယာတတ်ခဲ့သော ရင်ဘတ်တစ်ခြမ်းမှာ..။





## အခန်း [ ၄၀ ]

"မွေးနေ့မှာ ဘုရားသွားတယ်ဆိုတာ ချစ်သူရှိရင်လဲ ချစ်သူနဲ့၊ အိမ်ထောင်သည်ဆိုရင်လဲ လင်မယားနှစ်ယောက်ပေါ့ ကိုရယ်..၊ မိသားစုလိုက်ကြီးသွားရမှာ တစ်မျိုးကြီးလိုပဲ"

အကျီကြယ်သီးတွေတပ်ပေးနေရင်း သက် က ပြောတော့ အောင်က သက် ရဲ့လက်ကလေးကို အသာဖယ်ချကာ သူ့ဘာသာတပ်သည်။ မှန်ရှေ့ကို လှည့်လိုက်တော့လည်း သက် က သူ့ဘေးမှာပဲ ပါလာကာ...

"ကို့မွေးနေ့ဆိုတော့ ညနေကျမှ နှစ်ယောက်တည်း သွားရအောင်နော်၊ အခု သက် မလိုက်တော့ဘူး၊ ကိုတို့ပဲ သွားကြ၊ အန်တီ့ကိုတော့ ကိုပဲ ကြည့်ကောင်းသလို ပြောပြပေးပါ"

"မဟုတ်တာပဲ သက် ရယ်..၊ ကိုယ့်မွေးနေ့မှာ ကိုယ့်ဇနီးက နေခဲ့မယ့်ကိစ္စ ဘယ်လိုလုပ်ပြောပြော ကြားလို့ကောင်းမှာ မဟုတ်ဘူး"

သက် က နှုတ်ခမ်းလေးစူသွားပြီး မျက်နှာတစ်ဖက်လှည့်ပစ်၏။

"တစ်ယောက်တည်းမွေးနေ့ကို လူတွေအများကြီး လိုက်ကြမှာကျတော့ ကောင်းလို့လား"

"ဘယ်မှာ တစ်ပြုံကြီးလဲ သက် ရဲ့..၊ ညီ မပါဘူး၊ လင်း ရယ်၊ အန်တီ ရယ်၊ ကိုယ်တို့ပဲလေ..."

*ခေါင်းဖြီးတာလည်း သေချာမဖြီးဖြစ်ပါ။ ဟိုသပ်ဒီသပ်နှင့်ပဲ* ဘီးကို ချထားလိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ကိုယ်တို့ ပြောင်းရွှေ့ခါနီးမို့လို့ မိသားစုအမှတ်တရလို့ ပြောနေတာ သက် ကြားရဲ့သားနဲ့၊ ညီ မလိုက်ဘူးဆိုတာတောင် အန်တီ က ခိတ်ကောင်းတာ မဟုတ်ဘူး"

"အဲဒါ သက် နဲ့ မသွားမလာချင်လို့လေ၊ အန်တီလဲ သိမှာပဲ သား မပါဘဲ ချွေးမပါလာတဲ့အဖြစ်ကို သူလဲ စိတ်ထဲကတော့ ကြည်မှာ မဟုတ်ဘူး၊ အဲဒီလို အမြင်မကြည်ကြဘဲ အတူသွားလာရမှာကိုပဲ စဉ်းစားကြည့်ပါဦး"

ငါးပိရောင်အပြောင်ပေါ်မှာ အနက်ပြောက် ဒူးနားရစ်လေးတွေပါသည့် ဝတ်စုံလေးနှင့် ဆံပင်တွေ ဖြန့်ချထားသည့် သက် ကို အောင် က တစ်ကိုယ်လုံး ငေ့ကြည့်၍...

"သွားကြဖို့လဲ ဝတ်စားထားပြီးမှ သက် ရယ်.. အမြင်မကြည်တာတွေ၊ ကြည်တာတွေက ကိုယ်က ကြည့်တဲ့မျက်လုံးနဲ့လဲ ဆိုင်ပါတယ်၊ ကိုယ်တို့မပြောင်းကြသေးခင် မှန်တာမှားတာတွေ ခဏထားပြီး အေးချမ်းချမ်းနေပေးပါကွာ..နော်..၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ခြင်းနဲ့ခွဲကြတာပဲ ကောင်းပါတယ်"

တစ်သက်လုံးမုန်းပြီး ဘယ်တော့မှ ပြန်လှည့်မကြည့်စတမ်း ပြတ်တောက်ကုန်ချင်တာ..၊ သက့် စိတ်ထဲမှာပြောမိရင်း နှုတ်ခမ်းလေးကို တင်းခနဲ ဖိသည်။

အပျိုစင်စစ်နှင့် အိမ်ထောင်သည်ဖြစ်နေရသည့်ဘဝဟာ ကောင်းသလား၊ မကောင်းဘူးလားတော့ မသိ။ ကိုယ့်ရဲ့ယောကျ်ားကိုမှ ရင်ခုန်အောင် မဆွဲဆောင်နိုင်သည့် ကိုယ့်အဖြစ်ကို အချိန်တိုင်း နာကျင်မိသည်။ ဒီလို သောကဝေဒနာဆိုးတွေကို တစ်မြို့တစ်ရွာမှာ တစ်ယောက်တည်း ခံစားနေရမယ့်အစား ရန်ကုန်မှာဆို စိတ်ဖြေဖျောက်စရာတွေ အများကြီး ရှိသည်။





အထီးကျန် မျက်ရည်ဝေနေရခြင်း၏ဒုက္ခကို ...င်း တစ်လှည့် ပြန်ခံစားရအောင် တုံ့ပြန် ပညာပေးဖို့လည်း ရည်ရွယ်ပြီးသား..။

ကိုယ်ဟာ ထိကိုင်ချင်စိတ် ဆုတ်ခန်းရလောက်အောင် ချိုကျိုးနားရွက်ပဲ့လား။ သူမှ မကြင်နာရင် သေရပါတော့မယ်လို့ အော်ငိုနေရမယ့်အဖြစ်မျိုး ရောက်နေပြီလား..။

ထပ်ကာထပ်ကာ နာကျင်နေရသည့် ခံစားချက်တို့ကြောင့် သက်ရဲ့မျက်နှာဟာ ဒဏ်ရာဗလပွနှင့်ပါ။ ဘယ်လို လုပ်အောင် ပြုံးနိုင်မလဲ..၊ ဘယ်လိုအင်အားတွေနှင့် နူးညံ့ရမလဲ..။

ဒီ ခံစားချက်တွေကို အောင် ကတော့ ဂရုစိုက်တူးဖော်လိုခြင်း မဖြစ်ခဲ့ပါ။ အားလုံး ငြိမ်းချမ်းသွားလျှင် စိတ်ချမ်းသာမှုလေးတွေ ရလာနိုင်သည်ဟု တွက်သည်။

ဒါပေမယ့် အန်တီရှေ့ရောက်တော့လည်း တစ်မျိုး..။

"ခက်ပါလား သားရယ်..၊ သားမိန်းမကလဲ လိုက်ချင်ပုံ မရပါဘူး၊ လင်း ကလဲ မလိုက်ချင်ဘူးတဲ့လေ၊ ပါတဲ့ပစ္စည်းလေးတွေသယ်ဖို့ လိုက်ခဲ့ပေးပါလို့ [illegible] လိုက်တော့မှပဲ ခေါင်းညိတ်တယ်"

ဒေါ်စိန်စီ...း မျက်နှာမကောင်းပါ။ ဒီသားနှစ်ယောက်စလုံး အိမ်မှာ ကြာမြင့်စွာ ဆုံစည်းနေခဲ့ခြင်းဟာ ဒီတစ်ခါပဲ ရှိမှုသည်ထင်၏။

အောင့် ကို အိမ်ခွဲခိုင်းခဲ့တာကလည်း မဖြစ်လွန်းလို့ပါ။ အောင် ကိုယ်တိုင် မခွဲလို့မဖြစ်ဘူးဆိုတာ သိထားလို့သာ ခွဲထွက်ရမှာဖြစ်မှန်း ဒေါ်စိန်စီလင်း သိသည်။

ဒါကြောင့် ဥမကွဲသိုက်မပျက် ရှိနေကြတုန်း ဘုရားသွားကျောင်းတက်လေးလုပ်ရင်း အမှတ်တရလေး ဖြစ်စေချင်သည်။

မဲ့နေတဲ့နှုတ်ခမ်းတွေ ပြုံးရယ်နိုင်ကြပြီဆိုမှ ခွဲကြခွာကြတာ မကောင်းဘူးလား၊ ခုတော့ ဒီလိုမဟုတ်..။



www.burmeseclassic.com

www.burmeseclassic.com



"သား စိတ်ညစ်နေပြီလားဟင်..၊ သက် က ဘာပြောလဲ၊ သားတို့ပဲ သွားချင်တယ်ဆိုလဲ..."

"ဟာ... မဟုတ်တာ အန်တီကလဲ.."

အောင် က ဘာမဆို မျိုသိပ်နိုင်သူပါ။ ခြား မှလွဲ၍ အတူတူ ဘုရားပေါ်ရောက်ခဲ့ကြ၏။ ဘုရားလှူ ပန်း၊ ဆီမီး၊ ဆွမ်းတော်ကအစ ဆွဲခြင်းထဲမှာ ထည့်ယူလာတာမို့ ခြင်း ကို လင်း က ဆွဲလာခဲ့၏။

ခတ်လှေကားကနေ ထွက်လာပြီဆိုကတည်းက ဆွဲခြင်းနှင့် လင်း ကို အောင် က ငုံ့တကြည့်ကြည့်..။ သက် က တစ်လှည့်ဆွဲလိုက်ပါလား လို့လည်း မပြောချင်ဘဲ...

"ကိုကြီးကို ပေး..၊ ညည်း လက်တွေ နာနေမှာပေါ့"

"အင့်အင်း..၊ ပေါ့ပေါ့လေးပါ၊ ရတယ် ကိုကြီး၊ ဖယ်..."

"ဟုတ်ပါရဲ့.. အန်တီ မေ့နေတာ၊ ပေး သမီး..၊ အန်တီ တစ်ဖက်ယူမယ်"

"ဟာ... မလိုပါဘူး အန်တီရဲ့..၊ ရပါတယ်.. ရတယ်..၊ လင်း နိုင်ပါတယ်"

သူတို့က လက်တပြင်ပြင် ရှိပေမယ့် သက် ကတော့ ရှေ့ဆုံးက ထွက်သွားတာ တစ်ချက်မှ နောက်ပြန်မကြည့်ပါ..။

"သွား... သွား..၊ သားတို့ သွားနှင့်ကြ.."

ဒေါ်စိန်စီလင်း က သက် ကို မီအောင်လိုက်ဖို့ ပြောသည်။ အောင် က မျက်မှောင်ကြုတ်သွားပြီး ခေါင်းခါသည်။

"ချာတိတ် လွှတ်စမ်း..၊ ဒီထဲမှာ ကိုကြီးပဲ ယောကျ်ားတစ်ယောက်ပါတာ၊ မိန်းကလေးတွေက ဆွဲနေရတယ်ဆိုတာ လူမြင်လို့လဲ မကောင်းဘူး"

နောက်ဆုံး အောင် ကပဲ ဆွဲခြင်းကို ဆွဲလာခဲ့သည်။ မွေးနေ့ဆို





တော့ လှူတန်းဖို့၊ ဆုတောင်းဖို့တွေကို ဒေါ်စိန်စီလင်း ကပဲ ဦးဆောင်သည်။

"သားက သားမေမေရဲ့ မွေးနံထောင့်မှာ သားမွေးနေ့အတွက်ရော၊ မေမေ့အတွက်ပါ ဒါနပြုရှင်း တရားထိုင်ရမယ်၊ ဆုတောင်း အမျှဝေရမယ်၊ သမီးတို့ ဘုရားပူးပြီးရင် နားလို့ကောင်းမယ့် တစ်နေရာရာပြီး ခဏတစ်ဖြုတ် ထိုင်နေကြနော်၊ စားစရာတွေပါလာတာလဲ စားကြပေါ့"

"သက် က ကိုအောင့် အတွက် ဆုတောင်းမပေးရဘူးလား အန်တီ"

သက် က မျက်နှာတည်လေးနှင့်ပေမယ့် ဒေါ်စိန်စီလင်း က သာမန်မေးခွန်းတစ်ခုလို့ပဲ ယူဆသည့်ဟန်နှင့်...

"ဆုတောင်းပေါ့ သမီးရဲ့..၊ တရားထိုင်ချင်လဲ ရတာပဲ၊ အန်တီက သားမေမေအတွက်ပါ ထည့်ပြောနေတာမို့လို့ သမီးတို့ ပျင်းမှာစိုးလို့ပါ"

တကယ်တမ်းကျတော့ သက် က ဘုရားရှိခိုးပြီးတာနှင့် အောင့်ဘေးမှာ ခဏလေးတောင် မထိုင်ပါ..။

"ကိုယ့်မြို့မှာရှိတဲ့ဘုရားပဲ ပျော်ပွဲစားလာသလို လုပ်နေသေးတယ်၊ ဘာတွေ ပျော်စရာဖြစ်လာမှာမို့လဲ..."

ပါးစပ်က ရေရွတ်ရင်း သူမ ရှေ့ကသွားနေသဖြင့် လင်း က ဆွဲခြင်းနှင့် နောက်ကလိုက်နေရသည်။ ခြင်းထဲက ပစ္စည်းတချို့ကို ဒေါ်စိန်စီလင်း ထုတ်ယူလိုက်ပြီမို့ လေးတော့ မလေးပါ..။ ဒါပေမယ့် တစ်လှမ်းချင်း လှမ်း၍ တစ်နေရာမှ မနားဘဲ လျှောက်သွားနေတော့ လင်း စိတ်ပျက်လာမိ၏။

ဒီကြားထဲမှာ ဖုန်းဆက်နေတာက ရှိသေးသည်။ ဆက်ပြီးတော့လည်း အကောင်းမပြော..။

"သူ့ဒွေးကို ယူထားတာတောင် ဖုန်းတစ်လုံး ကိုယ်ပိုင်မရှိဘူး၊ ကိုအောင့် တို့များ အလိုက်ကို မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်..၊ မဲ့လိုက်နှင့်...

"ဒါပေါ့..၊ ငါက နန့်ချွဲပျစ်နေတာမှ မဟုတ်တာ၊ ဟွန်း..."

ပြောရင်း လှည့်ကြည့်လိုက်တော့ ခြင်း ကိုချပြီး ခပ်စောင့်နေသည့် လင်း မျက်နှာကို တန်းခနဲ..။

"နင်က ဘာကြည့်နေတာလဲ..."

"မမရဲ့အမိန့်ကို စောင့်နေတာလေ၊ မမ ဆက်သွားဦးမှာလား၊ ဒီမှာ ထိုင်မှာလား"

သက် က အကြာကြီး စိုက်ကြည့်နေပြီးမှ ရွှေဆံတော်ဘုရားကြီး သမိုင်းပြတိုက်အောက်ကို မေးဆတ်ပြ၍...

"ငါ ဘုရားဖူးမလို့..၊ အဲဒီဘက်မှာ နေရာသွားပြင်ထား၊ ညစ်ညစ် ပတ်ပတ် စုတ်စုတ်ပြတ်ပြတ်တွေနဲ့ မနီးစေနဲ့.."

လင်း စိတ်လည်း ပျက်မိပါသည်။ ဒီကိုရောက်လာစက ချောက် ချောက်ချားချား စိုးရိမ်နေသည့် အမူအရာတွေနှင့် သက် သည် ကိုကြီး ကိုလည်း ဂရုစိုက်သလို အန်တီ့မျက်နှာကိုလည်း တကြည့်ကြည့်..။ ပြောင်းလဲသွားတာကတော့ စိတ်ပျက်ဖွယ်ပါ..။

ရန်ကုန်ကို ခွဲထွက်သွားရတော့မှာမို့ ဒီကလူတွေကို ဂရုမစိုက်ချင် တာဆိုရင်တောင် ကိုကြီးနှင့် အဆင်မပြေဖြစ်လာတာက ဘာဖြစ်လို့ လဲ..။

လင်း ဆွဲခြင်းလေးနှင့်လျှောက်လာတုန်း မျက်လုံးထဲမှာ ဖြတ် ကျော်သွားသည့် အရိပ်တစ်ခုကြောင့် နောက်ထပ် ပြန်ကြည့်လိုက်မိ သည်။

စောင်းတန်းထိပ်က မြေပဲပြုတ်နှင့် ကျွဲကောသီးတွေ ရောင်းနေ သော ဈေးသည်ရှေ့မှာ ချိုချို့ အမေ..။

"ဒီမှာ သွားနော်..၊ အေးဆေးပြောမရရင် ရိုက်ထုတ်မှာ..."





"သွားမှာပါ..၊ ငါ့ကို မြေပဲပြုတ်လေး နည်းနည်း ကျွေးပါ"

"ဘာလို့ ကျွေးရမှာလဲ..၊ ဒါ.. ဈေးရောင်းနေတာ၊ လှူနေတာ မဟုတ်ဘူး"

"ဒါဆို ငါ ပိုက်ဆံပေးမယ်"

"အမလေး.. ငါ့ကို အလုပ်ရှုပ်အောင် လုပ်နေပြန်ပြီ"

ဈေးသည်မိန်းမကြီးက ပြောနေရင်း ခပ်လှမ်းလှမ်းက စွပ်ကျယ် အကျီချိုင်းပြတ်နှင့် ကောင်လေးတစ်ယောက်ကို လက်ယပ်ခေါ်သည်။

"ကျော်ဇော လာစမ်း..၊ ဒီတစ်ယောက်ကို နည်းနည်းပါးပါး ခြောက်လှန့်လွှတ်လိုက်စမ်းပါ၊ ကြာရင် သစ်သီးမလိုးရဘဲ ဒီမားနဲ့ ငါ ထိုးပစ်မိတော့မယ်၊ ဘယ့်နှယ် တစ်နေ့တည်း တစ်ခါတည်း မဟုတ် ဘူး၊ ဘယ်လိုလုပ် သည်းခံနိုင်မှာလဲ..."

"အောင်မာ..၊ ငါ ပိုက်ဆံပေးမှာပါ၊ ငါ့သား ပြန်လာရင် ငါ မုန့်ဖိုးရမှာ..."

"အဲဒါဆို ခင်ဗျားသားဆီ သွားပြန်တောင်း၊ အခု သွားမှာလား မသွားဘူးလား"

"မြေပဲ နည်းနည်း ကျွေးပါဆို..."

"ဒီမှာ.. ဒီမှာ..."

လင်း က အနားကို ခလုတ်တိုက်မတတ် လျှောက်သွားကာ သူမ ဝတ်ထားသည့် ရုပ်အင်္ကျီအိတ်ထဲက ငါးရာတန်လေးတစ်ရွက် ကပျာ ကယာ ထုတ်၍...

"မြေပဲက တစ်ဘူး ဘယ်လောက်လဲဟင်.."

"နှစ်ရာ"

"သူ့ကို တစ်ဘူးလောက် ပေးလိုက်ပါ၊ ရော့..."

ပိုက်ဆံပေးတော့မှ ဈေးသည်က မြေပဲပြုတ်တွေကို နို့ဆီဘူးထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်နေရင်း...

"အဒေါ်လဲ ကျွေးနေတာပါပဲ၊ နေ့တိုင်းကြီးပဲ လွန်လွန်းတော့ သည်းမခံနိုင်တော့ဘူး၊ သူ့မှာ သားကြီးသမီးကြီးတွေနဲ့ သိလား၊ ဒီလို တောင်းစားနေတော့ သူတို့ ကျွေးရသက်သာတယ်ဆိုပြီး မှိန်းနေကြတာ..."

"မဟုတ်တာ အဒေါ်ရယ်..၊ သားသမီးတွေက မိဘ ဒီလိုဖြစ်တာကို မရှက်ဘဲနေပါ့မလား၊ စိတ်လဲ ကောင်းမှာမဟုတ်ဘူး၊ စားဖို့လဲ ရှာနေရသေးတယ်၊ စိတ်ကယောက်ကယက်ဖြစ်နေတဲ့သူကို အချိန်ပြည့် ဘယ်လိုလုပ် စောင့်ထိန်းနေနိုင်မှာလဲ.."

"အေးလေ..၊ ငါ့သားနဲ့ သမီးကဖြင့် ငါ့ကို ထမင်းကျွေးပါ့၊ သိလဲ မသိဘဲနဲ့၊ သူများအကြောင်းပြောတယ်၊ ရှုးနေလား..."

လက်ညှိုး ဆတ်ခနဲ ထိုးပြောလိုက်တာ မျက်နှာကို ထိတော့ မတတ်ဖြစ်သွားသဖြင့် ဈေးသည်မိန်းမကြီး ဒေါသထွက်သွားကာ...

"ငါ...တယ်..၊ လက်ကို ဓားနဲ့ထိုးထည့်လိုက်ရရင် သေဦးမယ်၊ အရူးက အရူးပါး၊ ကျွေးမယ့်လူပေါ်လာတော့ တစ်မျိုး..."

"အဲဒါပေါ့ အမေရ..၊ သူတောင်းစား ထမင်း၀,တော့ ပေါက်ပေါက်ဆုပ် ဆောလုံးကန်တယ်ဆိုတာ..."

"ကဲ... လာပါ ဒေါ်လေးရယ်.. သွားရအောင်နော်၊ ဈေးသည်နားမှာ မနေနဲ့တော့..."

လင်း က ချိုချို့အမေကို လက်မောင်းကနေ ဆွဲခေါ်သည်။ ချိုချို တို့အိမ် လိုက်သွားဖူးကတည်းက စကားကောင်းပြောဖြစ်ခဲ့တာလည်း ရှိသည်။ ရိုက်မယ်နှက်မယ်လုပ်လို့ ပြေးခဲ့ရတာလည်း ရှိသည်မို့ လင်း က ရင်းနှီးနေတာဖြစ်သည်။ ဒါပေမယ့် မိန်းမကြီးက ခေါ်လို့မရ..။

"ငါ ဒီနားမှာ ထိုင်နေကျ..."





"ထိုင်နေကျကျ,မကျကျ လိုက်သွား..၊ ဒီတစ်ခါဆို ဘယ်သူ့သေပြီး ဘယ်သူ ထောင်ကျမလဲ မသိဘူး"

ဈေးသည်က ဓားကိုင်ပြီးကြိမ်းတော့ မိန်းမကြီးက မျက်စောင်းထိုးကြည့်ကာ...

"နင့်နားမှာ မထိုင်ဘူး၊ ဒီမှာ ထိုင်မှာ..."

ပြောပြီးသည်နှင့် ဈေးသည်နှင့် တစ်လံသာသာလောက်အကွာမှာ ထိုင်ဖို့ပြင်တော့ လင်း က ဆွဲထားလိုက်ကာ လက်ထဲကို ခြမ်းပဲပြုတ်တွေ ထည့်ပေး၍...

"ဒါဆို ဒီမှာတော့ မထိုင်ပါနဲ့..၊ ဟိုဘက်နားမှာ အေးနေတာပဲ၊ အဲဒီမှာ သွားထိုင်နော်၊ တော်ကြာ ချိုချို လာခေါ်လိမ့်မယ်"

"ချို..ချို..."

"အင်းလေ..၊ ဒေါ်လေးရဲ့သမီး..."

"ငါ့သမီး..."

ချိုချို့ အမေနာမည်က ဒေါ်အိချို ပါ။ ရူးနေသည်ဆိုပေမယ့် ပါးကွက်ကြီးထူထူပြိန်းပြိန်း ကွက်ကာ ပြောပုံဆိုပုံတွေ သိသာတာပဲ ရှိသည်။ စုတ်စုတ်ပြတ်ပြတ် ညစ်ပတ်နေတာမျိုးတော့ မရှိပါ။ ဒါပေမယ့်...

"လင်းရာသီ..."

နောက်ကနေ ပခုံးကို ဆောင့်တွန်းပစ်လိုက်သဖြင့် လင်း နှင့် ဒေါ်အိချို ရင်ဘတ်ချင်း တိုက်မိသွား၏။

"အောင်မယ်လေးတော်.."

နဖူးချင်းပါ တိုက်မိသဖြင့် ဒေါ်အိချို အော်သံ ထွက်လာကာ လင်း လက်မောင်းလေးကို ဖြန်းခနဲ ရိုက်ပစ်လိုက်၏။ နှစ်ခါနာဖြစ်သွားသဖြင့် လင်း မျက်နှာလေး ရှုံ့မဲ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ..."

"နင် ဘာလုပ်နေတာလဲ၊ အဲဒါ..."

"ဒါ... လင်း သူငယ်ချင်းရဲ့ အမေပါ"

"ဘာဖြစ်ဖြစ် မပြောနဲ့..၊ နင့်မှာ ဒီလောက်တောင် အရူးတွေနဲ့ ရေစက်မကုန်နိုင်ဘူးလားဟင်၊ အရူးကို ပြေးကိုင်၊ ပြီးရင် ဒီလက်နဲ့ ငါတို့အတွက် စားစရာတွေကို ကိုင်ပေးဦးမယ်၊ နင့်လောက် ဇွတ်ပြတ် ပေတေတဲ့မိန်းမ မတွေ့ဖူးဘူး၊ သွား... အခု ဒီကနေ သွားလိုက်..."

လင်း ရှက်စရာကောင်းလွန်းသည့်အဖြစ်ကြောင့် မျက်နှာတစ်ပြင်လုံး နီရဲကာ မျက်ရည်တွေပါ ဝဲတက်လာသည်။

ဘုရားစောင်းတန်းထိပ်မှာမို့ ရှိသမျှလူတွေ ဝိုင်းကြည့်နေကြသဖြင့် ဟုတ်တာရော.. မှန်တာရော.. ဘာတစ်ခွန်းမှ မပြောတော့ဘဲ ခေါင်းငုံ့၍ ဆွဲခြင်းကို ကောက်ယူဖို့ပြင်လိုက်၏။

သက် က လင်း ရဲ့လက်ကို ပုတ်ထုတ်ပစ်လိုက်ကာ..။

"နင့်လက်ကြီးနဲ့ မကိုင်နဲ့ ခြင်းကို..."

သူမဘာသာ ဆတ်ခနဲကောက်ယူ၍ အားလုံးရှေ့ကနေ လှည့်ထွက်သွားလျှင် ဖြန့်ချထားသည့်ဆံပင်တွေ လွင့်ခနဲ ခါသွား၏။

"ဩော်... ဒီမှာ... သမီး၊ ပိုက်ဆံ သုံးရာ ယူသွားဦးလေ"

နောက်က ပိုက်ဆံပြန်အမ်းဖို့ခေါ်သည့်အသံကို လင်း ကြားသည်။ ပြန်လည်း မလှည့်ရဲတော့ပါ..။

ဒါပေမယ့် ဈေးသည်နှင့် မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းမှာရပ်နေသည့် လူတစ်ယောက် လျှောက်ထွက်လာကာ...

"ဟိုအဒေါ်ကြီးကိုပဲ ပေးလိုက်ပါ အဒေါ်"

ဈေးသည်က သူ့ကို မော့ကြည့်ပြီး ဘာဆိုင်သို့လဲဆိုသည့် စူးစမ်းမှုများနှင့်...





"မုန့်ဝယ်ကျွေးသွားကာ ကျွန်တော့်ညီမလေးပါ"

ဟု အောင် က ပြောလိုက်ပြီး အိတ်ထဲက တစ်ထောင်တန်နှစ်ရွက် ထပ်ထုတ်၍...

"အဒေါ် ရော..."

မြေပဲပြုတ်စားဖို့ ငုံ့နေသည့် ဒေါ်အိချို မျက်နှာ ဆတ်ခနဲ မော့လာသည်။ မျက်စိရှေ့ရောက်လာသည့် တစ်ထောင်တန်တွေနှင့် အောင့် မျက်နှာကို တစ်လှည့်စီကြည့်နေပြီးတော့ မယူ..။

"ယူပါ..၊ ဈေးသည်ဆီကမုန့်ကို စားချင်ရင် ပိုက်ဆံရှိမှ ဝယ်စားလို့ ရတာ၊ အလကား တောင်းမစားရဘူး"

ဒေါ်အိချို မျက်နှာမှာ ရီဝေခြင်းတွေဖြစ်သွားကာ ပိုက်ဆံကို ယူထားလိုက်ပေမယ့် ငေးနေဆဲဖြစ်၏။ ပြီးတော့ နှုတ်ခမ်းတွေ တလှုပ်လှုပ်နှင့်...

"နင်တို့က ငါ့ကို ဘာဖြစ်လို့ ပေးနေကြတာလဲ"

အောင် က ဒေါ်အိချို ကို မချိတရိမျက်ဝန်းများနှင့် စိုက်ကြည့်လျက်...

"ခုလိုမျိုး တောင်းမစားစေချင်လို့ပါ"

ပြောပြီးသည်နှင့် မျက်နှာလွှဲပစ်မိသည်။ ထိုနေရာမှ လှည့်ထွက်လိုက်သည်နှင့် သူ့နောက်လှမ်းလှမ်းမှာ ရပ်နေတာ ဒေါ်စိန်ခင်လင်း..။

မျက်ဝန်းမှာ မျက်ရည်ရောင်တွေ ဝေ့လည်နေကာ အောင့် မျက်နှာကို သနားကြင်နာစွာ လှမ်းကြည့်နေပြီး စကားတစ်ခွန်းမှ မဆိုနိုင်..။

ရူးနေသည့် မိန်းမကြီးအရွယ်တွေကို မြင်တိုင်း ခံစားကြရတာ တစ်မိသားစုလုံးပဲ ဖြစ်၏။ ဒေါ်ရွှေမမ ပျောက်သွားတုန်းက တစ်မျိုး..။

အခု မရှိတော့ပေမယ့်လည်း မပြီးနိုင်..။ အောင် ကတော့ အဆိုးဆုံးဖြစ်မှာပါ။

www.burmeseclassic.com



မအေ ပျောက်သွားကတည်းက အလုပ်ပစ်၊ အကိုင်ပစ် မနားတမ်း ရှာဖွေခဲ့တဲ့သူ..။ တွေ့ပြီဆိုတော့လည်း ယူကျုံးမရနိုင်စွာ စိတ်ရောလူရော ချုံးချုံးကျသွားခဲ့တာပဲ ဖြစ်သည်။

သူ ချက်ချင်း အိမ်ထောင်ပြုလိုက်သည့်အဖြစ်ကို သူမတို့ အပြစ်မတင်ရက်တာ အောင့် ရင်ထဲကို နားလည်နေလို့ပါ..။

ထို့ကြောင့် အချိန်တိုင်းပဲ သနားနေခဲ့သည်။ သူ့ကြောင့် အားလုံးကို မျိုသိပ်နေခဲ့ရသည်။ သည်းမခံနိုင်ဖွယ်တွေကိုလည်း သည်းခံနေခဲ့သည်။

ဖြစ်လာသမျှအရာမှန်သမျှကတော့ ဒီနေ့ထိ အမှန်တရား မဟုတ်သေးဘူး ထင်သည်။ ဘဘတွေပဲ ဖန်တီးနေနေ ဘယ်သူ့မှာမှ စိတ်ချမ်းသာခြင်းကို မရခဲ့သေး..။ ဒီ့ထက် ပိုဆိုးမလာပါစေနဲ့..။

"သားကြီး..."

တူဝရီးနှစ်ယောက် ပခုံးချင်းယှဉ်မိတော့ ဒေါ်စိန်စီလင်း က အောင့် လက်မောင်းကို အားပေးသလို ခပ်ဖိဖိ ဆုပ်ကိုင်၍...

"လူတိုင်းဟာ ကိုယ်မှမဟုတ်တာ သားရယ်..၊ ရပ်တည်လာခဲ့ကြတဲ့ ဘဝတွေချင်းလဲ မတူကြဘူးလေ၊ ဒါတွေကိုမြင်တိုင်း ကိုယ့်စိတ်နဲ့ ထည့်ဝင်ခံစားနေရင် သား ဘယ်တော့မှ စိတ်ချမ်းသာရာရမှာ မဟုတ်ဘူး၊ သွားတဲ့လူလဲ သွားရှာပြီ၊ ဖြေနိုင်အောင် ဖြေပါကွယ်"

အောင် ကိုယ့်ရင်ထဲကို ကိုယ် သိသည်။ သေဆုံးခဲ့ပြီးသူအတွက်ရော.. ရှိနေတဲ့သူတွေကြောင့်ရော သူ့ရင်ထဲမှာ ရှုပ်ထွေးနေတာတွေက အကြောင်းအရာတစ်ခုတည်းကြောင့် မဟုတ်ပေ..။

သက်တန့်ခင် နှင့် လင်း က ဘာလဲ..။





## အခန်း [ ၄၁ ]

"ဘာမှမဟုတ်ဘူးလို့ လင်း ပြောခဲ့ပြီးပြီပဲ ဘဘွားရာ.."

"ဟုတ်တယ်..၊ ဟုတ်ကို ဟုတ်တယ်၊ အဲဒီမိန်းကလေး ညည်းကို ပြောဆိုဆက်ဆံပုံတွေက ခုမှ သိနေတဲ့ပုံ လုံးဝ မဟုတ်ဘူး၊ ညည်းတို့ နားမှာ ငါ ရှိမနေပေမယ့် မလှမ်းမကမ်းမှာ ရှိနေခဲ့တာတွေ ရှိတယ်၊ အဲဒါကြောင့် ကြားနေရတာ၊ မြင်နေရတာ၊ ညည်းကို သူ မျိုးရိုးနဲ့ချီပြီး ဖွဲ့ဖွဲ့ရွဲ့ရွဲ့ ပြောတယ်၊ ဘယ်တုန်းကမှ ငါ့ကို မျက်လုံးလှန်မကြည့်ရဲခဲ့ဘဲနဲ့ ခုမှ ဘယ်သူ့အားကိုးနဲ့လဲ ဆိုတာတွေ..."

ရေအိမ်ကနေ ထွက်လာပြီးမှ လှေကားနားရောက်တော့ အောင့်ခြေလှမ်းတွေ ရပ်တန့်ကုန်၏။

"အဘွားရယ်၊ အဲဒါတွေက..."

"အဲဒီအပြောတွေ တော်လောက်ပြီ လင်းရာသီ..၊ မျိုးရိုးနဲ့ချီပြီး ဖွဲ့ရွဲ့နှိမ့်ချနေတဲ့သူကို ညည်းက ခုမှသိတာပါလို့ ထပ်ညာဦးမလို့လား ဒီမှာ... ညည်းကို ငါက စိမ်းစိမ်းကားကားနေမယ်ဆို အနေသာကြီးနော်၊ တော်စပ်ခဲ့တဲ့ သွေးသားသံယောဇဉ်နဲ့ ငါက သူစိမ်းတွေကိုပါ မျက်နှာအောက်ချပြီး ညည်းအတွက် တောင်းပန်ခဲ့ရတာ..."

"လင်း သိပါတယ် အဘွားရယ်..."

ပြောရင်း ငိုချလိုက်သည့် လင်းရာသီ ၏ရှိုက်သံလေးကြောင့် အောင့် ရင်ထဲမှာ ဖျင်းခနဲ ဖြစ်သွားသည်။ သူမတို့ရှိနေသည့် ရင်ခုန်လေးထဲကို ဝင်ဖို့မဟုတ်ဘဲ ခြေတစ်ဖက်က ဖျတ်ခနဲ ရှေ့သွား



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်ဆိုရင် ညည်းက ငါ့တို့ ဘာတွေ လျှို့ဝှက်ထားတာလဲ၊ ငါ့လိုလူကိုမှ မပြောရင် ဘယ်သူ့ကို သွားပြောမှာလဲဟင်၊ ကြည့်ပါဦး... ငိုလားလိုက်တာ မျက်လုံးတွေလဲ ရောင်အမ်းနေတာပဲ၊ ဘုရားမှာ ဘာဖြစ်လာခဲ့တာလဲ..၊ အို... ရှုပ်ပါတယ်.. အဲဒီမိန်းကလေး ဘယ်သူလဲ.. ပြောစမ်း..၊ သူဌေးတို့နဲ့ ညည်း ဒီလောက်ထိ ဘာမှဖြစ်ဖို့မရှိဘူး၊ တစ်ဖက်သားကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် ပြောဆိုတတ်တဲ့ ပါးစပ်မျိုးလဲ ဒီအိမ်သားတွေမှာ မရှိဘူး၊ ငါ သိတယ်၊ ဘာဖြစ်လာလဲ ပြော..."

လင်း ရဲ့ရှိုက်သံတွေကို နားစွင့်ရင်း အောင် အသက်ရှူဖို့တောင် အလုပ်ရှုပ်မခံချင်သလို ဖြစ်သွားခဲ့၏။

"မမ သက်တန့်ခင် က..."

"အင်း... ပြောစမ်း..."

"အန်တီခင့်သမီး..."

"ဟင်!... ဘာ... အန်တီခင် ဆိုတာ.. ခင်မြစိုး..၊ သူက ခင်မြစိုး သမီးပေါ့"

ဒေါ်သန်းသန်း အသံက ပင်လယ်ထဲမှာ ရေတွေခန်းကုန်ပြီဆိုတဲ့ သတင်းတစ်ရပ်ကို ကြားလိုက်ရသလိုမျိုး ထစ်ငေါ့ဆွံ့အခြင်းဖြင့် တော်တော်နှင့် ပြန်ထွက်မလာ..။

"ဖြစ်ရလေ..၊ ငါ့ဆွေမျိုးကို ငါ မသိတဲ့အဖြစ်ပါလား..၊ ဒါကြောင့် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတာ၊ နေပါဦး... သူက ညည်းနဲ့ ညီအစ်မ တော်သေးတဲ့ဥစ္စာ၊ ဖေးဖေးမမ မရှိရမယ့်အစား မျက်နှာမြင်တိုင်း ရန်လို နေတာ ဘာဖြစ်တာလဲ.."

"လင်း မသိဘူး"

"ညည်း သူတို့အိမ်က ထွက်ခဲ့ရတာ သူနဲ့ မတည့်လို့လား၊ ဘာ ဖြစ်လို့လဲ.."





"မတည့်တာမျိုး မဟုတ်ပါဘူး၊ မမနဲ့ လင်း က..."

ဘာဆက်ပြောရမှန်း မသိတော့ပါ။ သင့်မြတ်ခြင်း၊ မသင့်မြတ်ခြင်းရဲ့ကြားမှာ လင်း က မျက်နှာငယ်စွာ ခိုကပ်နေခဲ့ရတဲ့ဘဝ ဖြစ်သည်။ နှင်ထုတ်လိုက်တဲ့အထိ ကြီးကျယ်သွားခဲ့ရတဲ့အဖြစ်တလည်း...

"ဟဲ့... ပြောလေ..၊ ဒါဆို ညည်း ရန်ကုန်က ဘာဖြစ်လို့ ထွက်ခဲ့ရတာလဲ"

"အဲဒါ.. အဲဒါလဲ... ခုလိုပဲ..."

လင်း ငိုပြန်ပါပြီ..။

"ခုလိုပဲဆိုတာ ဘာလဲ..၊ ဘာဖြစ်ခဲ့တာလဲ..."

"စိတ်မနှံ့တဲ့ အဒေါ်ကြီးတစ်ယောက်ကို လင်း က မုန့်ဝယ်ကျွေးခဲ့လို့.."

"ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်ကျွေးတာ မဟုတ်ဘူးလား"

"လင်း ပိုက်ဆံနဲ့ပါ"

"ဖြစ်ရလေအေ..၊ အဲဒီတော့လဲ သေချာရှင်းပြလိုက်ပေါ့၊ သူဌေးတို့က ဘာမှမပြောဘူးမို့လား"

လင်း က ဘုရားမှာဖြစ်ခဲ့တာကို ပြောပြလိုက်ပြီး...

"ရန်ကုန်မှာတုန်းကလဲ လင်း.., လင်း.. အဲဒီလို လုပ်ခဲ့လို့..."

"နှင်ချလိုက်တယ်ပေါ့"

"ဟုတ်တယ်..၊ ဒါပေမယ့် လင်း ရှာဖွေထားတဲ့ပိုက်ဆံနဲ့ ကျွေးတာ၊ မိုးသွားကြီးထဲမှာ ရေတွေစိုပြီး အအေးပတ်တော့လဲ လင်း က ဆေးရုံတင်ပေးလိုက်တဲ့အထိ လူတတ်ကြီးလုပ်ရသလားဆိုပြီး သူပဲ ဒေါသတွေထွက်တာ..၊ သူဟို့ကို ထိခိုက်အောင် လင်း ဘာတစ်ခု မလုပ်ခဲ့ဘူး အဘွား၊ အဲဒါ တကယ်ပါ၊ ဆေးရုံတင်ရတော့မယ့်အခြေ အနေဖြစ်နေလို့ လင်း ကိုယ်တိုင် ဆက်သွယ်ခဲ့တာ၊ ဆေးဖိုးဝါးဆိုတာလဲ



www.burmeseclassic.com

www.burmeseclassic.com



မပြည့်စုံပါဘူး၊ ဆရာဝန်၊ ဆရာမတွေကို လင်း တောင်းပန်ပြီး ဆေးကုပေးဖို့ ပြောခဲ့ရတာ..."

"ဘုရား!... ဘုရား..၊ နေပါဦး..၊ ခဏ နေစမ်းပါဦး..."

ဒေါ်သန်းသန်း သည် ရင်ဘတ်ကို လက်တစ်ဖက်တင်လျက် လင်း ကို တစ်ဖက်နှင့် ကာထားပြီး ဘုရားတ,သည်။ ကိုယ်က မစပ်စုခဲ့ပေမယ့် ကြားမိထားသည့် အကြောင်းတချို့ကို ဆက်စပ်ကြည့်လိုက်တော့ ရင်တွေတောင် တုန်လာသည်။

သက်တန့်ခင် ကို သူ့အမေကို စောင့်ရှောက်ထားခဲ့သူလို့ အောင်က သတ်မှတ်ပြီး လက်ထပ်ယူခဲ့သည်။ သက်တန့်ခင် က ရှူးတဲ့သူကို စာနာညှာတာပေးဖို့ထိ နူးညံ့တဲ့မိန်းကလေးမှ မဟုတ်ဘဲ၊ တကယ်ပြုစုခဲ့တာက လင်း ဖြစ်နေ၏။

သက်တန့်ခင် နှင့် လင်း က အတူတူနေခဲ့ဖူးသည့် ညီအစ်မဝမ်းကွဲတွေ..။ ဘုရား... ဘုရား..၊ ဘာတွေ ဖြစ်ကုန်တာလဲ..။

ဒေါ်သန်းသန်း ရင်တွေ တဒိတ်ဒိတ် ခုန်လာခဲ့၏။ ဒီအိမ်က အကြောင်းတွေကို သူဌေး ဒေါ်ရွှေမမ ရောဂါဆိုးနှင့် ပျောက်ကွယ်သွားခဲ့တာကအစ လင်း ကို ဘာမှပြောပြမထားခဲ့ပါ..။

ကိုယ့်မြေးမလေးပေမယ့် သူများအကြောင်းလည်း မပြောချင်၊ သူတို့တောင် မပြောကြဘူးဆိုတော့ မသိစေချင်တာပဲ ဖြစ်နိုင်တာမို့ မပြောခဲ့တာပါ။ ဒါကြောင့် လင်း ဒါတွေကို ဘာမှမသိခဲ့။ ခုတော့ ဒေါ်သန်းသန်း ဘယ်လိုမှ မမျိုသိပ်နိုင်တော့ဘဲ...

"လင်း...၊ ညည်း... ညည်းတွေ့ခဲ့တာ လူလေးတို့ရဲ့အမေ များလားဟင်.."

"ဘယ်လို!... အဘွား ဘာပြောလိုက်တာလဲ..."

ဒေါ်သန်းသန်း တံတွေးတစ်ချက် မျိုလိုက်မိရင်း...





"လူလေးအောင် လဲ သူဌေးကို ဆေးရုံပေါ်မှာ ပြန်တွေ့ခဲ့တာတဲ့..၊ ဒါပေမယ့် သူဌေးကို ဆေးရုံတင်ပေးခဲ့တာ ဘာဖြစ်လို့ ညည်း မဟုတ်ခဲ့တာလဲ.."

အသံတွေ တဒင်္ဂတိတ်ကျသွားခဲ့၏။ ဒီအချိန်မှာ ဘယ်လိုမှ မယုံနိုင်စွာ အံ့ဩသွားသူက လင်းရာသီ ပဲ ဖြစ်မှာပါ။

"ကိုကြီးတို့အမေ ဟုတ်လား..၊ အဘွား ဟုတ်လားဟင်..၊ ကိုကြီးတို့အမေ အဲဒီလိုဖြစ်ခဲ့တာလား..."

"ဟုတ်တယ်..၊ ယောကျ်ားနဲ့သမီးလေး ဆုံးသွားပြီး မကြာခင်ဘဲ စိတ်ကယောက်ကယက်ဖြစ်ပြီး အိမ်က ပျောက်သွားတာ၊ ပြောစမ်းပါဦး..၊ သက်တန့်ခင် က..."

"လင်း ဆေးရုံမှာ အဲဒီအဒေါ်ကြီးကို အရေးပေါ်ခန်းထဲထိ ပို့ပေးလိုက်ပြီး ထိုင်စောင့်နေတုန်း မမ လိုက်လာတာ၊ သူ အပြင်းအထန်တားနေတာကို ဖွတ်လုပ်ရသလားဆိုပြီး အဲဒီကနေ တစ်ခါတည်း နှင်လွှတ်လိုက်တယ်၊ လင်း အိမ်ပေါ်ပြန်တက်လို့ မရတော့ဘူး"

သွားပြီ..၊ အားလုံးသွားပြီ...။

အောင့် မျက်လုံးတွေကို ဖိပိတ်ပစ်လိုက်ကာ ကျောပြင်ကျယ်ကြီးနံရံမှာ ကပ်ကျသွားခဲ့၏။ လင်း ပြောပြနေသမျှ စကားသံတို့သည် အနားမှာ ရဟတ်ယာဉ်တွေ အပြုံလိုက်ပျံဝဲနေသလိုအသံပေမယ့် နားကျင်မှုက နင့်နေသည်။

သူ့တစ်ကိုယ်လုံးမှာ ရှိသမျှသွေးတွေ ပြောင်းပြန် စီးကုန်ပြီလားမသိ..။

မင်း လုပ်ရက်တယ် သက် ရယ်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၂ ]

"မင်းအစ်ကို ဘာတွေဖြစ်နေတာလဲ၊ သွားကြည့်ပါဦး သားရယ်" ဆိုလို့ အပြင်က ပြန်လာတာနှင့် အောင် ရှိသည့်နေရာကို တောက်လျှောက်ဝင်လာခဲ့သည်။

အမြဲတမ်းပိတ်ထားခဲ့သည့် မေမေတို့အိပ်ခန်းထဲမှာ ဖြစ်သည်။ တံခါးက ခပ်ဟဟာဖွင့်လျက် စာကြည့်စားပွဲမှာ ပြတင်းပေါက်ကို မျက်နှာမူ၍ အောင် က ထိုင်နေသည်။

"ကိုကို..."

"မာင်!... ညီ..၊ ဆောရီး..."

သူ အနားရောက်သွားမှ မော့ကြည့်ကာ အောင် က ပျာပျာသလဲ တောင်းပန်ကာ အာလေးလျှာလေးမဖြစ်အောင်လည်း အသံကို တော်တော်ထိန်းပြောမှန်း သိသာ၏။

အရက်မူးနေမှန်း သိသာပေမယ့် စားပွဲပေါ်မှာ ဝုလင်း၊ ဖန်ခွက် ဘာမှမရှိ။ ကိုကို အပြင်ကနေ သောက်လာတာ ဖြစ်မည်။ ဘာဖြစ်လို့ မေမေတို့အခန်းထဲကို ဝင်နေတာလဲ..၊ ပိတ်ထားတာကြာပြီမို့ ဘွေးလိုက်မိခြင်း ဖြစ်သည်။

"ကိုကိုတို့ စကားများထားကြတာလား..."

ထောင့်မှန်ကျနေရာမှာ ဝင်ထိုင်လိုက်ရင်း မေးတော့ ခြား ကို တစ်ချက်ပြန်ကြည့်ပြီး ခေါင်းခါ၏။





မျက်နှာကို လက်ဝါးတစ်ဖက်နှင့် ဖိပွတ်ရင်းကနေ ဆံပင်တွေထဲထိ တိုးဝင်သည်။ အမြဲတမ်း သေသပ်ကျနစွာ ရှိနေတတ်သည့်ဆံပင်တွေ ဖရိုဖရဲ ဖြစ်သွားပုံကို ခြား က စိုက်ကြည့်နေ၏။

အောင် သည် ကျောတောင့်၍ ကုလားထိုင်မှာ မှီလိုက်၊ စားပွဲပေါ်ကို တံတောင်နှစ်ဖက်တင်ပြီး လက်ဝါးနှစ်ဖက်ထဲမှာ မျက်နှာမှောက်ထားလိုက်..။ မချိမဆံ့ဝေဒနာ ခံစားနေရတဲ့ လူတစ်ယောက် စကားမပြောနိုင်ဘဲ အလူးအလိမ့်ဖြစ်နေတာမျိုး..။ ခြား ကလည်း နောက်ထပ် ဘာမှမမေးဘဲ ဒီတိုင်း ထိုင်ကြည့်နေခဲ့၏။

"မများပါဘူး၊ ကိုကို ဘာမှမပြောဘူး"

"သူက ဘာတွေပြောတာလဲ"

"မသိဘူး"

အရက်ရှိန်ကြောင့် နီရဲနေသည့်မျက်လုံးတွေကို ညီဖြစ်တဲ့သူ ခြင်ခြင်နှာစိုးသလို အောင် က မျက်နှာလွှဲထားလျက်နှင့်...

"ကိုကို့မှာ ပြောစရာ မရှိပါဘူး..၊ ဘာမှမရှိဘူး..၊ အားလုံးက ပြီးသွားပြီ..."

ရင်ထဲမှာ မီးတွေ ဟိုတစ်ပုံဒီတစ်ပုံ လောင်မြိုက်နေသည်လား..၊ ဘယ်နေရာမှာမှ ဒဏ်ရာမကင်းဘဲ တဆစ်ဆစ် တဖျင်းဖျင်း နာကျင်နေသည်။ တငွေ့ငွေ့ တရိပ်ရိပ် ပူလောင်နေ၏။

သူ အရက်သောက်ပြီးပြန်လာတော့ သက် အနားထပ်လာတာကို "မင်း ကိုယ်နဲ့ ဝေးဝေးနေပါ"လို့ ပြောလိုက်မိသည့်နောက်ပိုင်း...

"သက် က ကိုနဲ့ ဝေးဝေးနေပြီး ဘယ်သွားရမှာလဲ..၊ ဘာလုပ်ရမှာလဲ..၊ ကို့ရဲ့ရင်ခွင်ထဲကို မပြောနဲ့ အနားမှာနေတာတောင် မကြိုက်ဘူး ဆိုတော့ သက် ကို ဘာဖြစ်လို့ လက်ထပ်ခဲ့တာလဲ"

သူ မဖြေဘဲ နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာတုန်းက ကို ဒီလို မဟုတ်ဘူး ပြည်ကိုရောက်လာမှ ဘာဖြစ်သွားတာလဲ..၊ ကို မဖြေရင် သက် က ထင်တဲ့အတိုင်း ပြောမှာနော်"

ဒီစကားအရောက်မှာ သက် နှင့်သူ မျက်လုံးချင်းဆုံသွားခဲ့သည်။ အကြာကြီး စူးစိုက်ကြည့်နေခဲ့ပြီး သူ အရင် ခေါင်းငိုက်စိုက်ကျသွားခဲ့သလို သက် ကလည်း ဒါကို ထပ်မပြောတော့ဘဲ...

"အခု အရက်တွေ သောက်လာတာကရော..."

နောက်မေးခွန်းတစ်ခု ထပ်ထွက်လာ၏။ သူ မဖြေခဲ့ပါ..။

"နေပါ..၊ ကိုက မငဲ့ညာဘူးဆိုတဲ့အဖြေကို အတိအကျပေးပြီဆိုရင် သက် တို့ ရန်ကုန်ပြန်မယ်၊ ရန်ကုန်ရောက်ရင် ကို ကြိုက်သလိုနေပါ၊ ခံရတဲ့လူလဲ ခံနိုင်ရည်ရှိအောင်ပေါ့၊ ဒီမှာ ဒီလိုပုံစံထားပြီး နှိပ်စက်နေတာက တရားလွန်လွန်းတယ်"

သူမက ရန်ကုန်ပြန်မည်လို့ ကြေညာခဲ့သည်။ အပြီးသတ် ဆုံးဖြတ်ချက်အရ အမြန်ဆုံးဟု ဆိုသည်။

ဒီအိမ်မှာ ဘာတွေဖြစ်နေပြီလဲ..၊ ဘာတွေ ဆက်ဖြစ်ဦးမှာလဲ..၊ တောင်ပေါ်ကလိမ့်ကျသည့် ကျောက်တုံးကြီးတစ်တုံးလို တစ်လျှောက်လုံးမှာ ရှိသမျှ သစ်ခက်၊ ချုံပုတ်၊ ကျောက်စွန်း၊ ကျောက်စကအစ အားလုံးကို ဖိကြိတ်တိုက်ချသွားခဲ့တာမျိုး..။

သက် ကို လက်ထပ်လိုက်မိသည့်အမှားနောက်မှာ အမှန်တရားအားလုံးတို့သည်..။

"ကိုကို..."

ခြား ရဲ့ခေါ်သံကြောင့် ရီဝေဝေ ပျံ့လွင့်သွားသည့်စိတ်တွေ ကိုယ်မှာ ပြန်လည် ပူးကပ်၏။ စားပွဲပေါ်မှာ ဖေဖေရယ်၊ မေမေရယ်၊ ညီမလေးရယ်..။

သူတို့ကတော့ ယောကျ်ားလေးတွေ ဖြစ်သည့်ပြင် ညီမလေးက





အငယ်ဆုံးလည်းဖြစ်၊ ဖေဖေ့အချစ်ဆုံးလေးဆိုလည်း မှန်နေတာကြောင့် ခရီးတို့၊ ခရီးရှည် ဘယ်သွားသွား သားအဖသုံးယောက်ပဲ သွားကြတာ များသည်။

ထို့ကြောင့် အယ်လ်ဘန်ထဲမှာ၊ မှန်ပေါင်ထဲမှာ ဘယ်နေရာမှာကြည့်ကြည့် ဖေဖေတို့ သုံးယောက်ပုံတွေချည်းပဲ ဖြစ်နေခဲ့၏။

နောင်တစ်ချိန်မှာ အလွမ်းပြေကြည့်စရာတွေဖြစ်ဖို့ ဒီလိုအကြောင်းတွေ ဖန်ခဲ့တာလား..။

"ထားလိုက်ပါဦး ကိုကို..."

ခြား က အောင့် မျက်လုံးတွေနောက်ကို လိုက်ကြည့်ကာ ဓာတ်ပုံကို လှမ်းကိုင်၍ သာသာလေး မှောက်ထားလိုက်၏။

"ကိုကို ခံစားရတာတွေ များနေပြီ"

ဟုပြောရင်း လှည့်ကြည့်လာသည့် အောင့် ကို တောင်းပန်သလို ပြန်ကြည့်ကာ...

"သံလိုက်တုံးကြီးလို သံမှုန်သံစ မှန်သမျှကို ဆွဲသိမ်းကုပ်မစ်ဖို့ပဲ အဆင်သင့်ဖြစ်မနေပါနဲ့ ကိုကို၊ စိတ်ဆိုတာ ကြည်လင်သန့်ရှင်းနေတဲ့ အရာပါ၊ အခု ကိုကို အလူးအလိမ့် ကြိတ်ခံစားနေတာ ဘာကြောင့်လဲ.."

"ဘာကြောင့်ဖြစ်ဖြစ် ညီရာ..၊ မင်း... မင်း မသိချင်ပါနဲ့..၊ ကိုကို မင်းကို ဘယ်တော့မှ ပြောဖြစ်မှာ မဟုတ်ဘူး"

"ဒါဆို ကျွန်တော် မေးတော့မယ်၊ သက်တန့်ခင် ကို ကျေးဇူးတင်ခဲ့တဲ့စိတ် တစ်ခုတည်းနဲ့ လက်ထပ်ခဲ့ပြီးမှ ကိုကို မရှုနိုင်မကယ်နိုင် ဖြစ်နေတာမို့လား"

စင်းကျလုလု မျက်တောင်ဖျားတို့ ပင့်တက်လာကာ ခြား မျက်နှာကို သေချာကြည့်၏။ သူ ဘာမှမပြောဖြစ်သော်လည်း ရင်ထဲမှာတော့ အဖြေတွေ ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်မကဘူး..၊ မင်းတို့သိထားတာတွေ ဘာမှမဟုတ်ဘူး၊ ဒါပေမယ့် ကိုကို သိထားတာကိုလည်း ဘယ်သူ့ကိုမှ ဘယ်တော့မှပြော မှာ မဟုတ်ဘူး..။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကိုကို့လို ရင်ကွဲပက်လက် ဖြစ်ကုန်မှာ စိုးလို့ပါ..။

"ကိုကို..."

သူ ခေါ်ပေမယ့် အောင် က တစ်ခါမှ မထူး..၊ မှောက်လှဲထားသည့် ခတ်ပုံကိုလှမ်းယူပြီး မျက်စိအောက်မှာ ပြန်ထောင်ထားလိုက်၏။

ခြား ဒီတိုင်းပဲ ကြည့်နေပြီးမှ...

"ကိုကို့စိတ်ထဲမှာ ဘာတွေ ဖြစ်နေသလဲဆိုတာ ကိုကို ပြောဖို့ မလိုပါဘူး၊ ကျွန်တော် သိတယ်"

ပြည်ကို ရောက်လာကာစက ကိုကို ဒီလိုမှ မဟုတ်ဘဲ..၊ သက် ကို မချစ်ဘဲ ယူခဲ့သည်ဆိုရင်တောင် သူကိုယ်တိုင် ကျေနပ်လက်ခံထားတဲ့ပုံ..၊ နောက်တော့မှသာ..။

"ချစ်တဲ့စိတ်ဆိုတာ သိပ်ထူးဆန်းတယ် ကိုကို..၊ မိမိ တပ်မက်မြတ်နိုးတာကို မတွေ့ခင်မှာ အချစ်က ကိုယ်နဲ့ မသက်ဆိုင်သလိုပဲ၊ တွေ့လာပြီဆိုရင်..."

"ညီက ဘာကို ပြောချင်တာလဲ"

"ကိုကို သက်တန့်ခင် ကိုမချစ်ဘဲ တခြားတစ်ယောက်ကို ချစ်နေတာလေ..."

"ဘာ!..."

အောင့် ရဲ့ ဘာ...သံက သူ့ကိုယ်သူတောင် ပြန်ပြီး အံ့ဩသွားသည့်ပုံမျိုး..။

"မိန်းမနှင့်ယောကျ်ား ထိတွေ့ပေါင်းသင်းကြတယ်ဆိုတာ အချစ်မပါရင် ဘာနဲ့တူသလဲ ကိုကို သိလား.."





မဖြေမှန်းသိပေမယ့် မေးလိုက်မိသေးသည်။ ပြီးမှ သူပဲ...

"ရေအိမ်ဝင်သလိုပဲ..၊ ပြန်ထွက်လာတဲ့အခါ လှည့်မကြည့်ချင်တော့ဘူး"

"ညီ..."

"ကျွန်တော် ယုတ်ယုတ်မာမာတွေ ပြောနေတာ မဟုတ်ပါဘူး၊ အိမ်ထောင်ရှိနေသည်ဖြစ်စေ၊ မရှိတဲ့သူဖြစ်စေ ချစ်တဲ့စိတ်က ဘယ်ရင်ဘတ်ထဲမှာမဆို အမြစ်တွယ်နိုင်တယ်၊ ကိုယ်ထင်သလို လုပ်ခွင့်မရှိဘူးလို့ ခံယူထားရင်တောင် ဒါကို အပြစ်ကြီးတစ်ခုလိုစွဲပြီး တစ်ယောက်တည်း လှိမ့်ခံမနေပါနဲ့၊ ကိုကို ကျွန်တော့်ကိုတော့ ဖွင့်ပြောလို့ရတယ်"

ခြား ဘယ်လိုပဲ လမ်းဖွင့်ပေးပေး အောင် က စေ့ထားသည့်နှုတ်ခမ်းတွေကို သစ္စာကြီးစွာ ဖိပိတ်ပစ်သည်။

"ကိုကို ဒီတိုင်းဆက်သွားရင် ကိုကို့ဘဝ ဘာဖြစ်သွားမလဲ မသိလို့လား"

"မဟုတ်ဘူး..၊ ညီ သိထားတာတွေ မဟုတ်သေးဘူး၊ ကိုကို အဲဒီလောက် အသည်းမပျော့ဘူး ညီ..၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ..."

အောင် ခေါင်းငိုက်စိုက်ကျသွား၏။ ပြီးတော့ တဖြည်းဖြည်း ပြန်မော့ကာ...

"သက် ကို ကိုကို လုံးဝမချစ်ခဲ့ဘူး"

ခြား က ခေါင်းညိတ်သည်။

"ကိုကို..."

စကားမဆက်တော့ ခြား နားစိုက်ထားခဲ့၏။ အောင့် ရင်ထဲက သာယာတတချို့ကို သိခွင့်ရတော့မည်မှန်း နားလည်၍ဖြစ်သည်။

"ကိုကို ဒီနေ့ထိ... ဒီနေ့ထိ.. သူနဲ့ သန့်ရှင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

ဒီတစ်ခါ နှုတ်ခမ်းတွေ ပွင့်သွားလောက်အောင် အံ့ဩတာက ခြား ဖြစ်သွား၏။ ထပ်၍နားလည်လိုက်သည်က သက် ၏ပုံစံ ကြမ်းတမ်းခြင်းတွေနှင့် ပြောင်းလဲသွားတာကို ဖြစ်သည်။

နက်နဲသော အိမ်ထောင်ရေး၏ သဘောတရားတွေကိုလည်း ကြက်သီးထသွားမိသည်။ ကိုကို ဘာတွေဖြစ်ခဲ့ပြီး ဘာတွေ ဆက်ဖြစ်နေတာလဲ...။

"ကိုကို သိခဲ့တယ်၊ သူ့ကို ဘာကြောင့် လက်ထပ်မှာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာပြီးမှ ဆုံးဖြတ်ခဲ့တာ..၊ အဲဒီဆုံးဖြတ်ချက်ကြောင့် နောင်တဆိုတာလဲ ဖြစ်လာဖို့ မရှိဘူးပေါ့၊ ဒါပေမယ့်..."

သူ ရှေ့မဆက်သည့်စကားကို ခြား က သူ နားလည်သည့်အတိုင်း ဘာသာပြန်၍...

"အခု နောင်တတွေ ရနေပြီမို့လား၊ အချစ်ဆိုတာ အချိန်တိုင်းမှာ ဖြစ်ဖို့ နိုးစပ်နေတာပါ"

ခြား ပြောနေတာကို အောင် ကတော့ အမှတ်တမဲ့ ကျော်လွှားသွားခဲ့၏။

"ဟိုတစ်နေ့က စာကြည့်ခန်းပြတင်းတံခါးမှာ ကျွန်တော် ရပ်နေတုန်း စက္ကူငှက်ရုပ်လေးနှစ်ရုပ် ဝရန်တာက ကျလာတယ်"

"ဟင်!..."

"အဲဒီပေါ်မှာ လင်း စာကျက်နေကျမို့ သူ့ဆီကနေ လွင့်ကျလာတာလို့ပဲ ထင်လိုက်တာ..၊ သိပ်မကြာခင် ငှက်ရုပ်လေးတွေကို လာပြန်ကောက်တော့ ကိုကို ဖြစ်နေတယ်"

အောင် မျက်နှာ ကွက်ခနဲ ပျက်သွား၏။ မူးယစ်ရီဝေနေတာတွေတောင် ပျောက်တိပျောက်ကျား ဖြစ်ကုန်လေသည်။





"အပြောအဆို မဆင်ခြင်တတ်တဲ့ သက်တန့်ခင် ဆိုတဲ့မိန်းမကြောင့် အဲဒီငှက်ရုပ်တွေနဲ့ပတ်သက်ပြီး ဖြစ်တဲ့ပြဿနာကို အခန်းပြင်ထွက်လိုက်တာနဲ့ သိရတယ်၊ အချစ်ရဲ့လှည့်စားချက်က အဲဒါပဲ ကိုကို.."

"ညီ..."

"ဖြစ်နိုင်တာ,မဖြစ်နိုင်တာ ထား..၊ လူတိုင်းမှာ ချစ်နေခွင့်တော့ ရှိတယ် ကိုကို၊ ဒါပေမယ့် ဒီဒဏ်ကို ကိုကို မခံနိုင်ဘူး၊ အဲဒါ ကျွန်တော် သိတယ်"

လွဲနေပြီ..၊ လွဲကုန်ပြီ ညီ..၊ ဘဝအညွန့်လေးတလူလူနှင့် အပျိုစင်နုနုနယ်နယ်လေးကို သူ ဘယ်သောအခါကမှ စိတ်ကူးမယဉ်ခဲ့မိပါ..။

သူဟာ အချစ်ဆိုတဲ့စကားကို ပြောခွင့်မရှိတော့တဲ့လူ..၊ ခု မှားနေသည့်အဖြစ်အတွက်လည်း သူပဲ ကြိတ်မှိတ်မျိုသိပ်ခံသွားဖို့ ဆုံးဖြတ်ထားပြီးသား..။

သက် ဘယ်လိုကြံစည် ရယူခဲ့သည်ဖြစ်စေ ကိုယ်က သူမရဲ့ခင်ပွန်း ဖြစ်နေခဲ့ပြီ။ ဒါဟာ ပြန်လည်နုတ်ထွက်ခွင့်မရှိသည့် အိမ်ထောင်ဆိုသော ထာဝရစည်းတစ်ခု..။

ရှိပါစေ..၊ နေပါစေတော့..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၃ ]

"မလုပ်နဲ့..."

အင်တိုက်အားတိုက် လွှဲမြှောက်လိုက်သည့်လက်ကို မြင်ကာ ဘယ်လိုအသံပေါက်အောင် အော်လိုက်မိမှန်း မသိ..။

လွှဲလိုက်သည့် သက် ရဲ့လက်တစ်ဖက် လေထဲမှာ ရပ်တန့်သွားသည့်အချိန်လေးမှာ ထိုနေရာကို ရောက်သွားတာ လေတိုက်သွားသည်နှင့် တူ၏။

"ဘာတွေ ဖြစ်နေကြတာလဲ..."

သက် ရဲ့လက်ကို ဆွဲဖယ်ပစ်လိုက်ရင်း နှစ်ယောက်ရဲ့အလယ်မှာ ဝင်ရပ်လိုက်ကာ...

"ဒီလို ဖြေရှင်းရလောက်အောင် ဘယ်လိုပြဿနာတွေ ရှိနေလို့လဲ သက်..၊ ကိုယ့်ကို ပြောစမ်းပါ"

သက် မျက်နှာ သိသိသာသာ ပျက်သွားကာ ဆိုင်ကယ်သော့ကိုင်ရင်း နောက်ကပါလာသည့် ခြား ကို လှမ်းကြည့်လိုက်သေးသည်။

ခြား က သက် ကို မျက်မှောင်ကြုတ်ကြည့်ပြီးမှ လင်း ဆီကို ရောက်ကာ...

"လင်း ဘာဖြစ်တာလဲ..."

လင်း သည် မျက်ရည်တွေ ပြည့်လျှံလုလုနှင့်..၊ မေးလိုက်ကာမှ နှုတ်ခမ်းတွေကို ဖိပိတ်ပစ်၏။ နောက်ထပ် ခေါင်းခါပြီး ငုံ့ချလိုက်လျှင် မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ခုန်ဆင်းသွားကြ၏။





"ဟွန့်..."

သက် က သူတို့ကိုကြည့်ပြီး နှုတ်ခမ်းမဲ့ပစ်၏။

"ပြောလိုက်လေ..၊ ပါးရိုက်ပစ်ချင်လောက်အောင် ဘယ်လို မိုက်မိုက်ရိုင်းရိုင်း ခံပြောခဲ့သလဲဆိုတာ..."

လင်း မျက်ဝန်းလေးတွေ လက်ခနဲဖြစ်သွားကာ မျက်နှာမော့လိုက်ပုံက တစ်ခုခု ကောက်ခနဲ ပြောပစ်လိုက်တော့မလိုလို..။

ဒါပေမယ့် အောင့် မျက်နှာဆီ မျက်လုံးတစ်ချက်ဝေ့သွားပြီး သက် ကို စိုက်ကြည့်သည်။

"ဘာကြည့်တာလဲ..၊ နင့်ကို ပြောခိုင်းနေတာလေ..၊ မှန်တယ်ထင်ရင် ပြောပေါ့"

ထိုစဉ် ဒေါ်သန်းသန်း နှင့် မခင်မူ တို့ပါ ကမန်းကတန်း ပြေးလာကြ၏။ ဒီမှာပြဿနာဖြစ်နေကြမှန်း သိကာမှ ကွယ်ရပ်လေးတစ်ခုမှာ ကိုယ်ရှိန်သတ်ကုန်ကြသည်။

ဒေါ်စိန်စီလင်း ဒီအချိန်ဆို ရိပ်သာရောက်နေပြီဖြစ်၏။ ဘာပြဿနာ ဘာတွေဖြစ်နေကြမှန်း ကာယကံရှင်နှစ်ယောက်အပြင် သိတဲ့လူ မရှိ..။

"သူ မပြောနိုင်ရင်လဲ မင်း ပြောပြပါ၊ သူ့မှာရော မင်းမှာပါ အုပ်ထိန်းသူတွေ ရှိတယ်..."

"ဘာလဲ ကို..၊ ကိုအောင် နဲ့ ခြား လား"

သက် က ခနိုးခနဲ့မျက်နှာနှင့် ချက်ချင်းပြန်မေး၏။

"ဟုတ်တယ်..၊ မင်းဘက်က မှားတာ၊ မှန်တာကို ကာကွယ်ပေးဖို့ ကိုယ် ရှိသလို လင်း က ကိုယ်တို့လက်ထဲက မဟုတ်ဘူးဆိုတာလဲ မင်း သိရမယ်"

"ဘာကာကွယ်မှာလဲ..၊ ဘယ်သူ့ကို ဘယ်သူကလဲ၊ ကိုတို့ ပြေး



www.burmeseclassic.com

www.burmeseclassic.com



လာကြတာ လင်း ကို ရိုက်လိုက်မှာစိုးလို့ မဟုတ်ဘူးလား"

"မင်း တစ်စုံတစ်ရာ ကျူးလွန်လိုက်မိမှာ စိုးရိမ်တာလို့ရော မထင်ဘူးလား"

"မထင်ဘူး ကို..၊ ထင်ရင်လဲ သက် အတွက် မဟုတ်ဘူးဆိုတာပဲ..."

ထင်ရာပြောပြီး သက် ချာခနဲ လှည့်ထွက်သွားသည်။ လင်း ကို တစ်ချက်ပြန်ငဲ့ကြည့်ကာ သက် နောက်ကို အောင် လိုက်သွား၏။

သက် က အခန်းတံခါးကို ပြန်ပိတ်ဖို့လုပ်သည်နှင့် သူ့လက်နှင့် တွန်းထားလိုက်ပြီး...

"ဒီကိစ္စ ကိုယ် သိရမှဖြစ်မယ် သက်..."

အထဲကို ဝင်လိုက်သွားတော့ သက် က မျက်ရည်အရွှဲသားနှင့် ဒေါသတကြီး ပြန်ကြည့်ကာ...

"သူ့ကိုပဲ သွားမေးလိုက်ပါ.."

"မင်းကိုပဲ မေးရမှာလေ..၊ မင်းက ကိုယ့်မိန်းမ၊ ရိုက်မယ်နှက်မယ် လုပ်ခဲ့တာလဲ မင်းပဲ၊ ဒါကို ကိုယ် သိမထားရင် ဘယ်လို ဖြေရှင်းမလဲ"

"ဖြေရှင်းဖို့ မလိုဘူး ကို..၊ သူ သက် ကို ရှင်းရှင်းစိုင်းစိုင်း ပြန်ပြောလို့ ဆုံးမချင်တာ၊ ဒါပဲ..."

'ရှင်းစိုင်းလာအောင် မင်း ဘာတွေ သွားပြောလို့လဲ'လို့ မေးချင်ပေမယ့် သက် ဖြေမှာမဟုတ်တာကို အောင် သိသည်။

နောက်ထပ်သိတာတစ်ခုက လင်း ကလည်း ဒါကို ဘယ်တော့မှ ဖွင့်ပြောမှာ မဟုတ်တာကို..။

"အဘွားတို့၊ လင်း တို့နဲ့ ဆွေမျိုးတော်ရမှာ ရှက်တယ်ဆိုလို့ အစက မျိုသိပ်ထားခဲ့တာ၊ ဒါတွေကို ပြောပြနေတော့လဲ လင်း မှာ ဘာမှ ဂုဏ်တက်ဖို့မရှိဘူးလေ၊ တကယ်တော့ သူက ဒီလိုလုပ်ထားခဲ့လို့





လင်း ကိုမြင်တိုင်း ရန်ရှာနေတာကို.."

"ဒါဆို ညည်း အခု ဘာလုပ်မလဲ..၊ လူလေးကို ငါ သနားလိုက်တာအေ၊ ဒီမိန်းကလေးကို လက်ထပ်ခဲ့ပေမယ့် နှစ်နှစ်ကာကာ ရှိပုံလဲ မရပါဘူး"

"ကိုကြီးက စိတ်ထားမြင့်မြတ်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပဲ အဘွားရယ်၊ ဒါကို သိသွားရင်လဲ သူ ယူကျုံးမရ ခံစားသွားရမှာပဲ ရှိတယ်၊ စိတ်လိုက်မာန်ပါ ဘာမှလုပ်မှာမဟုတ်ဘူး၊ အဲဒါဆို လင်း သိနေတယ်၊ လင်း ဒီကိစ္စကို ဘယ်တော့မှ မထုတ်ဖော်တော့ဘူး"

"ဘယ်ဟုတ်မလဲအေ့..၊ ဒါ မတရားမှုတစ်ခုပဲ၊ မတရားတာကို ထိုင်ကြည့်နေသင့်သလား"

"ကြည့်နေလိုက်ပါ အဘွားရယ်၊ လင်း အနူးအညွတ် တောင်းပန်ပါတယ်၊ ဒါတွေ ကိုကြီး မသိပါစေနဲ့၊ မှားတာမှန်တာတွေ ပေါ်သွားလို့လဲ ကြည်နူးစရာတွေ ဖြစ်လာနိုင်တော့မှာ မဟုတ်တဲ့အတူတူ ဒီတိုင်းပဲ ထားလိုက်ပါ၊ မမကို လင်း မခံချင်ဒေါသတွေ ဘယ်လောက်ဖြစ်ဖြစ် သူ့ကို ထိုးသတ်စရာ ဓုက်ဖဲတစ်ချပ် လင်း မှာ ရှိနေပေမယ့် ဒါနဲ့ ဘယ်တော့မှ အနိုင်မယူဘူး၊ သူ့ကိုနိုင်ဖို့အတွက်နဲ့ ကိုကြီး စိတ်မဆင်းရဲစေရဘူး"

ကြားခဲ့သမျှ စကားတွေကို သူ မှတ်မိနေသေးသည်။ ကိုယ် ဖက်တွယ်ထားခဲ့မိသည့် ရွှေစင်ရုပ်တုလေးဟာ ယမင်းသူဇာ မိန်းမလှလေး တစ်ယောက်မဟုတ်ခဲ့ဘဲ ရွှေနှင့်သွန်းဆစ်ထားသည့် ဘီလူးရုပ်တစ်ခု ဖြစ်နေခဲ့သည်။

လင်း ကတော့ သူ့အတွက် မျိုသိပ်ခြင်းများနှင့် သက် ရဲ့နိုင်ထားခြင်းကိုတောင် တစ်သက်လုံး ခံသွားတော့မည်ဟု ဆိုခဲ့သည့် မိန်းကလေး...။



www.burmeseclassic.com

www.burmeseclassic.com



*ဒီလို ကြောက်းနုးကောင်းသည့် လွဲမှားခြင်းတွေ ဘာကြောင့်* ဖြစ်ခဲ့ရတာလဲ..၊ သက် က သိပ်တော်လွန်းပြီး သူတို့အားလုံး ညံ့ဖျင်းခဲ့တာလား..။ လင်း ခန့်မှန်းတာ မှန်ပါသည်။

သက် ဘာတွေပဲ ကြံစည်ခဲ့ပါစေ၊ သက် ကိုလည်း သူ မချစ်နိုင်တာ သေချာနေခဲ့ပေမယ့် ပြင်ဆင်ခွင့်မရှိတော့သည့်အမှားကို တူးဖော်ဖို့ မကြိုးစားတော့ပါ..။

အောင်နိုင်မှုများနှင့်ရှိနေသော မိန်းမသားတစ်ယောက်ဟာ သူမပါးစပ်က ဘယ်လိုတင်းမာပြတ်သားတဲ့စကားတွေ ဆိုနေပါစေ၊ ထိုအမှားအတွက် သူမရင်ထဲမှာ ကြီးမားသောတုန်လှုပ်မှုကတော့ ရှိနေမည်သာ..။

မျက်ရည်များနှင့် သက် ရဲ့မျက်နှာကို စိုက်ကြည့်ရင်း အံတစ်ချက်ကြိတ်ကာ သူ ကျောခိုင်းခဲ့လိုက်၏။ သက် ရယ်..၊ လင်း ရယ်..၊ သူ ရယ်..။

တစ်မျိုးစီသော မျိုသိပ်မှုများနှင့် ဘဝဆိုသည့်အချိန်ကာလကြီးကို ပင်ပန်းစွာ ဖြတ်သန်းကြရဦးမည်။ ဘာမှမသိကြသည့်သူတွေကတော့ နားမလည်တာတွေပဲ ရှိနေမှာပေမယ့် ငြိမ်းချမ်းကြမှာပါ..။

အမြဲတမ်း ငြိမ်းချမ်းကြပါစေ..။

ခြေဦးလှည့်လိုက်မိသည်က အရက်တွေ ထားသည့်နေရာ..။





## အခန်း [ ၄၄ ]

ခြေလှမ်းသွက်သွက်လှမ်းရင်း လက်ကနာရီကိုလည်း ငုံ့ကြည့်မိသည်။ ဘူတာကိုသွားနေတာပေမယ့် ရထားထွက်ချိန်ကို အတိအကျမသိတော့ စိတ်က စောနေသည်။

လက်ဆွဲအိတ်က လွယ်လို့လည်းရတော့ ဆွဲလာမိလိုက်၊ ပခုံးတစ်ဖက်မှာချိတ်လိုက်..၊ လမ်းဆုံမှာ ခဏရပ်ကာ လမ်းကူးဖို့ စောင့်နေရတာကိုလဲ စိတ်မရှည်ချင်..။

မျက်လုံးက ကားတွေ ရှင်း၊မရှင်းကိုပဲ ကြည့်နေမိပြီး ဘာကိုမှ သတိမထားမိဘဲ ပလက်ဖောင်းပေါ်ကနေ ဆင်းလိုက်လျှင်...

"ကျွိ.."

"အမေ့!..."

မျက်စိရှေ့ကို မည်းခနဲ ဖြတ်ဝင်လာသည့်ဆိုင်ကယ်ကြောင့် လန့်ဖျပ်အော်ကာ နောက်ဆုတ်လိုက်မိသည်။ ကြည့်လိုက်တော့ ဆိုင်ကယ်ပေါ်မှာ ကိုလေး..။

"လာ... နောက်က ထိုင်.."

"ဟင့်အင်း..."

"လင်းရာသီ.."

"မလိုက်ချင်ဘူး၊ လင်း အပြီးထွက်လာတာ..."

"ဘာပြီးဘာလဲ..၊ ပြီးချင်တိုင်းပြီးလို့ မရဘူး၊ လာ.. တက်..."



www.burmeseclassic.com

www.burmeseclassic.com



လင်း မျက်နှာလေးမှာ စိတ်ရှုပ်သည့်အမူအရာတွေ ဖြစ်သွား၏။ ငိုရလွန်းလို့ မျက်လုံးတွေလည်း ကျိန်းစပ်နာကျင်နေပါပြီ..။ ရင်ထဲမှာ ဘယ်လောက် ထိခိုက်ခဲ့ရသလဲ..၊ လင်း ဘယ်လောက်ထိ ငိုပစ်ခဲ့သလဲ..၊ ညက အုံးခဲ့တဲ့ ခေါင်းအုံးလေးကပဲ သိနိုင်မှာဖြစ်သည်။

သူမ ဒီလိုမှမလုပ်ရင် မဖြစ်။ မာနနှင့် ခံစားတတ်တဲ့ နှလုံးသား ရှိနေသည်မို့ သက်တန့်ခင် ၏ မိုက်ရိုင်းစွာ ဆော်ကားနေသမျှ တစ်နေ့နေ့မှာ သူမ မျိုသိပ်ထားတာတွေ ပွင့်အန်ကုန်မည်။ အားလုံး လူသိရှင်ကြား ဖြစ်ကုန်မည်။

ဒါကြောင့် ကိုယ်သာလျှင် ရှောင်ထွက်ဖို့ ဖြစ်လာခဲ့သည်။

"ပြောလိုက်လေ လင်းရာသီ..၊ နင် ဒါတွေ ပြောပြလိုက်တော့ရော ငါ ပိုင်ထားတဲ့ယောကျ်ားက နင့်ယောကျ်ား ဖြစ်လာမှာလား..."

ဤသို့ ပြောထွက်သည့်မိန်းမ..၊ ပြီးတော့...

"အဲဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ ဖွင့်ပြောလိုက်ပေါ့၊ ဟွန်း... ကိုအောင် ကလဲ နင့်ကို သိပ်ကိုချစ်ပါတယ်၊ ဒါပေမယ့် နင် ငါ့နေရာကိုတော့ မရနိုင်ဘူးနော်၊ ရတဲ့နေရာ ယူမှာပဲဆိုရင်တော့..."

"မမ မမိုက်ရိုင်းနဲ့..၊ မမ အဲဒီလိုအလုပ်မျိုး လုပ်ရဲခဲ့ပေမယ့် လင်း ဘယ်တော့မှ မလုပ်ဘူး၊ ကိုကြီး လင်း ကို ချစ်နေတယ်ဆိုရင်လဲ အဲဒါ လင်း ရဲ့ဖြူစင်မှုကြောင့်..၊ မမကို လက်ထပ်ထားပြီး မချစ်နိုင် မကြင်နာနိုင်တာလဲ မမရဲ့ပြုလုပ်ချက်တွေအတိုင်း အကျိုးပေးတာပဲ၊ မမ မနာလိုပုတ်ခတ်နေလို့ ဘာမှထူးလာမှာ မဟုတ်ဘူး"

လို့ ပြန်ပြောခဲ့သည့် လင်း ရဲ့စကားအဆုံးမှာ သက် ရဲ့လက်တစ်ဖက် မြောက်တက်သွားတာ ဖြစ်သည်။

ကိုကြီးနှင့် ကိုလေး ဝင်လာတော့ လင်း ကိုပဲ သူမက ပြန်ပြီး စိန်ခေါ်ခဲ့သေးသည်။ နောက်ထပ် ဒီလို မျိုသိပ်ချုပ်ထိန်းနိုင်ဖို့ဆိုတာ





လင်း ကိုယ့်ကိုယ်ကိုယ် မသေချာတော့ပါ။ ထို့ကြောင့်...

"ဟိတ်..၊ ငါ့ကိုကြည့်စမ်း..."

"ဟင်!..."

ကားလမ်းမကြီးဘေးမှာ လင်း ရုတ်တရက် အတိတ်မေ့သွားသူလို ကိုလေး အသံကြားမှ သတိဝင်၏။

"ပြောနေတာ ကြားလား၊ ဘာငိုင်နေတာလဲ"

"လင်း မလိုက်ဘူး"

"ဟိတ်..၊ ရပ်နေစမ်း လင်းရာသီ"

လင်း က မရပ်ဘဲ ပလက်ဖောင်းပေါ် ပြန်တက်ပြီး အပြေးတစ်ပိုင်း လျှောက်၏။ ခြား ၏ မချိမဆံ့ဒေါသနှင့် ခုန်ပေါက်ထွက်လာသော တက်ခေါက်သံနှင့်အတူ လမ်းဘေးအတိုင်း ဆိုင်ကယ်နှင့် ကပ်လိုမ့်ပါလာကာ...

"လင်းရာသီ..၊ မင်း ငါ့ဒေါသကို မဆွနဲ့နော်၊ အဲဒီပလက်ဖောင်းဆုံးတာနဲ့ မင်းကို ကျိုးကန်းသွားအောင် တိုက်ပစ်လိုက်လို့ ရတယ်"

"တိုက်ပစ်လိုက်..၊ မလိုက်ဘူး"

လင်း က ပြန်မကြည့်တော့ဘဲ အိတ်လေးကို ပခုံးမှာချိတ်၍ မပြေးရုံတမယ် လျှောက်သည်။ ခြား ကလည်း ဒီတိုင်း ဆက်လိုက်၏။ နောက်ထပ် ပလက်ဖောင်းအဆင်းတွင်...

"ကျွိ.."

"အား..."

ပတ်ဝန်းကျင်လူတချို့ထံမှ 'ဟာ'ခနဲအသံတွေ ထွက်လာသည်။ လင်း ရဲ့ကိုယ်တစ်ခြမ်းက နောက်ကနေ ဆောင့်တွန်းပစ်လိုက်သလို လမ်းပေါ်မှာ ဖရိုဖရဲ ကျလေသည်။

သူမဘေးမှာ ဆိုင်ကယ်တစ်စီး သိမ့်ခနဲ ထိုးရပ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဟဲလ်မက်ကိုပင့်၍ ငုံ့မိုးကြည့်လာသော ခြား ၏မျက်နှာက တင်းနေတာလည်း မဟုတ်၊ အပြုံးအရယ်လည်း မရှိ..။ လင်း ထရပ်ဖို့ ကြိုးစားနေတုန်း အားလူတွေ လာဝိုင်းတွဲတော့မှ...

"ကျွန်တော့်ညီမပါ၊ ပြန်ခေါ်တာမရလို့ တမင် တိုက်ပစ်လိုက်တာ ဘာမှမဖြစ်ပါဘူး၊ ဟုတ်တယ်နော်.."

သူကပဲ ပြန်မေးနေသေးသည်။ လင်း မျက်နှာလေး ငိုမဲ့မဲ့ဖြစ်နေကာ ဘာမှမပြောဘဲနေတော့မှ ရောက်လာသည့်လူတွေ ဟိုကြည့် ဒီကြည့် ဖြစ်ကုန်သည်။

ပြီးတော့ 'ဘာကောင်တွေမှန်း မသိဘူး'ဆိုသည့် မျက်နှာနှင့် ပြန်လှည့်သွားကြ၏။ ဘယ်သူမှမရှိတော့ ခြား က နှုတ်ခမ်းမဖွင့်ဘဲ ပြုံးလိုက်ကာ...

"ထပ်ပြေးဦးမလား၊ ဒီတစ်ခါ ဝိုင်းတွဲပေးရုံနဲ့ ပြန်ရပ်လို့မရတော့အောင် တိုက်ပေးမယ်"

"ဘာမှန်းမသိဘူး၊ လူကို တကယ်လုပ်တယ်"

လင်း မျက်ရစ်စောင်းထိုးပြီး ယိုင်နဲ့နဲ့လေး လျှောက်လာတော့ ခြား က ဟွန်းခနဲ ရယ်သည်။

"မှုရယ်နဲ့နော်၊ လင်း ပြန်မလိုက်ဘူး၊ ဘူတာကိုပဲ ပို့ပေး.."

လင်း နောက်မှာထိုင်လိုက်တဲ့အထိ ခြား က စောင့်နေပြီး...

"အဲဒီလို ခိုင်းချင်ရင် အစကတည်းက ဆိုင်ကယ်ကယ်ရီနဲ့ သွားပါလား"

ဆိုင်ကယ်က သိမ့်ခနဲ ဆောင့်ထွက်၏။ အိမ်ကိုတော့ မဟုတ်ပေမယ့်..။





## အခန်း [ ၄၅ ]

ဘယ်နေရာမှန်းမသိပေမယ့် အနိမ့်အမြင့် ချိုင့်ဝှမ်းလေးတွေမှာ မြက်စိမ်းလေးတွေ ဖုံးလွှမ်းနေသဖြင့် ဘယ်မှာဖြစ်ဖြစ် ထိုင်လို့ရသည့် နေရာလေး ဖြစ်သည်။

လူရှင်းနေတော့ အသံဗလံတွေပါ တိတ်ဆိတ်နေ၏။ ဆိုင်ကယ် ရပ်ပြီး ခြား ရှေ့က ထွက်သွားတော့ ခြေထောက်တစ်ဖက်က မျက်နေပေမယ့် လင်း ခပ်ဖြည်းဖြည်း လိုက်ခဲ့ရ၏။

"ထိုင်မလား"

"ဟင့်အင်း"

"ဒါဆိုလဲ ပြော...၊ ခွေးပြေးဝက်ပြေး ပြေးခဲ့ရအောင် ဘာတွေ ဖြစ်လာခဲ့လို့လဲ.."

မထိုင်ဘူးဆိုတော့ ခြား က မျက်နှာချင်းဆိုင် ပြန်လှည့်ရပ်ပြီး မျက်နှာကို တည့်တည့်ကြည့်မေး၏။

"လင်း မနေချင်တော့လို့..."

"အဲဒီလို ပြီးစလွယ် မဖြေနဲ့..၊ သက်တန့်ခင် နဲ့ မင်း ထိရောက်တဲ့ ပတ်သက်မှုတွေရှိတယ်ဆိုတာ အစကတည်းက ငါ ရိပ်မိတယ်၊ မနေ့က ဘာဖြစ်ကြတာလဲ.."

လင်း မဖြေပါ..။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို ထားလိုက်..၊ အခု သူ့ကြောင့်ပဲမို့လား၊ ပြောမပြနိုင်တာကို ထား၊ ငါ နားလည်နိုင်လောက်တဲ့ တစ်စွန်းတစ်စတော့ မင်း ပြောရမယ်"

ငိုထားသည့် မျက်ခွံမို့အစ်အစ် နီရဲရဲလေးကို ခြား က စိုက်ကြည့်၏။ အညိုရောင်တီရှပ်လေးနှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားသဖြင့် လင်း ပုံစံလေးက အမြဲတမ်း လန်းနေခဲ့တာပါ..။

သူမ မျက်နှာလေးက မျက်ရည်တွေ စွန်းထင်းနေတော့ အကျည်းတန်နေ၏။ သူမ တစ်ညလုံး ငိုထားခဲ့မှန်း မျက်နှာလေးက သက်သေခံနေသည်။

ဒီရက်ပိုင်းမှာ ဘာတွေဖြစ်နေကြတာလဲ..၊ သက်တန့်ခင် ကလည်း ခြံထဲဆင်း၊ အခန်းအောင်း၊ ဆာရင် ထမင်းစားနှင့်၊ နေတတ်သလို နေသည်။

ကိုကိုကလည်း သူနှင့် အသွားအလာမပျက် အပြုံးအရယ် မပျက်ပေမယ့် အိမ်ရောက်တာနှင့် ပုလင်းထောင်သည်။

အဆင်ပြေသလို အိပ်၊ စားချင်မှ စား၊ အခု လင်း ကလည်း မနေချင်တော့ဟုဆိုပြီး...

"လင်း..၊ ငါ မေးတာကို ဖြေပါ၊ မင်းနဲ့ သက်တန့်ခင် တစ်ခုခု ဖြစ်နေတဲ့ကိစ္စဟာ ကိုကိုနဲ့လဲ သက်ဆိုင်နေမယ်ဆိုတာ ငါ တွက်မိတယ်၊ အဲဒါ ဘာလဲ..."

လင်း လန့်သွားသည့်မျက်နှာနှင့် ဖျတ်ခနဲ ကြည့်သည်။ နောက်ထပ် အစ်အောက်ခြိမ်းခြောက်မေးလာလျှင် သူမ ခံနိုင်မည်မထင်..။

မမ လုပ်ခဲ့တဲ့အပြစ်တွေကို ကိုလေး သိလျှင် ဘယ်လိုနည်းနှင့်မှ ငြိမ်နေမှာမဟုတ်..။ ထို့ကြောင့် ဒါကို ပြောလို့မဖြစ်ပါ..။

"ဟော့.. ပြောလေ..."





"လင်း ပြန်ပါရစေ"

"မင်း လာပြန်ပြီ ဒီစကား..."

"ကိုကြီးတို့နဲ့ မပတ်သက်ပါဘူး၊ လင်း မရှိတော့ရင်သာ အားလုံး နေသားတကျ ငြိမ်းချမ်းသွားမှာ၊ လင်း ကို သွားခွင့်ပြုပါ ကိုလေးရယ်"

"မပြနိုင်ဘူး..၊ မင်း ထင်တဲ့အကြောင်းတွေ မပါဘဲ ပြောမယ်၊ မင်းကို ဘယ်မှ သွားခွင့်မပြုဘူး"

လင်း နှင့် ခြား မျက်လုံးချင်းဆုံသွားသည်။ ခဏကြာတော့ ခြား က မျက်နှာလွှဲသွား၏။

မင်း မသိလို့ပါ လင်းရာသီ..၊ မင်းမရှိတော့ရင် မနေတတ်ကြတဲ့ သူတွေ အိမ်မှာရှိတယ်၊ မင်းနဲ့ပတ်သက်လာရင် မင်းကို ရင်ခွင်ထဲမှာ ထားပြီး အားလုံးကို ဖယ်ရှားကာကွယ်ပေးဖို့လည်း သူတို့က အဆင် သင့်ပဲ။

အဲဒီလူတွေ ဘယ်သူတွေလဲဆိုတာတော့ မင်းသိခွင့်မရှိဘူး—

"ကိုလေး..."

"ပြော..."

"လင်း... လင်း... မမနဲ့ အတူနေလို့ မဖြစ်တော့လို့ပါ၊ လင်း အဲဒါကြောင့် နေ့စဉ် ငိုကြွေးနေရပါတယ်ဆိုရင် ကိုလေး ယုံ ဟင်၊ လင်း ကို သွားခွင့်ပြုမှာလား..."

"မင်းကို ငါ အလဲအလှယ်လုပ်ဖို့ မေးနေတာမှ မဟုတ် ပြဿနာရှိလာရင် ဖြေရှင်းလို့ရတယ်၊ အစကတည်းက မင်းအဲ့ ဒီ မှာ နေစေခဲ့တာ သက်တန့်ခင် မဟုတ်ဘူး"

"ကိုလေးတို့က နေစေခဲ့တာ လင်း သိပါတယ်၊ ဒါဆေ ကိုလေးတို့မိသားစုဝင်၊ လင်း က သူစိမ်း၊ လင်း ကြောင့် သ မထိခိုက်စေချင်တာ၊ သဘာဝကျပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြောင့် ထိခိုက်ဖို့ မရှိပါဘူး၊ အခု လောလောဆယ် ဖြစ်နေသမျှ အားလုံးက သက်တန့်ခင် နဲ့ပဲ ပတ်သက်တယ်၊ အဲဒီတော့ မင်းမပြောချင်တာကို မမေးတော့ဘူး၊ ပြန်လိုက်ခဲ့ပါ"

"လင်း စာရေးထားခဲ့ပြီးပြီ..."

"ဗိုးပဲ ခွဲခဲ့ခွဲခဲ့..၊ ထားလိုက်..."

ခြား က လင်း လက်ဖဝါးလေးကို ဆွဲယူလိုက်သည်။ လင်း က ပြန်ဆွဲရန်းတော့ ဖိဆုပ်ထားလိုက်၍...

"မင်းကို အရမ်းဂရုစိုက်ခဲ့တဲ့ ကိုကို့ကို မငဲ့တော့ဘူးလား"

လင်း ငိုင်သွားပြန်သည်။ အဲဒီ ကိုကြီးအတွက်ပါပဲလို့ ပြောချင်ပေမယ့် မပြောနိုင်။ ကိုကြီးကို ငဲ့ညှာတာတွေ၊ သနားတာတွေပဲ လင်းပြောလွန်းလို့ အဘွားတောင် ဒေါသထွက်ခဲ့သည်။

"ကိုယ့်ကိုယ်ကိုယ် သနားဖို့ပဲ သတိရစမ်းပါ လင်းရာသီ ရယ်..၊ ညည်းစကားထဲမှာ ကိုကြီးက ပါးစပ်က မချပါလား"တဲ့..။

လင်း ရင်ထဲမှာ ကိုကြီးအတွက်က အဲဒီလောက်ထိ..။





## အခန်း [ ၄၆ ]

စာဖတ်တဲ့အထဲမှာ ဘယ်လိုမှ စိတ်နှစ်ထားလို့မရဘဲ ဖြစ်နေသည်။ နာရီမော့ကြည့်မိတော့ ည ဆယ့်တစ်နာရီ ထိုးတော့မည်။

ကိုကြီး ထမင်းမစားဘဲ စတိုခန်းထဲမှာ အရက်သောက်နေတာ ညဦးကတည်းက...။

"လင်း..."

"ရှင်..."

တံခါးခေါက်သံနှင့် ခေါ်သံက တစ်ထပ်တည်း၊ တံခါးဖွင့်လိုက်တော့ အပြင်မှာ ခြား က ရပ်နေကာ...

"ကိုကို့ကို မင်း တစ်ချက်လောက် သွားခေါ်ကြည့်စမ်းပါ၊ ငါတို့ခေါ်တာ လုံးဝ မရဘူး"

"မမက မခေါ်ဘူးလားဟင်"

ခြား မျက်နှာ တင်းသွားကာ ဟိုဘက်လှည့်လိုက်ပြီးမှ လင်းကို ပြန်ကြည့်၍...

"မသိဘူး..၊ ဘာဖြစ်ဖြစ် သူလဲ တတ်နိုင်မှာ မဟုတ်ဘူး"

လင်း တစ်ယောက်တည်း တတ်နိုင်တယ်လို့ ပြောလိုက်တာလား ကိုလေးတို့တောင် ဒီလိုထင်နေရင် မမကလည်း ပြောစရာစကား တစ်လုံးကြီးနှင့် တစ်နေရာကနေ စောင့်ကြည့်နေမှာပဲ ဖြစ်သည်။

"နင့်လို ယောကျ်ားလေးနှစ်ယောက်ကြားမှာ မလစ်လပ်အောင် ချိုပျစ်မနေတတ်တော့ ငါက ဖယ်ကြဉ်ခံရတဲ့ဘဝ ရောက်တာ..."



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့နေရာကိုတော့ မရနိုင်ဘူး.."

လင်း နားထဲမှာ သက်တန့် ပြောခဲ့တာတွေက အချိန်မရွေး ခြောက်လှန့်နေခဲ့သည်။

"ကိုလေးရယ်..၊ မမ ရှိရဲ့သားနဲ့ လင်း က သွားခေါ်ရင် သင့်တော်ပါ့မလား၊ လင်း ဘက်ကိုလဲ ပြန်တွေးကြည့်ပါဦး"

"ငါတို့မိသားစုထဲမှာ ဒါတွေ ရှိခဲ့သလား လင်း..၊ နင့်ကို ညီမလေးတစ်ယောက်အဖြစ် ကိုကို ကိုယ်တိုင် သတ်မှတ်ခဲ့တာ၊ သူ့မျက်နှာကိုပဲ ကြည့်မှာလား၊ ငါတို့အားလုံးကို ကြည့်မှာလား၊ အဓိပ္ပာယ်မရှိတာတွေနဲ့ တွေဝေမနေစမ်းပါနဲ့"

ထပ်မခေါ်တော့ဘဲ ခြား ဒေါကန်ပြီး ထွက်သွား၏။ လင်း တံခါးဝမှာပဲရပ်လျက် ခြေလှမ်း ဘယ်ကိုရွှေ့လျားရမှန်းမသိဘဲ ကျန်ရစ်ခဲ့သည်။ အောင် ကတော့ တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ကျေနပ်အားရဖြစ်နေကာ အိပ်ပျော်တာလည်း မဟုတ်ဘဲ မျက်လုံးတွေက ဖွင့်မရ..။

အိပ်ရာထဲမှာ မဟုတ်ဘူးဆိုတာ သိနေသည့်တိုင် စားပွဲပေါ်မှာ မျက်နှာ တစ်ခါမှောက်ကျသွားတိုင်း အလွယ်တကူ ပြန်ထူလို့ မရ..။

ထိုစဉ် ခြေသံဖွဖွနှင့် လူရိပ်တစ်ရိပ် အနားကိုရောက်လာတာကို သိလိုက်၏။ မော့ကြည့်လိုက်တော့ လင်း ရယ်..။

"ကိုကြီး တော်ပါတော့..၊ အဲဒါတွေ မသောက်ပါနဲ့တော့နော်"

"လင်း... လင်း ကိုကြီးဆီကို လာတာလား၊ အေ့... လင်း ရယ်..၊ ကိုကြီးလေ... ကိုကြီး မှားသွားတယ်..၊ မင်းနဲ့ ကိုကြီးတွေ့တာ ဘာဖြစ်လို့ နောက်ကျခဲ့တာလဲ..."

စားပွဲပေါ်မှာ ချထားသည့် လင်း ရဲ့လက်ဖဝါးလေးကို ထပ်ဆုပ်ထားမိသည်။ ပြီးတော့ တယုတယ ပွတ်သပ်ဖိဆုပ်ရင်း ထိုလက်ဖဝါးလေးကို ရင်ဘတ်မှာ ဆွဲကပ်ထားမိ၏။





"ကိုကြီး မင်းနဲ့ မခွဲနိုင်ဘူး"

ပြောရင်း စားပွဲကို လက်ထောက်၍ ဒယိမ်းဒယိုင် ထရပ်သည်။ လင်း ရဲ့လက်ဖဝါးလေးကို ယုယစွာ ထွေးပိုက်ထားရင်း...

"မင်းနဲ့ မခွဲနိုင်လို့ ကိုယ်.. ကိုယ် ဒီကနေ ဘယ်မှမသွားနိုင်ခဲ့တာ၊ အေ့... မင်း... မင်း..နဲ့ ဘာလို့ လွဲခဲ့တာလဲ၊ မင်းကိုပဲ ကိုယ် ချစ်တယ်"

တောက်..၊ အောင် ပွေ့ပိုက်ထားသည့်လက်ကို ဆောင့်ရုန်းကာ သက် တက်ခေါက်မိ၏။ မျက်လုံးမဖွင့်နိုင်အောင်မှုးနေပြီး သူ့ကိုမှ ချစ်ပါတယ်ဆိုတာတွေကျတော့ ပြောဖို့ ဒီပါးစပ်က အလွတ်ရနေသလား..။

ရိုင်းစိုင်းချင်နေသည့်စိတ်က ကြေကွဲမှုများနှင့် ပိုမို အရောင်ရင့်သွား၏။

"ချာတိတ်..၊ စိတ်ညစ်နေလားဟင်၊ မညစ်နဲ့နော်..၊ ကိုကြီး မသောက်တော့ဘူး၊ အိပ်တော့မယ်"

တော်တော်ကို ချစ်ရှာတာပါလား။ သက် မျက်လုံးတွေ အရောင်ထွက်မတတ် စူးရဲသွားခဲ့သည်။ ညဦးတုန်းက မသောက်ပါနဲ့လို့ သူမ အတန်တန်တားခဲ့တုန်းက 'အနားကို မလာပါနဲ့၊ တောင်းပန်ပါတယ်' တဲ့..။ လူကို ပုပ်စော်ဟောင်စော်နံနေတဲ့ ချဉ်ပတ်အိုးကြီးလို..။

"ချာတိတ်..."

အောင် က တိတ်ဆိတ်စွာရပ်နေသည့် သူမ ပခုံးကို လှမ်းကိုင်လိုက်လျှင်...

"အဲဒီမှာ လဲသေလိုက်တော့၊ သွား..."

"ဝုန်း... ဝုန်း..."

"ချလွမ်း..."

"ကိုကြီး..."

လင်း အခန်းရှေ့ရောက်လာသည်နှင့် သက်တာန့် တွန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တာ တစ်ချိန်တည်း ဖြစ်၏။ စားပွဲနှင့် ကုလားထိုင်ကြားမှာ ပက်ခနဲ လန်သွားပေမယ့် အောင် က လဲကျမသွားအောင် ထိန်းသည်။ ထိုအခါ လက်နှင့် တွန်းတိုက်ပစ်လိုက်သလို ဖြစ်ကုန်သည့် စားပွဲပေါ်ကအရာ တွေ လဲပြိုလိမ့်ကျကုန်လေသည်။ အခန်းထဲမှာ ဝုန်းဒိုင်းကြဲသွား၏။

"ကိုကြီး...၊ မမ ဘယ်လိုလုပ်လိုက်တာလဲ၊ ကိုကြီးက မူးနေတဲ့သူ..."

"အောင်မာ...၊ နင် နောက်ဆုတ်စမ်း...၊ ငါ့ယောက်ျားကို ဝင်တွဲစရာ မလိုဘူး၊ သွား... ထွက်သွား..."

"လင်း... လင်း... မဟုတ်ဘူးလား"

အောင် အသိတွေ မချာတစ်ချက် ချာတစ်ချက်နှင့် အမြင်အာရုံထဲ မှာ မိန်းကလေးနှစ်ယောက်လို့ ပီပြင်စွာ မြင်လာ၏။

ပြီးတော့ လက်ဖဝါးထဲက တဖျင်းဖျင်း နာကျင်ခြင်း...။

"ကိုကြီးလက်ကို ဖန်ကွဲရှသွားပြီ..."

"ဘာဖြစ်ဖြစ် နင် ပူစရာမလိုဘူး၊ ဖယ်ဆို ဖယ်..."

သက် က လင်း နှင့် အောင် ကို အတင်း ဆွဲလွှဲတွန်းပစ်သည်။ လင်း တွဲထားတာ လွှတ်သွားသည်နှင့် အောင့် ကိုယ်ကြီး ကုလားထိုင် မှာ အင့်ခနဲ ဝစ်ဆောင့်ကျ၏။

"သက်...၊ မင်း... မင်း... ရပ်နေစမ်း...၊ လင်း ကို မင်း ဘာမှ မလုပ်နဲ့နော်...၊ ချာတိတ် သွားတော့..."

လက်ဖဝါးမှ သွေးစက်တွေ တတောက်တောက်ကျနေလျက် လင်း အတွက် ပြောနေတော့ ဘယ်လိုမှ စိတ်မခိုင်တော့ဘဲ လင်း မျက်ရည်ကျမိသည်။

"မမကို လင်း ဘာမှ မတိုက်ခိုက်ပါဘူး၊ ကိုကြီးကလဲ သည်းခံတဲ့ သူပါ၊ မမ ခုလို ကိုယ်ထိလက်ရောက် ဆပ်မလုပ်ပါနဲ့၊ လင်း တောင်း ပန်ပါတယ်"





"ကြည့်စမ်း...၊ နင်ကလား ငါ့ကို..."

လင်း ကို ရိုက်ဖို့ သက် က လက်ရွယ်လျက် ရှေ့တိုးလိုက်၏။

"တော်တော် ရိုင်းစိုင်းတဲ့မိန်းမ..."

ခြား အပြေးတစ်ပိုင်းဝင်လာကာ သက်တန့် ရွယ်ထားသည့်လက်ကို အရှိန်ပြင်းပြင်း ပုတ်ထုတ်ပစ်လိုက်၏။ သက်တန့် နောက်ပြန်ယိုင်သွားကာ...

"ဘာဖြစ်ဖြစ် ငါပဲ လွန်တယ်...၊ နင့်အစ်ကို ဘာတွေ ပြောနေလဲ သိလား၊ သူကတော့ သည်းခံသလိုလို စောင့်ထိန်းသလိုလိုနဲ့ စိတ်ထဲက ထင်တိုင်းဖောက်ပြန်နေတာ..."

"အဲဒါ မင်းကိုယ်မင်း ဘယ်လိုမိန်းမလဲဆိုတာ ပြန်ကြည့် ကိုယ်ယူထားတဲ့ယောက်ျားက တခြားမိန်းကလေးကိုမှ သဘော တယ်ဆိုတာ ဘယ်သူ ညံ့တာလဲ..."

"ဘာပြောတယ်..."

"ညီ... ညီ.. တော်တော့..၊ တော်ကြပါတော့..."

အောင် ခပ်ယိုင်ယိုင်ဖြစ်နေပေမယ့် အခြေအနေကိုတွက်မိ ဖြစ်သည်။ သူ အမြင်တွေမှားပြီး မူးမူးနှင့် ဘာတွေပြောဖြစ်ခဲ့မှန်း

"သက်..၊ ကိုယ် မှားသွားတာကို တောင်းပန်ပါတယ်၊ နေ မနက်ဖြန် ကိုယ်တို့ ရန်ကုန်ကို ပြောင်းကြမယ်၊ မင်း ကျေနပ်ပါ နော်..၊ ကျေနပ်ပါ၊ အခု အားလုံး သွားကြပါတော့..."

အခန်းတံခါးဝမှာ ရပ်နေသည့် ဒေါ်စိန်စီလင်း မျက် ဝေနေခဲ့၏။ ဒီအိမ်မှာ ဒီလိုတွေ မဖြစ်ပျက်ခဲ့ဖူးပါ။ အရက် ဆေးလိပ်တောင် မသောက်ခဲ့တဲ့ သားကြီး...၊ ခုတော့...

ကံကြမ္မာက ဘယ်လိုတေးသွားမျိုးနှင့် ဇာတ်သိမ်းချင်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၇ ]

"သက် ကို ခွင့်လွှတ်ပါ ကို..."

"ဘာကိုလဲ..၊ မလိုပါဘူး သက် ရယ်၊ ကိုယ်လဲ လွန်ခဲ့ပါတယ်"

အောင် က သက် ကို မကြည့်ပါ။ သက် ကတော့ ဆေးတိုက်မြင်နေရသည့် အောင့် မျက်နှာကို စိုက်ကြည့်ရင်း မသိမသာ အံကြိတ်၏။

ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ဒီကနေ အောင် နှင့်သူမ အတူတူထွက်နိုင်ရင်ပြီးပြီ..။

"ကိုယ့်ဒဏ်ရာကြောင့် ခရီးထွက်ဖို့အစီအစဉ် ဆိုင်းလိုက်ရတာကိုလဲ ကိုယ် တောင်းပန်ပါတယ်"

"မဟုတ်ပါဘူး ကိုရယ်..၊ အဲဒါ သက် ကြောင့်ဖြစ်တာပါ၊ တကယ်ဆို ကိုတို့ရဲ့သံယောဇဉ်ကို သိထားရက်နဲ့ သက် ဒီလို မပေါက်ကွဲသင့်ဘူး"

ပြောနေရင်း ပတ်တီးကို ပြန်ဖြေချနေသည့် အောင့် ဆေးကို သက် က တို့လိုက်ပြီး...

"ဘာလုပ်မလို့လဲ ကို..၊ သက် ပြန်စည်းပေးမယ်"

"ရတယ်..၊ နည်းနည်း ကျပ်နေလို့"

လက်ဖဝါးကို ပတ်စည်းထားသော ပတ်တီးဖြူဖြူကို သူ့ဘာသာ ခွာချနေရင်း သက် ကိုင်မယ်ပြင်တော့ လက်ကို လွှဲရှောင်လိုက်၏။

"ဒီနေ့ အဖျားပြန်မတက်တော့ရင် မနက်ဖြန် ကိုယ်တို့ ထွက်မယ်၊ ပြင်စရာရှိတာ သွားပြင်ထားလေ..."





အနားမှာ မနေစေချင်တာမှန်း သက် နားလည်သည်။ အောင် ဘာဖြစ်လို့ ဒီလောက်ထိ စိမ်းသက်သွားခဲ့မှန်း တွေးလေ မရလေ..။

သူမ ခြိမ်းခြောက်ထားသည့် စကားလုံးတွေကြောင့် လင်း က တော့ ဟိုပြဿနာကို ဖော်ထုတ်မှာမဟုတ်ပေ။ သေချာတာက ဒီကိစ္စတွေကို လင်း မသိခင်ကတည်းက အောင့် ဘက်က အနေအထိုင်တွေ ပြောင်းလဲသွားခဲ့တာ ဖြစ်သည်။

လက်ထပ်ပြီးပြီးချင်း ဒီကိုရောက်လာခဲ့သည်။ ရောက်တဲ့ညမှာပဲ ဆိုင်ကယ်မှောက်ခဲ့၏။

ထို့နောက် လင်မယား စကားပြော အဆင်မပြေတာတွေ၊ သူက တင်း ကိုယ်ကရွဲ့နှင့် ဖြစ်နေကြတာတွေ ဘာတွေကြောင့်ဆိုတာ ခိုင်လုံမှုမရှိဘဲ သူမနှင့် အောင် တို့ လင်ခန်းမယားခန်းမမြောက်ဘဲ ရှိခဲ့တာ ဒီနေ့ထိ..။

အားလုံးကို ခြုံငုံတွက်ကြည့်တော့ အောင် ကိုယ်တိုင်က သူမ အပေါ်မှာ တပ်မက်မှုမရှိလို့ ရှောင်နေခဲ့တာတွေ ဖြစ်ခဲ့သည်။ ဒါဆို ခြား ပြောသလို သူမက အသုံးမကျတဲ့ မိန်းမလား..။

နေရာမှ အသာထလာခဲ့ရင်း ထမင်းစားခန်းရှေ့ကဖြတ်တော့ အထဲက စကားသံတွေ ကြားရသည်။

"တရားရိပ်သာမှာ သက်သတ်လွတ်တွေပဲ စားခဲ့တော့ အသားငါးတွေလဲ မစားချင်တော့ပါဘူး သမီးရယ်၊ အန်တီ့အတွက် သပ်သပ် ခေါင်းရှုပ်မခံနဲ့၊ ညည်းအစ်ကိုကြီးအတွက်ပဲ စားချင်သောက်ချင်စိတ်လေးဖြစ်အောင် ဖွယ်ဖွယ်ရာရာ လုပ်ပေးလိုက်နော်၊ ရန်ကုန်ပြန်ကြတော့မှာဆိုတော့ အရင်လို စားသောက်ပျော်ရွှင်နေတာလေး မြင်ချင်တယ်ကွယ်၊ သားကြီးက ဒဏ်ရာကြီးနဲ့တောင် ပြန်မယ် ဖွတ်လုပ်နေတာ.."

"ဟုတ်တယ်..၊ ညက ကိုယ်ပူတွေတက်ပြီး မနက်ကျ မပူတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသွားပြီ၊ ပြန်မယ်နဲ့ ခွတ်လုပ်နေတာ၊ ခြားလေး ဝင်ပြောလိုက်လို့"

ဒေါ်သန်းသန်း က ဝင်ပြောပြီး ထမင်းစားပွဲကို သန့်ရှင်းနေသည့် လင်း ကို ဝင်ကူ၏။ ခန်းဆီးစကို အသာလေး တိမ်းဖယ်ပြီး သက်ချောင်းကြည့်တော့ အထဲမှာ မခင်မူ ရော၊ ဒေါ်သန်းသန်း ရော အားလုံး ရှိနေကြ၏။

မခင်မူ က ချက်ပြုတ်နေတာပေမယ့် လင်း က ဟိုဟာလှမ်းပေး၊ ဒီဟာလှမ်းထည့်နှင့် လက်ညှိုးထိုး ခိုင်းနေတာလည်း တွေ့၏။

"ကိုကြီးအတွက်ရော အန်တီ့အတွက်ပါ လင်း က စီစဉ်ပြီးသားပါ၊ ဒဏ်ရာရှိတဲ့လူလဲ အရေးကြီးတာပဲ၊ လူကြီးကလဲ လိုအပ်တာပဲ၊ အသက်ကြီးတဲ့လူမှာ ရောဂါတစ်ခုဝင်ရင် တော်တော်နဲ့ မပျောက်တော့ဘူး အန်တီရဲ့၊ အဲဒါကြောင့် ကောင်းနေတဲ့အရှိန်လေး မပျက်အောင် ထိန်းနိုင်ရတယ်"

"ဟုတ်ပါပြီ..၊ ဟုတ်ပါပြီ..."

ဒေါ်စိန်စီလင်း က သဘောတွေ ကျနေလိုက်တာ..၊ မ,ကိုင်ထားသည့် ခန်းဆီးစကို ချပစ်လိုက်မိ၏။ ခြေထောက်တွေကတော့ အခန်းရှေ့ကနေ မရွေ့လျားမိသေးပါ။ ထို့ကြောင့် မုန်းစရာကောင်းသည့်အသံတွေကိုလည်း ကြားနေရ၏။

"ပုစွန်ဆိတ်သေးသေးလေးတွေနဲ့ ခရမ်းချဉ်သီး စပ်ချဉ်လေး အန်တီ့အတွက် လုပ်ထားတယ်၊ ပဲဝါလေးဟင်းချိုနဲ့လေ"

"ဟုတ်လား..၊ ဒီလိုဆိုတော့လဲ စားချင်စိတ်လေးတောင် ဖြစ်လာတယ်၊ ကျေးဇူးပါပဲ သမီးရယ်၊ အန်တီကလေ သားကြီးတို့လင်မယားနဲ့ သမီးကို ထည့်လိုက်ချင်တာ၊ အန်တီတို့ အားလုံးပဲ ဒေါ်သန်း ရဲ့ လက်ရာကို ကြိုက်ကြတယ်၊ သမီးက ဒေါ်သန်း လက်ရာကို မီတော့ သားကြီးအတွက် အဆင်ပြေအောင်လို့၊ ဒါပေမယ့် သားကြီးက ဟိုမှာ





နေရာထိုင်ခင်း အဆင်သင့်မဖြစ်သေးဘဲ ပြောင်းရမှာမို့ မခေါ်သေးဘူးတဲ့၊ သားငယ်ကလဲ သူဆောက်ထားတဲ့တိုက်တွေကို ပေးမနေဘူးကွယ်၊ တစ်ချိန်တည်း အားလုံး ရောင်းထွက်မှာကျနေတာပဲ၊ အန်တီက တစ်လုံးပြန်ရောင်းပါဆိုတာတောင် ပြောထားပြီးသားတွေတဲ့..၊ အစ်ကိုကို နေရာတကာညှာခဲ့ပြီး ဒါကျမှ ဘာဖြစ်မှန်း မသိပါဘူး"

ဒေါ်စိန်စီလင်း က စိတ်လိုလက်ရ စကားတွေ ပြောနေခဲ့၏။ တစ်နေကုန်နေလို့ စကားသုံးလုံးကွဲအောင် မပြောခဲ့တဲ့သူက ခုတော့ ချောလို့ပါလား..။

သက် နားမထောင်ချင်တော့၍ ထိုနေရာမှထွက်လာခဲ့မိသည်။ လင်း အပေါ်မှာ အထက်စီးက ဆက်ဆံပြီး ခွဲခြားချင်တဲ့စိတ်နှင့် သူမ မီးဖိုချောင် မဝင်ခဲ့မိတာပါ..။

ပြီးတော့ ဒေါ်သန်းသန်း က မမှတ်မိဘူးဆိုပေမယ့် အဲဒီလောက် ထိ နီးနီးကပ်ကပ် မနေရဲ့ခဲ့တာလည်း ပါသည်။

ခုတော့ သူမက အောင် နှင့်ပတ်သက်ပြီး ဂရုတစိုက် ချက်ပြုတ်ကျွေးမွေးဖို့ အခွင့်အရေးလည်း မရ။ အနားမှာကပ်ပြီး ပြုစုပေးချင်ပေမယ့်လည်း အောင် က နှစ်လိုခြင်းမရှိ။ ဘဝဟာ စည်းစိမ်ဥစ္စာ ပြည့်စုံနေရုံနှင့် မပြီးမြောက်မှန်း ကြာလေ သိလာခဲ့လေ။ ငဲ့ညှာတတ်သည့် အောင့် အပေါ်မှာ အခွင့်အရေးယူပြီး လက်ထပ်ဖို့ပဲ ကြိုးစားခဲ့မိတာ သူမ မှားခဲ့ပါ၏။

"တိန်းတောင်..."

အပေါ်တက်တော့မလို့ ခြေလှမ်းက အိမ်ရှေ့က ဘဲလ်သံကြောင့် အပြင်ကိုပဲ ထွက်လာခဲ့မိ၏။ သို့သော်...

"ဟင်!... ဒေါ်လေး..."

ပြုံးပြနေသော ဒေါ်မြတ်နီး မျက်နှာက အစွယ်ငေါ်ငေါ်နှင့် သွား



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးပြနေသည့် ဘီလူးနှယ်..။

"တံခါးဖွင့်ပါဦး သက်တန့် ရယ်..၊ လိပ်စာကလဲ မမှတ်မိတော့ ရတနာလမ်းဆိုတာကို ရှာလိုက်ရတာ ဖတ်ဖတ်ကို မောနေတာပဲ"

အော်ကျယ်ကျယ်ပြောနေတာကို မြန်မြန်ပိတ်သွားအောင် သက် တံခါးသွားဖွင့်ပေးလိုက်သည်။ ထိုစဉ် ဒေါ်မြတ်နိုး ဝင်လာတာနှင့် ဒေါ်စိန်စီလင်း နှင့် လင်း တို့ အပြင်ထွက်လာကြတာ ပက်ပင်းတိုးသွား၏။

"ဟင်!... လင်းရာသီ..."

လွှတ်ခနဲ ခေါ်လိုက်ပြီး သက်တန့် ကို ပြန်ကြည့်၏။

"ညည်းတို့နှစ်ယောက်က..."

မထင်မှတ်ဘဲ မျက်နှာချင်းဆိုင်မိသွားတာကို သက် လည်း ကြောင်တောင်တောင် ကြည့်နေခဲ့မိ၏။ ဒီမှာ လင်း နှင့် လာဆုံနေသည့် တိုက်ဆိုင်ပုံတွေကို ဖေဖေ့ကို ဖုန်းဆက်ပြောကတည်းက ဒေါ်မြတ်နိုး အိမ်မှာမရှိတော့တာ ဖြစ်သည်။

အစကတည်းက အိမ်မှာ ရှားပါးလာတာ ဖေဖေ ဘာမှမလုပ်ဘဲ ထိုင်နေတာတွေအပေါ် ဒေါ်မြတ်နိုး က မကျေနပ်ခဲ့တာဖြစ်သည်။ ဒါကို ဖေဖေကလည်း ဂရုမစိုက်..။

နောက်ပိုင်းမှာ ဖေဖေနှင့်လမ်းခွဲသွားတဲ့အထိ ဖြစ်ခဲ့တာလည်း ဖေဖေနှင့်ဖုန်းပြောရင်း သက် သိထားခဲ့၏။

ဒီထဲမှာ လင်း နှင့်သူမ ဒီမှာ အတူရှိနေတဲ့အကြောင်း ဒေါ်မြတ်နိုး မသိနိုင်ခဲ့တာကတော့ အမှတ်တမဲ့ပါ။ ဒါတွေ ပြောပြဖို့အထိ ဖေဖေနှင့် ဒေါ်မြတ်နိုး ပြန်လည်စည်းလုံး၍မရတော့တာ ဖြစ်မည်။

ခုတော့ ဘယ်သူ့ကို ဘယ်လိုမှ မတားဆီးလိုက်နိုင်ဘဲ ဒေါ်မြတ်နိုး ကလည်း ပြောထွက်သွားသည်။ လင်း ကလည်း 'ဒေါ်လေး'လို့





ခေါ်သံထွက်၏။

သက် ရဲ့ မလုံမလဲကြည့်နှင့် ဒေါ်စိန်စီလင်း ရဲ့နားမလည်သော မျက်လုံးတွေ ဆုံစည်းသွားသည်။

"ဩော်... အဟွန်း..၊ အံ့ဩလို့ပါ၊ တစ်ယောက်တစ်နေရာစီ ထွက်သွားကြပြီး ဒီမှာ အတူတူ လာတွေ့နေရတော့လေ..."

ရှင်းပြမှ ပိုရှုပ်ကုန်၏။ သက် ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ဒေါ်မြတ်နိုး ရဲ့လက်ကိုဆွဲ၍ အခန်းထဲကို တန်းဝင်သွားသည်။

"သမီး..၊ သမီးနဲ့ သက် က..."

ဒေါ်စိန်စီလင်း ရဲ့မေးသံကို နောက်မှာ ကြားလိုက်ရပြီး သက် ရဲ့ ခြေလှမ်းတွေ ကြမ်းခင်းနှင့် ဆိမိသည်မထင်။ ဒီလောက် တည့်တည့် တိုးမှတော့ လင်း က ပြောပြနေပြီပေါ့..။

"ဂျိမ်း..."

တံခါးကို အကြမ်းပတမ်းပိတ်ပစ်လိုက်ကာ ဒေါ်မြတ်နိုး ကို ဖူးရှူး ဝါးဝါး ကြည့်၏။ ဝတ်ကောင်းစားလှ ဝတ်ထားပေမယ့် သားရေလွယ် အိတ်ကြီးတစ်လုံးနှင့် ခရီးပန်းလာမှန်း သိသာသည်။ ပြီးတော့ လက် ဝတ်လက်စား ဘာမှမပါဘဲ ထည်ဝါခြင်းမရှိသော ပုံပန်းနှင့်..။

"ပြောပါ..၊ ဒေါ်လေး ဘာလာလုပ်တာလဲ..."

"ဘယ်လို မေးလိုက်တာလဲ သက်တန့် ရယ်..၊ ငါက ဘုရားဖူး ကားနဲ့ လာတာ၊ ညည်းဆီကို ဝင်ချင်လို့ တမင် တစ်ယောက်တည်း ချန်နေခဲ့တာ သိလား"

"ဝင်ချင်လို့ဆိုတာကို ရှင်းပြစမ်းပါ..၊ ဒေါ်လေးနဲ့ ဖေဖေက ကွာ ရှင်းပြီးသား"

"မကွာရှင်းရပါဘူးအေ..၊ လင်နဲ့မယား အပြောအဆိုမတည့်လို့ ခဏတစ်ဖြုတ် အဆင်မပြေဖြစ်တာ..."



www.burmeseclassic.com

www.burmeseclassic.com

"ခဏတစ်ဖြုတ် မဟုတ်ဘူး၊ သက် ဒီရောက်ကတည်းက ဖေဖေနဲ့ခေါ်လေး လမ်းခွဲခဲ့တာ..၊ အဲဒါကို ဘာဖြစ်လို့ သက် ဆီကို မျက်နှာပြောင်ပြောင်နဲ့ ဝင်လာတာလဲ"

"သက်တန့်ခင်..၊ ညည်း ပြောတာတွေ ရင့်သီးလှချေလားဟင်၊ ဟုတ်ပါတယ်..၊ ငါတို့ ကွဲနေကြတာပါ၊ ဒါပေမယ့် ညည်းဆီမှာ ခဏတစ်ဖြုတ်နေပြီး ညည်းဆီရောက်ခဲ့တဲ့ သတင်းကောင်းလေးနဲ့ ငါ လွန်လွန်ကျူးကျူး ပြောခဲ့မိတာတွေကို တောင်းပန်မလို့..၊ ညည်းအဖေကို မျက်နှာလိုအားရ လုပ်ချင်လို့ပါ.."

"ကိုယ်လုပ်တာ မှားတယ်ဆိုရင်လဲ ကိုယ့်ဘာသာ ဖြေရှင်းဖို့ ကြိုးစားပေါ့၊ အခု ခေါ်လေး မပြောမဆို ရောက်လာတဲ့အတွက် ဘာတွေဖြစ်ကုန်ပြီလဲ သိလား..."

"ဘာတွေ ဖြစ်ကုန်လို့လဲ"

ခေါ်မြတ်နိုး က တကယ် ဘာမှမသိတဲ့လူပါ။ ဒီအခန်းထဲကို သက် ဆွဲခေါ်လာတော့ အကျိုးအကြောင်းတွေကို ရှင်းပြမလို့ပဲ မှတ်ခဲ့သည်။ သက် က သူမနှင့် အိတ်ကြီးကို ခါးထောက်ကြည့်ကာ...

"ဘာတွေဖြစ်ကုန်တာလဲလို့ မမေးဘဲ ခေါ်လေး ပြန်လိုက်ရင် ကျေးဇူးတင်တယ်၊ သွားလာရင်း ပိုက်ဆံပြတ်လို့ဆိုလဲ ဘယ်လောက်လိုချင်သလဲ ပြော..."

"ဘယ်လို!... ဘာပြောလိုက်တယ်.."

သက်တန့် တအားအော်ဟစ်ပြီး ရိုက်ပုတ် မောင်းထုတ်လိုက်ချင်တဲ့စိတ်တွေ တဖွားဖွား ဖြစ်လာခဲ့၏။ ဒီအချိန်တွေကျမှ ဘာဖြစ်လို့ သူမချည်းပဲ ဒုက္ခရောက်ဖို့တွေ ဖြစ်လာခဲ့တာလဲ..။

အခြေအနေအရပ်ရပ်က ဘာလို့ ကိုယ့်ဘက်မှာ မရှိခဲ့တာလဲ..။

"ညည်း ပြောထွက်ရက်တယ် သက်တန့် ရယ်..၊ ခရီးစရိတ် လို





ချင်တာလောက်နဲ့ ညည်းဆီကို တကူးတက လာတောင်းနေဖို့ မလိုပါဘူး၊ ငါတို့ ဘုရားဖူးအဖွဲ့မှာ ငါနဲ့ရင်းနှီးတဲ့လူတွေချည်းပဲ"

ဒါဆို ဘာကိစ္စလဲ ဆိုသည့် မျက်လုံးတစ်စုံ တန်းခနဲ ရောက်လာသည်။ ခေါ်မြတ်နိုး ကလည်း သက်တန့် ရဲ့ဆက်ဆံရေးကို နားလည်လိုက်ပြီမို့ မျက်ဝန်းတွေ အရောင်ပြောင်းသွား၏။

ဟိုတုန်းကတည်းက တည့်ခဲ့ကြတာမဟုတ်။ ခုလည်း သူ့အဖေနှင့် ကွဲကွာနေပြီမို့ သက်တန့်ခင် မဆိုင်သလို နေချင်တာကို နားလည်နိုင်သည်။ ဒါပေမယ့် အိုးပုတ်လေးတွေနှင့် ကစားကြတဲ့အရွယ်မှ မဟုတ်တော့တာ..။

ကိုယ်နှင့်ပတ်သက်ပြီး ရောက်လာတဲ့သူ..၊ ပြီးတော့ သူ့အဖေရဲ့ မိန်းမ၊ ဟန်ဆောင်ပျူငှာမှုလေးတော့ မရှိသင့်ဘူးလား..။

ခုတော့ ဒီအိမ်သားတွေရှေ့မှာ လူကို ဆွဲချလာတာ အိမ်ထဲကို သွင်းတာမို့လို့ပေါ့..။

မဟုတ်ရင် သူတောင်းစား ဆွဲထုတ်သွားတာနှင့် ဘာမှမထူး..။ ခပြင်းသည့်စိတ်က ဟိုအရင် မသင့်မြတ်ခဲ့တာတွေနှင့် ရောနှောကာ အင်တိုက်အားတိုက် ဖြစ်သွားခဲ့ပြီး...

"ညည်းက မမေးနဲ့တော့ဆိုပေမယ့် သူတောင်းစားလို ဆွဲထုတ်ခံလိုက်ရတဲ့ ငါကတော့ ငါ့အဖြစ်ဆိုးရတဲ့အကြောင်းကို သိချင်တယ်၊ ပြောစမ်းပါ..၊ ငါ ရောက်လာတဲ့အတွက် ညည်းမှာ ဘာတွေ ဖြစ်သွားနိုင်သလဲ"

ခေါ်မြတ်နိုး ဘီလူးဆိုင်းတီးပြီဆိုတာ သိလိုက်ကာ သက် မျက်နှာ အပျက်ကြီးပျက်၏။ ဒီလိုမိန်းမကြီးကို အဆင်ပြေအောင် ဟန်ဆောင် ပေါင်းသင်းထားဖို့ လိုတယ်ဆိုတာ သူမ မှားယွင်းစွာ မေ့လျော့ခဲ့ခြင်း အတွက်...

www.burmeseclassic.com

"ဒေါ်လေးကို သက် က..."

"ပြော... ဆက်ပြောပါ..၊ ညည်း ငါ့ကို ဘယ်တုန်းကမှ ကရိ တသေ တလေးတစား မရှိခဲ့တဲ့အကြောင်းတွေ၊ အခုလဲ ငါက မျက်နှာ ပြောင်ပြောင်နဲ့ ရောက်လာတယ်ဆိုတာတွေ..."

ဒေါ်မြတ်နိုး က ပြောရင်း ကျယ်ရင်းနှင့် ဒီအသံကို အပြင် မပေါက်အောင် ဘယ်လိုမှထိန်းလို့မရတော့တာကို သက်တန့် နား လည်လိုက်၏။

သူမဘက်မှာ ဖာထေးပြင်ဆင်ခွင့် မရှိတော့ပါ..။

"ငါကတော့ 'ကျွန်တော်ဝင်တဲ့ ရွှေမင်းသမီး' ဆိုတဲ့ စေတနာနဲ့ အခြေအနေလေး လာကြည့်တာပါ၊ ဟိုမှာတုန်းက လင်းရာသီ ကို ညည်းပဲ ပါးရိုက်နားရိုက် နှိပ်စက်ပြီး အိမ်ပေါ်က နှင်ချလိုက်တာ..."

"ဒေါ်လေး ဘာတွေ လာပြောနေတာလဲ..၊ စကားကို ဆင်ဆင် ခြင်ခြင် ပြော..."

"မဆင်ခြင်တတ်ဘူး၊ ညည်းက ဝင်ဝင်ချင်း ဆောက်နဲ့ထွင်းတော့ လဲ ငါက ပုဆိန်ကိုင်သင့်ရင် ကိုင်ရမယ်လေ၊ လင်းရာသီ ကို ညည်းနဲ့ အတူတူ မြင်လိုက်ရလို့ အံ့ဩသွားတာ ငါ့အပြစ်ရှိလား၊ ညည်းသာ လိမ္မာရင် အချိန်မီ ဖုံးဖိလို့ရတယ်၊ မျက်စိတစ်ချက်ပစ်လိုက်တာနဲ့ ငါက အရိပ်သုံးပါး နားလည်တဲ့သူပါ"

"နားလည်လို့ အခု ဒီစကားတွေ ပြောနေတာလား၊ ဒေါ်လေးဟာ မိထွေးပီသသလောက် စိတ်ဓာတ် အရမ်းအောက်တန်းကျတယ်၊ သိလား"

"ဘာ!... ဟား...ဟား...ဟား... သက်တန့်ခင် ရယ်..၊ ငါးဖယ်က ငါးပတ်ကို အရိုးများတယ် ပြောနေလိုက်တာ၊ အေး... ဟုတ်ပြီ..၊ ငါက မိထွေးပီသသွားပြီ၊ အောက်တန်းလဲ ကျတယ်၊ ဒါပေမယ့် ညည်းကို





မမီသေးဘူးဆိုတာတော့ ပြောရဦးမယ်၊ မြဲမြဲအောင် ရဲ့အမေကို တကယ်တမ်း စေတနာနဲ့ သူ့ဈေးမယ့်ထဲက ခွဲချွေးပြီး အိမ်က ဂိုဒေါင် ထဲမှာ လူမသိအောင် ဝှက်ထားခဲ့တာ လင်းရာသီ လေ..."

ဒေါ်မြတ်နိုး က နီရဲနေသောမျက်နှာနှင့် လက်မောင်းအကျီစတွေ ကို နှစ်ဖက်စလုံး မ,တင်လိုက်သည်။ ပိတ်ထားသည့် အခန်းတံခါး ဘက်ကို တမင်လှည့်၍...

"ဒါတွေကို ညည်း ဝန်မခံရသေးဘူးဆိုတာ အခု ညည်းပုံစံကို မြင်တာနဲ့ ငါ တွက်မိသွားပြီ၊ ဒီမှာ... တရားလိုဖြစ်ဖြစ် တရားခံဖြစ်ဖြစ် သက်သေကို အလေးမထားလို့ မရဘူး၊ ညည်း ညစ်ပတ်ခဲ့တာတွေကို ငါက စိတ်မသက်မသာနဲ့ အစအဆုံး ကြည့်နေခဲ့ရတာ၊ ငါ့လိုလူကိုမှ ညည်းက လူလိုမဆက်ဆံခဲ့တော့ ကိုယ့်အကုသိုလ်ပဲလို့ တွက်လိုက် တော့"

"ရှင်!... ရှင့်ပါးစပ်ကို ခုပိတ်လိုက်..."

"ဘာလို့ပိတ်ရမှာလဲ..၊ ရှုးနေတဲ့သူကို ရှူပါတယ်၊ မုန်းပါတယ်နဲ့ ဆေးရုံရောက်အောင်ပို့ပြီး ဆရာဝန်တွေကို ခြေသလုံးဖက် တောင်းပန် ပေးခဲ့တဲ့ လင်းရာသီ ကို ညည်း ဆေးရုံထိလိုက်ပြီး နှင်ချလိုက်တာ..၊ ပြီးတော့ သူ့အမေကို ပြုစုပေးလို့ ကျေးဇူးကြီးလှချေရဲ့ဆိုပြီး ဂုဏ်ပြု ပန်းကုံးစွပ်တော့ အရှက်မရှိ လှစားလဲ ယူလိုက်တာ ဘယ်သူလဲ..၊ စဉ်းစားကြည့်ပါဦး၊ ဘယ်သူ မျက်နှာပြောင်တာလဲဆိုတာ..."

သက်တန့် ဒေါသနှင့် ရှက်ကြောက်ခြင်းတွေ စုဝေးကာ အသား တွေ တုန်၊ လက်သီးဆုပ်ထားပေမယ့် ဘာစကားမှ မပြောနိုင်၊ ခြေ တစ်လှမ်းမှ ရွေ့လို့မရ..။

စိတ်ထဲမှာ ဒီမိန်းမကြီးကို တစ်စစီ ဆုပ်ဖြဲပစ်နေသည်။ ဒေါသချွန် နှင့် အချက်ပေါင်းများစွာ ထိုးနေခဲ့၏။

ဘွား



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း… ဟွန်း… အဲဒါ မှတ်ထားလိုက်၊ ကျေးဇူးရှိတဲ့လူကို ကျေးဇူးကန်းတဲ့အဖြစ်…"

"မိန်းမယုတ်ကြီး…"

သက်တန့်ခင် အာခေါင်ခြစ်အော်လိုက်တာပေမယ့် အသံမထွက်ပေ။ သို့သော် စားပွဲတင်နာရီလေးကို ပြေးကောက်လိုက်ပြီး ဒေါ်မြတ်နိုး ကို ပစ်ပေါက်လိုက်၏။

"ဒုန်း…"

ဒေါ်မြတ်နိုး သေလုမြောပါး ရှောင်လိုက်ရသည်။ နောက်ထပ် အလှပန်းအိုးလေးကို ထပ်ကိုင်လိုက်လျှင်…

"ဒုန်း… ဒုန်း…၊ သက်တန့်ခင်…"

"သက်…၊ ဘာတွေဖြစ်နေတာလဲ တံခါးဖွင့်ပါ၊ အားလုံးကို အပြင်မှာ ရှင်းလိုက်လို့ရတယ်"

ခြားနှင့် အောင့် အသံတွေကို ကြားလိုက်ရလျှင် ပန်းအိုးကိုင်ထားသည့်လက်က အားအင်ဆုတ်ခန်းသလိုဖြစ်ကာ လက်ထဲကနေ ခွမ်းခနဲ ကျကွဲသွား၏။

ဒေါ်မြတ်နိုး က တံခါးကို ကပျာကယာ ပြေးဖွင့်လိုက်ပြီး…

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ဒီအိမ်သားတွေကို စော်ကားချင်လို့ မဟုတ်ပါဘူး၊ သူ့ အရမ်းကို မိုက်ရိုင်းလွန်းလို့ ပြောလိုက်မိတာပါ၊ လင်းရာသီ…"

အပြင်မှာ ရပ်နေကြသူတွေကို လက်တကာကာနှင့် ရှင်းပြတောင်းပန်ရင်း လင်း ကို တွေ့သွားတော့ ခေါ်လိုက်သေးသည်။

"ဒေါ်လေး…"

လင်း က ရှေ့ကိုတိုးလိုက်ပြီး ဒေါ်မြတ်နိုး လက်ကို ကိုင်လိုက်၏။ သက် ရော၊ လင်း ရော ဒေါ်မြတ်နိုး နှင့်ဆို သွေးသားမတော်စပ်သူတွေ





ပဲ ဖြစ်သည်။

သက် နှင့် အချိန်တိုင်း တကျက်ကျက် အဆင်မပြေဖြစ်နေတတ်ပေမယ့် လင်း အပေါ်မှာတော့ ဒေါ်မြတ်နိုး စေတနာတွေ ထားခဲ့တာလေးတွေ ရှိသည်ပင်…။

ဘာပဲဖြစ်ဖြစ် တစ်နယ်တစ်ကျေးမှာ လာတွေ့လိုက်ရတော့ အံ့လည်း အံ့ဩသည်။ ရောက်ရောက်ချင်း ဝုန်းဒိုင်းထဖြစ်ကုန်တာကိုလည်း မယုံနိုင်။ အောင် နှင့် သက် တို့ ဓာတ်လမ်းမှာ ဒေါ်မြတ်နိုး ဒါရိုက်တာလုပ်ခဲ့ဖူးတာကို လင်း က ဘာမှမသိခဲ့တဲ့သူ…။

"ဒေါ်လေးတို့ ဘာဖြစ်ကြတာလဲဟင်"

"အမယ်လေး…၊ အဲဒီလို မျက်နှာလေးနဲ့ အဲဒီလိုလေးများ မေးဖော်ရလိုက်ရင် ငါ ဒီလို မိုက်ရိုင်းမိမှာ မဟုတ်ဘူး၊ ညည်းအစ်မ သိပ်ကို ရိုင်းလွန်းပါတယ်၊ ညည်းတို့က ဒီမှာ ဘာတွေဖြစ်လို့ နှစ်ယောက်ဆုံနေကြတာလဲ၊ ရန်ကုန်ကနေ ပြည်ကို မလိုက်ချင်ဘဲနဲ့ ညည်းနဲ့ဆုံမိပြီး သူ လိမ်ထားတာတွေ ပေါ်ကုန်မှာစိုးလို့ လိုက်သွားရတာ…"

ဒေါ်မြတ်နိုး က သက်တန့် နောက်ထပ် တစ်စုံတစ်ရာနှင့် ပစ်ပေါက်လိုက်မှာစိုးသလို ပြောလည်းပြော၍ လူကြားထဲ တိုးဝင်သည်။

ပြီးတော့ အောင့် ကိုလည်း အားနာသလိုကြည့်ကာ…

"အခု ဒီမှာ နှစ်ယောက်ပူးကြီး မြင်လိုက်ရတော့ ဘယ်လိုမှကို မယုံနိုင်ဘူး"

အခြေအနေတွေက ရှင်းမရအောင် ရှုပ်ခြင်းသို့ ရောက်ကုန်၏။

သက်တန့်ခင် သည် အားလုံးကို တိုးတိုက်၍ ထွက်ပြေးသွားတော့ ရှိုက်သံတွေက နောက်မှာ ကျန်ရစ်၏။ ခြား က အံတကြိတ်ကြိတ်နှင့် သူမ သွားသည့်အတိုင်း မျက်စိတစ်ဆုံး လိုက်ကြည့်နေခဲ့သည်။

ဒေါ်စိန်စီလင်း ကတော့ ဒေါ်မြတ်နိုး ကို ငေးကြည့်နေရင်း ကြား



www.burmeseclassic.com

www.burmeseclassic.com



နေရသမျှကို မှင်သက်ငေးမောနေဆဲ..။

လင်း နှင့် အောင်တို့ မျက်လုံးချင်း ဆုံသွားကြသည်။ လင်း မျက်နှာလေးပျက်ကာ တစ်ဖက်လှည့်ပစ်မိသည်။ ဒါကို ဒေါ်စိန်စီလင်း က မြင်နေခဲ့၏။

ခြား နှင့် သူမမှာသာ မယုံနိုင်အောင် အံ့သြနေကြရကာ ဒီနှစ်ယောက်ကတော့ သိနေသလိုပါလား..။

"ဒါတွေ ကျွန်တော် သိပြီးသားပါ.."

"ဗ်ာ!..."

ခြား ဆတ်ခနဲ လှည့်လာသည်။ အောင့် မျက်နှာက ရီဝေဝေး မြည့်နေလျက်...

"လင်း သိတဲ့နေ့ကပဲ ကိုကို သိတာ..."

"ဘယ်လို!..."

ခြား မျက်လုံးတွေ လင်း ဆီ ရောက်သွားပြန်သည်။

ဟား...၊ တကယ့် ပါရမီရှင်သန်သူကြီးတွေပါလား...။

ဒေါသနှင့် မခံရပ်နိုင်ခြင်းတွေကြောင့် ကယောက်ကယက် ခုန်ပေါက်သွားသည့်စိတ်က ခါးဆောက်မိလိုက်၊ ကျွတ်ခနဲ ဖြစ်လိုက်..။

"ဒီလောက် ယုတ်မာထားတာကို ကိုကိုက ခွင့်လွှတ်ပြီး..."

ပြောလို့ကို မထွက်တော့ပါ..။

"မင်းကရော မဒ်း ဒါကို မျိုသိပ်ထားတာ မင်းအစ်မကြောင့်ပေါ့ ဟုတ်လား"

လင်း ရဲ့ပခုံးနှစ်ဖက်ကို အကြမ်းပတမ်း ဆောင့်ခါပစ်သည်။

"ညီ မလုပ်နဲ့...၊ လင်း ကို မင်း အဲဒီလို မဆက်ဆံပါနဲ့.."

အောင် က ခြား ရဲ့လက်တွေကို လာဖြေချ၏။ လင်း မျက်ရည်တွေ ပြည့်အိုင်လာလျက် ခြား ကိုရော ဒေါ်စိန်စီလင်း ကိုပါ တောင်းပန်





သလို ကြည့်သည်။

"လင်း နဲ့မမက ညီအစ်မဆိုပေမယ့် သွေးမျိုးမကင်းရုံပါ..."

"ဟုတ်ပါတယ်၊ အဲဒီ သက်တန့်ခင် ဟာ မဖြစ်လို့ ကျွေး၊ မတော်လို့ ခေါ်ရတာမျိုးပဲ၊ လင်းရာသီ အပေါ်မှာ သိပ်ရက်စက်တာ..."

ဒေါ်မြတ်နိုး က ပျာပျာသလဲ ဝင်ပြောသည်။ သူ ပြောတာကို ဘယ်သူကမှ ဂရုတစိုက်မရှိတာ သတိရမှ နောက်ပြန်ဆုတ်၏။

လင်း က မျက်ရည်မကျအောင်ထိန်းရင်း ဆံပင်တွေကို ခါပစ်လိုက်ပြီး မျက်နှာလေး မော့၏။

"လင်း အပေါ်မှာလဲ ညာတာမှု မရှိခဲ့ပါဘူး၊ အခု လင်း မျိုသိပ်ထားခဲ့တာ သူ့အတွက် မဟုတ်ပါဘူး ကိုလေး ရယ်..၊ ကိုကြီး စိတ်ဆင်းရဲသွားမှာစိုးလို့ပါ..၊ ကိုကြီး သိနေမှန်းလဲ လင်း လုံးဝ မသိဘူး၊ ဘာမှမသိကြတာပဲ ကောင်းတယ်ဆိုပြီး ဒါတွေ ဘယ်တော့မှ ပေါ်မလာအောင် လင်း ထွက်သွားဖို့ထိ စိတ်ကူးခဲ့ပါတယ်.."

"ဩော်... ဟော်.."

ခြား က မဲ့ရုံတင်မကဘဲ နှာခေါင်းတွေပါတွန့်၍ စိုက်ကြည့်သည်။

"ဒီမိန်းမကို ဒီတိုင်း တစ်သက်လုံး ပေါင်းသွားရမယ့် ကိုကို့ကျတော့ ထည့်မတွက်ဘူးပေါ့၊ ဒါတွေပေါ်ကုန်မှ စိတ်ဆင်းရဲမှာလား၊ ဒီတိုင်းရှိသွားမှ တကယ့်ငရဲကျနေတာလား၊ ခင်း မသုံးသပ်တတ်ဘူးလား၊ ဒီအိမ်မှာ ဘာတွေဖြစ်ပျက်နေသလဲ၊ မင်း မမြင်ဖူးလား..."

"သားငယ်..၊ သားငယ် တော်ပါတော့ကွယ်၊ အိမ်ထောင်တစ်ခုဆိုတာ တည်ဆောက်ပြီးရင် ဖျက်ဖို့ခက်တယ်၊ ဒါတွေ ခုမှ သားကြီး သိသွားလဲ စိတ်ဆင်းရဲရမှာပဲလို့ သမီးက တွက်မှာပေါ့၊ အန်တီ နားလည်တယ်"

"ဘာလို့ ဖျက်ဖို့ခက်ရမှာလဲ၊ အမှန်နဲ့အမှားဆိုတာ ပြင်ဆင်ခွင့်ရှိတယ်၊ မှားမှန်းသိလျက်နဲ့ ဘာမှ ရှေ့ဆက်တိုးဖို့ မလိုဘူး၊ ဒီမိန်းမကို



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ကူညီခဲ့တယ်ဆိုတဲ့ ကောင်းကွက်လေးကြောင့်..၊ ပြီးတော့ ကိုကို အရမ်းညာလွန်းလို့ ကြည့်နေခဲ့တာ၊ သူ့ရဲ့ယုတ်မာတဲ့စိတ်က အရောင်ထွက်ပြီ၊ အဲဒီမျက်နှာကို ဘယ်တုန်းကမှ ကြည့်ရခဲ့တာမဟုတ်ဘူး၊ တော်ခက်...၊ အရှက်မရှိ လုပ်ရဲတာ..."

ခြား ဒေါသတွေ ဘယ်လောက်ဖြစ်သလဲဆိုလျှင် မြင်မြင်သမျှကို ဆွဲလွှဲကန်ကျောက်ပစ်တာ အနားမှာရှိသမျှ ပစ္စည်းအားလုံး တစ်ခုမှ အကောင်းအတိုင်း မကျန်..။

သက် ဘယ်ရောက်သွားလဲ..။

ညီဖြစ်တဲ့သူ ပေါက်ကွဲနေတာကိုကြည့်ရင်း အောင် သက် ကို သတိရသွား၏။ အစက ဘာတွေပဲ ကျူးလွန်ခဲ့ပါစေ၊ အခု သူက ကိုယ့်ဇနီး..။

မိန်းကလေးတစ်ယောက်ကို ပစ်ပစ်ခါခါ နှင်လွှတ်စွန့်ပစ်တဲ့အထိ သူ ဘယ်တော့မှ လုပ်မိမှာ မဟုတ်ပေ..။

မင်းက ညာနိုင်တာ မင်း့ တော်လို့ပေါ့ သက် ရယ်..၊ ရှိပါစေ တော့..။





## အခန်း [ ၄၈ ]

"ရှိပါစေတော့ မရဘူး ကိုကို..၊ ဒီလိုမိန်းမကို တစ်သက်လုံးကြီး ကိုကို ထိုင်ကြည့်နေရမှာ..."

ခြား မျက်နှာကို အောင် က တောင်းပန်သလိုကြည့်သည်။ ပြီးတော့ ခေါင်းစိန်စီလင်း ပါပါ၏။

"ထားလိုက်ပါ၊ ကိုကို တောင်းပန်ပါတယ်၊ သူ လုပ်ခဲ့တဲ့အပြစ်ဟာ ကိုကိုနဲ့ ပေါင်းရဖို့ပါ"

"ကိုကို ချမ်းသာတာတွေကို လိုချင်တာရော မပါဘူးတဲ့လား..."

"အဲဒါလဲ ကိုကို ပေးနိုင်တယ်၊ သူ နေချင်တဲ့အတိုင်းပဲ ရှိပါစေတော့ ညီရာ..၊ သူ ကိုကို့နားမှာ ရှိနေရင် အချစ်တစ်ခုကလွဲလို့ အားလုံး ပြည့်စုံနေမယ်၊ တခြားကိုရောက်သွားရင်တော့ တစ်ခုလပ်ဆိုတဲ့ နာမည်ပျက်နဲ့ ပတ်ဝန်းကျင်မှာမျောပြီး အဲဒီလိုဖြစ်အောင် ကိုကို ဘယ်တော့မှ မလုပ်ဘူး၊ ခုလောက်ဆို သူ ညာခဲ့မိတဲ့အပြစ်အတွက် သူလဲ နားလည်နေပါပြီ"

"မဟုတ်ဘူး ကိုကို..၊ ခုပဲ ကိုကို အရက်သမားကြီးဖြစ်နေပြီး ကျွန်တော်တို့က ဘေးလူတွေ..."

"ဟုတ်ပါတယ်..၊ ထားလိုက်ပါ၊ အန်တီ့ကိုလဲ တောင်းပန်ပါတယ်၊ သက် ကို တွေ့လို့ ကျွန်တော် ပြန်ခေါ်လာရင် ကြည်ကြည်သာသာ နေပေးပါ၊ အရင်လိုပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး..."

ညည့်ခန်းထဲမှာ ရှိသမျှလူတွေ မခင်မူ အသံကြောင့် လှည့်ကြည့်လိုက်မိကြသည်။ မခင်မူ သည် လက်ထဲမှာ စာတစ်စောင်ကိုင်ထားရင်း ရှေ့ကိုတိုးလာပြီး အောင့် လက်ထဲကို ထည့်၏။ စာက အောင့် ဆီကနေ လက်ပြောင်းကာ နောက်ဆုံး ဒေါ်စိန်စီလင်း က ဖတ်သည်။

ကိုအောင်...

ရှင် ပျော်သွားမှာပါ။ မချစ်တဲ့သူကို ကွာရှင်းခွင့်ရပြီး ရှင်ချစ်တဲ့ မိန်းကလေးကို လက်ထပ်နိုင်ဖို့ဖြစ်လာပြီလေ၊ သက် က မှားခဲ့ပေမယ့် သူများလက်ညှိုးထိုးစော်ကားပြောလာမှာကို မခံနိုင်တော့ နှုတ်မဆက်တော့ပါဘူး။

တကယ်ဆို ဒီစာရေးဖို့တောင် အဲဒီက မိသားစုကို သက် စိတ်မဝင်စားပါဘူး။ ဒါပေမယ့် ရှင့်ကို သက် လေးစားတယ်၊ တစ်ဖက်သတ်ချစ်နေခဲ့ရတဲ့အတွက်လဲ ဂုဏ်ငယ်တယ် မထင်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဖြစ်မှန်တွေကို ရှင် သိနေပေမယ့် မျိုသိပ်ထားခဲ့တယ်၊ ရှင့်ရဲ့နိုင်ယာရီကို ဖတ်လိုက်မိလို့ သိရတာပါ။ ကျေးဇူးတင်ပါတယ် တို့... အမြဲတမ်းလဲ လေးစားနေမှာပါ။ ရှင် စိတ်ချမ်းသာဖို့အတွက် သက် ကျေကျေနပ်နပ်နဲ့ ကွာရှင်းပေးမယ်၊ ရှင် အဆင်သင့်ဖြစ်တဲ့နေ့ စာချုပ်ပို့လိုက်ပါ။

သက် အတွက် ဘာမှ ဆောင်ရွက်ပေးဖို့လဲ မလိုဘူး။ မဟုတ်တာလုပ်ခဲ့ပေမယ့် သက် မှာလဲ မာနရှိပါတယ်။

နောက် ဘယ်တော့မှ ပြန်မဆုံချင်တဲ့သူ...

သက်

စာကိုဖတ်ပြီး ဒေါ်စိန်စီလင်း က အောင် နှင့် ခြား တို့မျက်နှာတွေကို ကြည့်သည်။





ခြား က ခပ်မဲ့မဲ့ပြုံး၍ ချာခနဲ လှည့်ထွက်သွားကာ အောင် တဝတ်ထားသည့် ကုတ်အင်္ကျီကို ချွတ်လိုက်ပြီး ရှေ့တိုးလာကာ...

"သူ့မှာ မိဘရှိတယ် အန်တီ၊ သက် ကိုလဲ ရှာပေးပါ၊ သူ့အတွက်ဖြစ်သင့်တာအားလုံးကို အန်တီ စီစဉ်ပေးပါ၊ သူနဲ့ သူ့မိဘ တစ်စည်းတစ်လုံးတည်း ဖြစ်သွားတဲ့အထိ အန်တီ ဆောင်ရွက်ပေးပါလို့ ကျွန်တော်တောင်းပန်ပါတယ်"

လက်မှာ ဒဏ်ရာကြီးနှင့် ကားမောင်းမယ်၊ သက် ကိုရှာမယ်နှင့် အင်္ကျီထပ်ဝတ်ပြီး ထွက်လာလို့ ခြား နှင့် အချေအတင်တွေ ဖြစ်နေတာပါ...။

စိတ်မောနေရသမျှတွေ ပြေပျောက်သွားပြီမို့ ဒေါ်စိန်စီလင်း ပြုံးလိုက်ကာ...

"စိတ်ချပါ သားရယ်...၊ သား ဖြစ်စေချင်တာကို အန်တီ နားလည်တယ်၊ အားလုံးဖြစ်စေရပါ့မယ်၊ သား ဒီနေ့ကစပြီး ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေတော့နော်"

အောင် ခေါင်းမညိတ်နိုင်ပါ။ ဘဝအမှားဆိုတာ ကျောက်သင်ပုန်းပေါ်မှာ စာရေးသလို ဖျက်လို့ပြင်လို့ လွယ်တဲ့အရာလား...။

စွန်းထင်းညစ်နွမ်းခဲ့တာကိုရော ပန်းကန်တစ်ချပ်ဆေးသလို ဆေးကြောပစ်ဖို့ လွယ်မလား...။

ရင်ထဲမှာ လေးလံပူလောင်နေဆဲဝေဒနာတို့သည် သက် အတွက်လား၊ ကိုယ့်ကိုယ်ကိုယ်လား ဘာမှန်းမသိတော့ပေမယ့်...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၄၉ ]

အချိန်ရာသီတွေ ပြောင်းလဲသွားလည်း သံယောဇဉ်ဆိုတာက တော့ မပြောင်းမလဲ ခိုင်မြဲတဲ့အရာ..။

"အလုပ်တွေ အရမ်းလုပ်၊ အိပ်ရေးတွေ ပျက်၊ မိုးမိ၊ နေပူ၊ နှင်းခ ခဏခဏ အအေးမိ၊ အဖျားဝင် ကိုကိုပဲ ဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိရဲ့လား"

"ဘာကိုလဲ ညီ..."

"အဖော် လိုနေတာလေ..."

"ဟာ!... ဟေ့.."

"ဘာကြောင်ဖော်ကို ပြောတာ၊ ရှုံစရာတွေ လျှောက်တွေးမနေနဲ့..."

အနားမှာ ရှိနေကြသည့်လူတွေ အားလုံး မျက်နှာတွေ မထား တတ်အောင်ဖြစ်ကာ လင်း ပါးပြင်လေးတွေက တစ်ယောက်ယောက် ဖိညှစ်ဆွဲလိမ်ထားသလို သိသာစွာ နီရဲသွား၏။ ပြောချင်တာပြောပြီး ခြား က ဖုန်းကောက်ယူကာ ဂျာကင်အိတ်ထဲ ထည့်သည်။ အပြင်ကို သွားမယ့်လူမို့ ခြေလှမ်းပြင်ပြီးမှ လင်း တို့ကို ပြန်ငဲ့ကြည့်ကာ...

"အန်တီ နဲ့ လင်း တို့လဲ ကိုကို နေမကောင်းဖြစ်တိုင်း ရန်ကုန် ပြေးပြေးလာနေရတာလေ၊ မေးကြည့်ပါလား စိတ်မညစ်ဘူးလားလို့..."

"သားရယ်..."

ဒေါ်စိန်စီလင်း က ခြား ဘာကိုပြောချင်တာမှန်း သိနေသဖြင့် ရယ်သည်။





"ကိုကို့ကို အမော်ပြေနိုင်မယ့် မိန်းမတစ်ယောက် အရေးကြီး လိုနေပြီ၊ အန်တီ ရှာပေးလိုက်..၊ အားလုံး သွားလာနေရတဲ့ ဒုက္ခတွေ ပြီးသွားအောင်..."

"ကဲ... သွားမှာသာ သွားစမ်းပါ ညီရာ..၊ နှာစေး ချောင်းဆိုး လောက်နဲ့ ကိုကို မသေနိုင်ပါဘူး၊ အခု အန်တီတို့ သူတို့ဘာသာ လာတာ၊ ကိုကိုနဲ့ ဘာဆိုင်လို့လဲ.."

"ဟုတ်ပါတယ်..၊ အန်တီတို့ ရန်ကုန်ရောက်လာတဲ့အချိန်မှာ သားကြီး ဖျားတာနဲ့ တိုက်ဆိုင်နေတာပါ၊ အခု မင်းညီမက ဘွဲ့ယူရ တော့မှာလေ..."

"သိသားပဲ"

ခြား ကပဲ ဆွဲငေါ့နေတာ ဖြစ်သည်။ ပြီးတော့ လင်း ကို မှုန် ကုတ်ကုတ်ကြည့်၍...

"ဘွဲ့ရတော့မယ်ဆိုတော့ ပညာစုံပြီ၊ ကြင်ရာစုံဖို့ စဉ်းစား..."

"ဟဲ့..၊ သြော်... သားရယ်"

"ဟုတ်တယ်လေ..၊ သူတို့နှစ်ယောက် မြန်မြန်ရသွားမှ..."

"ညီ..."

တမင် ပြောချလိုက်ပြီးမှ ခြား က စကားမှားသွားသလို ဟိုဘက် လှည့်ပြုံးကာ...

"ဟုတ်တယ်လေ..၊ ကိုကိုတို့ အချိန်တန်ရင် အိမ်ထောင်တွေပြု ကြမှာပဲမို့လား.."

"မင်းကိုယ်မင်းရော ထည့်မပြောတော့ဘူးလား"

"ညီက နောက်အပတ်ထဲမှာ နိုင်ငံခြားလစ်မှာ၊ ပူမနေပါနဲ့..၊ ကိုကို လိုတာ၊ အထုံပါးမီတွေ ပြည့်ဝရင့်သန်နေတဲ့ မင်းသားတစ်ပါးလိုပဲ၊ ကိုကို့ကို နောက်ဟက်ာ ခြေလှမ်းမှားမခံနိုင်ဘူး၊ သူများအတွက်ချည်း


www.burmeseclassic.com

www.burmeseclassic.com

တွေးတတ်လွန်းလို့..."

"ဟုတ်တယ် သားကြီးရေ..၊ အဲဒါတော့ မှန်တယ်၊ သားကြီးက အရမ်းကို စိတ်ထားမြင့်မြတ်ပြီး သည်းခံနိုင်တဲ့လူ၊ သားကြီးအတွက်ပဲ အန်တီ ပူတယ်၊ နောက်ထပ် သားရဲ့အိမ်ထောင်ရေးကို အန်တီပဲ စီမံပါရစေ၊ အန်တီ မသိလိုက်ဘဲ ဘာမှမလုပ်နဲ့နော်"

ခုမှ တူဝရီးနှစ်ယောက် ဟုတ်နေကြပါလား၊ အောင် က ခြားနှင့် ဒေါ်စိန်စီလင်း ကို အံ့ဩသည့်မျက်နှာနှင့် လိုက်ကြည့်နေ၏။ ခြား က မချိုမချဉ်ငဲ့ကြည့်ပြီး ထိုင်နေသည့် လင်း ကို ဆွဲခနဲ ကြည့်ကာ...

"ကိုကို မြန်မြန် ဆုံးဖြတ်နော်..၊ ဒါ မှားဖို့မရှိတဲ့ကိစ္စ.."

ပြောပြီး ထွက်သွားတော့ ဘာပြောသွားမှန်းမသိလိုက်ပေမယ့် လင်း နှင့် အောင် မျက်လုံးချင်း ဆုံသွားကြ၏။ ဘဝချင်းလည်း ဆုံစည်းပါစေ..။ ကျောခိုင်းထွက်သွားခဲ့သည့် ခြား ရဲ့မျက်နှာမှာ ကြည်လင်သည့်အပြုံးတွေ ပျောက်ကွယ်ကာ ရီဝေဆွေးမြည့်ခြင်းတွေ ဖြစ်လာခဲ့၏။ ဒါပေမယ့် သူ ကားပေါ်ထိုင်လိုက်ရင်း မချိတရိ ထပ်ပြုံးမိသည်။ ငိုမျက်ဝန်းနှင့် ပြုံးရိပ်ဆင်တာမျိုး...။

ကိုကိုနှင့် သူ လင်း နှင့် ဆုံခဲ့ကြတာ အတူတူပဲ ဖြစ်ပါလိမ့်မည်။ အိမ်ထောင်ရှိလျက်နှင့် ကိုကိုတောင် လင်း ကို မြတ်နိုးနေခဲ့သေးတာ၊ သူက လူပျိုလူလွတ်တစ်ယောက်..။ လင်း ကို ချစ်ခ်ဘာတွေ၊ မြတ်နိုးတာတွေ သူ့ရင်ထဲမှာအပြည့်နှင့်ပါ။ ဒါပေမယ့် လင်း ဟာ ကိုကို့အတွက်ပဲ ဖြစ်သင့်သည်။

သက်တန့်ခင် သာ ဟန်ဆောင်လိမ်ညာတာ [illegible]ရှင့် ဒီမိသားစုထဲကို ဝင်မလာခဲ့လျှင် ကိုကို လက်ထပ်ခဲ့တာဟာ လင်း ပဲ ဖြစ်လိမ့်မည်။ ထို့ကြောင့် အတုအယောင်ကို ဖော်ထုတ်လိုက်နိုင်ပြီဆိုလျှင် အစစ်အမှန်ကို ကိုကိုပဲ ပိုင်ဆိုင်သင့်သည်။ သူမလေးကို ပိုင်ဆိုင် မှသာ ကိုကို့ရဲ့





နှလုံးစိတ်ဝမ်း ငြိမ်းချမ်းမှာဖြစ်သည်။ ကိုကို့ရဲ့ဘဝအမောတွေ ပြေပါစေ..။

ပုဏ္ဏာဆန်သော မိန်းကလေးဟာ ညီအစ်ကိုနှစ်ယောက်စလုံးရဲ့ ရင်ခွင်နှစ်ခြမ်းမှာ တစ်ပြိုင်နက်သော ချစ်ခြင်းတွေကို ဖြစ်စေခဲ့ပေမယ့် နှစ်ယောက်စလုံး ပိုင်ဆိုင်ခွင့်ကမရှိ..။ ထို့ကြောင့် ကိုကို့အတွက် သူ အားလုံးကိုကျေနပ်ပေးခဲ့သည်။ ဒါမှနောက်ထပ် လွဲသွားဦးမည်ဆိုရင်တော့...

"နေကောင်းရဲ့လား သား..."

"ဗျာ!..."

ညီရဲ့ကျောပြင်ကိုငေးရင်း စိတ်ချင်းဆက်နေသလို ရင်ထဲမှာ တစ်ချက် ကြီးခံစားလိုက်ရသော အောင့် မျက်နှာကို ဒေါ်စိန်စီလင်း က စိုးရိမ်သွား၏။

"အလုပ်တွေ ဘာဖြစ်လို့ ဒီလောက် လုပ်နေတာလဲ သား..၊ စင်ကာပူကို နှစ်ခေါက်၊ ဂျပန်ကိုတစ်ခေါက် သားချည်းပဲ သွားလိုက်ရတာဆို၊ တစ်ခေါက်နဲ့ တစ်ခေါက် ချက်ချင်းပဲတဲ့"

"ဟုတ်တယ် အန်တီ..၊ ကျွန်တော်က ကျေကျေနပ်နပ် လုပ်ခဲ့တာပါ၊ အဲဒါကြောင့်လဲ ကျွန်တော်တို့ ညီအစ်ကို လူခွဲပြီးလှုပ်ရှားဖို့ ခုလို ခြေဆန့်နိုင်တာပေါ့၊ အလုပ်ဆိုတာ ကိုယ်က ခိုင်းနေနိုင်တိုင်း လက်ညှိုးထိုး ခိုင်းနေလို့ မရဘူး၊ ကိုယ်တွေ့ဆိုတာ ကိုယ်တိုင်ကြုံမှ တွေ့တာ၊ ကိုယ်တိုင်တတ်မှလဲ တော်မှာ..၊ ကျွန်တော့်မှာ နောက်ဆံတင်းစရာလဲ ဘာမှရှိတာမှမဟုတ်တာ၊ ပင်ပန်းလို့ ခဏနားလိုက်ရင် ပြီးတာပဲ"

"ခဏခဏ နားနေရတာလဲ သတိရပါဦး သားရယ်..၊ ခုတော့ နာစေးချောင်းဆိုးပေါ့၊ ကြာလာရင် ရောဂါဝင်မယ်"

အောင် က ပြုံးနေပြီး အပေါ်က ထပ်ဝတ်ထားသည့် အနွေးထည်ကို ချွတ်သည်။ ဒါကိုမြင်သည်နှင့် လင်း က အဲကွန်းထပိတ်သည်။

"ထားလိုက်ပါ ချာတိတ်ရာ၊ အရမ်းပူလာလို"

"အကျီချွတ်လိုက်ပြီပဲဟာ၊ ချွေးစိုနေတုန်းတော့ ခဏပိတ်ထား[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပေါ့ ကိုကြီးရဲ့"

အောင် ဘာမှမပြောဘဲ နေလိုက်ရတာကိုကြည့်ပြီး ဒေါ်စိန်စီလင်း က ပြုံးသည်။

"ကဲ... သမီးကိုပဲ တာဝန်ပေးတော့မယ်၊ အန်တီကတော့ လူမမာ ကိုထားပြီး နားရဦးမယ်"

ဒေါ်စိန်စီလင်း က ထွက်သွားသည်။ လင်း က သူမ ရောက်လာ တိုင်း ရှင်းပေးနေကျမို့ အောင့် ရဲ့အခန်းထဲမှာ တိုးလိုးတန်းလန်းတွေကို ဆွဲချ၊ ကျနေတာရှိရင် ကောက်သိမ်းနှင့် အဝတ်ဗီရိုကို ဆွဲဖွင့်လိုက်သည်။ ချိတ်နှင့်တင်ထားသည့်အကျီတစ်ထည်ကို လှမ်းဖြုတ်လိုက်လျှင် စာအုပ် အနက်လေးတစ်အုပ် ပြုတ်ကျသွား၏။ လင်း က ကောက်ယူလိုက်၏။

"ဟာ...ချာတိတ်..၊ အဲဒါ...အဲဒါ.. ကိုကြီးကို ပေး..၊ မဖွင့်လိုက်နဲ့.."

လင်း ကလည်း ဖတ်ချင်လွန်းလို့ မဟုတ်ပါ။ ဘာစာအုပ်လည်း အိုသည့်စိတ်နှင့် အဖုံးပေါ်ကစာကိုပဲ ဖတ်မိတာဖြစ်သည်။ ဒိုင်ယာရီ ကို ဖတ်စရာလား...။ ပျာယီးပျာယာ လှမ်းအော်သည့် အောင့် ကို နှာခေါင်းလေးတွန့်၍ လှည့်ကြည့်ကာ...

"ဖြစ်နေလိုက်တာ..၊ ရည်းစားစာ လူမိမှာ ကျနေတာပဲ၊ ကြည့်နေ.. အဖြစ်သည်းလို့ကို ခိုးဖတ်ဦးမှာ..."

"ဟိတ်!... ဒီကို ယူလာပေး၊ ဖြည်းဖြည်းနော်၊ စာအုပ်ကို မှောက် မကိုင်နဲ့၊ အထဲကဓာတ်ပုံ ပြုတ်ကျသွားမှာစိုးလို့.."

လင်း က စာအုပ်ကို ဗီရိုထဲ ပြန်ထည့်မလို့ပြင်ပြီးမှ အောင် က ယူခဲ့ဆိုတော့ ယူလာပေးဖို့ပဲ ဖြစ်သည်။ ဒါပေမယ့်...

"ဓာတ်ပုံပါတယ် ဟုတ်လား..၊ ကိုကြီး ချစ်သူလားဟင်..၊ လင်း ကြည့်ချင်တယ်.."

"ဟာ... မဖြစ်ဘူး..၊ လင်း..."





ခုတင်ပေါ်ကနေ အောင် ထခုန်မတတ် ရောက်လာ၏။ လင်း ကလည်း ဟိုတုန်းကထက်ပိုပြီး ဆိုးနွဲ့ခွင့်ရနေပြီမို့ ခွတ်လုပ်ဖို့ ကြိုးစား ကာ စာအုပ်နှင့်ထွက်ပြေးဖို့ လှည့်သည်။

"မလုပ်ပါနဲ့ ချာတိတ်..၊ လိမ္မာတယ်၊ ကိုကြီးကို ပြန်ပေး..."

"မှာင့်အင်း ကြည့်မလို့ပါဆို..."

စာအုပ်လိုက်လုနေရင်းနှင့် လင်း တစ်ကိုယ်လုံး အောင့် ရင်ခွင်ထဲ မှာ ဖက်ထားသလို ဖြစ်သွား၏။ စာအုပ်ကတော့ ဘယ်သူ့စကားကိုမှ မနာခံဘဲ ကြမ်းပြင်ပေါ် အလိုအလျောက် သက်ဆင်းခြင်းသို့ရောက်လျက်...

ဟင်!... လင်း၏ဓာတ်ပုံ..။ စာအုပ်သည် မှောက်လျက်ကျသွားခဲ့ ပြီး ဓာတ်ပုံလေးက ပက်လက်အတိုင်း လျှောခနဲ..၊ ပခုံးလောက်ထိပဲပါ သည့် မျက်နှာချည်းပဲပုံဖြစ်သည်။ ဓာတ်ပုံထဲမှာ လင်း မျက်နှာက ခပ်ငုံ့ငုံ့ရှိကာ ရှေ့မှာ ဂန္ဓမာပန်းပွင့်တစ်ပွင့်၏အစွန်းတစ်ဝက် ပါနေသည်။

အိမ်မှာ ဂန္ဓမာပန်း မရှိပါ။ ထို့ပြင် တိုက်၏ခေါင်းရင်းပိုင်း အစွန်း ကို မြင်နေရသဖြင့် လင်း ဘုရားပန်းလဲနေတုန်း ရိုက်ယူထားတာ ဖြစ်မည်။ သေချာတာက ဓာတ်ပုံထဲမှာ ဆံပင်တိုတိုလေးပဲရှိသေးတာမို့ လင်း ပထမနှစ်တုန်းကပဲ ဖြစ်လိမ့်မည်။ အောင် ဖက်ထားသည့်အတိုင်း အံ့အားသင့် ငြိမ်သက်နေပြီးမှ လင်း သတိဝင်လာကာ လက်တွေကို ဖယ်ချပစ်လိုက်မိသည်။ အောင် သည် လင်း မျက်နှာလေးကို စိုးရိမ် သည့်မျက်ဝန်းတွေနှင့် လိုက်ကြည့်လျက်...

"ချာတိတ်..၊ ကိုကြီးကို စိတ်ဆိုးသွားလားဟင်"

ထွက်ပြေးမလို့ ခြေလှမ်းပြင်လိုက်သည့် လင်း လက်ကလေးကို ဖမ်းဆွဲထားလိုက်သည်။

"ကိုကြီး ရန်ကုန်ကိုပြောင်းနေတော့မလို့ ဖြစ်တုန်းက အမှတ်တရ ရိုက်ယူခဲ့တာပါ၊ အဲဒါ လင်း မကျေနပ်ရင် ကိုကြီး တောင်းပန်ပါတယ်၊


www.burmeseclassic.com

www.burmeseclassic.com

ဟို... ညီကလဲ အဲဒီပုံကိုတွေ့ထားပြီး စတဲ့နောက်တဲ့စကားတွေ ပြောနေတာ၊ အားလုံးအတွက် ကိုကြီး တောင်းပန်ပါတယ်"

လင်း ရဲ့ ပန်းလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားပြီးမှ မော့ငေးနေသည့် လင်း ရဲ့မျက်ဝန်းလေးတွေကိုမြင်တော့ လက်တွေကို လွှတ်သည်။

လင်း က ငေးကြည့်နေဆဲပါ။ ထိုအကြည့်ကြောင့် ဘယ်လို ကျေနပ်အောင် ဖြေရှင်းရမှန်းမသိသည့်လူက အောင် ပဲ ဖြစ်လေသည်။

"သားရေ..."

ရုတ်တရက် ဒေါ်စိန်စီလင်း ပြန်ဝင်လာကာ သူတို့နှစ်ယောက်ကို ကြည့်၍ ခြေလှမ်းတုံ့သွား၏။ ပြီးတော့ ဓာတ်ပုံနှင့်စာအုပ်ဆီ မျက်လုံးရောက်သွားလျှင် အောင် က ကမန်းကတန်း ကောက်သိမ်းပစ်လိုက်၏။ လင်း မျက်နှာလေး မနေတတ်မထိုင်တတ်ဖြစ်နေတာကို မြင်ပေမယ့် ဒေါ်စိန်စီလင်း က အားလုံးကို မမြင်လိုက် မသိလိုက်သလိုပြုး၍...

"ခဏ နားမလို့ဟာ အမြင်မတော်တာတွေ တွေ့လို့ ပြန်လာပြောတာပါ၊ သားရဲ့တိုက်ကြီးက အပြင်ကကြည့်တော့ အရမ်းလှပြီး အထဲမှာ ဘာပစ္စည်းမှလဲ မထည့်ရသေးဘူး၊ ခန်းဆီး၊ လိုက်ကာတွေကဲ့အစ ဘာမှကိုမရှိတာ၊ အန်တီတို့ ဒီတစ်ခေါက် မပြန်ခင် ထည့်ပေးခဲ့ရမလား..."

အောင် က စာအုပ်ကို ခေါင်းအုံးဘေးမှာထားလိုက်ပြီးမှ မျက်နှာမော့မလာဘဲ...

"နေပါစေ...၊ နောက်မှပဲ ဖြည်းဖြည်းချင်း လုပ်သွားတော့မယ်"

"သိတော့ သိပါတယ်၊ ရန်ကုန်မှာ ဒီခြံကိုဝယ်၊ ဒီတိုက်ကို သေချာစိတ်ကြိုက်ဆောက်နေကတည်းက မိန်းမယူမလို့ မဟုတ်လား.."

"ဟာ!... အန်တီကလဲ မဟုတ်တာ..."

"ခု မဟုတ်သေးလဲ ဟုတ်လာမှာပဲလေ၊ အဲဒီကျမှ ဇနီးချောလေးရဲ့စိတ်ကြိုက် ပြင်ဆင်စေချင်တာ၊ ဟုတ်တယ်မို့လား..."





"အန်တီက လုပ်ပြီ"

အောင် က ဒီဘက်ကို လှည့်မလာတော့ဘဲ လည်ပင်းပွတ်လိုက်၊ ခေါင်းပွတ်လိုက်နှင့်...

"အေးနော်...၊ အန်တီ မသိအောင် ဘာမှမလုပ်ရဘူးလို့ ပြောထားပြီးသား၊ လင်း ကလဲ ကတိပေးထားတယ်၊ အန်တီတို့ သဘောတူမှ လက်ထပ်မှာပါတဲ့"

"ဟင်!..."

အောင် ဖျတ်ခနဲ လှည့်လာသည်။ လင်း က ဘယ်မှမကြည့်ဘဲ စုပုံထားသည့် ပုဆိုးနှင့်အကျီတွေကို သွားမွှေယူလိုက်၏။

"လင်း က ဟုတ်လား..၊ လင်း က ချစ်သူရှိနေပြီလား..."

"ဒါကတော့ ကျောင်းပြီးလို့ ဘွဲ့ပဲရတော့မယ်သွားရယ်၊ လာ...သမီးလာ..၊ တော်ကြာ ညည်းအစ်ကို စစ်တာမေးတာတွေနဲ့ အနေခက်ရဦးမယ်"

လင်း ရဲ့လက်ကလေးကို ဒေါ်စိန်စီလင်း က ဆွဲခေါ်သွား၏။ တံခါးနားကျမှ လင်း နောက်ပြန်ကြည့်လိုက်တော့ သူမကို စူးစိုက်ငေးနေဆဲရှိသည့် အောင့် မျက်ဝန်းတွေနှင့် ဆုံမိသည်။

ကိုကြီး ငြိုငြင်သွားတာလား...။ လင်း ပြန်လှည့်ကြည့်သွားသည့် မျက်ဝန်းလေးတွေ အောင် နားလည်သွားသည်။ ဘယ်တုန်းကမှ မငြိုငြင်ရက်ခဲ့တဲ့သူပါ ချာတိတ်ရယ်..။

မင်းက ကိုယ့်လိုလူနှင့် မထိုက်တန်တဲ့ ပန်းကလေးပါ။ ခပ်ယဲ့ယဲ့ ပြုံးရင်း လင်း ပိတ်ပစ်ခဲ့သည့် အဲကွန်းဆီ ပြန်လျှောက်သွားမိသည်။

ရင်ထဲမှာ တရိပ်ရိပ်တက်လာသည့် အပူရှိန်က ကန္တာရတစ်ခုလို လား...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅၀ ]

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်သည်နှင့် ဧည့်ခန်းမှာ ရှိနေကြသည့်လူတွေကို လှမ်းမြင်လိုက်ပြီး ဖြစ်သွား၏။

အန်တီရယ်..၊ ရပ်ကွက်ထဲက လူကြီးတွေရယ်၊ လင်း က ဘေးမှာ လက်ပိုက်လေးရပ်လို့ ဖြစ်သည်။ ကိုယ့်အိမ်ကိုယ်ပေမယ့် အရင်လို မကြာခဏ မရောက်ဖြစ်တော့တာမို့ တစ်ခါလာဖြစ်တိုင်း သူ့အတွက် မြင်သမျှ ပြောင်းလဲနေသလိုပင်..။

ဧည့်ခန်းတစ်ခုလုံးက အစိမ်းရောင်ကော်ဇောနှင့်ပန်းအိုးတွေ၊ ရှိနေသမျှမှာလည်း စိမ်းနေသည့် ပန်းချီကားအသစ်တွေ၊ တင်ထားတာလည်း ရှုခင်းစိမ်းစိမ်းတွေပဲ ဖြစ်၏။ ထို့ပြင် ခန်းဆီးလိုက်ကာတွေကလည်း အစိမ်းနုနုမို့ အားလုံးက လင်းနေသည်။

"ဟော... သားကြီး ရောက်လာပြီ၊ မြန်လိုက်တာ..."

ဒေါ်စိန်စီလင်း လှမ်းမြင်သွားမှ လူကြီးတွေက နှုတ်ဆက်ပြီး ပြန်သွားကြသည်။

"ဦးတို့ကို ခွင့်ပြုပါဦးကွယ်.."

"ဟုတ်ကဲ့ ခင်ဗျ"

လူကြီးနှစ်ယောက်က သူ့ကို လက်ဆွဲနှုတ်ဆက်သွားသေးသည်။

"လာလေ သား..၊ မနေ့ကမှ အကြောင်းကြားလိုက်တယ်၊ သားကြီး ရောက်လာတာ မြန်လိုက်တာ"

ဒေါင် ဘာမှမပြောနိုင်ဘဲ လင်း မျက်နှာလေးကို လှမ်းကြည့်သည်။





လင်း က စံကားဝါရောင် တီရှပ်လက်ပြတ်လေးနှင့် ဆံပင်တွေကို နောက်မှာ မြင့်တင်စည်းထားသည်။ စိမ်းမှောင်နေသည့် နားသယ်စပ်ဆံစလေးတွေကို ကြည့်မိပြီးမှ အကြည့်ကို ပြန်လွှဲမိသည်။

"ကိုကြီး ဘာစားခဲ့လဲဟင်..၊ လင်း ဘာလုပ်ပေးရမလဲ"

"ဘာမှမစားဘူး"

သူ့ ဆိုဖာမှာ ထိုင်လိုက်တဲ့အထိ ကားသော့ကိုချထားဖို့ မေ့နေခဲ့၏။ လင်း က သူမဘာသာပဲ အအေးထည့်ပြီး ဖန်ခွက်လေးနှင့် လာပို့သည်။

"သမီးလဲ ထိုင်လေ..."

လင်း က ထိုင်လိုက်တော့ သုံးယောက်က အနားမညီ တြိဂံလို ဖြစ်သွား၏။

"သားငယ်ဆီက အဆင်ပြေတယ်ဆိုတာ ကြားရလို့ ဝမ်းသာလိုက်တာ သားရယ်..၊ ဒါဆိုရင် သားငယ်နဲ့ သားတို့ နိုင်ငံခြားဖက်စပ်လုပ်ငန်းတွေနဲ့ တိုးချဲ့လို့ရပြီပေါ့.."

"အန်တီ..."

"ဟင်.. သား..."

"အန်တီ ကျွန်တော့်ကိုခေါ်တာ ညီနဲ့ အလုပ်ကိစ္စတွေကို မေးဖို့ မဟုတ်ဘူးထင်တယ်"

ဒေါ်စိန်စီလင်း ခပ်အမ်းအမ်းဖြစ်သွား၏။ ပြီးမှ သတိရသွားသလို ရယ်လိုက်ကာ...

"ဩော်... သမီးကို အိမ်ထောင်ချပေးတော့မယ်ဆိုတဲ့ကိစ္စလား..၊ အဲဒါက သားကို အသိပေးတာပါ၊ ဘွဲ့ယူတဲ့နေ့ကျမှ အတည်ပြုရင်းစေ့စပ်မှာလေ..၊ သားကို သမီး ဘွဲ့မယူခင် နှစ်ရက်လောက်ကျမှ ရောက်လာရင်လဲ ဖြစ်တယ်လို့ အန်တီ ပြောသားပဲ"

"လင်း ကို အိမ်ထောင်ချပေးမယ့်ကိစ္စ..၊ အန်တီပဲ ကျွန်တော့်ကို

www.burmeseclassic.com



အသိပေးတာ ဟုတ်လား..၊ ဒီမှာ အားလုံး သေချာကုန်မှလား"

"သားရယ်..၊ သားရဲ့အိမ်ထောင်ရေးကိုလဲ အန်တီ စီစဉ်တော့မယ်လို့ ပြောခဲ့တာပဲ၊ သမီးရဲ့ကိစ္စမှာ အန်တီကိုယ်တိုင် စီစဉ်ပေးခွင့် မရှိဘူးလား"

ပြန်မေးလိုက်တာကို အောင် ရုတ်တရက် မဖြေနိုင်..။ ဒါပေမယ့် မျက်နှာကြီးတစ်ခုလုံး နီရဲနေလျက် ဆုပ်ကိုင်ထားဆဲ ကားသော့က လက်ထဲမှာ ဖြိုးဖြိုးဖျစ်ဖျစ် မြည်နေ၏။

လင်း ကလည်း ဒီစကားကို ခုမှ သိရတာမျိုး..။ ဒေါ်စိန်စီလင်း ကို တအံ့တဩကြည့်နေတာ မျက်နှာမလွှဲ..။

"သားတို့သမီးတို့ကို အန်တီက မိဘနေရာမှာ ပိုင်ပိုင်နိုင်နိုင် စီစဉ်ပေးချင်တာ၊ မမှားနိုင်ဘူးလို့လဲ ထင်ပါတယ်၊ အဲဒါကြောင့်..."

"လင်း..."

"ရှင်..."

"မင်းမှာ ချစ်သူရှိနေခဲ့တယ်ပေါ့၊ ဟုတ်လား.."

"လင်း..."

ဘာဖြေရမှန်း မသိ..၊ အန်တီ ဘာတွေလုပ်နေမှန်းလည်း လင်း မသိပါ။ ဒေါ်စိန်စီလင်း ကလည်း လင်း ကို တောင်းပန်သလိုကြည့် လိုက်ပြီး...

"ဖြေလိုက်လေ သမီး..၊ အန်တီက သမီးကို တစ်ယောက်တည်း ချောင်ပိတ်ပြီး မမေးချင်လို့ ဘာမှပြောမထားခဲ့တာ"

"ဘယ်လို!..."

အောင့် မျက်နှာ ညိုခနဲ မှောင်သွားသည်။

"လင်း က တောင်းဆိုတာမဟုတ်ဘဲနဲ့ အန်တီက စီစဉ်လိုက်တာ လား၊ လင်း ပြောစမ်း..၊ အဲဒီလူကို မင်း ချစ်လို့လား..."

ဒေါ်စိန်စီလင်း ကိုမေးပြီး လင်း ဘက်လှည့်သည်။ လင်း က





ခေါင်းခါလိုက်၍...

"လင်း မသိဘူး"

"ဟာ!... အန်တီ ဘာလုပ်တာလဲ"

"အန်တီ ဘာမှမလုပ်ရသေးပါဘူး သားရယ်၊ သား ရောက်လာမှ..."

"ကျွန်တော် ရောက်တာက ဒီမင်္ဂလာကိစ္စနဲ့ မဆိုင်ဘူးလေ၊ သူ လက်ထပ်ရမှာ..၊ သူ ချစ်မှဖြစ်မှာ မဟုတ်ဘူးလား၊ အဲဒီလို မလုပ်လိုက် ပါနဲ့၊ ကျွန်တော် ခွင့်မပြုဘူး..."

"ဟင်!..."

"သူ မချစ်ဘဲနဲ့ သင့်တော်တယ်ဆိုပြီး မလုပ်ပါနဲ့..."

"သားရယ် အန်တီ သားရှေ့မှာပဲ မေးမှာပါ"

ဒေါ်စိန်စီလင်း က လင်း ဘေးကို ထပ်ရွှေ့ထိုင်ကာ လက်ခုံလေး ကို ဆုပ်ကိုင်လိုက်ပြီး...

"သမီးက သမီးကိုကြီးကို လက်ထပ်မယ်မို့လားဟင်"

"ရှင်!..."

"ဘာ!... အန်တီ..."

နှစ်ယောက်စလုံး ဆတ်ခနဲ တုန်ခနဲ ဖြစ်သွားတာကို ဒေါ်စိန်စီ လင်း ကလည်း အံ့ဩသွားသလို...

"သားတို့ကိုပဲ လက်ထပ်ပေးမှာလေ..၊ အဲဒါကို မသိဘူးလား"

"အန်တီက ဘာမှလဲ ပြောမထားဘဲနဲ့.."

လင်းမျက်နှာလေး ပန်းရင့်ရောင် လွှမ်းသွား၏။ အောင် ဘာ စကားမှ မဆိုနိုင်..။

"ခု ပြောပြီလေ..၊ သမီးတို့ ဆွေးနွေးလို့ရအောင် နှစ်ယောက်ဆုံ တုန်း ပြောလိုက်တာ..၊ သားကြီးက သမီးကို မြတ်နိုးနေတာ အန်တီ သိနေတယ်၊ သမီးကတော့..."



www.burmeseclassic.com

"လင်း ရေ ထမင်းစားဖို့ အားလုံး ပြီးနေပြီ"

လင်း အကျဉ်းအကျပ်ဖြစ်နေတုန်း ဒေါ်သန်းသန်း ၏ လှမ်းခေါ်သံက ထွက်ပေါက်ပေးလိုက်သလို ဖြစ်သွား၏။

"လင်း သွားကြည့်ပြီး ကိုကြီးအတွက် လိုတာထည့်လိုက်ဦးမယ်နော်"

စကားဆုံးအောင် ပြောသွားပေမယ့် လူက မရှိတော့ပါ။ အောင့် မျက်နှာကြီး မနေတတ်မထိုင်တတ် ဖြစ်ကျန်ခဲ့တာကို ဒေါ်စိန်စီလင်း က ကြည့်၍ ပြုံးလိုက်သည်။

"ဘယ်လိုအကြောင်းပြချက်တွေနဲ့ ငြင်းဦးမှာလဲ သား..၊ ဒီအချိန်မှာ ဒီလိုစီစဉ်ကြဖို့ ခြား နဲ့လဲ တိုင်ပင်ထားခဲ့တယ်၊ တစ်ယောက်စီကို မပြောခဲ့တာက အန်တီ တစ်ယောက်စီက စကားသံတွေကို မကြားချင်ဘူး၊ ပြောဖို့လိုတာက သားတို့ပဲလေ..၊ လင်း က အရမ်းကိုလိမ္မာပြီး ကြိုးစားတယ်၊ မင်းအပေါ်မှာလဲ သံယောဇဉ်ကြီးရှာတဲ့သူပါ၊ ကိုယ့်ရဲ့ လိုအပ်ချက်တွေကိုပဲ တွေးမနေဘဲ ထူထောင်မယ်၊ သာယာအောင် ကြိုးစားမယ်ဆိုတဲ့စိတ်ပဲ ထားပါ၊ အန်တီ ထပ်ပြောပါရစေ လင်း က ငြင်းမှာ မဟုတ်ဘူး၊ သားက မငြင်းပါနဲ့..."

ဒေါ်စိန်စီလင်း က ဒါပဲ ထပ်ပြောပြီး အောင့် မျက်နှာကို အကြာကြီး ထိုင်ကြည့်နေ၏။ ပြီးတော့မှ နေရာက ထ,ထွက်သွားခဲ့သည်။

အောင့် ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်နေသည်။ ကြောက်နေတာလည်း မဟုတ်..၊ ပျော်နေတာနှင့်လည်း မတူ။ လင်း ရင်ထဲမှာ ဘာဖြစ်သွားသလဲဆိုတဲ့အဖြေကို သိချင်နေပြီး မကြားရဲတာ ဖြစ်၏။

သူမ ကွယ်ရာမှာ သွားငိုနေပြီလား..။





## အခန်း [ ၅၁ ]

'ဒေါ်ရွှေမမ'

နှုတ်ဖျားမှခေါ်ရင်း ဓာတ်ပုံကို တယုတယ ပွတ်သပ်ပေးမိသည်။ ဒီအခန်းထဲကို သူမ ဝင်ရှင်းခွင့်ရတာ နှစ်ခါရှိပါပြီ..။

"အဲဒါ ညည်းကို တော်ရုံထားတဲ့မေတ္တာ မဟုတ်ဘူးနော်၊ သူ့ဒွေး က သူ့အစ်မရဲ့အခန်းကို ကျုပ်တို့တွေတောင် ပေးဝင်ဖူးတာ မဟုတ်ဘူး"လို့ အဘွားကလည်း ပြောဖူး၏။

လင်း ကတော့ ဒါကို ဂုဏ်ယူနေတာ မဟုတ်ပါ။ ဒီထဲကို ဝင်ဖြစ်တိုင်း ဒေါ်ရွှေမမ ၏ဓာတ်ပုံကို နီးနီးကပ်ကပ် ငေးမောခွင့်ရသည်။

ဟိုတုန်းက သူမ သိထားခဲ့သည့် ဆံပင်ဖားလျားနှင့် အမျိုးသမီးကြီးဟာ ဒီဓာတ်ပုံထဲက ချောမွေ့ခံ့ညားနေသည့် ဒေါ်ရွှေမမ နှင့် ဘာမှ မဆိုင်ပါလား..။

မတူညီသောဘဝများ၏ မမြဲသောသဘောတရားတွေက ကြောက်စရာကောင်းလှသည်။ ဒီပုံကို ညှော်ခန်းမှာ နေ့စဉ် မြင်နေရသည်။ သေသေချာချာလည်း ရပ်ကြည့်ဖူး၏။

ဒါပေမယ့် ဖြစ်နိုင်လားလို့တောင် ထပ်တူညီပြ၍ မကြည့်ရဲခဲ့သေး။ တူနေပေမယ့် မဖြစ်နိုင်ဘူးဆိုတာနဲ့ပဲ ခံမှတ်ထားခဲ့သည်။ သိလိုက်ရတော့ တွေက မယုံနိုင်ဖွယ်..။ ဓာတ်ပုံကို နေရာတကျ ပြန်ထောင်ထားလိုက်တာ လင်း ဒီဘက်လှည့်လိုက်လျှင်...

www.burmeseclassic.com



"လင်း..."

"ကိုကြီး ဘာခိုင်းမလို့လဲဟင်.."

အောင် က ဘာမှမပြောဘဲ တံခါးကို ပြန်စေ့လိုက်ပြီး လျှောက်လာ၏။ ပြီးတော့ ခုတင်ပုံကို လှမ်းကြည့်လိုက်သောကြောင့်...

"အန်တီ ခိုင်းလို့ လင်း ဒီထဲ ဝင်တာပါ"

"မင်းကို ဘယ်သူက မေးနေလို့လဲ..."

"ဟို... ကိုကြီး မကြိုက်ဘူးလားလို့.."

အောင် က လင်း ရှေ့မှာ နီးကပ်စွာရပ်လိုက်ကာ...

"ဒီအခန်းတင်မကဘူး ကိုယ့်တစ်ဘဝလုံးကိုပါ မင်းလက်ထဲကို အပ်ချင်တာပါ၊ အန်တီ ပြောလိုက်တဲ့စကားကြောင့် မင်း တစ်နေကုန် အခန်းအောင်းနေတာလားဟင်၊ အဲဒီအဖြေကို ကိုယ် မေးမှာစိုးလို့လား"

"ဟင့်အင်း မဟုတ်ဘူး"

"ကိုယ်လဲ ရင်တွေခုန်ပြီး ဘာမှ စားချင်စိတ် မရှိဘူး၊ ဘာလုပ်လို့မှလဲ မရဘူး၊ မင်းကို ရှာနေပေမယ့် မတွေ့ရဲသလိုကြီး ခံစားနေရတယ်၊ အဲဒါ မင်းရဲ့စကားတစ်ခွန်းကို အရမ်းကို မျှော်လင့်တန်ဖိုးထားနေလို့ပါ၊ ကိုကြီးကို လက်ထပ်ခွင့်ပြုမှာလားဟင်.."

လင်း က အောင့် မျက်နှာကို ငေးကြည့်နေပြီးမှ မျက်လွှာချပစ်သည်။ ပျော့နွဲ့နေသည့် ဆံနွယ်တို့က ခပ်ငုံ့ငုံ့ဖြစ်သွားသည့် မျက်နှာလေးရဲ့တစ်ဖက်စီမှာ အလိုက်တသိ ကာကွယ်ပေးကြ၏။

"လင်း..."

အောင် က လင်း ရဲ့မေးဖျားလေးကို မော့ယူလိုက်သည်။ ပြီးတော့ ပါးရိုးလေးတွေနားမှာ ဖြတ်ဆင်းနေသည့်ဆံနွယ်တို့ကို အသာလေး သိမ်းဖယ်၍...

"ဖြေပါ လင်း ရယ်..၊ လင်း ခေါင်းညိတ်ဖို့၊ ခေါင်းခါဖို့တွေ ခက်





နေရင် လင်း မှာ ချစ်သူရှိနေသလား၊ ကိုကြီးကို သံယောဇဉ်ရှိခဲ့ရုံထက် မပိုနိုင်ဘူးလား၊ အဲဒါတွေကိုပဲ ပြောပါ..၊ ကိုကြီး နားလည်ပေးနိုင်တယ်.."

"ကိုကြီးကရော လင်း ကို လက်ထပ်ချင်တာ ဘာဖြစ်လို့လဲ..."

"ဟင်!..."

သူ ဆွံ့အသွားခဲ့သည်။ 'ချစ်လွန်းလို့ပါ' လို့ပြောရင် မင်း ယုံပါ့မလား..၊ သူ အမြဲတမ်း မျိုသိပ်ဖုံးဖိထားခဲ့တဲ့အချစ်တွေဟာ လင်း အပေါ်မှာ မရိုးသားစိတ်နှင့် အကြည့်တစ်ချက်တောင် မကျူးကျော်မိအောင် ရှိခဲ့သည်။ ခုကျမှ ဖွင့်ဖွင့်ခါခါ ထ,ပြောရင် လင်း ယုံကြည်ဖို့က...

"ကိုကြီး ဖြေလေ..၊ လင်း ငယ်စဉ်ကတည်းက မချမ်းသာခဲ့ဖူးပါဘူး၊ အခု ကိုကြီးတို့ရဲ့အရိပ်ကျမှ အားလုံး ပြည့်စုံခဲ့ရတာ၊ ဒါပေမယ့် လင်း နောက်ထပ် ဘာမှမလိုချင်ဘူး၊ ရှိထားတဲ့အခွင့်အရေးတွေကို ဆုံးရှုံးလိုက်ရမယ်ဆိုရင်လဲ လင်း ဘဝကို လင်း ရပ်တည်နိုင်တယ်"

အောင် မျက်နှာပျက်နေပါပြီ..၊ လင်း မျက်နှာလေးကို စူးစိုက်ကြည့်နေရင်း နှုတ်ခမ်းတွေစေ့၊ အံကြိတ်ထားတာက ခံနိုင်ရည်ရှိအောင်လို့..။

လင်း က ငုံ့မလိုပြင်ပြီးမှ ဆံပင်လေးတွေ တွန့်ခါသွားအောင် မျက်နှာလေးကို မော့ပစ်လိုက်၏။ ပြီးတော့ သူ့ကို စူးစိုက်ကြည့်ကာ...

"လင်း... အချစ်ကိုပဲ လိုချင်တယ်.."

"ဘယ်လို!..."

"ကိုကြီးရဲ့အမြင်မှာ လင်း ကသာ အန်တီဒေါ်ရွှေမမ ကို တကယ် မေတ္တာထားပြီး ပြုစုခဲ့တဲ့သူ၊ လင်း ကို ကျေးဇူးတင်ထိုက်တယ်ဆိုပြီး မမသက်တန့် ကို လက်ထပ်ခဲ့တာမျိုး..."

"တော်တော့..၊ မင်း အဲဒီနာမည်ကို မင်းပါးစပ်က ထည့်ပြောလာမှာ ကိုယ် အကြောက်ဆုံးပဲ၊ အဲဒါကြောင့် ကိုယ့်ခံစားချက်တွေကို မရမက ချုပ်တည်း မျိုသိပ်ထားခဲ့တာ၊ အတိတ်က ကျန်ရစ်ခဲ့တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

ပေမယ့် ကိုယ့်စိတ်ထဲမှာတောင် ခြောက်လှန့်နေခဲ့တာ၊ မင်း မမေ့နိုင်ဘူး ဆိုတာကို ကိုယ် နားလည်တယ်၊ ကိုယ်က လက်ထပ်ခဲ့ဖူးတယ်၊ မင်းနဲ့ မထိုက်တန်တဲ့သူပါ၊ ဒါပေမယ့် အားလုံးကို အမေ့တလျှော့ ထားခဲ့နိုင်တဲ့အချိန်ထိ မင်းကို ကိုယ် မျှော်လင့်ဖို့ ရင်ထဲမှာ ရှိတယ်…”

“မဟုတ်ဘူး…၊ လင်း ပြောချင်တာ ကိုကြီး ပြောနေတာတွေနဲ့ မဆိုင်ဘူး၊ ချစ်တဲ့စိတ်မှာ ရွေးချယ်မှုမရှိဘူး ကိုကြီး၊ ပျိုတာအိုတာ နတာရင့်တာတွေနဲ့လဲ မပတ်သက်ဘူး၊ ဒါပေမယ့် ကိုကြီးက အိမ်ထောင်ရေးကို ကျေးဇူးတရားနဲ့ မုံအပ်ရဲတဲ့သူ…၊ လင်း ကတော့ မိုက်ရိုင်းတဲ့မိန်းမလို့ပဲပြောပြော လင်း ကိုမချစ်ရင် လင်း က မချစ်နိုင်ရင် ဘာတွေနဲ့မဲ တုပ်နှောင်ထားထား ရုန်းထွက်မှာပဲ…”

“ဟုတ်ပြီ…၊ အခု ချာတိတ်ရင်ထဲမှာ ဘယ်လိုရှိသလဲ ပြောပါ၊ ဘာကိုမှ ထည့်မတွက်နဲ့…”

“လင်း က ကိုကြီးကို မေးနေတာလေ…၊ ကိုကြီး အရင်ပြောမှ ပြောမှာပေါ့၊ လင်း ကို ဟိုအကြောင်းဒီအကြောင်းတွေနဲ့ ငဲ့ညှာပြီး လက်ထပ်ချင်တာလား…၊ တကယ် ချစ်လို့လား…”

“လင်း ရယ်…”

အောင် မချိတရိပြောမိရင်း လင်း လက်ဖဝါးလေးကို ဆွဲယူလိုက်သည်။

“အရင်လက မင်း ရန်ကုန်ကို ရောက်လာတုန်း ကိုကြီး အတင်းပြန်လုထားလိုက်တဲ့ ဒိုင်ယာရီထဲမှာလေ မင်းကို ဘယ်လောက်ထိ ချစ်နေခဲ့တဲ့အကြောင်းတွေ ရှိတယ်၊ ဘယ်တုန်းကတည်းကဆိုရင် မင်းကို ဒီအိမ်မှာ ပြန်ဆုံစည်းခဲ့ရတဲ့အချိန်ပဲ၊ ဒါပေမယ့် ကိုကြီးမှာ မလွတ်လပ်တော့ဘူး၊ မင်းကို နေ့နေ့ညညမြင်နေပြီး ဘယ်မိန်းကလေးကိုမှ သာယာစိတ်မဖြစ်ခဲ့တဲ့နောက်မှာ အဲဒီတစ်လျှောက်လုံး ကိုယ့်ဘဝက ငရဲပါ”





လင်း လက်ဖဝါးလေးကို ဖိညှစ်တွေးဆုပ်ရင်း လက်မောင်းသားလေးတွေဆီ ရောက်၏။ ပြီးတော့ ဆံနွယ်စလေးတွေကို တယုတယ ဆွဲကိုင် ဖို့ထိရင်း…

“ဘယ်လောက်ထိဆိုတာ တိုင်းတာပြလို့ မရပေမယ့် ကိုယ့်တစ်ဘဝလုံးဟာ မင်းပါ”

“ဒါဆိုရင် ဒီနေ့ထိ ဘာဖြစ်လို့ မျိုသိပ်နေခဲ့တာလဲ…၊ အခု အန်တီက စေ့စပ်ပေးမှ…”

“မပြောရက်လို့ပါ ချာတိတ်ရယ်…၊ ကိုယ့်ဘဝက အစွန်းအထင်းတွေနဲ့ မင်းရဲ့ နုသစ်လန်းဆန်းတဲ့ဘဝလေးကို သိမ်းပိုက်ဖို့ မတန်ဘူး ဆိုတဲ့ အားငယ်စိတ်တွေ အမြဲ ရှိနေခဲ့တယ်၊ ပြီးတော့ ချာတိတ်မှာ ချစ်သူရှိနေပြီဆိုရင် ကိုယ် ပြောလိုက်လို့…၊ ကိုယ့်ကြောင့် မင်း စိတ်ဆင်းရဲသွားမယ်၊ ကိုယ် မရနိုင်ဘူးဆိုရင်လဲ ကျေနပ်ပေးနိုင်တယ်၊ သနားသဖြင့် ပြန်ငဲ့ကြည့်တဲ့မျက်လုံးတွေကို မလိုချင်ဘူး”

“ကိုကြီးက တရားသားပဲနော်…၊ သဘောထားကြီးနိုင်သလို မာနလဲ ကြီးတယ်”

“ကိုယ်က…”

“ဟုတ်တယ်…”

လင်း က ပခုံးပေါ်တင်ထားသည့် အောင့် လက်ကို ဖယ်ချပစ်လိုက်ပြီး မကျေနပ်သည့်မျက်နှာလေးနှင့် ကြည့်၏။

“ကိုယ် အဲဒီလိုလူ ဖြစ်သွားသလား၊ ဘာဖြစ်လို့လဲ ပြောပါဦး”

“ကိုကြီး ဖွင့်ပြောလိုက်ပြီးမှ လင်း က ခေါင်းခါမှာကို မလိုချင်တာလေ၊ မရနိုင်ဘဲနဲ့တော့ မတောင်းခံချင်ဘူးဆိုတဲ့ မာနမျိုး…”

“ဟာ!… မဟုတ်ဘူး…၊ ကိုယ့်စိတ်ထဲမှာ အဲဒီလို တကယ် မရှိဘူး ချာတိတ်…၊ မင်းက ငယ်ရွယ်တဲ့သူ၊ မင်းမှာ ချစ်ရမယ့်သူ ရှိနေနိုင်တယ်


www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စိုးရိမ်မှုတွေ ရှိခဲ့တယ်၊ အဲဒီလိုရှိနေတုန်း ကိုယ့်ကြောင့် အားနာရ၊ မျက်နှာပူရနဲ့ အခက်တွေ့မှာကို စိုးရိမ်တာ..၊ ကျေးဇူးဆိုတာတွေနဲ့ မထိခိုက်၊ မပတ်သက်ချင်တဲ့နေရာမှာ ကိုယ်က မင်းထက် ပိုပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ကိုယ်တို့ရဲ့ အုပ်ထိန်းမှုအောက်မှာရှိတဲ့ မိန်းကလေး..၊ အားနာလို့ ခါးပါတာမျိုး မလိုချင်ဘူး၊ တစ်သက်မှာ တစ်ခါပဲ ရင်ခုန်တတ်ခဲ့တယ်၊ အဲဒါ မင်းကိုပဲ လင်း..၊ အချစ်ကို ပထမဆုံး လိုချင်တပ်မက်လာခဲ့တာလဲ မင်းရဲ့အချစ်ကိုပဲ၊ မင်းကို ကိုယ် သိပ်ချစ်တယ်"

အောင် လင်း ရဲ့ပခုံးလေးကို သာသာလေး ဆွဲယူသည်။ မျက်နှာလေး မော့ပါလာမှ သေချာ ငေးစိုက်ကြည့်၍...

"ချာတိတ်.. အရမ်းလှလာတယ်၊ ကိုယ်လေ မင်း ရန်ကုန်ကို တစ်ခါရောက်လာပြီး တစ်ခါပြန်သွားတိုင်း ဟိုမှာကျန်ခဲ့ရတာ တော်တော်နဲ့ နေသားမကျဘူး၊ ဘာဖြစ်လို့လဲ သိလား.."

လင်း က မဖြေဘဲ မျက်လွှာချပစ်သည်။ ဖြူဝင်းသည့်မျက်နှာလေးမှာ ပုံကျလှပသော နှုတ်ခမ်းလေးတွေကို စီးမိုးကြည့်ရင်း သူ့ရင်ခုန်သံတွေ မြန်လာခဲ့၏။

"မင်း တခြားသူတစ်ယောက်ယောက်နဲ့ ချစ်သွားမှာ စိုးတာတွေ၊ ချစ်နေပြီလားလို့ တွေးရတာတွေကြောင့်..."

"ခုရော လင်း မှာ ချစ်သူမရှိဘူးလို့ ကိုကြီး သတ်မှတ်လိုက်တာလား.."

"ဟင်!..."

အောင့် မျက်နှာ ချက်ချင်း အရောင်ပြောင်းသွား၏။ လင်း ရဲ့ပခုံးလေးတွေကို ခပ်ဖိဖိဆုပ်မိကာ...

"ချာတိတ်..၊ တကယ် ပြောတာလားဟင်"





"ဟုတ်တယ်..၊ လင်း သူများချစ်သူကို ကြိတ်ချစ်နေမိလို့ လောကက ဒဏ်ခတ်တာလေ၊ ဒီနေ့ထိ ဘယ်ယောကျ်ားကိုမှ ချစ်တဲ့စိတ် ဖြစ်လို့မရဘူး"

အောင် ရဲ့ မရှင်းမလင်းဖြစ်နေသည့် မျက်နှာကြီးကို စိတ်မရှည်သော မျက်စောင်းလေးတစ်စင်း ပစ်မှန်သွား၏။

"လင်း သွားတော့မယ်"

သူ့လက်ကို ဖယ်ချပစ်လိုက်ပြီး လင်း က ထွက်သွားမလို့..။

"လင်း..."

"အို!..."

ဖျတ်ခနဲ ပြန်ဆွဲလိုက်သဖြင့် အောင့် ရင်ခွင်ထဲကို လင်း ပခုံးတစောင်းလေး ယိုင်ကျသွား၏။

"လင်း ကိုကြီးကို ချစ်နေတယ် ဟုတ်လား"

"မဟုတ်ဘူးဆိုရင် ဘယ်တစ်ယောက်နဲ့ ပေးစားဦးမလဲ"

"မပေးစားဘူး..၊ မင်းမှာ ချစ်သူမရှိဘူးဆိုရင် ကိုယ့်ရင်ခွင်က လွဲပြီး မင်း ဘယ်မှသွားလို့မရဘူး၊ ပျော်လိုက်တာကွာ..၊ မကြီးမငယ်နဲ့ကို ခုန်ပေါက်အော်ပစ်ချင်တာ..."

လင်း တစ်ကိုယ်လုံးကို ရင်ခွင်ထဲမှာ ထွေးပွေ့ထားကာ ဆံနွယ်နုနုလေးတွေကို ယုယစွာ ပွတ်သပ်မိသည်။ နဖူးပြေပြေလေးမှာ သူ့မေးဖျားနှင့် တိုးတိုက်ထိကပ်လျက် နမ်းလိုက်လျှင် ဖြုတ်ခနဲ ကြွေဆင်းသွားသည့် ပန်းကလေးတစ်ပွင့်လို..။

သူ တကယ်ပါ..၊ လင်း ရဲ့ပါးလေးကိုတောင်မှ နမ်းလိုက်ရမှာ နှမြောနေခဲ့သည်။ ကောင်မလေးကို သူ အဲဒီလောက်ထိ မြတ်နိုးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၂ ]

ပြည်မှာပဲ ဟိုတယ်မှာ အကြီးအကျယ် မင်္ဂလာဆောင်သည်။

ရန်ကုန်ပြန်ရင်တော့ လင်း ရဲ့တောင်းဆိုချက်အရ မိဘမဲ့ကလေး ထိန်းကျောင်းနှင့် တခြား မဖွံ့ဖြိုးတဲ့နေရာတွေမှာ ဆေးပေးခန်းတွေ၊ စာသင်ကျောင်းတွေအတွက် ဒါနပြုကြဖို့ ဆုံးဖြတ်ထား၏။

ခြား ရောက်မလာ နိုင်ပေမယ့် လက်ဖွဲ့ပစ္စည်းတွေတော့ ပို့ပေးလိုက်ပါသည်။ အားလုံးသော လက်ဖွဲ့တွေထဲက ခြား ရဲ့လက်ဖွဲ့ကိုပဲ ဖွင့်ကြည့်ခဲ့ကြလျှင်...

"ဟယ်!..."

"ဟား... ညီ ကကွာ..."

လင်း မျက်နှာလေး ရဲတွတ်သွား၏။ ဘူးအကြီးကြီးထဲမှာ တစ်ထွာလောက် ပန်းပုရုပ်လေးဖြစ်သည်။

ကလေးငယ်လေးကို မိခင်က နို့လှန်တိုက်နေသည့်ပုံက ပီပြင်လွန်းတော့ လင်း တစ်ချက်မှပြန်လှည့်မကြည့်တော့ဘဲ အောင် ကတော့ တဟားဟား ရယ်၏။

"ဒီမှာ စာရေးထားတယ်ကွ..၊ ဒါကို ခေါင်းရင်းမှာဖြစ်ဖြစ် ခြေရင်းမှာဖြစ်ဖြစ် ထားအိပ်တဲ့..၊ လင်း မြင်ပါစေတဲ့..၊ ဟား...ဟား...ဟား... တော်တော်ချစ်ဖို့ကောင်းတဲ့ ညီ...'

"ကိုကြီးနော်..၊ သွား..."





လင်း ပြန်လှည့်ထုတော့ လက်နှင့်ကာရင်း အောင် က ပိုရယ်၏။ အနားမှာ မခင်မှုတို့ရော ဒေါ်သန်းသန်း တို့ရော ရှိနေကြသဖြင့် အားလုံးဝိုင်းရယ်ကြတော့ လင်း ဘယ်သူ့ကိုမှ တားလို့မရ..။

ဒေါ်စိန်စိလင်း က အပေါ်ထပ်တက်မလို့ ခြေလှမ်းပြင်ပြီးမှ ရယ်နေကြတာကို ရပ်ကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေ၏။

သက် နှင့်အတူရှိနေစဉ်က မျက်နှာနှင့် လုံးဝ ခြားနားသွားသည့် အောင့် ကိုကြည့်၍ ရင်ထဲမှာ ကြည်နူးချမ်းမြေ့ခြင်းတွေလည်း ဖြစ်ရသည်။

ထိုအခါ...

အသက်ကြီးမှပဲ အချစ်အကြောင်းကို စိတ်ဝင်တစား တွေးဖြစ်တော့သည်။ အချစ်ကြောင့် အသက်ရှည်၏ ဆိုတဲ့စကား တကယ်မှန်သည်ပဲ..။

ကိုယ့်တူလေးကတော့ အချစ်ကြောင့် အသက်တိုတော့မလို့ပါ။ ကံကောင်းလို့ ခုကျမှ ရောဂါနှင့်ဆေး တကယ်တွေ့သွားခဲ့သည်။

"ကိုကြီး ဟိုတယ်က တရုတ်ကြီးတွေနဲ့ ဒင်နာလုပ်ဦးမှာဆို..."

"အင်း..၊ စောစောလုပ်မှာပါ၊ ကိုယ် မသောက်ဘူး၊ ပူမနေနဲ့.."

"ကိုကြီး တကယ်နော်.."

"အင်း... သောက်မလာရင် မင်း ဘာဆုပေးမလဲ"

ကုတ်အင်္ကျီတွေ ရွေးပေးရင်း လင်း က ပြုံးလိုက်ကာ...

"မသောက်ခဲ့နဲ့လေ..၊ လင်း ပေးနိုင်တာကို ကိုကြီး တောင်းပေါ့"

"အိုခေ..."

အင်္ကျီကြယ်သီးတပ်ပြီးတော့ လင်း ရဲ့လက်ထဲကို ဘီးထည့်ပေးသည်။

လင်း က ခြေဖျားလေးထောက်၍ ခေါင်းဖြီးပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ချာတိတ်က အရမ်းလှတာပဲ"

ပြောပြီးသည်နှင့် ရင်ခွင်ထဲ ဆွဲသွင်းလိုက်ကာ နဖူးလေးကို နမ်းပစ်လိုက်၏။

ပြီးတော့ နောက်ထပ် ငုံ့လာသည်နှင့်…

"ဟယ်… ကိုကြီး…"

"ဘာလဲဟင်"

"လင်း ရေချိုးခန်းထဲမှာ ရေပိုက်ခေါင်း မပိတ်ခဲ့မိဘူး"

ပြော၍ သူ့မျက်နှာကို တွန်းပစ်ခဲ့ပြီး လင်း ထွက်ပြေး၏။

ကျန်ရစ်ခဲ့ကာမှ သဘောပေါက်သွားကာ အောင် ဟွန့်ခနဲ ရယ်သည်။

နောက်တစ်ခါ မင်း ပြေးနိုင်အောင် စဉ်းစားထား…။





## အခန်း [ ၅၃ ]

သူ ပြန်ရောက်လာတော့ ည ရှစ်နာရီပဲ ရှိသေးသည်။ တစ်နေ့လုံး မင်္ဂလာပွဲကိစ္စနှင့် ပင်ပန်းထားကြသဖြင့် ဒေါ်သန်းသန်း တို့က အိပ်နေကြပါပြီ။ ဒေါ်စိန်စီလင်း က တံခါးဖွင့်ပေးသောကြောင့်…

"လင်း ရော…"

"ရှိတယ်…၊ သား ပြန်ထွက်ဦးမှာလား"

"မထွက်တော့ဘူး၊ ဖယ်ပါ၊ ကျွန်တော် ပိတ်လိုက်မယ်၊ အန်တီ ပင်ပန်းနေပြီ၊ အိပ်တော့လေ"

"ရပါတယ် သားရယ်…၊ ပျော်နေတော့ ပင်ပန်းတယ်လို့လဲ မထင်ပါဘူး၊ ပြီးတော့ အန်တီ စောစောအိပ်တတ်တဲ့အကျင့်လဲ မရှိဘူးလေ"

အန်တီ ပျော်နေတယ်ဆိုတာ သူ ယုံပါသည်။ မင်္ဂလာကိစ္စ အစအဆုံး၊ လင်း ဘွဲ့ယူသည့်နောက်နေ့မှာ ဖြစ်သွားအောင် ကြိုးပမ်းခဲ့တာ မနားမနေ…။

တခမ်းတနား၊ စည်စည်ကားကားနှင့်ဖြစ်သွားတော့ အားလုံးဝဲ ပျော်ရွှင်ချမ်းမြေ့ခဲ့ကြ၏။ သူဆိုလျှင် ဘာမှလည်း ဟုတ်တိပတ်တိ မစားဖြစ်ဘဲ မနက်ကနေ ခုချိန်ထိ ဘယ်လိုအာဟာရတွေ ပြီးမြောက်နေမှန်း မသိ…။

"လင်း…"

"ကိုကြီး ဝင်ခဲ့လေ…၊ တံခါးမှ ပိတ်မထားတာ"



www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်ပြီး သူ ဝင်လိုက်တော့ လင်း က ဒီဘက်မှာ တစ်ယောက်အိပ် ခေါက်ခုတင်လေးကို ကျကျနန အိပ်ရာခင်းတွေလုပ်လို့..။

"လင်း... လင်း.. ဒါ... ဘာလုပ်တာလဲ..."

နှစ်ယောက်အိပ်မွေ့ရာကြီးနှင့် တစ်ယောက်အိပ်ခုတင်ကို တစ်လှည့်စီကြည့်ရင်း အောင့် မျက်နှာက ချောက်ချောက်ချားချား..။

ဒါက အိပ်ခန်းအသစ်ပါ။ လင်း နှင့်သူ့အတွက် သီးသန့်ဖွဲ့စည်းထားတာ ဖြစ်သည်။ နှစ်ယောက်အိပ်မွေ့ရာနှင့်၊ မှန်တင်ခုံနှင့် အားလုံးပြည့်စုံအောင် ပြင်ဆင်ထားတာကို..။

"ဟော့... ပြောလေ..၊ အဲဒီအိပ်ရာက ဘာလုပ်တာလဲ"

လင်း ကလည်း သူ့မျက်နှာကို ကြောင်တောင်တောင်လေး ပြန်ကြည့်ကာ ပါးရိုးနှစ်ဖက်မှာ ကျနေသည့်ဆံပင်တွေကို နားနောက်မှာ ဘယ်ပြန်ညာပြန် ညှပ်လိုက်သေးသည်။ ပြီးမှ...

"ကိုကြီးက နှစ်ယောက်မအိပ်တတ်ဘူးဆို..."

"ဘာ!... ဘယ်လို..."

"လင်း က ကိုကြီးအိပ်ဖို့ ပြင်ပေးနေတာ..."

"ကိုယ်က ဒီမှာ ခွဲအိပ်ရမယ် ဟုတ်လား..၊ မင်းက ကိုယ့်ကို..."

"အား... ကိုကြီး၊ ဖယ်ဦး..."

ပခုံးနှစ်ဖက်ကို ဖိဆုပ်ထားသဖြင့် နာသွားတော့ လင်း က အော်၍ ရုန်းပစ်လိုက်သည်။

"ကိုကြီးပဲ ခေါသထွက်နေတယ်၊ ဒီမှာ နာနေပြီ.."

ငိုမဲ့မဲ့လေး ဖြစ်သွားသည့်မျက်နှာကို မြင်တော့ အောင် ပျာပျာသလဲ ဖြစ်သွားကာ...

"ဆောရီး... ဆောရီး ချာတိတ်ရာ..၊ တကယ် လုံးဝကို နားမလည်တော့ဘူး၊ ကိုယ့်ကို လက်ထပ်ပြီးမှ ဘာဖြစ်လို့ ခွဲအိပ်နိုင်းတာလဲ၊





မင်းကိုမခွဲနိုင်လို့ အတူတူနေချင်လို့ ကိုယ် လက်ထပ်ခဲ့တာ"

"အဲဒါ လင်း လုပ်တာ မဟုတ်ဘူး၊ အန်တီ ပြင်ခိုင်းတာ၊ အန်တီ့ကို သွားမေး..."

သူ အံ့ဩသွားပြန်သည်။ ပြီးတော့ တစ်ယောက်အိပ်ခုတင်ကို မလိုလားစွာကြည့်ဖြစ်ရင်း...

"မေးနေရင် ကြာတယ်၊ ဖယ်ပေး..."

"အို... ကိုကြီး..၊ လင်း သေချာပြင်ထားတာ..."

"ဖယ်ပါဆိုကွာ..."

အောင် က မွေ့ရာခင်းတွေကို ဆွဲဖယ်ပစ်ကာ ခုတင်ကို သူ့ဘာသာ ပြန်ခေါက်သည်။ ပြီးတော့ တံခါးကိုဆွဲဖွင့်ပြီး အပြင်ကို သယ်ထုတ်သွား၏။

"ဟော... ဟော ဘာဖြစ်လာတာလဲ.."

အန်တီ့ကို လိုက်မေးပြီး ပြဿနာမရှာချင်ပေမယ့် ရှေ့ကို တည့်တည့်ရောက်လာသည်မို့...

"အခန်းထဲမှာ တစ်ယောက်အိပ်ခုတင် အန်တီ ထည့်ခိုင်းတာလား"

"အေးလေ..၊ သားငယ် အီးမေးလ်ပို့ထားတယ်၊ ကိုကိုက နှစ်ယောက်မအိပ်တတ်ဘူးတဲ့၊ အန်တီက အလိုက်တသိ သေချာပြင်ပေးထားလိုက်ပါတဲ့.."

အောင် ဟင်..ခနဲ ဖြစ်သွား၏။ ထို့နောက် ချက်ချင်း သဘောပေါက်သွားလေသည်။

"အန်တီတ ပြင်ပေးမလို့ပါ၊ လင်း ကလဲ နားလည်ပြီးသားလူတွေပဲဆိုပြီး ခိုင်းလိုက်တာ၊ ဘာဖြစ်လို့လဲ၊ ခုတင်ကြီးနေလို့လား"

"တော်ပါပြီ..၊ ကျေးဇူးတင်တယ်"

အောင် မချိုမချဉ်မျက်နှာနှင့် ချာခနဲ ပြန်လှည့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လင်း မဲ့မဲ့ကြီးပြုံး၍ ကျန်ရစ်ခဲ့သည်။

သူတို့ချစ်နေတာလေးကျတော့ တုန်လို့ပါလား။

အောင် ကတော့ နောက်ပြန်မကြည့်ပေမယ့် အန်တီ ပြုံးနေမှာပဲ ဆိုတာ သိနေသည်။ သူ့နှုတ်ခမ်းမှာလည်း ညီမျက်နှာကိုမြင်ပြီး ပြုံးနေတာ မပြီးနိုင်..။ အခန်းထဲ ပြန်ရောက်တော့ လင်း က သူ ပစ်ချခဲ့တဲ့ မွေ့ရာနှင့် အိပ်ခင်းတွေပေါ်မှာ ပုံ့ပုံ့အိအိလေးထိုင်လျက် ဘာတွေပွစိပွစိ ရေရွတ်နေမှန်း မသိ..။

"ဟိတ်... ထလေ..၊ ဘာလုပ်နေတာလဲ"

"မထတော့ဘူး၊ လင်း ပင်ပင်ပန်းပန်း လုပ်ထားရတာတွေ၊ အလကားမဖြစ်အောင် လင်း ဒီမှာပဲ အိပ်တော့မယ်၊ ကိုကြီး ဟိုပေါ်မှာ အိပ်..."

ပြောနေရင်း မွေ့ရာကို ကြမ်းပေါ်မှာပဲ တကယ်ဖြန့်ခင်းနေသည်။

"ကောင်းတာပေါ့၊ ပိုလွတ်လပ်တယ်"

အောင် က ခင်းထားသည့်ပေါ်မှာ ဝင်ထိုင်ပစ်လိုက်ပြီး လင်း ကိုယ်လေးကို ဆွဲဖက်လိုက်၏။

"အို... ကိုကြီး ဘာလုပ်တာလဲ၊ ဒါ တစ်ယောက်အိပ်လေးရယ်၊ ကျဉ်းကျဉ်းလေး"

"ကျဉ်းတော့ ပိုကောင်းတာပေါ့"

"ဘာ!..."

"မင်း လိမ့်မကျအောင် ဖက်ထားလို့ ရတယ်လေ"

"ကိုကြီးနော်..၊ မွေ့ရာတွေ ပြန်ရှုပ်ကုန်တော့မယ်၊ ဖယ်ထ.."

"မင်းပဲ ဒီမှာအိပ်မှာဆို..."

"ဟုတ်တယ်..၊ ကိုကြီး နှစ်ယောက်မအိပ်တတ်ဘူးလို့ အန်တီ ပြောကတည်းက လင်း ပဲ ဒီမှာအိပ်လိုက်မယ်လို့ ဆုံးဖြတ်ထားတာ"





"ပြဿနာပဲကွာ..၊ အဲဒါ ညီ တမင်နောက်ပြီး အီးမေးလ်ပို့ထားတာ"

"ဘယ်လို!..."

အောင် က လင်း နှာခေါင်းချွန်ချွန်လေးကို မနာအောင် ဆွဲညှစ်လိုက်ပြီး ရယ်သည်။

"အန်တီ ကလဲ ကိုယ့်ကို နောက်တာပါ၊ မင်းနဲ့ကျမှ ကိုယ့်ပုံစံက ဖျပ်ဖျပ်လူးဖြစ်နေတော့ အမြင်ကတ်လို့ဖြစ်မှာပေါ့"

သက် နှင့် အတူမနေဖြစ်ခဲ့တဲ့အကြောင်းတွေ ညီက အားလုံး သိထားလို့ ဒီလိုနောက်တဲ့အကြောင်းတော့ မပြောဖြစ်တော့ပါ..။

သက် ဆိုလျှင် ကိုယ့်အသက်ကိုတောင် ပြန်တွက်မကြည့်ချင် လောက်အောင် ရင်ထဲမှာ ခါးသီးနေခဲ့တာအမှန်..။

လင်း ကတော့ ဒီလိုနောက်တာကို နားလည်ထားပုံမှပေါ်ဘဲ မျက်တောင်လေးခတ်၍ ငြိမ်သွား၏။

"ကဲ... ထားလိုက်ပါကွာ..၊ လင်း ကိုကြီးကို ချစ်လားဟင်"

"ဘယ်နှစ်ခါ ပြောစေချင်လဲ"

"အမြဲတမ်းပြောလေ ပိုကောင်းလေပဲ"

လင်း က မျက်စောင်းလေးရွယ်ပြီး မဲ့၏။

"မပြောရင် ဘာဖြစ်သွားနိုင်လဲ"

"မပြောရင် အကြွေးတင်မှာဆိုတော့ အတိုးတက်မယ်၊ မင်း စိတ်ညစ်သွားမှာပေါ့"

လင်း က ရယ်လိုက်ပြီး ထပြေးဖို့ ပြင်၏။ အောင် က ပြန်ဆွဲချသည်။

မသေမသပ် ဖြန့်ခင်းထားခဲ့သည့် မွေ့ရာလေးပေါ်မှာ နှစ်ယောက် လုံးထွေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အရက်သောက်မလာဘူး၊ မင်း ဘာပေးမလဲ ပြော..."

"ညာမနေနဲ့..၊ အရက်နံ့ ရနေတာကို.."

"လင်း ဒါ မင်း ညစ်တဲ့နည်းလား..၊ ကိုယ် ပြန်ညစ်မှာနော်..၊ မြန်မြန်ပြင်ပြော..."

"မသိဘူး၊ အရက်နံ့ပဲ"

လင်း တမင်ပြောနေတာ ဖြစ်သည်။ မျက်နှာကို အတင်းငုံ့ထားပြီး ရုန်းထွက်ဖို့ ကြိုးစားပေမယ့်...

"အိုခေ..၊ မင်း သေချာခွဲခြားတတ်သွားအောင် နမ်းခိုင်းမယ်၊ ဒီကို မော့ကြည့်..."

"ဟင့်အင်း.. ဟင့်အင်း... ကိုကြီးနော်..."

လင်း၏ အတင်းရုန်းရင်း အလန့်တကြား အော်လိုက်မိတာ အချိန်ကိုတောင် သတိမရ။ ပြီးတော့ ရင်ခုန်သံတွေ ဝါးမျိုသွားတဲ့နောက်မှာ ကျူရှုံးရင်း မင်္ဂလာညချမ်းလေးမှာ တစ်မှေးအိပ်ပျော်ခဲ့၏။

အချစ်ဖြင့် ထွေးသိပ်သောညတိုင်းမှာ နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ပါစေ..။

ပရိသတ်အတွက်
ထာဝရ



www.burmeseclassic.com